www.burmeseclassi.com




BURMESE CLASSIC .com
www.burmeseclassi.com

www.burmeseclassi.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com



ဂမ္ဘီရဆန်းကြယ် စာရေးဆရာ **ဏီဏ္ဏမ** ၏ ကလောင်ခွဲ

# ကိတ္တိမ

# မရဏာရန်စွယ်နှင့် လောကပါလအမြုတေ

www.burmeseclassi.com

www.burmeseclassi.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထု[illegible]ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | အောက်တိုဘာလ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | ရှုနော် |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် |
| | | အမှတ် ၁၈၁၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမွန် |
| | | သင်းစာပေ (မြဲ–၀၄၂၃၂) |
| | | အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း၊ |
| | | လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ကီတ္တိမ

မရဏာရန်စွယ်နှင့် လောကပါလအမြုတေ / ကီတ္တိမ – ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၂၆၄ – စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


BURMESE CLASSIC .com

ဘာမှန်းမသိတဲ့ ဂေါ်ရခါးကုလားတစ်ယောက်က အခုလို ဗမာစကားကို ပီပီသသကြီး နှုတ်ဆက်လိုက်တော့ မိတ်ဆွေအတော်အံ့ဩသွားမှာပေါ့လေ၊ အကျိုးအကြောင်းသိရရင် မိတ်ဆွေပိုပြီး အံ့ဩသွားမယ်ထင်တယ်၊ အင်း ...ကျုပ်အဖို့တော့ ဒီကုလားတောထဲမှာ မိတ်ဆွေကို တွေ့ရတာ တကယ်ကံထူးတာပဲ၊ နို့မဟုတ်ရင် ဒီကုလားတွေကြားထဲမှာ ကျုပ်တကယ်ရူးသွားမှာ သေချာတယ်။

www.burmeseclassi.com

www.burmeseclassi.com

ဘယ်လောက်ပဲ ကျစ်လစ်ခိုင်မာအောင် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါစေ၊ ဘယ်လိုကောင်းမွန်တဲ့စနစ်တွေ၊ ဥပဒေတွေ ပြဋ္ဌာန်းထားပါစေ၊ အဲဒီလို ပြဋ္ဌာန်းတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးတွေကိုယ်တိုင်က ကိုယ်ကျိုးအတ္တနဲ့ယှဉ်လာရင် ဘယ်လောက်များ တောင့်ခံနိုင်ကြလို့လဲ၊ ရာထူး၊ အာဏာ၊ စည်းစိမ်ဆိုတဲ့ ရမ္မက်နောက်ကို ပါသွားကြတာပဲ မဟုတ်လား။

"လောကမှာ အလုပ်,လုပ်တယ်ဆိုတာ အဲဒီမဖြစ်နိုင်တာတွေကို ဖြစ်အောင်လုပ်ယူရတာပဲ မဟုတ်လား၊ ဒီတော့ ဘာတွေဟာ ဖြစ်နိုင်တယ်၊ ဘာတွေဟာဖြင့် မဖြစ်နိုင်ဘူး၊ ဘယ်အချက်တွေကို သိအောင်လုပ်ရမယ်ဆိုပြီး ကဏ္ဍအလိုက် တွေးလာနိုင်မယ်ဆိုရင် အခက်အခဲတွေကို ဟစ်ဝက်လောက် ဖြေရှင်းပြီး ဖြစ်သွားလိမ့်မယ်"

BURMESE CLASSIC .com
www.burmeseclassi.com

www.burmeseclassi.com

ပဂ္ဂိုလ်ကြီးသည် ဝတ်ရုံနက်ကြီးကို ခေါင်းမှစ၍ လွှမ်းထားသဖြင့် မျက်နှာကို မမြင်ရပေ။ ခြုံလွှာအောက်မှ တောက်ပပြောင်လက်နေသော မျက်လုံးအစုံကိုသာ မြင်ရ၏။ ခြေလက်တို့မှာလည်း ဝတ်ရုံအစအောက်မှ တိုးထွက်လျက်ရှိပြီး ဆွတ်ဆွတ်ဖြူကြော ရှည်လျားလှသော လက်သည်းချွန်များရှိနေ၏။ အံ့သြစရာကောင်းသည်မှာ ၎င်းရောက်လာသည့် အခိုက်မှာပဲ အခန်းထဲ၌ အေးစက်သော အငွေ့အသက်များ ပျံ့လွှမ်းသွားခြင်းပင် ဖြစ်၏။

BURMESE CLASSIC .com

## အခန်း (၁)

အင်ဖာဒေသသည် အိန္ဒိယမြန်မာနယ်စပ်တွင် တည်ရှိပြီး သစ်တောထွက်သယံဇာတပစ္စည်းများ လွန်စွာပေါကြွယ်ဝသည့် ဒေသဖြစ်၏။ နက်ရှိုင်းသည့် တောနက်ကြီးဖြစ်သလို သက်တမ်းရင့် သစ်ပင်ကြီးများက နေပြောက်မထိုးနိုင်အောင် အုံ့မှိုင်းလျက်ရှိရာ ထိုဒေသမှ ထုတ်ယူရရှိသည့် သစ်တောထွက်ပစ္စည်းများမှာ အင်္ဂလိပ်အစိုးရအဖို့ ရတနာတွင်းကြီးပမာ ဖြစ်နေတော့၏။

ကျွန်ုပ်သည် မြန်မာလူမျိုးဖြစ်ပြီး ကျွန်ုပ်၏ဇာတိမှာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်၏။ ကျွန်ုပ်၏မိဘများမှာ မျိုးရိုးစဉ်ဆက် လယ်မြေအမြောက်အမြားပိုင်ဆိုင်သည့် လယ်ပိုင်ရှင်သူကြွယ်ကြီးများဖြစ်ရာ မွေးချင်းများထဲတွင် ပညာဉာဏ်ထူးချွန်သည့် ကျွန်ုပ်ကို လိုလေသေးမရှိ ပံ့ပိုးပေးကြ၏။

ကျွန်ုပ်ကလည်း မိဘများ ဂုဏ်ယူဝံ့ကြွားရလောက်အောင်



www.burmeseclassi.com

www.burmeseclassi.com



ငယ်စဉ်ကတည်းကပင် ပညာထူးချွန်ခဲ့၏။ ကျွန်ုပ်ဖြတ်သန်းခဲ့ရသည့်ဘဝသည် လိုလေသေးမရှိ ပြီးပြည့်စုံခဲ့သည်ဟု မှတ်ယူရမည်ဖြစ်သည်။

မိဘများသည် ထိုမျှသာမက ကျွန်ုပ်အား ကာလကတ္တားသို့တိုင်အောင် စေလွှတ်ပြီး ပညာသင်ကြားပေးခဲ့သည်။ ကာလကတ္တားမှ ဘွဲ့ရပြီးနောက် ကျွန်ုပ်အား မိဘများက သူတို့၏လက်ငုတ်လက်ရင်းဖြစ်သည့် စီးပွားရေးလုပ်ငန်းများအတွင်း လုပ်ကိုင်ခြင်းမပြုစေဘဲ အရာရှိ အရာခံ မင်းမှုထမ်းအဖြစ် လုပ်ကိုင်စေလို၏။

ထိုသို့ဖြင့် ကျွန်ုပ်သည် သစ်တောဝန်ထောက်ဘဝဖြင့် နယ်မြေဒေသအသီးသီးသို့ လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရာ လုပ်သက်အတော်အတန်ပင် ရရှိခဲ့ပြီဖြစ်၏။ လက်ရှိမှာတော့ ကျွန်ုပ်သည် မျက်နှာဖြူအစိုးရတို့၏ တကယ့်ရာဇာနာတွင်းကြီးပမာ သစ်တောသယံဇာတ ပေါများကြွယ်ဝသည့် အင်ဖာဒေသတွင် တာဝန်ထမ်းဆောင်နေသည်မှာ တစ်နှစ်ခန့်ပင် ရှိခဲ့ပြီဖြစ်၏။

ကျွန်ုပ်သည် အစိုးရအမှုထမ်းတာဝန်ရှိပုဂ္ဂိုလ်အနေဖြင့် အုပ်ချုပ်ရသော်လည်း ဒေသခံများနှင့် အမြဲပင် လိုက်လျောညီထွေ ဆက်ဆံနေထိုင်ခဲ့သဖြင့် ပြဿနာဟူ၍ မဆိုစလောက်သာ ရှိခဲ့၏။ ဖြေရှင်းမရနိုင်လောက်သည့် ပြဿနာမျိုး မရှိခဲ့ဖူးပေ။

သို့သော်လည်း ကျွန်ုပ်တစ်သက်တွင် ဘယ်တုန်းကမှ မကြုံဖူးသည့် ပြဿနာမျိုးနှင့် ရင်ဆိုင်ရသည့်အခါမှာတော့ . . .

တစ်နေ့သ၌ ဒေသခံဂေါ်ရခါးလူမျိုးတစ်ဦးသည် ကျွန်ုပ်ရှိရာဘန်ဂလိုသို့ ရေးကြီးသုတ်ပျာ ရောက်ရှိလာပြီး လွန်စွာထူးဆန်းသည့် သတင်းတစ်ခုကို လာရောက်တိုင်တန်းလေ၏။ ထိုအချိန်မှာ





နေ့လည်စာစားသောက်ပြီး ခေတ္တအနားယူချိန်ဖြစ်၍ ကျွန်ုပ်နှင့် မျက်နှာဖြူဆရာဝန်ကြီးမှာ ကော်ဖီသောက်ရင်း အချိုတည်းနေချိန်ဖြစ်၏။

ထိုသူသည် အနည်းငယ်မျှ တွန့်ဆုတ်တွေဝေခြင်းမရှိဘဲ ကျွန်ုပ်တို့ရှိရာသို့ အူယားဖားယား ပြေးဝင်လာသဖြင့် ကျွန်ုပ်မှာ တအံ့တသြဖြစ်သွား၏။ မျက်နှာဖြူအရာရှိကြီးကတော့ အံ့သြရုံသာမက အထိတ်တလန့်ဖြစ်သွားသလို လွန်စွာလည်း ဒေါသဖြစ်သွားလေ၏။ သို့ကြောင့် သူသည် မျောက်ဖြူကြီးလို ထိုင်ရာကခုန်ထလိုက်ပြီး နံငယ်ပိုင်းသာ ဝတ်ဆင်ထားသည့် ဒေသခံပုဂ္ဂိုလ်ကို ကိုယ်ထိလက်ရောက်ကျူးလွန်ရန် ဟန်ပြင်လိုက်သဖြင့် ကျွန်ုပ်လည်း အနေသာတော့ဘဲ အခြေအနေကို ဝင်ထိန်းလိုက်ရ၏။

မျက်နှာဖြူဆရာဝန်ကြီးကို လွန်သည်ဟု ကျွန်ုပ်အပြစ်မတင်လိုပါ။ သူသည် တာဝန်အရ ၎င်းဒေသတွင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသော်လည်း ၎င်းတာဝန်ကို အလုပ်သဘောအရသာ ခံယူထားသူဖြစ်၏။ လူနာများအပေါ်တွင် ထားရှိရမည့် ဆရာဝန်တစ်ဦး၏ မေတ္တာဂရုဏာစိတ်ထားမျိုး အနည်းငယ်မျှပင် ထားရှိသူမဟုတ်။

သို့ပင်သို့ငြားသော်လည်း ၎င်းမျက်နှာဖြူဆရာဝန်ကြီးမှာ သူ၏တာဝန်ပိုင်းအရ လစ်ဟင်းသည်ဟူ၍မရှိအောင် ဆောင်ရွက်တတ်သူဖြစ်၏။ တာဝန်နှင့် ပုဂ္ဂိုလ်ရေးကို ရောထွေးခြင်းမရှိသည့် စိတ်ဓါတ်ကို ကျွန်ုပ်ကြိုက်၍ ချီးကျူးမိ၏။

ထိုပုဂ္ဂိုလ်ကြီး ဒေါသတကြီးဖြစ်ရသည့် အကြောင်းရင်းမှာလည်း ဂေါ်ရခါးလူမျိုးဒေသခံပုဂ္ဂိုလ်က အခွင့်မတောင်းဘဲ သူနှင့်



www.burmeseclassi.com

www.burmeseclassi.com



ကျွန်ုပ်ရှိရာ ဘန်ဂလိုအတွင်းသို့ ဇွတ်အတင်းဝင်ရောက်လာသောကြောင့် ဖြစ်သည်။ အမှန်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့နှင့် တွေ့ဆုံလိုကြောင်း စကားပြန်မှတစ်ဆင့် ခွင့်တောင်းခံရမည်။ တွေ့သည့်အခါတွင်လည်း လွန်စွာရိုကျိုးသော အမူအရာဖြင့် စကားပြောဆိုရမည်။ ထိုကိစ္စမျိုးအပေါ်တွင် ကျွန်ုပ်အနေဖြင့် မည်သို့မှ သဘောမရှိသော်လည်း လူမျိုးကြီးဝါဒလက်ကိုင်ထားသည့် မျက်နှာဖြူဆရာဝန်ကြီးကတော့ တစ်ပြားသားမှ လျော့သူမဟုတ် . . .။

သို့ကြောင့်လည်း သူသည် ဂေါ်ရခါးလူမျိုးဒေသခံပုဂ္ဂိုလ်ကို ကိုယ်ထိလက်ရောက် တုန့်ပြန်ရန် ဟန်ပြင်လိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်သာ အချိန်မီ ဝင်မထိန်းလိုက်ပါက ထိုသူအဖို့ အလူးအလဲကန်ကျောက်ခံရမှာ သေချာသည်။ ထိုသူမှာလည်း မျက်နှာဖြူဆရာဝန်ကြီးကိုကြည့်ရင်း မိမိ၏မဆင်ခြင်ခဲ့ပုံကို သတိပြုမိသွားပုံရ၏။ နေစရာမရှိလောက်အောင် ဟုန်လှုပ်ခြောက်ခြားလျက် သူ၏နဖူးကို မြေနှင့်ဦးတိုက်ပြီး အသနားခံခွင့်လွှတ်ပေးဖို့ အကြိမ်ကြိမ်တောင်းပန်လေ၏။

ကျွန်ုပ်က ဆရာဝန်ကြီး၏ဒေါသကို အကြိမ်ကြိမ် ဖြောင်းဖျနှစ်သိမ့်ပြီး ၎င်းဒေသခံပုဂ္ဂိုလ်၏ ထူးခြားသည့် အပြုအမူအပေါ်နားမလည်နိုင်အောင် ဖြစ်ရသည်ကြောင့် စကားပြန်မှတစ်ဆင့် အကျိုးအကြောင်း မေးမြန်းလိုက်၏။ ထိုသို့ မေးမြန်းလိုက်တော့မှ ဖြစ်ပျက်မှုကိုသိရပြီး ကျွန်ုပ်နှင့် ဆရာဝန်ကြီးလည်း တအံ့တဩဖြစ်သွားကြ၏။

ထိုအခါမှာတော့ ဆရာဝန်ကြီးသည် ဒေါသတကြီး အမူအရာမျိုး ပျောက်ကွယ်သွားပြီး ရုတ်ချည်းပင် သူလုပ်ရမည့်အလုပ်





အတွက် ပြင်ဆင်လေတော့၏။ ပုဂ္ဂိုလ်ရေးနှင့် တာဝန်ဟူသော ခွဲခြားအသိကြောင့် ထိုသို့အမူအရာ ပြောင်းလဲသွားပုံရ၏။

ဒေသခံဂေါ်ရခါးလူမျိုး ပြောပြသည်မှာ ၎င်းတို့ရွာသားတစ်ဦးသည် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေစဉ် အတော်အတန်နက်ရှိုင်းသည့် လျှိုကြီးအတွင်း ပြုတ်ကျသွားခဲ့ကြောင်း၊ ထိုသူကို မိမိတို့ နာရီများစွာ ကြာမြင့်သည်အထိ ခက်ခက်ခဲခဲ ဆယ်ယူခဲ့ရကြောင်း၊ ကံကောင်းထောက်မစွာ အသက်သေဆုံးခြင်းမရှိသော်လည်း ထိုသူသည် မေ့မျောနေခဲ့ရာမှ ညဘက်တွင် ပြန်လည်သတိရလာကြောင်း၊ သို့သော် အသိစိတ်လွတ်ကင်းပြီး မုန်ယိုနေသည့်ဆင်လို မြင်သမျှအရာတိုင်းကို အန္တရာယ်ပြုနေကြောင်း . . .။

သို့ကြောင့် ၎င်းကို အလွတ်မပေးဝံ့ဘဲ လူအင်အားဖြင့် စောင့်ကြည့်ချုပ်နှောင်ထားရာမှ လွန်စွာအားသန်သည့် တိရစ္ဆာန်ပမာ ရုန်းကန်တိုက်ခိုက်ပြီး လွတ်ထွက်သွားကြောင်း၊ ထိုသူသည် ညအခါတွင် လူအများကို လိုက်လံသတ်ဖြတ်ရာ ၎င်းကြောင့် ရွာသားနှစ်ဦးသေဆုံးခဲ့ရကြောင်း . . . စသဖြင့် ဖြစ်ပျက်ပုံမှအစ အသေးစိတ်သိခဲ့ရပြီးနောက် ၎င်းကိစ္စမှာ သစ်ထုတ်လုပ်ရေးလုပ်ငန်းခွင်အတွက် လွန်စွာအန္တရာယ်ကြီးမားလှသဖြင့် ကျွန်ုပ်တို့လည်း လူအင်အား၊ လက်နက်အင်အား အပြည့်အစုံဖြင့် ၎င်းအခင်းဖြစ်ပွားရာ ဂေါ်ရခါးရွာသို့ လိုက်ပါသွားကြ၏။

ဆရာဝန်ကြီးမှာလည်း လိုအပ်သည့် ဆေးဝါးအသုံးအဆောင်ပစ္စည်းများကို ထုပ်ပိုးကာ အထမ်းသမားအား ထမ်းစေပြီး လိုက်ပါခဲ့လေ၏။

၎င်းရွာသို့ ရောက်ရှိပြီး ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့ကြရ



www.burmeseclassi.com

www.burmeseclassi.com



သည့် အဖြစ်အပျက်များမှာ သာမန်အားဖြင့် ဘယ်လိုမှလက်ခံယုံကြည်ဖွယ် မရှိသလို လွန်စွာတုန်လှုပ်ခြောက်ခြားဖွယ် ကောင်းလှပါသည်။ ကျွန်ုပ်အနေဖြင့် အသေးစိတ်ရေးသားတင်ပြလိုသော်လည်း ဤနေရာတွင် ကျွန်ုပ်အဓိကရေးသားသည့် အကြောင်းအရာများမှ သွေဖည်သွားမှာကို မလိုလားသဖြင့် စိတ်မကောင်းစွာ ချန်လှပ်ခဲ့ရသည်ကို တောင်းပန်အပ်ပါသည်။ အကယ်၍ ရေးသားမည်ဆိုပါကလည်း စာတစ်စောင်၊ ပေတစ်ဖွဲ့ပမာ ရှည်လျားသွားမည်ဖြစ်ရာ မကြာသောကာလတွင် ၎င်းအဖြစ်အပျက်များအပေါ် အခြေခံပြီး သုံးချင်းဝတ္ထုရှည်အဖြစ် ရေးသားတင်ပြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။

ဤအခန်းတွင် ကျွန်ုပ်ဖော်ပြလိုသည်မှာ လူမျိုးကြီးဝါဒဖြင့် နိမ့်ကျနွမ်းပါးသည့် ဒေသခံများအပေါ် နှိမ့်ချဆက်ဆံသော မျက်နှာဖြူဆရာဝန်ကြီးသည် ၎င်းကိစ္စကို အကြောင်းပြုပြီး အင်္ဂလန်သို့ ဘင်သံမပါဘဲ ဖင်လှန်ပြေးခဲ့ရခြင်းပင် ဖြစ်၏။

၎င်းရွာသို့ ကျွန်ုပ်တို့ ရောက်ရှိသွားသော်လည်း လျှို့ထဲပြုတ်ကျပြီး အသိတရားလွတ်ကင်းနေသည်ဟူသော ပုဂ္ဂိုလ်ကို မတွေ့ရဘဲ ၎င်းပုဂ္ဂိုလ်၏ ရန်ပြုခြင်း၊ ခြိမ်းခြောက်ခြင်းကိုသာ ခံကြရ၏။ ကျွန်ုပ်တို့သည် ဒေသခံများ၏အကူအညီဖြင့် ၎င်းပုဂ္ဂိုလ်ကို တောနင်းရှာဖွေခဲ့ကြ၏။ သို့သော် အရိပ်အယောင်မျှပင် မတွေ့ရဘဲ ကျွန်ုပ်တို့တွေ့ရသည်မှာ ထိုပုဂ္ဂိုလ်၏ အန္တရာယ်ပြုမှုကြောင့် ဒေသခံရွာအချို့မှ လူများမှာ ရက်ခြားဆိုသလို ရက်စက်စွာ သတ်ဖြတ်ခံနေရခြင်း ဖြစ်၏။

သတ်ဖြတ်ခံရသည့် အနေအထားမှာ ရက်စက်ကြမ်းတမ်း





သည့် တိရစ္ဆာန်တစ်ကောင်၏ သတ်ဖြတ်ပုံမျိုးဖြစ်နေရာ ဒေသခံများကို မဆိုထားနှင့် ကျွန်ုပ်တို့ပင် တုန်လှုပ်ခြောက်ခြားမိ၏။ ထိုမျှသာမက တောထဲ၌လည်း ခြောက်ခြားဖွယ်ရာအဖြစ်များ ကြုံတွေ့ရသေး၏။

တစ်ကြိမ်တွင် မျက်နှာဖြူဆရာဝန်ကြီးသည် မည်သို့ဖြစ်သွားမှန်း စဉ်းစားမရလောက်အောင် တစ်အုပ်စုတည်း အတူရှိနေရာမှ တစ်ကိုယ်တည်း ခွဲထွက်သွားသလို အုပ်စုထဲမှ ပျောက်သွား၏။ ထိုအဖြစ်ကြောင့် ကျွန်ုပ်လည်း လွန်စွာခေါင်းနပန်းကြီးသွားပြီး မိမိအဖွဲ့သားများသာမက ဒေသခံရွာများမှ လူအများအပြားကို အမိန့်အာဏာဖြင့် ခေါ်ယူပြီး လူအင်အားများစွာဖြင့် အပြင်းအထန် တောနင်းရှာဖွေ၏။

နေ့တစ်ဝက် လွန်မြောက်သည့်တိုင် ဆရာဝန်ကြီးကို မတွေ့ရှိသဖြင့် ကျွန်ုပ်သည် ဆောက်တည်ရာမရလောက်အောင် တုန်လှုပ်ခြောက်ခြားနေမိသည်။ ထိုပြဿနာသည် ပေါ့သေးသေး ပြဿနာကို မဟုတ်။ ကျွန်ုပ်ခေါင်းကို ဆင်နင်းခံရသည်ထက်ပင် ဆိုးဝါးသည့် ပြဿနာကြီး ဖြစ်သည်။ ဗြိတိသျှအစိုးရသည် ၎င်းတို့လူမျိုးနှင့် ပတ်သက်လာလျှင် လွန်စွာအလေးထား ဂရုတစိုက်ရှိလှသဖြင့် အကယ်၍ ၎င်းဆရာဝန်ကြီးသာ ဆိုးဆိုးဝါးဝါး ဖြစ်သွားပါက ကျွန်ုပ်အနေဖြင့် မြန်မာပြည်ထဲက စာရွက်ဟူသမျှ အသုံးပြုပြီး ထုချေလွှာရေးလျှင်တောင်မှ ဗြိတိသျှအစိုးရက ခွင့်လွှတ်မည် မဟုတ်ပေ။

ရာသက်ပန် အကျဉ်းခံဘဝဖြင့် နိဂုံးချုပ်ကောင်း ချုပ်သွားနိုင်သည်။

သို့သော်လည်း ကံကြမ္မာက ကျွန်ုပ်အပေါ်တွင် ထိုမျှအထိ



www.burmeseclassi.com

www.burmeseclassi.com



ရက်စက်ခြင်း မပြုခဲ့ပေ။ အမှန်တကယ် ရက်စက်စွာ ဒဏ်ခတ်လိုက်သည်က ၎င်းမျက်နှာဖြူဆရာဝန်ကြီးဟု ယူဆရမည်လား မဆိုနိုင်။

ကျွန်ုပ်ဦးဆောင်သည့် အဖွဲ့သည် နေ့လည်စာကိုပင် ကတိုက်ကရိုက်စားသောက်ပြီး အပူတပြင်း လိုက်လံရှာဖွေကြရာ ညနေခင်းအချိန်လောက်တွင် အောက်ခြေရှုပ်ထွေးသည့် ညောင်လန်းပင်ကြီးအနီးသို့ ရောက်ရှိသည်နှင့် ငိုငြီးသံကို သိသာစွာ ကြားလိုက်ရသဖြင့် ၎င်းအပင်ကြီးအနီးတဝိုက်ကို ဖြန့်ကျက်ရှာဖွေကြ၏။ အချိန်အနည်းငယ်အတွင်းမှာပဲ အခြေအနေမှန်ကို သိကြရ၏။ ထိုအသိမှာ မျက်နှာဖြူဆရာဝန်ကြီး၏ အသံဖြစ်လေ၏။

အသံမှာ အခြားနေရာက မဟုတ်။ မျက်နှာဖြူကြီးသည် သစ်ပင်ကြီး၏ ပေနှစ်ဆယ်ကျော်အမြင့်ခန့်ရှိ သစ်ကိုင်းခွကြားတွင် ကားယားကြီးခွထိုင်ရင်း ကလေးတစ်ယောက်လို ငိုနေလေ၏။ ကျွန်ုပ်သည် အားရဝမ်းသာဖြင့် နှုတ်ဆက်ပြီး အောက်သို့ဆင်းလာရန် အော်ဟစ်ပြောသော်လည်း မျက်နှာဖြူကြီးသည် အထိတ်တလန့်အမူအရာဖြင့် ဦးခေါင်းခါရမ်းလေ၏။ သူသည် ကိုယ့်ကိုယ်ကို ဆောက်တည်ရာမဲ့လောက်အောင် မည်သည့်ဘေးအန္တရာယ်မျိုးနှင့် ကြုံတွေ့ခဲ့ရပါသလဲ . . .။

မည်သို့ပင် ကြုံတွေ့ခဲ့ရသော်ငြား ကျွန်ုပ်ကိုမြင်သည်နှင့် သူသည် အားရဝမ်းသာ မဖြစ်သော်မှ ထိုမျှအထိ ကြောက်လန့်မနေသင့်ဟု ကျွန်ုပ်တွေးမိ၏။ ဂေါ်ရခါးလူမျိုးများသည် မျက်နှာဖြူကြီးကို သစ်ပင်အောက်ရောက်ရှိဖို့ ခက်ခက်ခဲခဲ ကြိုးပမ်းကြရ၏။

မျက်နှာဖြူအရာရှိကြီး၏ ခန္ဓာကိုယ်ပေါ်က အဝတ်အစားများမှာ မြင်မကောင်း၊ ရှုမကောင်း စုတ်ပြတ်လျက်ရှိ၏။ အကယ်၍





အောက်ခံဘောင်းဘီသာ ဝတ်မထားပါက သူ၏အဖြစ်မှာ မိမွေးတိုင်း၊ ဖမွေးတိုင်းဆိုသလို ဖြစ်သွားပေလိမ့်မည်။

အချိန်အနည်းငယ်အတွင်းမှာပဲ သူ၏အသိတရားများကို အတန်ငယ် ထိန်းချုပ်လိုက်နိုင်ပုံရ၏။ ကျွန်ုပ်က အကျိုးအကြောင်း မေးမြန်းလိုက်သော်လည်း သူသည် မည်သည့်စကားမှမဆိုဘဲ ဦးခေါင်းကိုသာ တွင်တွင်ခါရမ်းလေ၏။ ပြီးနောက် ကြောက်စိတ်ကို ကျွန်ုပ်တို့အပေါ်တွင် အစွမ်းကုန်ဖောက်ခွဲလိုက်သည်လား မဆိုနိုင် . . .။ သူသည် ကျွန်ုပ်နှင့်တကွ ဒေသခံများကို ဒေါသမျက်ဝန်းဖြင့် ကြည့်ပြီး အသားလွတ် ဆဲဆိုကြိမ်းမောင်းလေ၏။ သူ၏ အပြုအမူကြောင့် ဂေါ်ရခါးကုလားနှစ်ဦးမှာ မဆီမဆိုင် ထိုးကြိတ်ခံလိုက်ရ၏။

ကျွန်ုပ်လည်း မနေသာတော့သဖြင့် အတင်းဝင်ရောက်ဖျောင်းဖျရင်း စခန်းသို့ အရောက်ခေါ်ခဲ့ရ၏။ စခန်းသို့ရောက်မှ အကျိုးအကြောင်း မေးမြန်းမည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ကျွန်ုပ် ဆန္ဒပြည့်ဝခြင်း မရှိခဲ့ပေ။ သူသည် ဒေါသနှင့် ကြောက်ရွံ့ခြင်းကို ဖြေဖျောက်နိုင်စွမ်းမရှိဘဲ စခန်းသို့ ရောက်လျှင်ရောက်ချင်း သူ၏ အသုံးအဆောင်ပစ္စည်းများကို ထုတ်ပိုးသိမ်းဆည်းလေ၏။

ထို့နောက်မှာတော့ သူသည် ဗြိတိသျှအထက်တန်းစားလူမျိုးဟူသည့် အမိန့်အာဏာဖြင့် အထမ်းသမားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ အစောင့်အရှောက်ဖြင့် ၎င်းဒေသမှ ညတွင်းချင်း ထွက်ခွာသွားတော့၏။ အိန္ဒိယပြည်ထဲရှိ လက်ခနောင်းမြို့အထိ အရောက်သွားပြီး၊ ၎င်းမှတစ်ဆင့် ကာလကတ္တားမြို့သို့ ခရီးဆက်ပြီးနောက် ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် အင်္ဂလန်သို့ ပြန်သွားလေတော့၏။



www.burmeseclassi.com

www.burmeseclassi.com



အထက်ပါအဖြစ်အပျက်များကို အကျဉ်းရုံးဖော်ပြရခြင်းမှာ အသက်အရွယ်ငယ်သော်ငြားလည်း ရဲစွမ်းသတ္တိနှင့် ဉာဏ်ပညာ အရာတွင် လွန်စွာထူးချွန်သော ပုဂ္ဂိုလ်တစ်ဦးနှင့် ညီရင်းအစ်ကိုပမာ ရင်းနှီးခင်မင်ခဲ့ရပြီး အံ့ဩတုန်လှုပ်ဖွယ် စွန့်စားခန်းများကို ရေးသားရန် အစပျိုးလိုက်ခြင်း ဖြစ်သည်။

* * * *



## အခန်း (၂)

ကျွန်ုပ်သည် မျက်နှာဖြူဆရာဝန်ကြီး အင်္ဂလန်ပြန်သွားပြီးနောက် ပြဿနာကြားဝယ် ဆရာဝန်လက်မဲ့ဖြစ်နေပြီး ကြီးစွာသော အခက်အခဲများနှင့် ရင်ဆိုင်ရလေ၏။ အင်ဖာဒေသကဲ့သို့ နက်ရှိုင်းသည့် တောတောင်ထဲ၌ သစ်ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ရသည်မှာ ဘေးအန္တရာယ်ကြီးမားသလို ရောဂါဘယလည်း လွန်စွာထူပြောလှသဖြင့် ဆရာဝန်မှာ မရှိမဖြစ်လိုအပ်၏။ ကျွန်ုပ်လည်း ဇွဲမလျှော့ဘဲ ၎င်းကိစ္စနှင့်ပတ်သက်၍ အထက်သို့ အကြိမ်ကြိမ်တင်ပြတောင်းခံခဲ့ရာ ကျွန်ုပ်၏ဇွဲကောင်းမှုကြောင့်လား၊ ပြိတ်သ္တအစိုးရကပဲ သနားသွားသည်လား မဆိုနိုင် . . .။

သုံးလခန့်အကြာမှာပဲ အစားထိုးခန့်အပ်လိုက်သော ဆရာဝန်တစ်ဦး ရောက်ရှိလာလေ၏။ ကျွန်ုပ်သည် ၎င်းဆရာဝန်ကို ဝမ်းပန်းတသာ ကြိုဆိုမိ၏။ အတိုင်းထက်အလွန် ဖြစ်ရသည်မှာ



www.burmeseclassi.com

www.burmeseclassi.com



ထိုဆရာဝန်မှာ ကျွန်ုပ်နှင့် သက်တူရွယ်တူခန့်ရှိပြီး မြန်မာလူမျိုးဖြစ်နေ၏။ ထို့ထက်ပို၍ ကျွန်ုပ်အား တအံ့တဩ ဖြစ်စေခဲ့သည်မှာ ၎င်းဆရာဝန်သည် ကျွန်ုပ်အခက်ကြုံနေရသည့် ပြဿနာများကို အချိန်တိုတိုအတွင်း ဖြေရှင်းခဲ့သောကြောင့် ဖြစ်သည်။

သူသည် လွတ်ထွက်နေသော ဂေါ်ရခါးလူမျိုး သစ်ထုတ်သမားကို သူ၏အစွမ်းဖြင့် လက်ရဖမ်းလိုက်နိုင်ပြီး ၎င်းတွင် စွဲငြိနေသည့် ပယောဂများကို အပြီးတိုင် ဖယ်ရှားပေးနိုင်ခဲ့၏။ ၎င်းဂေါ်ရခါးလူမျိုးသည် မကောင်းဆိုးဝါးပူးကပ်နေစဉ် လူအချို့ကို သတ်ဖြတ်ခဲ့သလို အခြားသော တိရစ္ဆာန်များကိုလည်း သတ်ဖြတ်စားသောက်ခဲ့သူဖြစ်၏။

ကျွန်ုပ်သည် ဖော်ပြနိုင်စွမ်းမရှိလောက်အောင် ဝမ်းမြောက်ခဲ့ရသလို ထိုသူအပေါ်တွင်လည်း များစွာအထင်ကြီးလေးစားမိ၏။ ဒေသခံများနှင့် သစ်ထုတ်လုပ်သားများလည်း ထိုအဖြစ်ကြောင့် ၎င်းအပေါ်တွင် ဆရာဝန်အဖြစ်သာမက တကယ့်သူတော်စင်ကြီးပမာ ချစ်ခင်ရိုသေကြလေ၏။

ထိုသူ၏အမည်မှာ ထင်အောင်ကျော်ဖြစ်ပြီး သူသည် အင်္ဂလန်ဆေးတက္ကသိုလ်မှ ဆေးပညာဆိုင်ရာဘွဲ့ကို ယူခဲ့သူဖြစ်သည်။ ဝင့်ကြွားမောက်မာတတ်ခြင်း အလျဉ်းမရှိသလို ကျွန်ုပ်ကိုလည်း ကိုမျိုးမြတ်ဟု တရင်းတနှီး ခေါ်ပြော၏။

ဒေါက်တာထင်အောင်ကျော်သည် ကျွန်ုပ်နေထိုင်ရာ ဘန်ဂလိုနှင့် ကိုက်သုံးဆယ်မျှသာ ကွာဝေးသည့် ဘန်ဂလိုလေးတစ်လုံးတွင် နေထိုင်လေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် အလုပ်တာဝန်များပြီးသည်နှင့် အမြဲပင် တပူးတွဲတွဲလို ရှိနေကြ၏။ ဒေါက်တာထင်အောင်





ကျော်နှင့် ရင်းနှီးခင်မင်ရသည်မှာ ကျွန်ုပ်အဖို့ ဗဟုသုတဟင်းလေးအိုးကြီးနှင့် တွေ့ဆုံရသလို ပညာဗဟုသုတ များစွာရရှိလေ၏။

"ကျွန်တော် ဆရာဝန်ဖြစ်ချင်တာ ရင်ထဲအသည်းထဲက တကယ့်ကို ဖြစ်ချင်တဲ့ဆန္ဒကြောင့် ကြိုးစားခဲ့တာပေါ့၊ ဆိုရရင်တော့ဗျာ . . . လူတွေရဲ့အသက်ကို ကယ်တင်ချင်လို့ပဲ၊ ဒါပေမယ့် ဆေးကျောင်းတက်နေရင်းနဲ့ လောကီပညာရပ်အချို့ကို လေ့လာမိရင်းက ထူးခြားတဲ့ အချက်ကို တွေးမိတယ်၊ လူတွေကို ကယ်တင်နိုင်တာ ဆေးပညာရပ်အပြင် အခြားပညာရပ်တွေလည်း ရှိသေးတယ်ဆိုတာကိုပေါ့၊ အဲဒါကြောင့်လည်း ကျွန်တော်ဆရာဝန်ဖြစ်ပြီးနောက်ပိုင်း အဲဒီပညာရပ်တွေကို ပိုပြီးလေ့လာလိုက်စားခဲ့တယ်၊ ဘယ်လိုပညာရပ်မဆို စူးစူးနစ်နစ် လေ့လာလိုက်စားပြီဆိုရင် အဲဒီပညာရပ်နဲ့ ဆက်နွယ်တဲ့ အရာမှန်သမျှကို စုဆောင်းရှာဖွေရမယ် မဟုတ်လား၊ ဒါကြောင့်လည်း ကျွန်တော့်မှာ အခုလို လောကီပညာရပ်ဆိုင်ရာ အစွမ်းထက်တဲ့ ဂမ္ဘီရပစ္စည်းတွေ ရှိနေတာပေါ့၊ အခု ကျွန်တော့်အခန်းထဲမှာရှိတဲ့ ပစ္စည်းတွေဟာ ဟောဟိုသေတ္တာထဲက ဆရာဝန်ပစ္စည်းတွေထက် လူတွေရဲ့အသက်ကို ပိုပြီးကယ်တင်နိုင်ခဲ့တယ်ဆိုတာကို ကျွန်တော့်ကိုယ်ရေးမှတ်တမ်းကို ဖတ်ရရင် ကိုမျိုးမြတ် သဘောပေါက်သွားမှာပါ"

ဟု ပြောပြခဲ့လေ၏။

ကျွန်ုပ်ယုံကြည်ပါသည်။ ဗြိတိသျှဆရာဝန်ကြီး ကဆုန်ပေါက်ပြီး ပြေးရလောက်အောင် ဒုက္ခပေးခဲ့သည့် ပြဿနာကို ဒေါက်တာထင်အောင်ကျော်၏ ပညာစွမ်းဖြင့် ဖြေရှင်းပေးခဲ့သည်မှာ ကျွန်ုပ်ကိုယ်တွေ့ပင် ဖြစ်၏။ ကျွန်ုပ်သည် မိတ်ဆွေကြီးထင်



www.burmeseclassi.com

www.burmeseclassi.com



အောင်ကျော်ကို ဆရာဝန်ဟု ယူဆရမည်လား၊ ပယောဂဆရာဟု သတ်မှတ်ရမည်လား ဟူ၍ပင် နောက်ပြောင်မိလေ၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် အရပ်အမောင်းမြင့်မားပြီး အသားအရည်ဖြူဖြူဖြင့် လွန်စွာယောကျ်ားပီသသည့် ရုပ်ရည်ရှိ၏။ အမြဲပင် သပ်သပ်ရပ်ရပ်ဖြင့် သူသည် အနောက်တိုင်းဝတ်စုံ မီးခိုး၊ အဖြူနှင့် အညိုရင့်တို့ကို ကျကျနန ဝတ်ဆင်တတ်သူဖြစ်သည်။ စကားပြောလျှင် ဗမာစကားကို ပီသကျနစွာပြောပြီး အချို့ဘိုစိတ်ပေါက်နေသူများလို အင်္ဂလိပ်လို အသုံးအနှုန်းများကို ယောင်လို့ပင် ထည့်ပြောခြင်း မရှိပေ။

နိုင်ငံခြားသားများနှင့် တွေ့ဆုံ၍ ပြောသည့်အခါမှာတော့ လွန်စွာယဉ်ကျေးသော အင်္ဂလိပ်လို အသုံးအနှုန်းများဖြင့် ပြောဆိုလေ၏။ ကျွန်ုပ်အဖို့ ဤဌာနသို့ ဒေါက်တာထင်အောင်ကျော်ရောက်ရှိလာခြင်းမှာ အဖိုးမဖြတ်နိုင်သော မိတ်ဆွေကောင်းတစ်ဦးကို ကံကြမ္မာထံမှ လက်ဆောင်ရလိုက်ခြင်းဟု မှတ်ယူရပေတော့မည်။

ကျွန်ုပ်တို့နှစ်ဦးသည် လုပ်ငန်းသဘောအရ မြို့ပေါ်သို့ တစ်လလျှင်တစ်ကြိမ် အလှည့်ကျသွားရောက်ပြီး လစာနှင့်ရိက္ခာပစ္စည်းများကို ထုတ်ယူရလေ၏။ ကျွန်ုပ်အလှည့်မှာ လွန်ခဲ့သည့်လကဖြစ်၍ ယခုလမှာ ဒေါက်တာထင်အောင်ကျော်အလှည့်ဖြစ်၏။ သူသည် ဂျစ်ကားဖြင့် ထွက်ခွာသွားသည်မှာ ပြန်ရောက်ရမည့်နေ့တွင် ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ကျွန်ုပ်လည်း စိုးရိမ်နေမိ၏။

ထိုသို့ဖြစ်ရခြင်းမှာလည်း ဒေါက်တာထင်အောင်ကျော် ထွက်ခွာသွားသည့် ညမှာပင် လေကြီးမိုးကြီးများ တိုက်ခတ်ခဲ့သောကြောင့် ဖြစ်သည်။ ထိုအဖြစ်ကြောင့် တောတစ်ခုလုံး ရစရာမရှိ





အောင် ပျက်စီးယိုယွင်းသွား၏။ ကျွန်ုပ်သည် နောက်တစ်နေ့မှာပဲ ငယ်သားများနှင့်အတူ တောဝင်ပြီး အပျက်အစီးစာရင်းများကို လိုက်လံစစ်ဆေးရ၏။ ကျောက်တွင်းများ ပြိုကျမှုရှိ၊ မရှိ စစ်ဆေးရသလို လူအသေအပျောက် ရှိ၊ မရှိကိုလည်း စစ်ဆေးခဲ့ရ၏။

ဆိုးဝါးသည့် အခြေအနေမျိုး မတွေ့ရသဖြင့် စိုးရိမ်စိတ်ပြေရုံရှိနေစဉ်မှာပဲ လွန်စွာအံ့သြဖွယ် အဖြစ်အပျက်နှင့် ကြုံတွေ့ရတော့၏။ ဂေါ်ရခါးလူမျိုးများနေထိုင်ရာ တဲစုလေးသို့ ရောက်ရှိသည့်အခိုက်တွင် ၎င်းတဲဝိုင်းမှ အကြီးအကဲဖြစ်သူက ကျွန်ုပ်ကို ထွက်၍ကြိုဆိုလေ၏။

ကျွန်ုပ်၏ထုံးစံအတိုင်း စကားပြန်၏အကူအညီဖြင့် အပျက်အစီး၊ အဆုံးအရှုံးများ ရှိပါသလားဟု မေးမြန်းလိုက်ရာ အကြီးအကဲက မရှိကြောင်း ပြောဆိုပြီး ကျွန်ုပ်ကို တစ်စုံတစ်ရာ ပြောလိုသေးသည့် မျက်ဝန်းဖြင့် တွေဝေကြည့်နေ၏။ ထိုအရိပ်အကဲကို ကျွန်ုပ်သဘောပေါက်နားလည်စွာဖြင့် . . .

"ခင်ဗျား . . . ကျုပ်ကို ဘာပြောစရာရှိလို့လဲ၊ ပြောစရာရှိရင်လည်း အားမနာတမ်း ပြောနိုင်တယ်"

ဟူ၍ စကားပြန်မှတစ်ဆင့် မေးလိုက်ရာ ထိုအခါမှ ၎င်းလည်း အတန်ငယ်ရဲတင်းသွက်လက်သည့် အမူအရာဖြင့် သူပြောလိုသည့် စကားများကို စကားပြန်မှတစ်ဆင့် ပြောလေတော့၏။

"ဟို . . . ဝန်ထောက်မင်းနဲ့ ဆရာဝန်ကြီးတို့က ဘာလူမျိုးတွေဆိုတာ သိခွင့်ရှိရင် သိပါရစေ"

ထိုအမေးစကားကြောင့် ကျွန်ုပ်မှာ မျက်မှောင်ကြုတ်ချက်တွန့်သွားပြီး . . .



www.burmeseclassi.com

www.burmeseclassi.com



"နိုး . . . နေပါဦး၊ အဲဒီကိစ္စက ခင်ဗျားအတွက် ဘယ်လောက်အရေးပါနေလို့လဲ၊ တစ်ဆိတ်ရှင်းစမ်းပါဦး"

ကျွန်ုပ်လေသံက အနည်းငယ်တင်းမာသလို ဖြစ်သွားသည်ကြောင့် ထိုကုလားမှာ သိသိသာသာ အမူအရာပျက်သွားပြီး တောင်းပန်တိုးရှိုးသည့် မျက်ဝန်းဖြင့် . . .

"ဘာရာဆပ် . . . ခွင့်လွှတ်ပါ၊ ကျွန်တော် အခုလိုမေးရတာ ကျွန်တော့်အတွက် မဟုတ်ပါဘူး၊ ကျွန်တော်တို့ရွာမှာ ထူးဆန်းတဲ့ ကိစ္စတစ်ခုဖြစ်နေလို့ပါ၊ ကျွန်တော်တို့ရွာလည်က ခြေတံရှည်သစ်လုံးအိမ်မှာ ယူနွတ်တို့မိသားစု နေထိုင်ပါတယ်၊ မုန်တိုင်းကျတဲ့ ညက လွန်မြောက်တဲ့ နောက်တစ်နေ့မနက်မှာ ယူနွတ်ဟာ ကြောင်တောင်တောင်ဖြစ်သွားပြီး သူ့အိမ်သားတွေကို မမှတ်မိတော့ဘူး၊ ပြီးတော့ သူပြောတဲ့စကားတွေကို သူ့အိမ်သားတွေ နားမလည်သလို အိမ်သားတွေပြောတဲ့စကားကိုလည်း သူနားမလည်ဖြစ်နေပါတယ်၊ သူ့စကားတွေက ကျွန်တော်တို့ဒေသက ပြောတဲ့စကားမျိုး မဟုတ်ဘူး၊ ကျွန်တော်တို့ကိုလည်း သူမမှတ်မိတော့ဘူး၊ ကျွန်တော်တို့ကို သူစကားတွေအများကြီးပြောပါတယ်၊ ကျွန်တော်တို့လည်း ဘာမှနားမလည်ပါဘူး ဆပ်၊ ကျွန်တော်တစ်ခု သတိထားမိလိုက်တာက သူ့စကားတွေဟာ ဝန်ထောက်ကြီးနဲ့ ဆရာဝန်ကြီးတို့ အချင်းချင်းပြောနေကြတဲ့ စကားနဲ့ အတော့်ကို တူနေပါတယ်၊ ဒါကြောင့် ကျွန်တော်က ဆရာတို့ကို ဘာလူမျိုးများလဲလို့ မေးလိုက်မိတာပါ"

စကားပြန်မှတစ်ဆင့် ထိုသူ၏စကားများကို သိရစဉ်မှာတော့ ကျွန်ုပ်လည်း အထိတ်တလန့်ဖြစ်သွားမိ၏။ ရုတ်ချည်းဆိုသလို မကြာသေးမီကာလက ထိတ်လန့်တုန်လှုပ်ဖွယ်အဖြစ်ကို မြင်





ယောင်ပြီး စိုးရိမ်စိတ်တို့ ကြီးစိုးသွား၏။

မျက်နှာဖြူဆရာဝန်ကြီးရှိစဉ် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များက အမြင်အာရုံ၌ ထင်ဟပ်လာ၏။ သို့ကြောင့် ကျွန်ုပ်က အလောတကြီး အမူအရာဖြင့် . . .

"ကဲ . . . ခင်ဗျားမေးတာကို ကျုပ်ဖြေမယ်၊ ကျုပ်နဲ့ ဒေါက်တာထင်အောင်ကျော်က ဗမာလူမျိုးတွေ၊ ကျုပ်တို့ချင်းပြောတဲ့ စကားကလည်း ဗမာစကားတွေပဲ"

"ဟာ . . . ဟုတ်ပြီ၊ ဒါဆိုဟုတ်ပြီ၊ ယူနွတ်ပြောတဲ့စကားတွေထဲမှာ ဗမာ၊ ဗမာဆိုတဲ့ စကားကို အကြိမ်ကြိမ်ပြောတယ်၊ ဟုတ်ပြီ . . . သေချာပြီ၊ သူ့စကားတွေဟာ ဗမာစကားတွေပဲ"

ဟု အားရဝမ်းသာ ပြောလိုက်ရာ ၎င်းကိစ္စကို အသာထားပြီး ကျွန်ုပ်က စိတ်ထဲ၌ လွန်စွာစိုးရိမ်နေသည့်ကိစ္စကို အားချင်းမေးလိုက်၏။

"ယူနွတ်က အဲဒီလိုဖြစ်နေပြီး ဘယ်သူတွေကို အန္တရာယ်ပြုသေးလဲ"

"ဘယ်သူ့ကိုမှ အန္တရာယ်ပြုတာမျိုး မလုပ်ပါဘူး၊ တည်တည်ငြိမ်ငြိမ် အမူအရာနဲ့ သူပြောချင်တာတွေကိုပဲ ပြောနေပါတယ်၊ ပြောတဲ့စကားထဲမှာ ဝန်ထောက်ကြီးပြောတဲ့ ဗမာစကားကို ထပ်တလဲလဲ ပြောနေတာတော့ ထူးခြားပါတယ်"

စကားပြန်မှတစ်ဆင့် ပြောဆိုနေရသဖြင့် ကျွန်ုပ်လည်း စိတ်မရှည်သလို ဖြစ်လာသည်ကြောင့် ၎င်းဒေသခံကုလားနှင့်အတူ ယူနွတ်ဟူသော ရွာသားနေအိမ်သို့ ကိုယ်တွေ့သွားရောက်ကြည့်ရှုရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassi.com

www.burmeseclassi.com



မကြာမီ ယူနွတ်အိမ်သို့ ရောက်ရှိလာရာ ရွာလူကြီးမှ ဦးဆောင်ပြီး အိမ်ပေါ်တက်ခဲ့ကြ၏။ ရွာလူကြီးပြောသကဲ့ပင် မြင်ကွင်းမှာ ထူးဆန်းနေလေ၏။ လူလတ်ပိုင်းအရွယ် ဂေါ်ရခါးလူမျိုး ယူနွတ်သည် ကြမ်းပြင်ပေါ်တွင် တင်ပလ္လင်ခွေချိတ်ကာ အကျအန ထိုင်နေပြီး အိမ်သားများက ထိတ်လန့်တုန်လှုပ်သည့် မျက်နှာဖြင့် ဝိုင်းပတ်ထိုင်နေလေ၏။

အိမ်သားများမှာ ကျွန်ုပ်ကိုမြင်သည်နှင့် အားလုံးထကာ ဦးညွတ်နှုတ်ဆက်ကြပြီး နေရာထိုင်ခင်းစီစဉ်ပေးလေ၏။ ယူနွတ်ဟူသော ဂေါ်ရခါးကုလားက စူးစမ်းသလိုဖြင့် ကျွန်ုပ်ကိုကြည့်ရင်း မလှုပ်မယှက် ထိုင်နေ၏။ ထိုအပြုအမူကြောင့် ကျွန်ုပ်မှာ အောင့်သက်သက်ဖြစ်သွားသော်လည်း ဣန္ဒြေမပျက်ပင် ၎င်းနှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်၏။

ထိုသူကို ကျွန်ုပ်ရဲရဲတင်းတင်းပင် အကဲခတ်လိုက်ရာ ကျွန်ုပ်လည်း နားမလည်နိုင်ဖြစ်သွား၏။ အကြောင်းကား ထိုသူ၏ အမူအရာမှာ စိတ်မနှံ့သည့် အမူအရာမျိုး မရှိသလို အမှောင့်ပယောဂစွဲကပ်နေသည့် လက္ခဏာမျိုး မတွေ့ရသောကြောင့် ဖြစ်သည်။ သူသည် ပကတိငြိမ်သက်အေးဆေးသည့် မျက်ဝန်းဖြင့် ကျွန်ုပ်ကို ကြည့်နေရာ ၎င်းအကြည့်ကြောင့် ကျွန်ုပ်ပင် မနေတတ်၊ မထိုင်တတ်ဖြစ်သွား၏။

ထိုအကြည့်တွင် ခင်မင်ရင်းနှီးသည့် အငွေ့အသက်များ ပါဝင်နေသည်ဟု ကျွန်ုပ်ထင်မိ၏။ ထိုသို့ ဝေခွဲမရဖြစ်နေစဉ်မှာပဲ ကျွန်ုပ်မှာ အထိတ်တလန့် ဖြစ်သွားရပြန်၏။

"ဒီက မိတ်ဆွေကို ကြည့်ရတာ မြန်မာလူမျိုးဖြစ်လိမ့်မယ်





ထင်တယ်"

ဟူ၍ ကောက်ကာငင်ကာ နှုတ်ဆက်လိုက်သောကြောင့် ဖြစ်သည်။ ထိုအဖြစ်ကြောင့် ကျွန်ုပ်လည်း အယောင်ယောင်၊ အမှားမှားဖြင့် . . .

"ရက်စ် . . . ဟိုက် . . . မဟုတ်သေးပါဘူး၊ ခင် . . . ခင်ဗျား . . ."

မျက်လုံးမျက်ဆံပြူးလျက် အူကြောင်ကြောင်ဖြစ်သွားသည့် ကျွန်ုပ်ကိုကြည့်ရင်း ထိုသူက ဟက်ကနဲ ရယ်မောလိုက်ပြီး . . .

"ဘာမှန်းမသိတဲ့ ဂေါ်ရခါးတစ်ယောက်က အခုလို ဗမာစကားကို ပီပီသသကြီး နှုတ်ဆက်လိုက်တော့ မိတ်ဆွေအတော်အံ့သြသွားမှာပေ့ါလေ၊ အကျိုးအကြောင်းသိရရင် မိတ်ဆွေပိုပြီး အံ့သြသွားမယ်ထင်တယ်၊ အင်း . . . ကျုပ်အဖို့တော့ ဒီကုလားတောထဲမှာ မိတ်ဆွေကိုတွေ့ရတာ ဘာကယ်ကံထူးတာပဲ၊ နို့မဟုတ်ရင် ဒီကုလားတွေကြားမှာ ကျုပ်တကယ်ရူးသွားမှာ သေချာတယ်"

ဟုပြောပြီး သူ့စကားကို သဘောကျသလို ရယ်လိုက်ပြန်၏။ ကျွန်ုပ်လည်း အတန်ငယ် အသားကျသလို ဖြစ်သွား၍ စောစောတုန်းကလို အံ့သြတာမျိုး မဖြစ်တော့ပေ။ သို့သော်လည်း ၎င်းအဖြစ်အပျက်အပေါ် မည်သို့မှ ခံစားနားလည်နိုင်စွမ်း မရှိသဖြင့် လွန်စွာစိတ်ရှုပ်နေမိ၏။

ဝန်ထောက်မင်းကိုယ်တိုင် လာရောက်ကြည့်ရှုနေသည်ဟူသောသတင်းကြောင့် ရွာထဲရှိသူများလည်း တဖွဲဖွဲရောက်လာကြသဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုသံများကြောင့် တစ်အိမ်လုံး အုံးအုံးကျက်ကျက် ဖြစ်နေတော့၏။ ထိုအခိုက်မှာပဲ အိမ်ရှေ့



www.burmeseclassi.com

www.burmeseclassi.com



လေ့ကားထစ်များကို နင်းတက်လာသည့် တဒေါက်ဒေါက်ခြေသံ ထွက်ပေါ်လာသောကြောင့် အားလုံးငြိမ်သက်သွားပြီး တံခါးဝကို ကြည့်လိုက်ကြ၏။

"ဟင် . . ."

ကျွန်ုပ်သည် ထခုန်မတတ် ဝမ်းမြောက်ပျော်ရွှင်လို့သွား၏။ တံခါးဝတွင် လက်ဆွဲသေတ္တာတစ်လုံးကိုကိုင်ကာ မီးခိုးဖျော့ရောင် အနောက်တိုင်းဝတ်စုံကိုဝတ်လျက် ရပ်နေသည့် ကျွန်ုပ်၏မိတ်ဆွေကြီး ဒေါက်တာထင်အောင်ကျော်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ဒေါက်တာထင်အောင်ကျော်သည် တည်တည်ငြိမ်ငြိမ် အမူအရာဖြင့် အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ၎င်းအကြည့်ကို ကျွန်ုပ်ထံ၌ အဆုံးသတ်လိုက်ပြီး . . .

"ဘယ်လိုလဲ ကိုမျိုးမြတ်ရဲ့၊ အတော့်ကို ပွဲကျနေပြီထင်တယ်၊ တကယ့်ကို စိုင်းကြီးပတ်ပတ်ဒူဝေဝေ ဖြစ်နေပါရော့လား"

ဟူ၍ပြောပြီး သဘောကျစွာ ရယ်လိုက်လေ၏။ ထိုအခါ ကျွန်ုပ်လည်း သူ့စကားကို သဘောကျသွားပြီး ရယ်လျက်က . . .

"ဟုတ်ပ ကိုထင်ကျော်ရယ်၊ မိတ်ဆွေကြီးကို အခုလို မြင်လိုက်ရတာ မိုးနတ်မင်းကြီးကို မြင်လိုက်ရသလို ကျုပ်တကယ် ဝမ်းသာတယ်ဗျာ၊ လုပ်ပါဦး ဒေါက်တာကြီးရယ်၊ ဒီမှာ ကျုပ်ရဲ့ တစ်ထွာတစ်မိုက် အသိဉာဏ်နဲ့ ဘယ်လိုမှ လိုက်မမီနိုင်ဖြစ်နေပြီ"

ကျွန်ုပ် ထိုသို့ပြောနေစဉ်မှာပဲ ဒေါက်တာထင်အောင်ကျော်သည် ကျွန်ုပ်အနီးသို့ ရောက်ရှိလာပြီဖြစ်၏။ သူက လက်ဆွဲသေတ္တာလေးကို အသာချထားလိုက်ပြီး ယူနွတ်ကို တစ်ချက်ကြည့်လိုက်ပြီးသည်နှင့် . . .





"အင်း . . . ခရီးသွားမိတ်ဆွေကြီး၊ အတော်အလည်လွန်သွားပုံရတယ်၊ အိမ်ပြန်ဖို့ ခရီးတစ်ထောက် အပန်းဖြေတာမျိုး မဟုတ်လောက်ဘူး ထင်ပါရဲ့"

ဟု ကောက်ကာငင်ကာ ပြောလိုက်ရာ ယူနွတ်မှာ ဆတ်ကနဲ တွန့်သွားပြီး ပါးစပ်ဟောင်းလောင်းဖြစ်သွား၏။ ၎င်းက ပြုံးတုံ့တုံ့မျက်နှာပေးဖြင့် ကြည့်နေသည့် ဒေါက်တာထင်အောင်ကျော်ကို မျက်လုံးပြူးကြည့်ရင်း . . .

"ဒီ . . . ဒီက နောင်ကြီးက . . ."

ဟူ၍သာ ပြောနိုင်ပြီး ရုတ်တရက် စကားဆက်မရနိုင်ဖြစ်နေရာ ဒေါက်တာထင်အောင်ကျော်ကပင် အလိုက်တသိဆိုသလို-

"ကျွန်တော်က ဒီသစ်တောမှာ တာဝန်ထမ်းဆောင်နေတဲ့ ဒေါက်တာထင်အောင်ကျော်ပါ၊ ဆရာဝန်တစ်ဦးပေါ့၊ ဟောဒါက ကျွန်တော့်မိတ်ဆွေလည်းဖြစ်၊ ဒီဒေသက သစ်တောဝန်ထောက်လည်းဖြစ်တဲ့ ကိုမျိုးမြတ်ပါ၊ ကျွန်တော်တို့နှစ်ဦးဟာ ဒီဒေသမှာ တာဝန်အရှိဆုံးလို့ ပြောလို့ရသလို အရေးပါတဲ့ ပုဂ္ဂိုလ်တွေလို့လည်း သတ်မှတ်နိုင်တယ်၊ ကဲ . . . မိတ်ဆွေ . . . ဒီလောက်ဆိုရင် မိတ်ဆွေပြောချင်တာတွေ လွတ်လွတ်လပ်လပ် ပြောနိုင်ပါပြီ၊ မိတ်ဆွေပြောချင်တဲ့ကိစ္စကို အချိန်မဆိုင်းစေချင်ပါဘူး၊ ဒါကို ကျွန်တော့်ထက် မိတ်ဆွေက ပိုပြီးသဘောပေါက်မှာပါ၊ အချိန်သိပ်ကြာသွားရင် ယူနွတ်အတွက် စိုးရိမ်ရတယ်မဟုတ်လား"

ကျွန်ုပ်မှာ ထိုစကားများကြောင့် နားရောမျက်စိပါ လည်ကုန်၏။

ဒေါက်တာထင်အောင်ကျော်သည် ဘာတွေကို ဘယ်လို



www.burmeseclassi.com

www.burmeseclassi.com



မြင်၍ ထိုသို့ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ရပါသလဲ။ ကျွန်ုပ်မှာ ပါးစပ်အဟောင်းသားဖြင့် ငေးမောရုံကလွဲပြီး ဘာမှဝင်ရောက်ပြောဆိုနိုင်စွမ်း မရှိတော့ပေ။

တကယ်တော့ ဒေါက်တာထင်အောင်ကျော်သည် ခရီးက ပြန်ရောက်ပြီးသည့်အခါ ဘန်ဂလိုတွင် ကျွန်ုပ်ကို မတွေ့သဖြင့် မေးမြန်းစုံစမ်းရင်း ရွာသားအချို့ထံမှ ၄င်းအဖြစ်အပျက်ကို ကြားသိခဲ့ရပြီး အချိန်မဆိုင်းဘဲ ကျွန်ုပ်နောက်သို့ လိုက်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် သူသည် ကြားသိသိချင်းမှာပဲ ၄င်းအဖြစ်အပျက်အပေါ် သုံးသပ်တွေးဆနိုင်ခဲ့ပုံရ၏။

သို့ကြောင့်လည်း ယူန္တတ်ကိုပြောသည့် သူ၏စကားများက ပိုင်ပိုင်နိုင်နိုင်ရှိနေခြင်းပင် ဖြစ်၏။

ယူန္တတ်သည် ဒေါက်တာထင်အောင်ကျော်ကို မျှော်လင့်ကိုးစားသည့် မျက်ဝန်းဖြင့် . . .

"ကျွန်တော်ရင်ဆိုင်နေရတဲ့ အကျပ်အတည်းကို ဒေါက်တာဟာ သဘောပေါက်သိနားလည်နေတဲ့အတွက် ကျွန်တော့်အဖို့ တကယ့်ကံထူးတာပါပဲ၊ ကျွန်တော့်နာမည် သိဒ္ဓိလို့ ခေါ်ပါတယ်၊ မြန်မာလူမျိုးတစ်ယောက်ပါ၊ ကျွန်တော်ဟာ ဒေါက်တာပြောသလို မထင်မှတ်ဘဲ ခရီးလွန်သွားခဲ့ပါတယ်၊ ကျွန်တော့်ခရီးက လိပ်ပြာလွင့်ခြင်းအတတ်နဲ့ သွားတဲ့ခရီးပါ၊ ကျွန်တော့်လိုပဲ လိပ်ပြာလွင့်နိုင်စွမ်းရှိတဲ့ လူတစ်စုက ကျွန်တော့်နောက်ကို လိုက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်ကြပါတယ်၊ ကျွန်တော်လည်း အဲဒီလူတွေကို ရင်ဆိုင်တိုက်ခိုက်ရင်း ရှောင်ရင်းတိမ်းရင်း ခုခံနေရာက ကျွန်တော့်လိပ်ပြာဟာ အားပျော့သွားပြီး နီးရာနေရာမှာ အလျင်အမြန် ဝင်ခိုလိုက်ရပါတယ်၊ ဝင်ခိုလိုက်တုန်း





ကတော့ ခေတ္တခဏရည်ရွယ်ပေမယ့် ပြန်လွင့်ဖို့ ကြိုးစားတဲ့အခါ အခုလို အခက်အခဲနဲ့ ရင်ဆိုင်ရပြီး ဒုက္ခရောက်နေတာပါ"

ယူန္တတ် သို့မဟုတ် သူ့ကိုယ်သူ သိဒ္ဓိဆိုသူက ရှင်းပြလေ၏။ ကျွန်ုပ်မှာ လုံးလုံးနားမလည်သော်လည်း ကျွန်ုပ်မိတ်ဆွေကြီးထင်အောင်ကျော်ကတော့ သေချာကျနစွာ နားလည်ပုံရ၏။ သူသည် အာရုံစူးစိုက်နားထောင်နေရာမှ . . .

"ဒီက . . . မိတ်ဆွေ ကိုသိဒ္ဓိရှင်းပြတာကို ကျွန်တော် အထိုက်အလျောက် နားလည်ပါပြီ၊ သို့ပေမယ့် မိတ်ဆွေတို့ကိစ္စမှာ လျှို့ဝှက်အပ်တဲ့ အကြောင်းကိစ္စတွေ အတော်များများ ရှိလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်၊ မိတ်ဆွေကြုံနေရတဲ့ အခက်အခဲကို ကူညီဖို့ဆိုတာ ကျွန်တော့်အနေနဲ့ အဲဒီအကြောင်းကိစ္စတွေကို အပြည့်အစုံမဟုတ်တာတောင်မှ အထိုက်အလျောက်သိထားဖို့ လိုမယ်ထင်တယ်၊ ဒါမှလည်း ကိုယ်ဘယ်အပိုင်းကို တတ်နိုင်တယ်ဆိုတာ သိနိုင်မယ်မဟုတ်လား"

ဟုပြောလိုက်ရာ ကိုသိဒ္ဓိဆိုသူမှာ လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်သွားပြီး . . .

"ဟား . . . အခုလို စကားမျိုးကြားရတာ သိပ်ကိုကျေးဇူးတင်တယ် ဒေါက်တာရယ်၊ စိတ်ချပါ . . . ကျွန်တော်မချွင်းမချန် ပြောပြပါ့မယ်"

ဟု အစချီပြီး ၄င်းကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များနှင့် အခက်အခဲများကို နောက်ခံသမိုင်းကြောင်း အချက်အလက်များနှင့်တကွ ရှင်းပြလေတော့၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၃)

လောကီပညာရပ်နယ်ပယ်တွင် လွန်ခဲ့သော နှစ်ရာပေါင်းများစွာကတည်းက ဝံပုလွေဂိုဏ်းဟူ၍ ဂိုဏ်းတစ်ဂိုဏ်းရှိခဲ့၏။ ၄င်းဂိုဏ်း မြစ်ဖျားခံသည့်ဒေသမှာ တိဗက်ဒေသဖြစ်၏။ သိပ္ပံပညာနှင့် လွန်စွာအလှမ်းဝေးသည့် ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ကြသလို အစဉ်အဆက် လက်ဆင့်ကမ်းပြီး အဖွဲ့ဝင်ဂိုဏ်းသားများကို ကျစ်လစ်စွာ ဖွဲ့စည်းထား၏။

၄င်းတို့တတ်မြောက်ထားသည့် ပညာရပ်များကိုလည်း မျက်ခြေပြတ်မသွားအောင်၊ ပို၍ပညာအဆင့်မြင့်မားအောင် အမြဲပင် လေ့ကျင့်ကြ၏။ ဂိုဏ်းသားများမှာ လျှို့ဝှက်စွာ နေထိုင်သွားလာကြသဖြင့် ဂိုဏ်းသားအချင်းချင်းပင် သိကျွမ်းကြခြင်း မရှိပေ။

သိကျွမ်းခဲ့လျှင်သော်မှ မည်မျှရင်းနှီးကျွမ်းဝင်သည့် မိသားစုပင် ဖြစ်ပါစေ၊ မိမိသည် ထိုဂိုဏ်းသားဖြစ်ကြောင်း အနည်းငယ်မျှ





ပြောဆိုခြင်း မရှိပေ။ လိပ်ပြာလွင့်သည့် ပညာရပ်မှာ ၄င်းဂိုဏ်း၏ ပညာရပ်များစွာထဲမှ တစ်ခုဖြစ်၏။

လိပ်ပြာလွင့်ပြီး ဂေါ်ရခါးလူမျိုးယူနွတ်၏ ခန္ဓာကိုယ်အား အငှားခန္ဓာကိုယ်လုပ်ထားသည့် သိဒ္ဓိသည် အထက်ပါအကြောင်းကို အစပျိုးပြောဆိုပြီးနောက် . . .

"ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်၊ မင်းတရားကြီး ပါတော်မူပြီးတဲ့ ကာလဝန်းကျင်မှာ ကျွန်တော်တို့ ဝံပုလွေဂိုဏ်းဟာ အတော့်ကို အခြေအနေ ရှုပ်ထွေးသွားတယ်၊ အကြောင်းရင်းကတော့ လူ့သဘာဝအတိုင်း လောဘ၊ ဒေါသ၊ မာန်မာန၊ အတ္တ ဆိုတဲ့ မစ္ဆရိယစိတ်တွေကြောင့်လို့ ကျွန်တော်တော့ သုံးသပ်မိတယ်။

ကျွန်တော်တို့ ဂိုဏ်းသားတွေဟာ ဘယ်လောက်မြင့်မားတဲ့ အဆင့်မြင့်ပညာတွေ တတ်မြောက်ထားပေမယ့် သူတော်စင်တွေမှ မဟုတ်ကြဘဲ၊ သာမန်လူသားတွေပဲလေ၊ ဒီတော့ ဘယ်လောက်ပဲ ကျစ်လစ်ခိုင်မာအောင် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါစေ၊ ဘယ်လိုကောင်းမွန်တဲ့ စနစ်တွေ၊ ဥပဒေတွေ ပြဋ္ဌာန်းထားပါစေ၊ အဲဒီလို ပြဋ္ဌာန်းတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးတွေ ကိုယ်တိုင်က ကိုယ်ကျိုး အတ္တနဲ့ယှဉ်လာရင် ဘယ်လောက်များ တောင့်ခံနိုင်ကြလို့လဲ၊ ရာထူး၊ အာဏာ၊ စည်းစိမ်ဆိုတဲ့ ရမ္မက်နောက်ကို ပါသွားကြတာပဲ မဟုတ်လား။

ကျွန်တော်တို့ဂိုဏ်းရဲ့ အခြေအနေကလည်း အဲဒီသဘောအတိုင်းပါပဲ ဒေါက်တာရယ်၊ အယူအဆအမျိုးမျိုး၊ ငြင်းခုန်မှုအမျိုးမျိုးတွေကြောင့် ရင်ကြားစေ့လို့ မရတော့ဘဲ အဆုံးသတ်နိဂုံးမှာတော့ ဝံပုလွေနက်နဲ့ ဝံပုလွေဖြူရယ်လို့ နှစ်ခြမ်းကွဲသွားပါတယ်၊ ဂိုဏ်းကွဲ



www.burmeseclassi.com

www.burmeseclassi.com



သွားသလို ဂိုဏ်းနှစ်ဂိုဏ်းရဲ့ ရည်ရွယ်ချက်တွေ၊ လုပ်ဆောင်မှုတွေလည်း ခြားနားသွားပါတယ်။

အရင်ကဆိုရင် ကျွန်တော်တို့ ဂိုဏ်းသားတွေဟာ ကနဦးအစပျိုးထားတဲ့ ဥပဒေသတွေအတိုင်း တသဝေမတိမ်း လိုက်နာဆောင်ရွက်ကြတယ်၊ ပညာအဆင့်မြင့်မားတဲ့ ခေါင်းဆောင်ပိုင်းကစလို့ ကျွန်တော်တို့လို ဆင့်ကဲဆင့်ကဲ အဆင့်ရှိကြတဲ့ အဖွဲ့ဝင်တွေလည်း ကိုယ့်ဆိုင်ရာ အခန်းကဏ္ဍတွေအလိုက် လူသားတွေရဲ့အကျိုးကို ပံ့ပိုးဆောင်ရွက်ကြတယ်၊ ဂိုဏ်းရဲ့ဥပဒေသတွေကို ပြောရရင်အတော်လေး အကျယ်တဝင့် ရှင်းပြရလိမ့်မယ်၊ အဲဒီဥပဒေသတွေရဲ့ အနှစ်ချုပ်ကတော့ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် တန်းတူညီတူရှိမှုဆိုတဲ့ သဘောတရားပါပဲ၊ အဲဒီသဘောတရားဟာ ကျွန်တော်တို့ သက်ဝင်လှုပ်ရှားနေရတဲ့ လူနဲ့လူ့လောက အသိုင်းအဝန်းကြီးတစ်ခုလုံးအတွက် အလွန်အဓိကကျတဲ့ လောကပါလသစ္စာတရား ဖြစ်ပါတယ်။

အဲဒီသဘောတရားတွေနဲ့ ကင်းကွာတဲ့ ဒါမှမဟုတ် အဲဒီသဘောတရားကို ခံယူကျင့်သုံးခြင်းမရှိတဲ့ တိုင်းပြည်ဖြစ်ပစေ၊ လူ့အဖွဲ့အစည်းဖြစ်ပစေ လူအများစု ရင်ဆိုင်ရမယ့်ဒုက္ခဟာ ငရဲတမျှပူပန်ဆင်းရဲကြရတယ်၊ ကြီးနိုင်ငယ်ညှင်း အပြုအမူတွေ၊ ကိုယ်ကျိုးရှာအမြတ်ထုတ်မှုတွေကြောင့် လူတစ်စုသာ ကောင်းစားပြီး ပြည်သူအများကတော့ မဆုံးနိုင်တဲ့ ဆင်းရဲမွဲတေမှုတွေကြား နစ်မွန်းကြရတယ်၊ အဲဒီအဖြစ်မျိုးတွေကို မခံနိုင်လို့ အများအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံဆောင်ရွက်တဲ့ အမျိုးသားခေါင်းဆောင်တွေကိုလည်း နည်းပရိယာယ်မျိုးစုံနဲ့ ဖမ်းဆီးနှိပ်စက်ကြတယ်၊ မတရားဥပဒေနဲ့





အဆုံးစီရင်ကြတယ်၊ မြန်မာလူမျိုးလည်းဖြစ်၊ ခေတ်ပညာတတ်လူငယ်လည်း ဖြစ်သလို တွေးခေါ်မြော်မြင်နိုင်စွမ်းလည်း မြင့်မားတဲ့ ဒေါက်တာထင်အောင်ကျော်အနေနဲ့ ကျွန်တော်အခုလို ပြောလိုက်တာနဲ့ အမြင်အာရုံမှာ ကွက်ကွက်ကွင်းကွင်း မြင်လိုက်ပြီလို့ ကျွန်တော်ယုံကြည်ပါတယ်။

ကျွန်တော်ပြောခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ နဖူးတွေ့၊ ဒူးတွေ့တွေ့ကြုံနေကြတာကို ဝေးဝေးကြည့်စရာ မလိုပါဘူး၊ ဗြိတိသျှတွေရဲ့ကိုလိုနီကျွန်ပြုတာကို ခံနေရတဲ့ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးကပြည်သူလူထုတွေပဲ မဟုတ်လား၊ ဒေါက်တာတို့ဟာ ခေတ်ပညာတတ်မျိုးဆက်သစ်များဖြစ်ပြီး အခြေအနေအရ ဗြိတိသျှလက်အောက်မှာအမှုထမ်းနေကြပေမယ့် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးတွေ တိုင်းတစ်ပါးလက်အောက်မှာ ကျွန်ပြုခံနေရတာကိုတော့ ဘယ်လိုမှ စိတ်ချမ်းသာကြမှာ မဟုတ်ပါဘူး၊ ဒေါက်တာနဲ့ ဒီက ဝန်ထောက်ကြီးကိုမျိုးမြတ်ရှေ့မှာ ကျွန်တော်အရိုးသားဆုံး ဝန်ခံပါတယ်၊ ကျွန်တော်ဟာမြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝက လွတ်မြောက်ဖို့ စွမ်းဆောင်နိုင်စွမ်းမရှိသလို တတ်လည်းမတတ်နိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော်ဟာကျွန်တော်တတ်နိုင်တာကို မြန်မာနိုင်ငံတနံတလျားမှာ အခြေအနေပေါ်မူတည်ပြီး တကိုယ်တော်လှုပ်ရှားခဲ့ပါတယ်"

ထိုအခါမှာတော့ တအံ့တဩမျက်ဝန်းတွေ ပြူးကျယ်သွားသည်မှာ ကျွန်ုပ်နှင့် ဒေါက်တာထင်အောင်ကျော်ဖြစ်၏။ ဒေါက်တာထင်အောင်ကျော်မှာ ချက်ချင်းပင် ဣန္ဒြေမပျက် ထိန်းချုပ်လိုက်နိုင်သော်လည်း ကျွန်ုပ်ကတော့ မျက်လုံးမျက်ဆံပြူးလျက်ပင် . . .

"ဒါ . . . ဒါဆို ခင်ဗျားက မဟုတ်မှလွဲရော၊ ရန်ကုန်မြို့မှာ



www.burmeseclassi.com

www.burmeseclassi.com



စုံထောက်မင်းကြီး ပေါစလေဒင်လို ပုဂ္ဂိုလ်ကြီးကိုတောင် အလွတ်မပေးဘဲ ဖောက်ထွင်းခိုးယူသွားတဲ့၊ ပြီးတော့ စိန်ကုန်သည်ဘာဘူလေးရဲ့စိန်တွေ၊ နောက်ပြီး မြစ်ဝကျွန်းပေါ်ဒေသက ချစ်တီးကုလားစုလမန်ကို လူညွှန့်တုံးအောင် လုပ်ခဲ့တာတွေ၊ ပြီးတော့ . . .”

“ဟိုး . . . ရပါပြီ ကိုမျိုးမြတ်ရယ်၊ ခင်ဗျား ရွတ်ပြတာကိုပြီးအောင်စောင့်ရရင် ညနေစောင်းတာတောင် ပြီးမှာမဟုတ်ဘူး၊ ဒီလောက်ပြောရင် လုံလောက်ပါပြီ၊ အခု ကိုမျိုးမြတ်တို့ သိနေပြီဆိုတော့ ကျွန်တော့်အနေနဲ့ အကျယ်တဝင့် ရှင်းပြဖို့တောင် လိုမယ်မထင်တော့ဘူး . . . ဟင်း . . . ဟင်း . . . ဟင်း”

ယူနွတ်ခန္ဓာကိုယ်အား အငှားလုပ်ထားသည့် သိဒ္ဓိသည် စကားကိုရပ်လျက် သဘောကျစွာ ရယ်လေ၏။ ထို့နောက် သူက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး ဆက်ပြောလေ၏။

“တကယ်တော့ ဒီအကြောင်းကို ကျွန်တော်ဖွင့်ပြောလိုက်တာ ကျွန်တော့်အတွက် ဘယ်လောက်အန္တရာယ်ကြီးမားတယ်ဆိုတာ ကိုမျိုးမြတ်တို့ တွေးကြည့်ရင် သိနိုင်ပါတယ်၊ ကျွန်တော်ပြောခဲ့သလို ကိုမျိုးမြတ်နဲ့ ဒေါက်တာတို့ရှေ့မှာ ကျွန်တော်ရိုးသားစွာ ဝန်ခံချင်လို့ပါ၊ ပြီးတော့ ကျွန်တော်ဘာကြောင့် အဲဒီလုပ်ရပ်မျိုး လုပ်ရတယ်ဆိုတာလည်း ရှင်းပြချင်တယ်လေ၊ အများအမြင်မှာတော့ ကျွန်တော်ဟာ အင်မတန်ကြီးလေးတဲ့ ပြစ်မှုတွေ ကျူးလွန်ခဲ့တဲ့ ဒုစရိုက်သမားတစ်ယောက်ပေါ့၊ ဗြိတိသျှအစိုးရကဆိုရင် ကျွန်တော့်ကို အသေရရ၊ အရှင်ရရ သိပ်ကိုလိုချင်နေတာ ဒေါက်တာတို့လည်း သိပါလိမ့်မယ်၊ ကျွန်တော့်ကြောင့် အင်းစိန်စီအိုင်ဒီက အိုင်ပီတွေ၊ ဆားပုလင်းတွေ မျောက်ငပိကိုင်မိသလို ခုန်ဆွ၊ ခုန်ဆွ ဖြစ်နေကြတာ၊ ထုချေလွှာတွေ





အကြိမ်ကြိမ်တင်၊ အချို့ဆိုရင် စုံထောက်မင်းကြီးရဲ့ အထုအထောင်းကို မခံနိုင်လို့ ထွက်စာတင်သူတင်နဲ့ ဘယ်လောက်ဝရုန်းသုန်းကားဖြစ်နေကြသလဲ။

ဒေါက်တာတို့လည်း ကြားသိနေပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ်တွေကသာ ကျွန်တော့်ကို အမုန်းချေချင်နေကြပေမယ့် အနိုင်ကျင့်စော်ကားခံရပြီး အခြေအနေမဲ့ ဘဝမျိုးကြုံနေကြရတဲ့ ပြည်သူတွေကတော့ ကျွန်တော့်ကို ဘယ်လောက်ဂုဏ်ပြုကြိုဆိုကြသလဲ၊ ကျွန်တော့်ရဲ့လုပ်ရပ်တွေဟာ မသမာတဲ့ နည်းလမ်းတွေလို့ ယူဆနိုင်ပေမယ့် ကျွန်တော်တို့တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဗြိတိသျှအစိုးရနဲ့ ကိုယ်ကျိုးရှာစီးပွားရေးသမားတွေရဲ့ လုပ်ရပ်တွေကရော တရားမျှတလို့လား၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီတူရှိခြင်း ဆိုတဲ့သဘောတရားတွေနဲ့ ဘယ်နေရာမှာများ ကျင့်သုံးကြလို့လဲ၊ ဒါကြောင့်လည်း ကျွန်တော်ဟာ လှိုင်ဘွားဆိုတဲ့ အမည်ခံပြီး သူတို့တွေရဲ့ ဥစ္စာဓနတွေကို ကျွန်တော့်ပညာနဲ့ အရယူပြီး ကိုယ်ကျိုးအတွက် အနည်းငယ်မျှ အသုံးမပြုဘဲ မိမိလူမျိုး၊ ဘာသာ၊ သာသနာကို တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီပေးခဲ့တယ်၊ အဲဒီလို အရယူခဲ့တဲ့ ရတနာပစ္စည်းတွေ၊ ငွေကြေးတွေကို မြေပုံညွှန်းရေးဆွဲပြီး လျှို့ဝှက်သိမ်းဆည်းထားခဲ့တယ်၊ တကယ်လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ လုပ်ရတော့မယ်ဆိုမှ သင့်တော်သလို ထုတ်ယူသုံးစွဲပြီး လျှို့ဝှက်ဆောင်ရွက်ခဲ့တယ်၊ ကျွန်တော့်ရဲ့လုပ်ဆောင်မှုတွေကို ရွတ်ပြရင် တစ်နေကုန်လို့ နောက်တစ်နေ့ကူးတာတောင် ရွတ်ပြလို့ ဆုံးမှာမဟုတ်ဘူး။

စုံထောက်မင်းကြီး ပေါစလေဒင်ဆိုတဲ့ မျက်နှာဖြူအရာရှိကြီးဟာ ရာထူးအာဏာကို အသုံးပြုပြီး မြန်မာပြည်ထဲက လောက်



www.burmeseclassi.com

www.burmeseclassi.com



နှိုက်ယူနေတာ ကျွန်တော်ဘဲတယ်၊ သူလိုလူမျိုးဟာ သေးသေးမွှားမွှားကြံတဲ့သူတွေ မဟုတ်ဘူး၊ အထူးသဖြင့် တန်ဖိုးကြီးမားတဲ့ ကျောက်မျက်ရတနာပစ္စည်းမျိုးတွေ၊ အချိန်တန်လို့ သူ့နိုင်ငံပြန်ရတဲ့ အခါ ကျွန်တော်တို့တိုင်းပြည်က မတရားရှာဖွေထားတဲ့ ပစ္စည်းတွေနဲ့ သန်းကြွယ်သူဌေးလုပ်ကြမယ့်သူတွေ၊ ဒါကြောင့် ကျွန်တော်က သူတို့လို လူမျိုးတွေကို ပြစ်မှတ်ထားပြီး အမိအရကြံတယ်၊ ဘာဘူလေး စိန်တိုက်ကိုလည်း ဒီသဘောအတိုင်းပဲ၊ ကိုမျိုးမြတ်ပြောတဲ့ မြစ်ဝကျွန်းပေါ်ဒေသက ချစ်တီးကုလားစုလမန်ကိုတော့ ငွေကြေးဥစ္စာကို ယူရုံမကဘူး၊ သူလိုချစ်တီးကုလားတွေ သူ့အဖြစ်ကိုကြည့်ပြီး နောင်ကျဥ်သွားအောင် ဆုံးမလိုက်တာပဲ . . . ဟား . . . ဟား . . . ဟား"

အငှားခန္ဓာကိုယ်အတွင်း ဝင်ရောက်နေသည့် သိဒ္ဓိသည် ထိုအခါမှာတော့ အားပါးတရ ရယ်လိုက်ရာ ကျွန်ုပ်တို့မှာလည်း လွန်စွာဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သည့် ၎င်းအဖြစ်ကို မြင်ယောင်မိ၍ လိုက်ပါရယ်မောမိကြ၏။ မရယ်နိုင်၊ မပြုံးနိုင်ဖြင့် အူတိအူကြောင် ဖြစ်နေကြသည်မှာ တစ်အိမ်လုံးအပြည့်ဆိုသလို ရောက်ရှိနေကြသည့် ဒေသခံဂေါ်ရခါးကုလားများ ဖြစ်သည်။ သူတို့သည် အံ့ဩနားမလည်သည့် မျက်ဝန်းများဖြင့် ကြည့်နေကြသလို အချို့က လည်း ထိတ်လန့်တုန်လှုပ်သည့် အမူအရာဖြင့် ကြည့်နေကြ၏။

ကျွန်ုပ်တို့မှာလည်း ကိုယ့်စိတ်ဝင်စားမှုနှင့်ကိုယ် အပြန်အလှန်စကားပြော၍ မဆုံးနိုင်အောင် ဖြစ်နေကြ၏။ ၎င်းအဖြစ်အပျက်မှာ လွန်ခဲ့သော နှစ်နှစ်ခန့်က မြစ်ဝကျွန်းပေါ်ဒေသတွင် လွန်စွာသတင်းကြီးခဲ့ပြီး လူတွေ၏ ပါးစပ်ဖျားတွင် ရေပန်းစားနေသည့် သတင်းတစ်ပုဒ်ဖြစ်သည်။ ဘယ်တော့မှ ပျောက်ပျက်သွား





မည်မဟုတ်သလို သမိုင်းကြောင်းအရ လက်ဆင့်ကမ်း ပြောစမှတ်တွင်လောက်အောင် ကြီးကျယ်ပျံ့နှံ့သွားပေလိမ့်မည်။

ဒေါက်တာထင်အောင်ကျော်သည်လည်း ကျွန်ုပ်ကဲ့သို့ တစ်ကောင်ကျားလှိုင်ဘွားနှင့် ပတ်သက်သည့် အကြောင်းကိစ္စများကို သိရှိနေပုံရ၏။ ထိုသူနှင့်ပတ်သက်၍ ကျွန်ုပ်ကဲ့သို့ပင် ခံစားမှုခြင်းတူညီနေမည်လား မဆိုနိုင်။ ဗြိတိသျှအစိုးရက မည်သို့ပင် သတ်မှတ်ထားသော်လည်း ကျွန်ုပ်သည် ထိုသူ၏ ရဲဝံ့စွန့်စားသော စိတ်ဓါတ်၊ ဖွဲ့သတ္တိနှင့် အမျိုးသားရေးစိတ်ဓါတ်များကို ချီးကျူးလေးစားမိ၏။ ထိုအခါမှာတော့ ၎င်းလူစွန့်စားတစ်ကောင်ကျားလှိုင်ဘွားသည် အငှားခန္ဓာကိုယ်ဖြင့် ကျွန်ုပ်တို့ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့၏။

ကျွန်ုပ်သည် ထိုသူအကြောင်းကို တွေးမိပြီး မထင်မှတ်သော အချက်တစ်ချက်ကို သတိထားလိုက်မိသဖြင့် မေးဖို့ဟန်ပြင်လိုက်စဥ်မှာပဲ အခွင့်မသာ ဖြစ်သွား၏။ မိတ်ဆွေကြီးထင်အောင်ကျော်က လျှပ်တစ်ပြက် မေးလိုက်သောကြောင့် ဖြစ်သည်။ အံ့ဩဖွယ်ကောင်းသည်မှာ မိတ်ဆွေကြီးမေးလိုက်သည့်စကားက ကျွန်ုပ်စိတ်ကူးနှင့် တစ်ထပ်တည်းဆိုသလို ဖြစ်သွား၏။

"ဒီက ဒေသခံဂေါ်ရခါးကုလားတွေကတော့ မိတ်ဆွေကြီးနဲ့ ကျွန်တော်တို့ ပြောနေကြတဲ့ စကားကို ဘာမှန်းမသိသလို မိတ်ဆွေကြီးကိုလည်း ဘယ်သူမှန်းသိကြမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ကတော့ မိတ်ဆွေကြီးဘယ်သူဆိုတာသိရလို့ အံ့လည်းအံ့ဩသလို ဝမ်းပန်းတသာလည်း ဖြစ်ရပါတယ်၊ မိမိအတွက် အလွန်အန္တရာယ်ကြီးမှန်းသိလျက်နဲ့ အခုလို ဖွင့်ပြောရဲတဲ့ မိတ်ဆွေရဲ့သတ္တိကို လေး



www.burmeseclassi.com

www.burmeseclassi.com



စားပါတယ်၊ ဒါဟာ ကျွန်တော်တို့အပေါ်မှာထားတဲ့ မိတ်ဆွေရဲ့ သဘောထားကို လှစ်ဟပြလိုက်တယ်လို့ ကျွန်တော်ယူဆပါတယ်၊ စိတ်ချပါလေ၊ ကျွန်တော်တို့ကလည်း အခြေအနေအရ ဗြိတိသျှအစိုးရလက်အောက်မှာ အမှုထမ်းနေရပေမယ့် ကျွန်တော်တို့ရင်ထဲမှာ အမျိုးသားရေးစိတ်ဓါတ်၊ သူ့ကျွန်မခံလိုတဲ့ စိတ်ဓါတ်တွေ အပြည့်ရှိပါတယ်၊ အခြေအနေနဲ့ အချိန်အခါကို စောင့်ဆိုင်းရင်း မိမိတတ်စွမ်းတဲ့ပညာနဲ့ ကိုယ့်အမျိုး၊ ဘာသာ၊ သာသနာကို အလုပ်အကျွေးပြုနေတာပေါ့ဗျာ"

ဟုပြောပြီး စကားမဆက်သေးဘဲ ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လေ၏။ နှစ်ဖွာ၊ သုံးဖွာခန့် အားရအောင် ဖွာရှိုက်လိုက်ပြီးမှ သူလိုချင်သည့်အချက်ကို မေးလေ၏။ ဒေါက်တာထင်အောင်ကျော်၏ စကားပြောပါးနပ်ပုံကို ကျွန်ုပ်သဘောကျမိ၍ ပြုံးလိုက်မိ၏။

"ကိုလှိုင်ဘွား (ခေါ်) ကိုသိဒ္ဓိ . . . မိတ်ဆွေကြီးရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို ကျွန်တော်တို့ သိရပါပြီ၊ ကျွန်တော်နားမလည်နိုင်တဲ့ ကိစ္စလေးကိုလည်း သိချင်ပါတယ်၊ ကိုသိဒ္ဓိလည်း ရိပ်မိမှာပေါ့။ တစ်ကောင်ကျားလှိုင်ဘွားဆိုတဲ့ လူစွန့်စားကြီးကိုသိဒ္ဓိဟာ ချစ်တီးသူဌေးစူလမန်ကိစ္စဖြစ်ပြီးနောက်ပိုင်း အခုအချိန်အထိ ဘာကြောင့်နှစ်နဲ့ချီပြီး ပျောက်ကွယ်နေတာလဲ၊ ဘယ်လိုအကြောင်းများကြောင့်လဲ".

ဟုမေးလိုက်ရာ အင်္ဂါးခန္ဓာကိုယ်ဖြင့်ရှိနေသည့် သိဒ္ဓိက ဆတ်ကနဲ ဦးခေါင်းညိတ်လိုက်ပြီး . . .

"ကျွန်တော်ပြောမယ့် စကားတွေရဲ့ ဦးတည်ချက်ကလည်း





အဲဒါပါပဲ ဒေါက်တာ၊ ဒေါက်တာက မမေးလည်း ကျွန်တော်ပြောဖို့ဆုံးဖြတ်ပြီးသားပါ။ ကျွန်တော်ပြောခဲ့သလို ကျွန်တော်တို့ ဝံပုလွေဂိုဏ်းရဲ့ ဦးတည်ချက်၊ ခံယူချက်ဟာ ကောင်းမွန်သလို ဂိုဏ်းသားတွေဟာလည်း ခံယူထားတဲ့ သစ္စာတရားနဲ့အညီ နေထိုင်ကျင့်ကြံကြပါတယ်၊ အခုနောက်ပိုင်းမှာတော့ ကျွန်တော်တို့ဂိုဏ်းဟာ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကစပြီး ဝံပုလွေနက်နှင့် ဝံပုလွေဖြူဆိုပြီး ကွဲခဲ့ပါတယ်၊ ကျွန်တော်တို့ဂိုဏ်းသားတွေကတော့ ဝံနက်ဂိုဏ်း၊ ဝံဖြူဂိုဏ်းလို့ ခေါ်ကြတယ်၊ ကွဲသွားရတဲ့အကြောင်းရင်းကတော့ မြေပုံတစ်ခုကြောင့်ပါပဲ၊ မြေပုံဆိုတာထက် 'အမြုတေ' တစ်ခုကြောင့်လို့ ပြောရင်ပိုမှန်လိမ့်မယ်။

ဂိုဏ်းနှစ်ခုမကွဲခင်က ဂိုဏ်းရဲ့အမြုတေအပါအဝင် ရတနာပစ္စည်းတွေကို ဂိုဏ်းရဲ့အပျိုတော်မိန်းကလေးက ထိန်းသိမ်းထားရတယ်၊ အဲဒီတာဝန်ပေးအပ်ခြင်းခံရတဲ့ မိန်းကလေးဟာလည်း မိမိဂိုဏ်းရဲ့ သစ္စာတရားကို မိမိအသက်လို တန်ဖိုးထားသူဖြစ်ရသလို အဲဒီပစ္စည်းတွေကိုလည်း အသက်နဲ့လဲပြီး ထိန်းသိမ်းစောင့်ရှောက်ရတယ်၊ ဂိုဏ်းနှစ်ခုကွဲသွားတဲ့အချိန်ကစပြီး အဲဒီအပျိုတော်မိန်းကလေးဟာ ပျောက်ခြင်းမလှပျောက်သွားပါတယ်၊ အခုဆိုရင် အပျိုတော်မိန်းကလေးကို ဝံနက်ဂိုဏ်းက အသည်းအသန် လိုက်လံရှာဖွေနေကြတယ်၊ ကျွန်တော်တို့ ဝံဖြူတွေဖက်ကလည်း ဝံနက်တွေလက်ထဲအမြုတေပါသွားမှာကို စိုးရိမ်တဲ့အတွက် အပျိုတော်မိန်းကလေးကိုလိုက်လံရှာဖွေနေခဲ့တယ်၊ ဒါပေမယ့် မြေလျှောက်လောကမှာရော လိပ်ပြာတွေကြားမှာပါ ဘယ်လိုမှ ခြေရာခံလို့ မရခဲ့ဘူး"

ဟုပြောပြီး စကားကိုရပ်လျက် ကျွန်ုပ်တို့ကို စူးစမ်းအကဲ



www.burmeseclassi.com

www.burmeseclassi.com



ခတ်လိုက်၏။ ကျွန်ုပ်တို့လည်း လွန်စွာစိတ်ဝင်တစား ဖြစ်မိသည် ကြောင့် ပြောလာမည့်စကားများကို ငံ့လင့်နေမိ၏။ သိဒ္ဒိက ဝါး ကျည်တောက်ဖြင့် ခပ်ထားသော သောက်ရေကို တစ်ချိုင့်တည်း မော့သောက်လိုက်ပြီးနောက် စကားဆက်လေ၏။

သူက မြေလျှောက်လောကဟူသည်မှာ ၎င်းတို့တတ်ကျွမ်း သည့်ပညာမျိုး အနည်းငယ်မျှ တတ်ကျွမ်းမှုမရှိသည့် လူပုဂ္ဂိုလ်များ ကို ဆိုလိုကြောင်း၊ လိပ်ပြာဆိုသည်မှာ ၎င်းကဲ့သို့ လိပ်ပြာလွင့် အတတ်ဖြင့် လိပ်ပြာလွင့်ပြီး ဖန်ဆင်းသွားလာသည့်လောကကို ဆိုလိုကြောင်း ရှင်းပြပြီး ဤသို့ဆက်လက်ပြောဆိုလေ၏။

"ဒေါက်တာထင်အောင်ကျော်မေးသလို ကျွန်တော်ဘာ ကြောင့် နှစ်နှစ်လောက် တိမ်မြုပ်သွားရသလဲဆိုရင် အဲဒီဂိုဏ်းစောင့် မိန်းကလေးကို ရှာဖွေနေရလို့ပဲ၊ ဒါပေမယ့် အခုရက်ပိုင်းမှာ အဲဒီ မိန်းကလေးရဲ့သတင်းကို နှစ်ဂိုဏ်းစလုံး သိုးသိုးသန့်သန့် ရရှိကြ တယ်၊ ဒါကြောင့် မြေလျှောက်အနေနဲ့ရော လိပ်ပြာအနေနဲ့ပါ ပိုက် စိပ်တိုက်ပြီး နှစ်ဂိုဏ်းစလုံးက လိုက်ရှာနေခဲ့ကြတယ်၊ ကျွန်တော်တို့ ဝံဖြူဖက်မှာ ကျွန်တော်ဟာ လောလောဆယ် ခေါင်းဆောင်နေရာ ကို ယူထားရပါတယ်၊ ကျွန်တော့် အဓိကတာဝန်က ဂိုဏ်းစောင့် မိန်းကလေးကို ရှာတွေ့ဖို့ရယ်၊ အလွန်တန်ခိုးစွမ်းပကား ကြီးမားတဲ့ အမြုတေကို ဝံနက်ဂိုဏ်းရရှိမသွားဖို့ ဖြစ်တယ်၊ ရမ္မက်ဆန္ဒကြီးမားတဲ့ ဝံနက်တွေလက်ထဲ အဲဒီအမြုတေသာ ရောက်ရှိသွားရင် လူနဲ့ လူ့ ပတ်ဝန်းကျင်မှာ ကောင်းကျိုးဖြစ်လာမှာ မဟုတ်ဘူး၊ ဆိုးကျိုးတွေ ဖြစ်လာမှာ သေချာတယ်၊ ဘယ်လောက်အထိ ဖြစ်လာနိုင်သလဲ ဆိုရင် မတွေးဝံ့လောက်တဲ့ အခြေအနေမျိုးထိ ဖြစ်လာနိုင်တယ်၊





ဒါကြောင့်လည်း ကျွန်တော်ဟာ အရင်တုန်းကလို ကိုယ့်အမျိုးသား ရေးကိစ္စတွေကို လှည့်မကြည့်နိုင်တော့ဘဲ အပျို တော်မိန်းကလေး ရှာတွေ့ဖို့ကိုပဲ နေ့စဉ်နဲ့အမျှ အာရုံစိုက်နေခဲ့ရတယ်။

ကျွန်တော် အဓိကအားကိုးအားထားပြုတာကတော့ လိပ် ပြာလွင့်တဲ့ ပညာပါ၊ ဒါကြောင့် ကျွန်တော်ဟာ လိပ်ပြာမကြာခဏ လွင့်ပြီး အလုပ်လုပ်နေခဲ့တယ်၊ မနေ့ကညမှာတော့ လိပ်ပြာလွင့်ပြီး ကျွန်တော့်လိုပဲ လွင့်ထားတဲ့ လိပ်ပြာတွေကြားထဲမှာ ဂိုဏ်းစော ငံ့ အပျိုတော်ကို လိုက်ရှာနေခဲ့တယ်၊ အဲဒီမှာ ရှာတဲ့သူမတွေ့ဘဲ မ ကြွ ချင်တဲ့ ဝံနက်ဂိုဏ်းက လိပ်ပြာလွင့်လာတဲ့သူတွေနဲ့ တိုးခဲ့တယ်၊ အရင်ကဆိုရင် ဝံနက်ဂိုဏ်းက လိပ်ပြာလွင့်သူတွေကို ရှောင်ရှားနိုင် ခဲ့ပေမယ့် မနေ့ကတော့ ဘယ်လိုမှမရှောင်နိုင်ဘဲ သူတို့ ကျွန်တော့်ကို သတိထားမိသွားတယ်၊ ဒါနဲ့ ကျွန်တော်လည်း အသွင်အမျိုးမျိုးပြောင်း ပြီး ပြေးခဲ့ရာကနေ အခုဒေါက်တာတို့ အင်ဖာတောထဲကို ရောက်ခဲ့ရ တယ်၊ ကျွန်တော် အဲဒီလိုမပြေးလို့လည်း မဖြစ်ဘူးလေ၊ လက်ရှိ အချိန်မှာ ဝံနက်တွေဟာ အင်အားကြီးထွားနေကြတယ်၊ ပြီးတော့ ဂန္ဓာရီပညာမတတ်တဲ့ ရိုးရိုးမြေလျှောက်တွေကိုပါ စုရုံးပြီး သူတို့ ဂိုဏ်းကို တိုးချဲ့ထားတယ်။

ဒါကြောင့် ခုချိန်မှာ ကျွန်တော်တို့ဂိုဏ်းဟာ သူတို့နဲ့ယှဉ်ရင် အစွန်းထွက်အင်အားလောက်ပဲ ရှိတယ်၊ ပြီးတော့ အခုရက်ပိုင်းမှာ ထပ်ခါတလဲလဲ လိပ်ပြာလွင့်ခဲ့တဲ့အတွက် ကျွန်တော်ဟာ အင်အား အရမ်းနည်းနေခဲ့တယ်၊ ဒါကြောင့် ဝံနက်တွေကို ရင်မဆိုင်နိုင်တော့ဘဲ မိုးတွင်းလေထဲမှာ ဒီသစ်တောကြီးကို ဖြတ်ပြေးပြီး ဒီအနီးအနားဘစ် ဝိုက်မှာပဲ ဝံနက်တွေကို မျက်ခြေဖြတ်နိုင်ခဲ့တယ်၊ သူတို့မျက်ခြေပြတ်



www.burmeseclassi.com

www.burmeseclassi.com



သွားတော့ ကျွန်တော်လည်း အသင့်တွေ့ရတဲ့ အိမ်တစ်လုံးထဲက ဒေသခံတိုင်းရင်းသားတစ်ဦးကို ခဏမှီတွယ်နေလိုက်ရတယ်၊ ဒါပေမယ့် ကျွန်တော့်အတွက် အချိန်က အရမ်းနည်းနေတယ်လေ၊ နှစ်ဆယ့်လေးနာရီဆိုတဲ့ အချိန်လောက်ပဲ ကျွန်တော်မှီတွယ်လို့ရမယ်၊ ကျွန်တော် မပြန်မဖြစ် ပြန်လွင့်ရမှာပဲ။

"အခု ကျွန်တော်ဒုက္ခရောက်နေတယ်ဆိုတာက ကျွန်တော်တို့ ဝိညာဉ်တစ်တွေ လိပ်ပြာလွင့်တဲ့အခါမှာ အရေးအကြီးဆုံးသော ဥပဒေသက ကိုယ့်လိပ်ပြာလွင့်စဉ် ကျန်ခဲ့တဲ့ ခန္ဓာကို နေရာရွှေ့ပြောင်းမလုပ်ရဘူး၊ နေရာနည်းနည်းရွှေ့လိုက်တာနဲ့ ပြန်ဝင်ဖို့ ခက်သွားပြီ၊ ခု . . ကျွန်တော် ပြန်လို့မရဘူးဖြစ်ရတာက အဲဒီဥပဒေကို ကျန်ခဲ့တဲ့ ကျွန်တော့်လူတွေက အကြောင်းတစ်ခုခုကြောင့် ချိုးဖျက်လိုက်ပုံရတယ်၊ ကျွန်တော့်ဂိုဏ်းဟာ သစ္စာရှိလူယုံတွေနဲ့သာ ကျစ်ကျစ်လစ်လစ် ဖွဲ့စည်းထားတာပါ၊ တော်ရုံတန်ရုံကိစ္စနဲ့တော့ ကျွန်တော်ဒုက္ခရောက်မယ့် အဖြစ်ကို လုပ်ကြမှာမဟုတ်ဘူးဆိုတာ ကျွန်တော်ယုံကြည်တယ်၊ သူတို့တွေ ဘယ်လိုသေရေးရှင်ရေးနဲ့ ကြုံတွေ့နေရသလဲဆိုတာ ကျွန်တော့်ခန္ဓာကိုယ်ထဲ ပြန်ရောက်မှ သိရတော့မှာပဲ။

ဒေါက်တာထင်အောင်ကျော်နဲ့ ဝန်ထောက်ကြီးကိုမျိုးမြတ်တို့ ကျွန်တော့်အခက်အခဲကို ကူညီပေးပါလို့ အလေးအနက် မေတ္တာရပ်ခံချင်ပါတယ်၊ ဒီဒေသမှာ ကျွန်တော့်ကို ကူညီနိုင်တာဆိုလို့ ဒေါက်တာတို့ပဲ ရှိပါတယ်၊ အဲဒီလို ကူညီတဲ့အတွက် ဒေါက်တာတို့ကို ကျွန်တော်ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါ့မယ်"

ဟူ၍ သူ၏စကားကို အဆုံးသတ်လိုက်ပြီး လွန်စွာစိတ်အားထက်သန်သည့် မျက်ဝန်းဖြင့် အားကိုးတကြီး ကြည့်နေလေ၏။





ကျွန်ုပ်လည်း ဒေါက်တာထင်အောင်ကျော်၏မျက်နှာကို အကဲခတ်ကြည့်လိုက်ရာ သူသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေဟန်တူ၏။ ပိုလိုစီးကရက်ကို ဖွာရှိုက်လျက် မီးခိုးများကို ဖြည်းညှင်းစွာ မှုတ်ထုတ်ပြီး မျက်ခုံးနှစ်ခုကို အသာတွန့်ကာ . . .

"ကဲ . . . တစ်ကောင်ကျားလှိုင်ဘွားဆိုတဲ့ လူစွန့်စားကြီး . . . ခင်ဗျားကိုတော့ ကျုပ်တို့က ကိုသိဒ္ဓိလို့ပဲ ခေါ်မယ်ဗျာ၊ ပြောခဲ့တဲ့စကားတွေကိုလည်း ကျုပ်သံသယမရှိ အကြွင်းမဲ့ယုံကြည်ပါတယ်၊ ဗြိတိသျှအစိုးရက ခင်ဗျားကို ဘယ်လိုပဲ သဘောထားထား ကျုပ်ကတော့ ခင်ဗျားစိတ်ဓါတ်ကို အတိုင်းအတာတစ်ခုအလေးနက် လေးစားတယ်၊ ခင်ဗျားပြောသလိုပဲ ဒီပြဿနာကို ခုအချိန်မှာ ကျုပ်တို့မှ မကူညီရင် ခင်ဗျားက တကယ့်လိပ်ပြာဘဝ ရောက်သွားတော့မယ်၊ လူ့ဘဝက ကူးပြောင်းသွားမှာ သေချာတယ်၊ ကျုပ်တို့အနေနဲ့လည်း အတော့်ကို အသည်းအသန် ကြိုးစားရလိမ့်မယ်၊ ရတဲ့အချိန်က တစ်ရက်တည်း၊ အဲဒီအချိန်အတွင်းမှာ ခင်ဗျားရဲ့နေရပ်ကို အရောက်သွားပြီး ခင်ဗျားလိပ်ပြာပြန်ဝင်လို့ရအောင် ခန္ဓာကိုယ်ကို မူလနေရာပြန်ပြင်ထားပေးရမယ်၊ အဲဒီသဘောမဟုတ်လား"

ထိုသို့ပြောလိုက်သည်နှင့် အငှားခန္ဓာကိုယ်ဖြင့် သိဒ္ဓိသည် အားရဝမ်းသာ ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်ပါတယ် ဒေါက်တာ . . . ဟုတ်ပါတယ်" ဟု အားချင်းပြန်ပြောလေ၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၄)

"ကဲ . . . ကိုသိဒ္ဓိ . . . ကျုပ်တို့ကို သွားရမယ့် လိပ်စာသာ ပြောပေတော့၊ အချိန်က တစ်စက္ကန့်၊ တစ်မိနစ်တောင် အလဟဿ ဖြစ်လို့ မရဘူး၊ နှစ်ဆယ့်လေးနာရီအတွင်းက စက္ကန့်မိနစ်တိုင်းဟာ ခင်ဗျားရဲ့ လူ့ဘဝရှင်သန်မှုကို အဆုံးအဖြတ်ပေးမယ့် တရားသူကြီး တွေပဲ"

ဒေါက်တာထင်အောင်ကျော်က သူ၏မှတ်စုစာအုပ် အသေး လေးတွင် အသေအချာ ရေးမှတ်လိုက်၏။ တစ်ဆက်တည်းပင် သူသိလေသမျှကိုလည်း မေးမြန်းပြီး စိတ်ဖြင့် မှတ်သင့်တာမှတ်၊ စာအုပ်မှာ ရေးသင့်တာကို ရေးပြီးသည်နှင့် အချိန်ဖင့်နွှဲမနေတော့ ဘဲ ရွာလူကြီးကို ယူနွတ် (သို့မဟုတ်) ကိုသိဒ္ဓိအား ကောင်းမွန်စွာ စောင့်ရှောက်ရန် မှာကြားပြီး ကျွန်ုပ်တို့စခန်းချရာ ဗိုလ်တဲဆီသို့ ပြန်ခဲ့ကြတော့၏။





အပြန်လမ်းတစ်လျှောက်တွင် ကျွန်ုပ်သည် ဗိုလ်တဲအထိ ရောက်အောင် စောင့်ဆိုင်းမနေတော့ဘဲ ကိုသိဒ္ဓိပြောခဲ့သည့် စကား များထဲမှ နားမလည်သည်များကိုမေးရာ ဒေါက်တာထင်အောင် ကျော်ကလည်း ကျွန်ုပ်အား စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။ ထိုသို့ ရှင်းပြပြီးနောက် ကျွန်ုပ်အား အဘယ်ကြောင့် ထိုခရီးတွင်လိုက်ပါ ရန် ကျွန်ုပ်ဆန္ဒအား မမေးဘဲ သူ့သဘောနှင့်သူ ဆုံးဖြတ်ခဲ့ရသည် ကို ရှင်းပြလေ၏။

"တကယ်တော့ အခုကိစ္စမှာ ကျွန်တော့်ဘက်က စည်း ကျော်သလို ဖြစ်သွားတဲ့အတွက် ကျွန်တော်ကိုမျိုးမြတ်ကို တောင်းပန် ပါတယ်၊ အခြေအနေအရ အခုလို မဆုံးဖြတ်လို့လည်း မဖြစ်ဘူးလေ၊ ပြီးတော့ ခုကိစ္စက စွန့်စားမှုတွေ ပြည့်နှက်နေနိုင်တဲ့အတွက် ကိုမျိုး မြတ်ဝါသနာနဲ့ ကိုက်ညီနေတာကတစ်ကြောင်း၊ ရန်ကုန်ကို ဒီတောထဲ ကနေ အခက်အခဲမရှိ သွားနိုင်ဖို့ဆိုတာ ကိုမျိုးမြတ်ရဲ့ အကူအညီ မပါဘဲ မဖြစ်နိုင်ဘူး၊ ဒီကနေ အနီးဆုံးမြို့ဖြစ်တဲ့ ပရာဒိန်းမြို့ကို ဝီလီဂျစ်နဲ့ အမြန်မောင်းရင် လေးနာရီကြာမယ်၊ အဲဒီကနေ မီးရထား နဲ့ ကာလကတ္တားကို သွားရမယ်၊ နောက်နေ့မနက်ရောက်ရင် ရန်ကုန် ကို နေ့ချင်းသွားရမယ်၊ ဒီလို တက်သုတ်ရိုက်ရတဲ့ခရီးမှာ ကိုမျိုးမြတ် ပါမလာရင် ကျွန်တော်ဘယ်လိုမှ အဆင်ပြေနိုင်မှာ မဟုတ်တဲ့အတွက် ကိုမျိုးမြတ်ဆန္ဒကို မမေးတော့ဘဲ ကျွန်တော့်သဘောနဲ့ ဆုံးဖြတ်လိုက် ရတာပါ"

ဟု ကျွန်ုပ်ကို တောင်းပန်သလိုဖြင့် တစ်ဆက်တည်း အကျိုး အကြောင်းကိုပါ ရှင်းပြလေ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်လည်း မည်သို့မျှ သဘောမထားကြောင်း၊ ကျွန်ုပ်ကိုယ်တိုင်ကလည်း စိတ်ဝင်



www.burmeseclassi.com

www.burmeseclassi.com



တစားဖြစ်နေရာမှ အဆောင်သင့်သလိုဖြစ်သွား၍ ကျေနပ်မိကြောင်း ပြန်လည်ပြောလိုက်၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦး စီစဉ်စရာရှိသည်များကို စီစဉ်ရန်အတွက် အချိန်နာရီဝက်သတ်မှတ်ပြီး လူချင်းခွဲလိုက်ကြတော့၏။ ကျွန်ုပ်မှာ ဌာနဆိုင်ရာခွင့်တင်ခြင်း၊ လုပ်ငန်းလွှဲခြင်းများ ဆောင်ရွက်ပြီး လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို ခရီးဆောင်အိတ်ထဲထည့်လိုက်၏။

ခရီးအတွက် ပြင်ဆင်နေရင်းမှာပဲ မိုင်ရာချီဝေးသောဒေသမှ ရန်ကုန်သို့ တစ်ရက်အတွင်း မည်သို့သွားကြရမည်ကို တွေးမိပြီး ခေါင်းများပါ မူးနောက်သွားမိ၏။ စိတ်ထဲ၌ စိုးတထိတ်ထိတ် ဖြစ်နေမိ၏။ အဆုံးမှာတော့ ကျွန်ုပ်သည် အဖြေမရှိသည့် ပုစ္ဆာတစ်ပုဒ်ကို ခေါင်းရှုပ်ခံတွေးမနေတော့ဘဲ ခရီးဆောင်အိတ်ကိုဆွဲကာ ဂျစ်ကားရှိရာဆီသို့ ထွက်လာခဲ့တော့၏။

ကျွန်ုပ်ထက် အချိန်အနည်းငယ်စောပြီး ရောက်နေသည့် ဒေါက်တာထင်အောင်ကျော်မှာ ဂျစ်ကားပေါ်တွင် အေးအေးလူလူဖြင့် စီးကရက်ဖွာလျက် ရှိ၏။ ခရီးအတွက် ၄င်းယူလာသည်ဟူ၍ သက္ကလပ်ဘေးလွယ်အိတ်တစ်လုံးသာလျှင် တွေ့ရ၏။ သူသည် အနီးအနားရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် သွားရောက်အပန်းဖြေမည့် သူတစ်ဦးပုံစံမျိုးထက် ဘာမှမပိုပေ။

သူသည် ဂိုက်ဆိုဒ်အပြည့်ဖြင့် ခရီးဆောင်အိတ်ကြီးကို ဆွဲလာသည့် ကျွန်ုပ်ကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီး ကားစက်ကို ထောက်ခနဲ နှိုးလိုက်ပြီးနောက် . . .

"ကဲ . . . ဝန်ထောက်ကြီးရေ၊ ဝုန်းဒိုင်းကျဲခရီးစဉ်လေး





စလိုက်ရအောင်"

ဟုပြောပြီးသည်နှင့် ကားထွက်ရန် ဂီယာထိုးလိုက်ရာ ကျွန်ုပ်လည်း ခရီးဆောင်အိတ်ကို ကပျာကယာပစ်တင်ပြီး ကားပေါ်သို့ အလျင်အမြန် ခုန်တက်လိုက်ရ၏။

ကျွန်ုပ်လည်း ကားပေါ်အရောက် ကားက ဝူးခနဲ မောင်းထွက်သွားရာ ကျွန်ုပ်၏ခန္ဓာကိုယ်မှာ ဟန်ချက်ပျက်သလို ယိမ်းထိုးသွားလေ၏။ ထိုအဖြစ်ကိုကြည့်ရင်း ဒေါက်တာထင်အောင်ကျော်က သဘောကျစရာရှိလျှင် အားရပါးရ ရယ်တတ်သည့် အကျင့်အတိုင်း အားပါးတရ ရယ်လေ၏။ ထိုအဖြစ်ကြောင့် ကျွန်ုပ်သည် အနည်းငယ်မျှပင် စိတ်မကွက်ဘဲ သူ့ကဲ့သို့ လိုက်ပါရယ်မောမိ၏။

တစ်ခဏအတွင်း ကျွန်ုပ်တို့၏ သစ်တောစခန်းလေးမှာ နောက်တွင် တစ်ရိပ်ရိပ် ကျန်ခဲ့တော့၏။ ကျွန်ုပ်တို့၏ ဦးတည်ချက်မှာ အနီးဆုံးနယ်စပ်မြို့ဖြစ်သည့် ပရာဒိန်းမြို့ငယ်လေး ဖြစ်သည်။ ထင်အောင်ကျော်သည် ဝီလီဂျစ်ကို ကျွမ်းကျင်စွာ မောင်းနှင်နေလျက်က ကျွန်ုပ်မေးသမျှကို စိတ်ရှည်လက်ရှည် တုန့်ပြန်ရှင်းပြလေ၏။

ကျွန်ုပ်အထူးစိတ်ဝင်တစား ဖြစ်ရသည်မှာ အငှားခန္ဓာကိုယ်ဖြင့် ပြောလိုက်သည့် ကိုသိဒ္ဓိ၏ လိပ်ပြာလွှင့်ခြင်းဟူသော ကိစ္စဖြစ်သည်။

"လိပ်ပြာလွင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်ကြားဖူးတာကတော့ လူတွေဟာ လန့်ဖြန့်ပြီး သတိလစ်သွားရင် လိပ်ပြာလွင့်တယ်လို့ ပြောလေ့ရှိကြတယ်၊ အခု အငှားခန္ဓာကိုယ်ထဲရောက်နေတဲ့ ကိုသိဒ္ဓိဟာ သူပြောပုံအရဆိုရင် မြန်မာပြည်ကနေ အိန္ဒိယအထိ လိပ်ပြာလွှင့်လာတယ်လို့ ယူဆရမှာပေါ့"



www.burmeseclassi.com

www.burmeseclassi.com



ဟုပြောလိုက်ရာ ဒေါက်တာထင်အောင်ကျော်က အရှိန်မြှင့်ရန် ဂီယာချိန်းလိုက်ပြီး လီဗာကို တော့ကာ,တော့ကာ နင်းလိုက်ပြီးသည်နှင့် ကျွန်ုပ်ကို လှည့်မကြည့်ဘဲ . . .

"သဘောတရားအနေနဲ့ တူသလိုရှိပေမယ့် အသွင်သဏ္ဌာန်အားဖြင့်တော့ ဆန့်ကျင်ဘက်အနေအထားလို့ ပြောရလိမ့်မယ်၊ လွင့်တယ်ဆိုတာက ရည်ရွယ်ချက်နဲ့မဟုတ်ဘဲ သူ့သဘောနဲ့သူ လိပ်ပြာက ရောက်ချင်ရာ ရောက်တာမျိုး၊ လွင့်တယ်ဆိုတာကတော့ စနစ်တကျ လေ့ကျင့်ထားတဲ့ပညာနဲ့ လိပ်ပြာကို လိုရာစေလွှတ်တာမျိုး၊ အဲဒီသဘောတရားနှစ်ခုကို ယှဉ်ကြည့်ရင် ဘယ်လိုမှ မတူနိုင်ဘူးလေ"

"ဒါဆိုရင် လွင့်လိုက်တဲ့ လိပ်ပြာက ကာယကံရှင်နဲ့ တစ်ပုံစံတည်းပဲလား"

"ဒါကိုလည်း အတိအကျ သတ်မှတ်လို့ မရဘူး၊ တစ်ချို့ လိပ်ပြာတွေက လွင့်တဲ့သူနဲ့ တစ်ပုံစံတည်းရှိသလို၊ တချို့တွေကျတော့ ပညာစဉ် အနိမ့်အမြင့်ပေါ် မူတည်ပြီး ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်သွားနိုင်တယ်၊ အဲဒီပညာရပ်မှာ ကျွမ်းကျင်ရင် ကျွမ်းကျင်သလို ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲဖန်တီးလို့ရတယ်၊ အဲဒီအခါမှာ လွင့်ထားတဲ့ လိပ်ပြာအချင်းချင်း တွေ့ဆုံကြပေမယ့် ဘယ်သူဘယ်ဝါရယ်လို့ ခန့်မှန်းဖို့ မလွယ်တော့ဘူး"

ထိုသို့ သိလိုက်ရသဖြင့် ကျွန်ုပ်လည်း အထိုက်အလျောက် သဘောပေါက်သွားတော့၏။ တောလမ်းခရီးဖြစ်၍ ဂရုတစိုက် မောင်းနေရသည့် မိတ်ဆွေကြီးထင်အောင်ကျော်ကို အနှောက်အယှက် မပေးလိုတော့သဖြင့် ကျွန်ုပ်လည်း ပိုလိုစီးကရက်ကိုဖွာရင်း





ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေလိုက်၏။

ဗိုလ်တဲမှ ကျွန်ုပ်တို့ ထွက်လာသည်မှာ နှစ်နာရီခန့်ကြာမြင့်ခဲ့ပြီး မွန်းတည့်ချိန်သို့ပင် ရောက်ရှိလာပြီဖြစ်၏။ မိုးသားများ အုံ့မှိုင်းလျက်ရှိခြင်းကြောင့် ခရီးသွားရသည်မှာ တစ်နည်းသက်သာလျက် ရှိပေ၏။ တစ်ယောက်တစ်လှည့်စီ ကားမောင်းရန် ဆုံးဖြတ်ထားသော်လည်း ကျွန်ုပ်သည် မည်သို့ဖြစ်သွားသည်မသိ၊ မျက်လုံးများ မှေးစင်းလာပြီး ရုတ်တရက် သတိထားလျက်က မှေးခနဲ အိပ်ပျော်သွား၏။

ကျွန်ုပ်သည် ခရီးသွားရင်း ထိုသို့အိပ်ငိုက်သည့် အကျင့်မျိုးမရှိပါဘဲလျက် ၎င်းခရီးမှာမှ ထိုသို့အိပ်ပျော်သွားခဲ့ခြင်းဖြစ်ရာ မိမိကိုယ်မိမိ နားမလည်နိုင်အောင် ဖြစ်ရ၏။ အိပ်မောကျနေလျက်က ကယောင်ခြောက်ခြား အိပ်မက်များပင် မက်လိုက်သေး၏။

အိပ်မက်ထဲတွင် ကျွန်ုပ်တို့နှစ်ဦးသည် ငှက်ကြီးနှစ်ကောင်ဖြစ်လျက် တောအုပ်တစ်ခုပေါ် ပျံသန်းလျက်ရှိ၏။ ထိုသို့ ပျံသန်းနေရင်းက ကျွန်ုပ်တို့နောက်မှ လွန်စွာကြီးမားသော ငှက်မည်းကြီးများ အုပ်စုဖွဲ့လိုက်ပါလာပြီး ကျွန်ုပ်တို့အား ရန်မူတိုက်ခိုက်ကြရာ ကျွန်ုပ်တို့နှစ်ဦးမှာ မည်သို့ပင် အစွမ်းကုန်ခုခံတိုက်ခိုက်သော်လည်း အင်အားချင်းမမျှသဖြင့် ကျွန်ုပ်မှာ ပျံသန်းရင်း မောဟိုက်လာ၏။

ကျွန်ုပ်ဘေးမှ ဒေါက်တာထင်အောင်ကျော်မှာမူ တစ်ရှိန်ထိုး ပျံသန်းနေလျက်က ကျွန်ုပ်အား အကာအကွယ်ပေးလေ၏။ ထိုသို့ ရှိနေစဉ်မှာပဲ ငှက်အုပ်ကြီးမှာ ကျွန်ုပ်ကိုမီလာပြီး ရုတ်တရက် လမ်းဆွဲလိုက်ရာ ကျွန်ုပ်မှာ ဒလိမ့်ကောက်ကွေး လွင့်စင်သွားတော့၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၅)

"အောင်မလေးဗျ . . ."

"ကျွီ . . ."

အထက်ပါအသံများမှာ တစ်ပြိုင်တည်း ထွက်ပေါ်သွားခြင်းဖြစ်၏။ ကားဘရိတ်ဆောင့်အုပ်သံမှာ အလန့်တကြား အော်လိုက်သည့် ကျွန်ုပ်အသံကို လွှမ်းအုပ်သွားပုံရ၏။ ဒေါက်တာထင်အောင်ကျော်သည် ကျွန်ုပ်အိပ်ပျော်သွားသည့်အတွက် မနိုးတော့ဘဲ ပရာဒိန်းဟူသော နယ်စပ်မြို့ကလေးအထိ တလျှောက်တည်း မောင်းနှင်လာခြင်းဖြစ်သည်။ သူသည် မြို့တွင်းသို့ ကားကို ကျွမ်းကျင်စွာဖြင့် ခပ်ကြမ်းကြမ်း မောင်းဝင်လာပြီး လူစည်ကားရာ ဈေးတန်းအနီးတွင် ရုတ်တရက် ဘရိတ်ဆောင့်အုပ်လိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် အိပ်မှုန်စုံဝါးဖြင့် မျက်ဝန်းကို ပွတ်သပ်ကြည့်လိုက်ရာ ပရာဒိန်းမြို့ကို ရောက်နေပြီဖြစ်ကြောင်း တွေ့လိုက်ရ





သဖြင့် ကားပေါ်မှ ဆင်းလိုက်၏။ ထိုအခိုက်မှာပဲ ဒေါက်တာထင်အောင်ကျော်သည် သူ၏သက္ကလပ်ဘေးလွယ်အိတ်ကိုလွယ်ကာ ကားပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလိုက်ပြီး မလှမ်းမကမ်းရှိ ဈေးဆိုင်တစ်ခုအတွင်း ဝင်ရောက်သွားလေ၏။

ကျွန်ုပ်လည်း ကားအနီးတွင်ရပ်လျက် ၎င်းပြန်အလာကို စောင့်ဆိုင်းနေလိုက်၏။ မိနစ်အနည်းငယ်မျှသာ ကြာ၏။ သူသည် ခပ်သုတ်သုတ် လျှောက်လှမ်းလာပြီး ဝယ်ခြမ်းထားသော ပစ္စည်းများကို လျှော်အိတ်တစ်လုံးနှင့်ထည့်ကာ ဂျစ်ကားနောက်ခန်းသို့ တင်လိုက်၏။ တစ်ဆက်တည်းပင် ယာဉ်မောင်းသူနေရာသို့ လွှားခနဲ ခုန်တက်လိုက်ပြီး . . .

"ကိုမျိုးမြတ်ရေ . . . ကျွန်တော်တို့တော့ ကံကောင်းတာပဲ၊ ငါးနာရီခွဲမှာ ကာလကတ္တားကိုသွားမယ့် ရထားထွက်လိမ့်မယ်၊ မြန်မြန်ကားပေါ်တက်တော့ . . ."

ဟုပြောလည်း ပြော၊ ကားစက်လည်း နှိုး၊ ဂီယာလည်း သွင်း . . . ၎င်းကိစ္စများကို တစ်ပြိုင်တည်း ဆောင်ရွက်လိုက်ရာ ၎င်းအထာကို သိနေသော ကျွန်ုပ်လည်း ပဇင်းဖင်ကြားညှပ်သလို ကပျာကယာ ခုန်တက်လိုက်ရ၏။

ကွက်တိဆိုသလိုပင် ကားအကွက်နှင့် ကျွန်ုပ်ကားပေါ်အရောက် အံကိုက်ဖြစ်သွား၏။ ကျွန်ုပ်သည် ဂျစ်ကားခေါင်မိုးလက်ကိုင်တန်းကို ကျစ်ကျစ်ပါအောင် ကိုင်ထားရင်း ရုတ်တရက် အတွေးတစ်ချက်ရလိုက်သဖြင့် . . .

"တစ်ဆိတ်လောက် မေးပါရစေဦး ကိုထင်အောင်ကျော်၊ ရထားထွက်မှာကတော့ ဟုတ်ပါပြီ၊ ကျုပ်တို့မှာ လက်မှတ်အဆင်



www.burmeseclassi.com

www.burmeseclassi.com



သင့်မရှိတော့ အဆင်ပြေပါ့မလား"

ဒေါက်တာထင်ဒေအာင်ကျော်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး . . .

"မပြောတတ်ဘူးဗျ" ဟုပြောလေရာ ကျွန်ုပ်လည်း မျက်မှောင်တစ်ချက်တွန့်လိုက်ပြီး . . .

"ကောင်းပြီ . . . လက်မှတ်ရလို့ အဆင်ပြေတယ်ပဲထား၊ ဘယ်အချိန် ကာလကတ္တားကို ရောက်မှာလဲ"

"ဒါလည်း အတိအကျ မသိဘူးဗျ" ဟုပြန်ဖြေရာ ကျွန်ုပ်လည်း လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး . . .

"ကာလကတ္တားကို ရောက်ပြီဆိုပါတော့၊ ရန်ကုန်ကို နေ့ချင်းရောက်အောင် ဘယ်လိုသွားကြမလဲ၊ ကျုပ်တို့ရတဲ့ အချိန်က နှစ်ဆယ့်လေးနာရီတည်း မဟုတ်လား"

ထိုအခါမှာလည်း ဒေါက်တာထင်အောင်ကျော်သည် ပြုံးကျက် ဦးခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်ပြီး . . .

"အင်း . . . ကျွန်တော်သဘောကျသွားပြီ ကိုမျိုးမြတ်၊ မောင်ရင်ဟာ ကိုသိဒ္ဓိကိစ္စနဲ့ပတ်သက်ပြီး အခုလို အလေးအနက်ထားတာကို ကျွန်တော်သဘောကျသွားပြီ၊ ဘာကြောင့်လည်းဆိုတော့ ကိစ္စတစ်ခုရဲ့ ခက်ခဲတဲ့၊ မဖြစ်နိုင်တဲ့ အပိုင်းတွေကို တစ်ဆက်တည်းတွေးထားလို့ပဲ၊ ဒီလိုပဲပေါ့ဗျာ . . . လောကမှာ အလုပ်လုပ်တယ်ဆိုတာ အဲဒီမဖြစ်နိုင်တာတွေကို ဖြစ်အောင်လုပ်ယူရတာပဲမဟုတ်လား၊ ဒီတော့ ဘာတွေဟာ ဖြစ်နိုင်တယ်၊ ဘာတွေဟာ မဖြစ်နိုင်တယ်၊ ဘယ်အချက်တွေကို သိအောင်လုပ်ရမယ်ဆိုပြီး ကဏ္ဍအလိုက် တွေးလာနိုင်မယ်ဆိုရင် အခက်အခဲတွေကို တစ်ဝက်လောက်





ဖြေရှင်းပြီး ဖြစ်သွားလိမ့်မယ်"

ထိုသို့ပြောလိုက်သည့်အတွက် ကျွန်ုပ်လည်း ဘာဆက်မေးရမှန်းမသိဖြစ်သွားပြီး ငြိမ်နေလိုက်ရ၏။ မေးစရာလည်း မရှိတော့သလို ဖြေစရာလည်း မရှိတော့သည့် အခြေအနေတွင် ကျွန်ုပ်အဖို့ ဖြစ်လာသမျှကို စောင့်ကြည့်ရန်သာ ရှိတော့၏။

ဘူတာရုံအဆောက်အဦးရှေ့သို့ ဆိုက်ရောက်သည်နှင့် ကျွန်ုပ်တို့နှစ်ဦးလည်း ကားပေါ်မှဆင်းကာ လက်မှတ်ရုံသို့ အလျင်အမြန် သွားရောက်စုံစမ်းရာ ကျွန်ုပ်စိုးရိမ်သကဲ့သို့ပင် လက်မှတ်ကုန်နေပြီဖြစ်ကြောင်း သိလိုက်ရ၏။ ထိုဒေသတွင် ရထားမှာ နှစ်ရက်တစ်ကြိမ်နှုန်းလောက်သာ ထွက်သည်ဖြစ်၍ လက်မှတ်ရရှိဖို့ မလွယ်ကူကြောင်း၊ အင်္ဂလိပ်မျက်နှာဖြူများနှင့် ၎င်းတို့နှင့် ပတ်သက်သူများကိုသာ ဦးစားပေးရောင်းချပြီးမှ အိန္ဒိယလူကုံထံများကို ဦးစားပေးရောင်းချကြောင်း၊ သာမန်လူများအနေဖြင့် မီးရထားလက်မှတ်ရဖို့ အတော်ပင် ခက်ခဲကြောင်း စသဖြင့် သိရ၏။

ရထားထွက်ချိန် နီးလာပြီဖြစ်၍ ဘူတာရုံမှာ လူများစည်ကားနေလေ၏။ အများစုမှာ မျက်နှာဖြူအရာရှိကြီးများ၊ ဗိုလ်ကတော်များနှင့် လူကုံထံများသာ ဖြစ်၏။ လန်ချားများ၊ ဒေါက်ကပ်များ၊ ကူလီများဖြင့် ရှုပ်ထွေးလျက်ရှိရာ ကျွန်ုပ်လည်း လူအုပ်စုကြီးအတွင်း အသိအကျွမ်း တွေ့လိုတွေ့ငြား ဟိုကြည့်ဒီကြည့် လုပ်နေမိ၏။

ကျွန်ုပ်သာ ဂဏှာမငြိမ်ဖြစ်နေသော်လည်း မိတ်ဆွေကြီးထင်အောင်ကျော်ကမူ ပိုလုံစီးကရက်တစ်လိပ်ထုတ်ကာ ဖွာရှိုက်ရင်း တည်တည်ငြိမ်ငြိမ်ရှိနေ၏။ ရထားထွက်ရန် အချိန်မှာလည်း တရွေ့ရွေ့ နီးကပ်လာပြီဖြစ်ရာ ကျွန်ုပ်လည်း စိတ်ပေါက်ကျလာပြီး ထိုခရီး



www.burmeseclassi.com

www.burmeseclassi.com



စဉ်မှာ မဖြစ်နိုင်တော့ဟု အားလျော့မိလေ၏။

ထိုအခိုက်မှာပဲ မထင်မှတ်သောအဖြစ်နှင့် ကြုံတွေ့ရ၏။ ကူလီကုလားလေးတစ်ဦးသည် အဖြူရောင်စာအိတ်လေးတစ်လုံးကို ကိုင်ကာ ကျွန်ုပ်တို့အနီးသို့ ကောက်ကာငင်ကာ ရောက်ရှိလာပြီး ကုလားစကားဖြင့် . . .

"ဘရားဆပ်တို့က ကာလကတ္တားသွားကြမှာ မဟုတ်လား"

ဟုမေးရာ ရုတ်တရက်ကြီးဖြစ်၍ ကျွန်ုပ်လည်း တအံ့တဩဖြစ်သွား၏။ ထိုစဉ်မှာပဲ ဒေါက်တာထင်အောင်ကျော်က သွက်သွက်လက်လက် ဟုတ်မှန်ကြောင်းပြောရာ ကုလားလေးက . . .

"သွားတော့ သွားချင်တယ်၊ လက်မှတ်မရှိလို့ အခက်တွေ့နေတယ် မဟုတ်လား၊ မကြီးမငယ်နဲ့ ရထားခိုးစီးလို့မိသွားရင် ရုံပိုင်ကြီးက ယမထာကြိမ်လုံးနဲ့ ဖင်လှန်ရိုက်တာ ခံရလိမ့်မယ်"

ဟူ၍ ရယ်မောပြောလိုက်ရာ ထိုစကားကြောင့် ကျွန်ုပ်တို့လည်း သဘောကျစွာ ရယ်လိုက်မိ၏။ ကုလားလေးသည် အရွယ်နှင့်မလိုက်အောင် သွက်လက်ချက်ချာပုံရ၏။ မိတ်ဆွေကြီးထင်အောင်ကျော်က ကုလားလေး၏ ဆံနွယ်များကို တရင်းတနှီး ပွတ်သပ်လိုက်ပြီး . . .

"အခု မင်းက ငါတို့ဖင်လှန်အရိုက်မခံရအောင် ကူညီဖို့ရောက်လာတာ မဟုတ်လား" ဟု ပြုံးလျက်မေးလိုက်ရာ ကုလားလေးက တခစ်ခစ်ရယ်လိုက်ပြီး . . .

"သေချာတာပေါ့ ဘရားဆပ်၊ ဒီစာအိတ်ထဲမှာ အထက်တန်းတွဲလက်မှတ်နှစ်စောင်ပါတယ်၊ ကျွန်တော် အမြတ်မယူဘဲ ဈေးရင်းအတိုင်း ပြန်ရောင်းပါ့မယ်"





"မင်း . . . ဒီလက်မှတ်တွေ ဘယ်ကရတာလဲ" ဟုမေးလိုက်ရာ ကုလားလေးက ဦးခေါင်းကိုယိမ်း၍ နောက်လှည့်ရင်း ဘူတာရုံအဝင်ဝ မီးတိုင်အနီးတွင် ရပ်နေသော ကုလားမကြီးတစ်ဦးကို ညွှန်ပြပြီး ထိုလက်မှတ်ကို ရောင်းခိုင်းသူမှာ ၎င်းမိန်းမကြီးပင်ဖြစ်ကြောင်း ပြောလေ၏။

ထိုမိန်းမကြီးကို လှမ်းကြည့်လိုက်သော်လည်း အတော်လှမ်းနေသဖြင့် မျက်နှာကို သဲကွဲစွာ မမြင်ရပေ။ အသက်အရွယ်ကြီးရင့်ပုံ မရပေ၊ ဘိုမများ ညနေခင်းလမ်းလျှောက်ထွက်သည့် ဂါဝန်ရှည်ကိုဝတ်ထားရင်း ဦးထုပ်အဝိုင်းကြီးကြီးကို တခြမ်းစောင်းကာ အရှေ့သို့ အနည်းငယ် ငိုက်ထားလေ၏။ အထင်အရှား မြင်ရသည်မှာ သူမ၏နီထွေးနေသော နှုတ်ခမ်းများပင် ဖြစ်၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် အမျိုးသမီးကို တစ်ချက်သာ လှမ်းကြည့်ပြီး ကုလားလေးကို ကျသင့်ငွေသာမက အပိုဆောင်းငွေပင် ပေးလိုက်သေး၏။

"ကဲ . . . ကိုမျိုးမြတ်ရေ ကျွန်တော်တို့ကားကို ရုံပိုင်ကြီးဆီမှာ အပ်ခဲ့ပေတော့၊ အဲဒီကိစ္စတွေပြီးရင် တွဲပေါ် လိုက်ခဲ့ပါ၊ ကျွန်တော် တွဲပေါ်က စောင့်နေမယ်၊ အချိန်မရှိတော့ဘူး"

ဟု ကပျာကယာပြောပြီး လူချင်းခွဲလိုက်လေ၏။ ကျွန်ုပ်လည်း ၎င်းမှာကြားခဲ့သည့်အတိုင်းစီစဉ်ပြီး ၎င်းပြောသည့် တွဲနံပါတ်ပေါ်တက်ခဲ့ရာ ရထားတွဲပေါ် ကျွန်ုပ်ရောက်ပြီး မိနစ်အနည်းငယ်မှာပဲ ရထားကလည်း ဥဩသံပေးကာ စတင်ခုတ်မောင်းလေတော့၏။

ညအမှောင်ထုအောက်ဝယ် ရထားသည် မှန်မှန်ခုတ်မောင်းလျက် ရှိ၏။ စားသောက်ပြီးနောက် ကျွန်ုပ်သည် အနည်းငယ်



www.burmeseclassi.com

www.burmeseclassi.com



အိုက်စပ်စပ်ဖြစ်လာ၍ ပြတင်းတံခါးကိုဖွင့်လိုက်ရာ တရိပ်ရိပ်ကျန်ခဲ့သော တောတောင်များ၊ လယ်ကွင်းများကို မြင်ရလေ၏။ ကျွန်ုပ်သည် ထိုမြင်ကွင်းကို ငေးကြည့်နေလျက်က ဝမ်းထဲ၌ပြည့်နေသလို လေကလည်း တဖြူးဖြူး တိုက်ခတ်နေသဖြင့် မျက်ဝန်းတွေက ငိုက်မြည်းစပြုလာ၏။ ထိုအခိုက်မှာပဲ အမြင်အာရုံအတွင်း၌ ကွင်းပြင်ထဲမှ မည်းမည်းသဏ္ဍာန်အရိပ်လေးငါးခုသည် ရထားနှင့်အပြိုင် တရိပ်ရိပ် ပြေးလွှားနေသည်ကို ဝိုးတိုးဝါးတား မြင်လိုက်ရ၏။

ကျွန်ုပ်တအံ့တဩ ကြည့်နေစဉ်မှာပဲ ထိုသဏ္ဍာန်အရိပ်များက ကျွန်ုပ်တို့တွဲနှင့်အပြိုင် ချဉ်းကပ်ရောက်ရှိလာပြီး ကျွန်ုပ်ရှိရာ ပြတင်းပေါက်ဆီသို့ ဓါးလွယ်ခုတ်ပြေးလာလေ၏။ ၎င်းတို့ ပြေးလာပုံမှာ လျှပ်တပြက်ဆိုသလို လျင်မြန်လှ၏။

ညအမှောင်ကြယ်ရောင်အောက်တွင် ၎င်းသတ္တဝါများကို သေချာစိုက်ကြည့်လိုက်ရာ လွန်စွာကြီးမားသော အမွှားရှည်ဝံပုလွေကြီးများ ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။ ဝံပုလွေနက်ကြီးများသည် မြေတွင် လျှပ်တိုက်ပျံဝဲလာသလားဟုပင် ထင်မှတ်ရ၏။ ၎င်းတို့သည် ကျွန်ုပ်ရှိရာ ပြတင်းပေါက်နားတွင် ခိုတွယ်ကပ်ပါလာရာ ကျွန်ုပ်လည်း အံ့သြလွန်းသည်ကြောင့် ငေးကြောင်ကြည့်နေမိ၏။

ရှေ့ဆုံးမှ ဝံပုလွေကြီး၏ နီရဲတောက်ပနေသော မျက်လုံးအစုံကိုပင် အထင်းသားတွေ့မြင်နေရ၏။ ကျွန်ုပ်တစ်ကိုယ်လုံးမှာ ကြောက်ရွံ့တုန်လှုပ်ခံစားနေရ၍ အေးစက်တောင့်တင်းသွားလေ၏။ ထိုစဉ်မှာပဲ ပြတင်းတံခါးအောက်သို့ ရောက်နေပြီဖြစ်သော ဝံပုလွေနက်ကြီးသည် ပြတင်းပေါက်ထဲသို့ ဝင်ရောက်ရန် အားယူနေလေ၏။

ကျွန်ုပ်မှာ လွန်စွာအခက်ကြုံနေရ၏။ တစ်ကိုယ်လုံး လှုပ်





လို့လည်း မရသလို ၎င်းသတ္တဝါကြီး၏ မျက်လုံးအစုံနှင့် ကျွန်ုပ်မျက်လုံးမှာ သံလိုက်ဓါတ်ဆွဲငင်ထားသလို လွှဲ၍မရဖြစ်နေ၏။ ခုန်အုပ်ဝင်ရောက်ရန် ဟန်ပြင်နေသော ဝံပုလွေနက်ကြီး၏ အစွယ်များနှင့် ဖွာလံကျဲလှုပ်ရှားနေသော အမွေးကြမ်းရှည်များကိုကြည့်ရင်း ကျွန်ုပ်သည် ဒေါက်တာထင်အောင်ကျော်နှင့် ဘေးလူများကြားအောင် အားကုန်အော်ဟစ်လိုက်၏။

သို့သော် ကျွန်ုပ်အသံမှာ လည်ချောင်းဝတွင်သာ ပျောက်ကွယ်သွားပြီး နှုတ်က အာစေးမိသလို ဖွင့်မရအောင် ဖြစ်နေ၏။ ကျွန်ုပ်၏ကြောက်ရွံ့မှု အထွတ်အထိပ် ရောက်သွားချိန်မှာပင် ဝံပုလွေကြီးက ကျွန်ုပ်ထံသို့ ဖျတ်ခနဲ ခုန်အုပ်လိုက်လေ၏။ အကြားအာရုံ၌ "ဝုန်း . . ." ခနဲ အသံတစ်ချက်ကြားလိုက်ရပြီး ကျွန်ုပ်၏မျက်ဝန်းလည်း ဖျတ်ခနဲပွင့်သွားရာ ပြတင်းတံခါးမှာ အောက်သို့ကျကာ ပိတ်သွားခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

ဒေါက်တာထင်အောင်ကျော်က ၎င်းပြတင်းတံခါးကို ပိတ်လိုက်ခြင်း ဖြစ်သည်။

"ညဉ့်နက်လာတော့ လေက အရမ်းအေးတယ်၊ ဒါကြောင့် ကျွန်တော်တံခါးပိတ်လိုက်တာ၊ တံခါးက ကျပ်နေတော့ အသံမြည်သွားတာ၊ စိတ်ချလက်ချ ပြန်အိပ်လို့ရပြီ၊ ကျွန်တော်လည်း တစ်ရေးတစ်မော မှိန်းလိုက်ဦးမယ်"

ဟုပြောကာ တဖက်သို့စောင်းပြီး မျက်နှာကို သက္ကလပ်ဦးထုပ်နှင့်အုပ်၍ အိပ်လေတော့၏။ ကျွန်ုပ်မှာမူ စောစောက မြင်တွေ့လိုက်ရသော ဝံပုလွေနက်ကြီးများမှာ တကယ်ပင် မြင်တွေ့လိုက်ခြင်းလား၊ အိပ်ပျော်သွား၍ ကယောင်ခြောက်ခြားအိပ်မက်



www.burmeseclassi.com

www.burmeseclassi.com



များ မက်နေခြင်းလား ဆိုသည်ကို ဝေခွဲမရဖြစ်နေမိ၏။ ပြတင်းတံခါးကို ပြန်ဖွင့်ပြီး ကြည့်ရကောင်းမလား၊ အိပ်ပျော်အောင် အိပ်ရကောင်းမလား တွေးမိ၏။

သို့သော်လည်း တံခါးဖွင့်ရန် မဝံ့မရဲဖြစ်နေသည်မို့ မျက်လုံးစုံမှိတ်ကာ အိပ်စက်ဖို့ ဆုံးဖြတ်လိုက်၏။ မျက်ဝန်းများကို မှိတ်ထားသော်လည်း အမြင်အာရုံ၌ ဝံပုလွေနက်ကြီး၏ နီရဲတောက်ပနေသော မျက်လုံးများကို ပြန်မြင်ယောင်ကာ ရင်တွေတဒိတ်ဒိတ်ခုန်နေတော့၏။ အတန်ကြာမှ မျက်လုံးများ လေးလံကာ အိပ်ပျော်သွားတော့၏။

* * * *



## အခန်း (၆)

ကာလကတ္တားမြို့သည် အာရှတိုက်၏ လန်ချားမြို့တော်ဟုပင် သတ်မှတ်ကြသည်မှာ လွန်အံ့မထင် . . . ။ လန်ချားများမှာ ပုရွက်ဆိတ်အုံကြီးပမာ လူးလာခတ်နေကြ၏။ ကျွန်ုပ်တို့လည်း အထွေအထူး စဉ်းစားမနေတော့ဘဲ နီးစပ်ရာ လန်ချားတစ်စီးကို ငှားကာ "ပါနီ" ကလပ်သို့ မောင်းခိုင်းလိုက်၏။ ၄င်းကိစ္စများကို ဒေါက်တာထင်အောင်ကျော်က သူ့နည်းသူ့ဟန်ဖြင့် စီစဉ်နေခြင်းဖြစ်၏။

လန်ချားကုလားသည် ရှုပ်ထွေးပွေလီလျက်ရှိသည့် မြင်းလှည်းများ၊ လန်ချားများ၊ ကားများကို ကျွမ်းကျင်စွာ ကွေ့ပတ်ရှောင်တိမ်း၍ ဆွဲနေလေ၏။ မိနစ်နှစ်ဆယ်ခန့်ကြာသော် လမ်းချိုးတစ်ခုထဲ ချိုးဝင်လိုက်ပြီး ဗြိတိသျှအလံစိုက်ထူထားသော အဆောက်အဦးရှေ့၌ ရပ်လိုက်လေ၏။



www.burmeseclassi.com

www.burmeseclassi.com



"ခပ်သွက်သွက်ဆင်းဗျို့၊ ကျွန်တော့်စိတ်အထင် မစ္စတာ ဘွန်ဘရောင်းကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရမလား မဆိုနိုင်ဘူး"

ဒေါက်တာထင်အောင်ကျော်သည် လန်ချားပေါ်မှ ဆင် ပြီးသည်နှင့် လန်ချားခကို ထုတ်ပေးပြီး ခရီးဆောင်အိတ်ကိုယူက ၄င်းအဆောက်အဦးဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွာ ရာ ကျွန်ုပ်လည်း အိတ်ကိုလွယ်ကာ ကသောကမျော လိုက်သွား တော့၏။ ၄င်းကိုမှီသည်နှင့် . . .

"တစ်ဆိတ်လင်းစမ်းပါဦးဗျာ၊ ခုနက ပြောလိုက်တဲ့ မစ္စတာ ဘွန်ဘရောင်းဆိုတာ ကျုပ်တို့ကိစ္စနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

ထိုအခါ ဒေါက်တာထင်အောင်ကျော်က ဦးခေါင်းကို ဆတ် ခနဲ ညိတ်လိုက်ပြီး . . .

"ကျွန်တော့်စကားကို ကြားရရင် ကိုမျိုးမြတ်အံ့သြသွာ မလား မဆိုနိုင်ဘူး၊ အဲဒီအတွေးကို ကာလကတ္တားရောက်တဲ့အထ ကျွန်တော်မတွေးမိသေးဘူး၊ လန်ချားပေါ်ရောက်လို့ ကိုမျိုးမြတ်မေ လိုက်မှ တန်းခနဲ သတိရလိုက်တာ၊ မစ္စတာဘွန်ဘရောင်းဆိုတာက အင်္ဂလိပ်လေတပ်မှာ ကပ္ပတိန်အဆင့်ရှိတဲ့ လူမျိုးပဲ၊ သူဟာ ရှေ ဟောင်းပစ္စည်းအထူးအဆန်းတွေကို စိတ်ဝင်စားသလို ဝယ်ယူ ဆောင်းတဲ့ အလေ့အကျင့်ရှိတယ်၊ ဝယ်ရောင်းသဘောမျိုးမဟုတ်ဗျာ ဝါသနာပါသလို အလွန်တွက်ခြေကိုက်တဲ့ သူ့ရဲ့စီးပွားရေးလုပ်ငန် တစ်ခုလည်း ဖြစ်တယ်၊ ကျွန်တော်နဲ့တော့ ဝါသနာတူဖြစ်လို့ အကြိ ကြိမ် ထိပ်တိုက်တွေ့ဆုံဖူးတယ်။

ကျုပ်တို့ကိစ္စကို ကူညီနိုင်တာ သူတစ်ယောက်ကလွဲပြီ ဘယ်သူမှ မဖြစ်နိုင်ဘူး၊ သူ့အကူအညီသာ ရမယ်ဆိုရင် ကျွန်တော်





တို့ ရန်ကုန်ကို နေ့ချင်းရောက်ဖို့မဆိုထားနဲ့ ဂျပန်ကို သွားချင်သပ ဆိုရင်တောင် ပို့ပေးနိုင်တဲ့ အခွင့်အလမ်းရှိတယ်၊ ဒီ 'ပါနီ' ကလပ်က အင်္ဂလိပ်အစိုးရတိုင်းက မျက်နှာဖြူအထက်တန်းလွှာတွေ၊ လူကုန်ထံ တွေ ဝင်ထွက်လေ့ရှိတဲ့ ကလပ်ပဲ။

ဘွန်ဘရောင်းတို့လူစုဟာ ခုနှစ်နာရီခွဲဆိုရင် မနက်စာ လာစားလေ့ရှိတယ်၊ ကျွန်တော် ဒီမြို့မှာ ခေတ္တနေတုန်းက သူနဲ့အတူ ဒီကလပ်မှာ မကြာခဏဆုံတယ်"

ဆင်ဝင်အောက်သို့ရောက်သည်နှင့် ဒေါက်တာထင်အောင် ကျော်သည် ဝတ်စုံကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်ပြီး ဦးစွာဝင်ရောက်သွားလေ၏။ အပေါက်ဝရှိ စန္ဒရီအစောင့်အား ၄င်းက အင်္ဂလိပ်လို ရယ်မောစွာပြောပြီး ရူပီးအနည်းငယ် ဘောက် ဆူးပေးလိုက်ရာ အစောင့်လည်း ဆလံပေးပြီး တံခါးမကြီးကို ဖွင့် ပေးလေ၏။

ကလပ်အတွင်းရောက်သည်နှင့် ၄င်းကလပ်၏ ခမ်းနားမှု ကို တွေ့မြင်ရလေ၏။ အစိမ်းရောင်ကော်ဇောကို ခန်းလုံးပြည့်ခင်း ထားပြီး အရက်ဘားမှာ နံရံတွင်ကပ်လျက် ရှိ၏။ ဘိလိယက်ခုံ သုံးခုံနှင့် ပိုကာကစားသော ဝိုင်းနှစ်ဝိုင်းလည်း တွေ့ရ၏။ စား သောက်ခန်းမှာ ထိုအခန်း၏တစ်ဖက်တွင် သီးခြားရှိ၏။

စားသောက်ခန်းထဲတွင် မျက်နှာဖြူအချို့ နံနက်စာစား သောက်နေကြသည်ကို တွေ့ရ၏။ စန္ဒရီအစော သည် ကျွန်ုပ်တို့ အား စားသောက်ခန်းထောင့်ရှိ လှေကားမှ အပေါ်ထပ်သို့ ခေါ်သွား ရာ အပေါ်ထပ်မှာ သီးသန့်ခန်းငယ်လေးများ ဖွဲ့စည်းထားသည်ကို တွေ့ရ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် ဖြစ်၏။



www.burmeseclassi.com

www.burmeseclassi.com



မစ္စတာဘွန်ဘရောင်းသည် အထက်တန်းကျသည့် အခန်းငယ်လေးတစ်ခန်းတွင် နံနက်စာစားသောက်လျက် ရှိသည်။ ရှပ်အင်္ကျီလက်တိုနှင့် ကာကီရောင်ဘောင်းဘီဝတ်ထားပြီး ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေးကားကားနှင့် ဖြစ်၏။ ဒေါက်တာထင်အောင်ကျော်သည် ထိုသူကို မြင်လိုက်သည်နှင့် တစ်လှမ်းချင်းလျှောက်သွားပြီး သူ၏ရှေ့တွင် ရပ်ကာ . . .

"ဟိုင်း . . . ဟိုင်း . . . ကပ္ပတိန်ဘွန်ဘရောင်း" ဟု လိုက်လိုက်လှဲလှဲ အမူအရာဖြင့် နှုတ်ဆက်လိုက်ရာ ထိုပုဂ္ဂိုလ်ကြီးကလည်း . . .

"ဟိုင်း . . . ဒေါက်တာ၊ လူကလေး ဘယ်ကဘယ်လို မျက်စိလည်လာသလဲ" ဟု အင်္ဂလိပ်ဘာသာဖြင့် အပြန်အလှန် နှုတ်ဆက်ကြလေ၏။ ကပ္ပတိန်ဘွန်ဘရောင်း၏ နှုတ်ဆက်ပုံမှာ ကျွန်ုပ်မိတ်ဆွေကဲ့သို့ လိုက်လိုက်လှဲလှဲမရှိဘဲ အနည်းငယ် မာတောင့်တောင့်ဖြစ်နေသည်ဟု ကျွန်ုပ်ထင်မိ၏။ လူမျိုးကြီးဝါဒဖြင့် ဘဝင်လေဟပ်နေသည်လား မဆိုနိုင်။ ထိုသို့ တွေးလိုက်မိသည့်အတွက် ရန်ကုန်သို့ သွားရောက်မည့်ကိစ္စမှာ အဆင်မှပြေပါ့မလားဟု စိုးရိမ်သွားမိ၏။

မိတ်ဆွေကြီးထင်အောင်ကျော်ကတော့ အေးအေးဆေးဆေး အမူအရာဖြင့် ထိုပုဂ္ဂိုလ်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသည့် စကားသံဖြင့် . . .

"မျက်စိလည်လာတာလို့ ယူဆနိုင်သလို ကပ္ပတိန်အတွက်လည်း အကျိုးရှိမယ့်ကိစ္စတစ်ခု ဆွေးနွေးချင်တာလည်း ပါသပေါ့ဗျာ၊ ဟဲ . . . ဟဲ . . . ဒီလောက်ပြောလိုက်ရင် ကပ္ပတိန်ရိပ်မိမယ်ထင်ပါရဲ့"





ဟုပြောလိုက်ရာ မျက်နှာဖြူကြီး၏ ပြာလဲ့လဲ့မျက်ဝန်းတစ်စုံက သိသာစွာ ပြူးကျယ်သွားလေ၏။ ဒေါက်တာထင်အောင်ကျော်က ၎င်းမျက်ဝန်းတွေကို စူးစိုက်ကြည့်ရင်း အိတ်ကြီးအတွင်းအိတ်မှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်ပြီး ဘဲဥပုံစားပွဲဝိုင်းပေါ် တင်လိုက်လေ၏။ ပြီးနောက် သူ၏နောက်ကျောတွင် ထိုအချိန်အထိ ရပ်လျက်ရှိနေဆဲဖြစ်သည့် ကျွန်ုပ်အား လှည့်ကြည့်ကာ နံဘေးရှိ ကုလားထိုင်၌ ထိုင်ရန်ပြောလိုက်၏။

ထိုအခါမှ ကျွန်ုပ်လည်း ရဲရဲတင်းတင်းပင် ဝင်ထိုင်ဝံ့တော့၏။ သို့တိုင်အောင် စိုးရိမ်ထိတ်လန့်မှုက ရှိနေဆဲဖြစ်၏။ ကျွန်ုပ်သည် ဒေါက်တာထင်အောင်ကျော်တင်လိုက်သည့် လက်သီးဆုပ်အရွယ် ကတ္တီပါအိတ်ကလေးကိုလည်း စိတ်ဝင်တစား ကြည့်နေမိ၏။

ကျွန်ုပ်သာလျှင် မဟုတ်။ ကပ္ပတိန်ဘွန်ဘရောင်း၏ ဘေးတွင်ရှိနေသည့် လူကောင်ကြီးကြီး မျက်နှာဖြူအဖိုးကြီးကလည်း ၎င်းကတ္တီပါအိတ်ကလေးကို စူးစိုက်ကြည့်နေ၏။ ဒေါက်တာထင်အောင်ကျော်သည် ပိုလိုစီးကရက်တစ်လိပ်ကို နှုတ်ခမ်းတွင် တေ့လိုက်ပြီး ရွှေရောင်မီးခြစ်လေးဖြင့် ထောက်ခနဲ မီးညှိပြီးနောက် နှစ်ဖွာသုံးဖွာခန့် အားရပါးရ ဖွာရှိုက်လိုက်၏။ ပြီးနောက် . . .

"ဒီအိတ်ထဲမှာရှိနေတဲ့ ပစ္စည်းက ကပ္ပတိန်တွေးထင်ထားတာနဲ့ တစ်ထပ်တည်းပါပဲ၊ သေချာအောင် ယူကြည့်လိုက်ပါ ကပ္ပတိန်၊ ပြီးတော့မှပဲ ကျွန်တော်တို့ ဆွေးနွေးကြတာပေါ့"

ကပ္ပတိန်ဘွန်ဘရောင်းသည် ဟန်ပင်မဆောင်နိုင်တော့ဘဲ ၎င်းအိတ်လေးကို ကပျာကယာဆွဲယူ၍ အိတ်ထဲက ပစ္စည်းကို လှိုက်ယူလိုက်၏။ ထိုအခါမှ ကျွန်ုပ်လည်း ၎င်းပစ္စည်းမှာ အရောင်အတန်



www.burmeseclassi.com

www.burmeseclassi.com



ကြီးမားသည့် ရှေးဟောင်းငွေဒင်္ဂါးလေးဖြစ်ကြောင်း တွေ့လိုက်ရ၏။ ၎င်းသည် ထိုငွေဒင်္ဂါးပြားလေးကို လက်ညှိုးနှင့် လက်မကြား ညှပ်လျက် အသေအချာ စူးစိုက်ကြည့်ပြီး . . .

"ကျွန်ုပ် ဒီပစ္စည်းကိုရရှိဖို့ မက်ဆိုပိုတေးမီးယားမှာ အတော့်ကို ပင်ပင်ပန်းပန်း အားထုတ်ခဲ့ရတယ်၊ ကျွန်ုပ် . . . ဒေါက်တာ လူကလေးကို လျှော့တွက်မိလိုက်တာ တကယ်မှားသွားတယ်၊ လူကလေးက လေလံပွဲမှာ ဖွဲကောင်းကောင်းနဲ့ အနိုင်ယူသွားခဲ့တယ်၊ ကောင်းပြီလေ . . အခုဘာသဘောနဲ့ ကျွန်ုပ်လက်ထဲကို ဒီဒင်္ဂါးပြားလေး လာထည့်တာလဲ၊ ကျွန်ုပ်ကို ရန်စတဲ့သဘောလား လူကလေး"

ဒေါက်တာထင်အောင်ကျော်သည် စီးကရက်ကို အဆုံးသတ်ဖွာရှိုက်ပြီးနောက် စီးကရက်တိုကို ပြာခွက်ထဲသို့ ချေလိုက်ပြီး-

"ဒီလိုရှိပါတယ် ကပ္ပတိန်၊ မက်ဆိုပိုတေးမီးယားမှာတုန်းက ဒီဒင်္ဂါးကို ကျွန်တော်မရရအောင် ယူခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီဒင်္ဂါးကို ပိုင်ဆိုင်လိုခြင်းထက် မြတ်မြတ်နိုးနိုး တန်ဖိုးထားမိလို့ပါ၊ ဒီပစ္စည်းလေးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းမှာ အထင်ကရရှိခဲ့ပြီး လွန်စွာလျှို့ဝှက်နက်နဲတဲ့ အကြောင်းတရားတွေနဲ့ ပတ်သက်နေလို့ပဲ၊ ဒါကိုလည်း ကပ္ပတိန်ကြီး သိထားပြီးသားပါ၊ ဒါပေမယ့် ကျွန်တော့်လောက်တော့ သိမှာမဟုတ်ပါဘူးလေ၊ ပိုပြီးတိတိကျကျ ပြောရရင် ဒီဒင်္ဂါးပြားလေးဟာ သာမန်ရှေးဟောင်းပစ္စည်း မဟုတ်ဘူး၊ ဒီတော့ ကပ္ပတိန်က ကျွန်တော်နဲ့အပြိုင် ဘယ်ပုံအောရဲပါ့မလဲ"

ဟူ၍ စကားကို အဆုံးသတ်လိုက်ရာ ဘွန်ဘရောင်းဟူသော မျက်နှာဖြူကြီးက ဒင်္ဂါးပြားလေးကို စားပွဲအလယ်တွင် ချထားလိုက်၏။ ထို့နောက် အခန်းအပြင်ရှိ ဝိတ်တာကို ဘဲလ်နှိပ်၍ ခေါ်





လိုက်ပြီး ကျွန်ုပ်တို့အတွက် နံနက်စာများ မှာကြားလေ၏။ ကောက်ခါငင်ခါ ပြောင်းလဲသွားသည့် အမူအရာကြောင့် ကျွန်ုပ်လည်း တအံ့တသြဖြစ်သွား၏။

ထိုပုဂ္ဂိုလ်ကြီးသည် လွန်စွာအကင်းပါးသည်ဟု ဆိုရမည်ဖြစ်၏။ တစ်ချိန်လုံး ငြိမ်လျက်ရှိနေသော ၎င်း၏ဘေးတွင်ရှိသည့် အဖိုးကြီးလည်း စားပွဲအလယ်ရှိ ဒင်္ဂါးပြားလေးကိုကြည့်ရင်း လှုပ်လှုပ်ရွရွဖြစ်နေ၏။ ဒင်္ဂါးပြားလေးကို ချက်ချင်းပင် ကောက်ကိုင်တော့မည်ကဲ့သို့ ဖြစ်နေသည်။ ကျွန်ုပ်မိတ်ဆွေကြီးကိုထင်အောင်ကျော်က ၎င်းတို့ထက်ပင် အကင်းပါးလှပေ၏။

ထိုမျက်နှာဖြူအဖိုးကြီးဘက်လှည့်ကာ ပြုံးပြလိုက်ပြီး . . .

"ကပ္ပတိန်ရယ် . . . ကပ္ပတိန်ကြီးရဲ့ မိတ်ဆွေကြီးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါဦး"

ဟုပြောလိုက်ရာ ထိုအခါမှ ဘွန်ဘရောင်းသည် သတိရသွားပြီး ထိုအဖိုးကြီးနှင့် အပြန်အလှန် မိတ်ဆက်ပေးလေ၏။

"မစ္စတာဂျွန်ဝီလျံ . . သူက မြန်မာနိုင်ငံသား ဒေါက်တာထင်အောင်ကျော်ပါ၊ မြန်မာလူမျိုးထဲမှာတော့ တော်တော်ခေါင်းမာတဲ့ ရဲစွမ်းသတ္တိလည်း အင်မတန်ရှိသူတစ်ယောက်ပဲ၊ ပြီးတော့ အင်မတန် သတိထားဆက်ဆံရမယ့် သူပေါ့ဗျာ"

ဘွန်ဘရောင်းသည် မိတ်ဆက်စကားပြောရင်း ကျွန်ုပ်မိတ်ဆွေကြီးကို ပါးပါးနပ်နပ် ကလိလိုက်ခြင်း ဖြစ်သည်။ ဂျွန်ဝီလျံဟူသော အဖိုးကြီးမှာ ရှေးဟောင်းပစ္စည်းလိုက်မုဆိုးများထဲတွင် အထူးချွန်ဆုံးဟု ယူဆရမည့် ဂျူးလူမျိုးဖြစ်သည်။

ဒေါက်တာထင်အောင်ကျော်က ၎င်းအဖိုးကြီးကို တလေး



www.burmeseclassi.com

www.burmeseclassi.com



တစား နှုတ်ဆက်လိုက်ပြီး . . .

"မစ္စတာဂျွန်ဝီလျံကလည်း ရှေးဟောင်းပစ္စည်းကျွမ်းကျင်သူဆိုတော့ ဟောဒီငွေဒင်္ဂါးကလေးကိုကြည့်ပြီး ထင်မြင်ချက်ကလေးကို ပေးစေချင်ပါတယ်၊ ကျွန်တော့်အမြင်နဲ့ မစ္စတာဂျွန်ဝီလျံရဲ့ အမြင်နှစ်ခုပေါင်းလိုက်ရင် ဒီပစ္စည်းကလေးဟာ ပိုပြီးအဓိပ္ပါယ်လေးနက်သွားမယ်လို့ ယုံကြည်တယ်"

ဂျူးအဖိုးကြီးသည် ခွင့်ပြုချက်ရလိုက်သည်နှင့် စားပွဲပေါ်မှ ငွေဒင်္ဂါးလေးကို ကောက်ကိုင်ကာ သေချာစွာ ကြည့်ရှုရင်းက ၎င်းမျက်လုံးများမှာ တဖျတ်ဖျတ်လက်လာပြီး ကုတ်အင်္ကျီအိတ်ကပ်အတွင်းမှ လက်ကိုင်မှန်ဘီလူးလေးကိုထုတ်၍ အသေအချာ ကြည့်ရှုပြန်၏။

အတန်ကြာမျှ ကြည့်ရှုပြီးနောက် ဒင်္ဂါးလေးကို စားပွဲအလယ်၌ တရိုတသေ ပြန်ထားလိုက်ပြီး ဒေါက်တာထင်အောင်ကျော်ကို စူးစူးစိုက်စိုက်ကြည့်ကာ . . .

ဂျူးအဖိုးကြီးက ဦးခေါင်းကို လေးလေးပင်ပင်ညိတ်လျက်-

"ဒီပစ္စည်းအကြောင်းကို ကျုပ်အသေအချာ သိထားတာရှိတယ် မစ္စတာဘွန်ဘရောင်း၊ ဒီပစ္စည်းဟာ ရှေးဟောင်းပစ္စည်းတစ်ခုဆိုတာထက် ပိုတယ်၊ အထူးသဖြင့် မြန်မာ့သမိုင်းကြောင်းနဲ့ ဆက်နွယ်နေတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အကြောင်းတရားတွေ ရှိတယ်"

ဟူ၍ အခိုင်အမာ ပြောဆိုလိုက်၏။

"ကဲ . . . ကပ္ပတိန်၊ ကပ္ပတိန်ရဲ့ ကိုယ်စားလှယ်ကလည်း ထောက်ခံပြောဆိုနေပြီဆိုတော့ ဒီပစ္စည်းအပေါ်မှာ ကပ္ပတိန်နဲ့ ကျွန်တော် အပေးအယူလုပ်ချင်တယ်"





"ဩော် . . . ဒေါက်တာလူကလေး ဒီကို ကျုပ်နဲ့ လာတွေ့ကတည်းက ကျုပ်တွေးထားပြီးသားပါ။ ကောင်းပြီလေ . . . ဘယ်လိုအပေးဆိုတာ ပြောပါဦး"

"တစ်ခြားသူအတွက်တော့ အခက်အခဲ ရှိချင်ရှိနိုင်ပေမယ့် မစ္စတာဘွန်ဘရောင်းအတွက်တော့ ဒီကိစ္စဟာ ပါးပါးလေးပါ၊ ကျွန်တော် အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် ရန်ကုန်ကို နေ့ချင်းရောက်ဖို့ဆိုတာ လေယာဉ်ပျံနဲ့သွားဖို့ကလွဲပြီး တစ်ခြားနည်းလမ်းမရှိဘူး၊ ကာလကတ္တားနဲ့ ရန်ကုန်ကို အစိုးရစစ်ဖက်သုံးလေယာဉ်ပျံကလွဲလို့ တစ်ခြားလေယာဉ်ပျံခရီးစဉ် မရှိဘူးလေ၊ အဲဒီကိစ္စအတွက် ကပ္ပတိန်စီစဉ်ပေးမယ်ဆိုရင် ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ ဒီဒင်္ဂါးလေးကို လက်ဆောင်အဖြစ် ပေးပါ့မယ်၊ ကာလကတ္တားမှာ ကပ္ပတိန်ရဲ့အရှိန်အဝါနဲ့ စီစဉ်ရင် ရမယ်ဆိုတာ ကျွန်တော်သိထားပါတယ်၊ ကျွန်တော့်ဘက်က တန်ဖိုးထပ်တိုးတဲ့အနေနဲ့ ဒီဒင်္ဂါးလေးရဲ့ လျှို့ဝှက်ချက်ကို ခုပဲပြောပြပါ့မယ်"

"အင်း . . . ဒေါက်တာလူကလေး၊ အတော်သတိထားရမယ့်လူလို့ ကျုပ်ပြောခဲ့တာ တကယ့်ကို မှန်နေတာပါပဲလေ၊ ကောင်းပြီလေ . . . အဲဒီအပေးအယူကို ကျုပ်လက်ခံတယ်၊ လူကလေးတို့ ဒီနေ့ပဲ ရန်ကုန်ရောက်ရစေမယ်"

ထိုသို့ ဝန်ခံကတိပြုလိုက်သော်လည်း မိတ်ဆွေကြီးထင်အောင်ကျော်သည် ချက်ချင်းမပြောသေးဘဲ ဂျူးအဖိုးကြီးကို တစ်ချက်ဝေ့ကြည့်လိုက်ရာ ထိုအဖိုးကြီးက သဘောပေါက်သွားပြီး . . .

"ပြောမှာသာ ပြောလိုက်ပါ ဒေါက်တာ၊ ကပ္ပတိန်ဘွန်ဘရောင်းဟာ ပြောတဲ့အတိုင်း ဘယ်လောက်ကတိတည်တယ်ဆိုတာ



www.burmeseclassi.com

www.burmeseclassi.com



ကျွန်တော်ထောက်ခံပါတယ်"

ဟုပြောလိုက်တော့မှ မိတ်ဆွေကြီးထင်အောင်ကျော်က ငွေဒင်္ဂါးလေးကို ကောက်ကိုင်ကာ အရှေ့ခြမ်းရှိ ရုပ်ပုံကို ထောင်ပြလိုက်ပြီး . . .

"ဒီဘက်အခြမ်းမှာ ရှိတဲ့ပုံက ကျွန်တော်တို့ မြန်မာသမိုင်းကြောင်းမှာ လွန်စွာထင်ရှားတဲ့ စစ်သူကြီးသူရိယရဲ့ပုံပဲ၊ သက္ကရာဇ် (၁၂၂၇) ခုနှစ်လောက်က တရုတ်စစ်သည်တွေဟာ ကျွန်တော်တို့ နိုင်ငံအတွင်းကို ကျူးကျော်ဝင်ရောက်ပြီး ပြည်သူလူထုကို နှိပ်စက်သတ်ဖြတ်ကြတယ်၊ စစ်သူကြီးသူရိယဟာ အဲဒီတရုတ်စစ်သည်တွေကို ဦးဆောင်ပြီး ရဲရဲဝံ့ဝံ့ သုတ်သင်ရှင်းလင်းခဲ့တယ်၊ အဲဒီမှာ မမျှော်လင့်တဲ့ အခြေအနေနဲ့ ရင်ဆိုင်လိုက်ရတယ်"

"စစ်သူကြီးသူရိယက ငါတို့စစ်သည်တွေဟာ ယုတ်မာရိုင်းစိုင်းတဲ့ ခွေးတရုတ်တွေကို လေးနှစ်လေးမိုးတိုင် တွေ့ရာသင်္ချိုင်းခါးမဆိုင်း သုတ်သင်ခဲ့ရလို့ ငါတို့ရဲမက်တွေ ခရီးပန်းခဲ့ကြပြီ၊ ငါတို့တွေဟာ သံလွင်မြစ်ခရီးမှာ အခိုင်အမာ တပ်စွဲထားတဲ့ တရုတ်စစ်သည်တွေကို ခွေးသေ၊ ဝက်သေ,သေအောင် တိုက်ခိုက်နိုင်ခဲ့ကြတယ်။

အခုလို စစ်မက်ရေးရာမှာ တပန်းသာနေချိန်ရောက်မှ မိမိရဲ့သဘောဆန္ဒကို တစ်စုံတစ်ရာမယူဘဲ မင်းတရားကြီးက စစ်ရှုံးတပ်ပျက် တရုတ်တပ်မှူးတွေနဲ့ ကိုယ်ကျိုးအတ္တကိုကြည့်ပြီး သူ့သဘောနဲ့သူ စစ်ပြေငြိမ်းရေးစာချုပ်ကို ရုတ်တရက် ချုပ်ဆိုလိုက်တယ်၊ စစ်ပွဲဆိုတာ လူကြီးတွေက စကားပြောပြီး လူငယ်တွေက အသက်ပေးကြရတယ်၊ အသက်ပေးခဲ့ကြတဲ့ ငါတို့ရဲမက်တွေရဲ့





မျက်နှာကိုမှမထောက် ငါဘုရင်ဆိုတဲ့ အမိန့်အာဏာနဲ့ ဆုံးဖြတ်ချင်သလို ဆုံးဖြတ်နေတာကို ငါလက်မခံဘူး . . . ဟူ၍ အမျက်ဒေါသဖြစ်ခဲ့ရတယ်။ အဲဒီနောက်မှာ စစ်သူကြီးသူရိယဦးဆောင်တဲ့ စစ်သည်ရဲမက်တွေကို မင်းတရားကြီးက နေပြည်တော်ကို ဆင့်ခေါ်ပေမယ့် ကိုယ်ကျိုးအတ္တကိုသာ ရှေ့တန်းတင်တဲ့ ဘုရင်လက်အောက်မှာ အမှုတော့်မထမ်းဘူးလို့ ဆန့်ကျင်ပြီး အန္တရာယ်ကင်းရာ တောနက်ထဲကို ရှောင်ရှားသွားကြတယ်။

သူနဲ့တကွ အင်အားသုံးရာခန့်ရှိတဲ့ စစ်သည်ရဲမက်တွေဟာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ် အနှောက်အယှက်များကြားမှာ လုံခြုံမှုကို အဓိကထားပြီး ရုပ်ပျက်ဆင်းပျက်နဲ့ အရံအတားကောင်းလှတဲ့ တောင်ဟာစ်လုံးအတွင်း ခိုအောင်းစခန်းပြုခဲ့ကြတယ်၊ အဲဒီမှာပဲ သူတို့တွေဟာ ထင်သလိုဖြစ်မလာဘဲ ဘေးအန္တရာယ်အမျိုးမျိုးနဲ့ ရင်ဆိုင်ရပြီး ရဲမက်တွေဟာ သေဆုံးတိမ်းပါးသွားကြတယ်၊ အဖျားအနာဝေဒနာတွေ၊ သားရဲတိရစ္ဆာန်တွေရဲ့ တိုက်ခိုက်မှုတွေကြောင့် ဖြစ်တယ်၊ ရာသီဥတုဆိုးဝါးမှု၊ အဝတ်အထည်မလုံလောက်မှု၊ နောက်ဆုံးတော့ ဝမ်းရောဂါစွဲကပ်ပြီး ရဲမက်တွေဟာ တဖြုတ်ဖြုတ် သေဆုံးသွားကြတယ်၊ စစ်သူကြီးကိုယ်တိုင်လည်း ကျန်းမာရေး ချို့ယွင်းလာတယ်၊ ဒါကြောင့် စစ်သူကြီးက တရုတ်စစ်သည်တွေထံက သိမ်းဆည်းရယူခဲ့တဲ့ ကျောက်မျက်ရတနာအမြောက်အမြားကို အဲဒီလှိုဏ်ခေါင်းကြီးရဲ့ တစ်နေရာမှာ လျှို့ဝှက်သိမ်းဆည်းလိုက်တယ်။

စစ်သူကြီးဟာ အမြော်အမြင်ကြီးသူပီပီ သူတို့ခိုအောင်းရာအရပ်ဒေသ၊ ရတနာများမြှုပ်နှံရာ နေရာတွေကို ငွေဒင်္ဂါးပြုလုပ်ပြီး



www.burmeseclassi.com

www.burmeseclassi.com



မြေပုံညွှန်းရေးခဲ့တယ်၊ အဲဒီအချိန်မှာ သူတို့ရဲမက်တွေထဲက ကျန်းမာရေးကောင်းတဲ့ ရဲမက်တွေကို အဖွဲ့သုံးဖွဲ့ခွဲပြီး ဒင်္ဂါးပြားသုံးပြားကို အပ်နှံလိုက်တယ်၊ ပြီးတော့ အဲဒီအဖွဲ့သုံးဖွဲ့ကို အဲဒီဒေသကနေ ထွက်ခွာသွားစေတယ်၊ လွန်စွာသစ္စာရှိတဲ့ ရဲမက်တွေကိုလည်း သစ္စာဆိုခိုင်းခဲ့တယ်၊ နောင်ဆယ်နှစ်ကြာမြင့်တဲ့အခါ အဲဒီအဖွဲ့သုံးဖွဲ့စုပေါင်းပြီး မြေပုံညွှန်းအတိုင်း ရတနာပစ္စည်းများကို ရယူပြီး အများအကျိုးအတွက်၊ အမျိုးဘာသာအတွက် ဆောင်ရွက်ဖို့ သစ္စာပြုစေခဲ့တယ်၊ ရဲမက်စစ်သည်အဖွဲ့သုံးဖွဲ့က သစ္စာပြုပြီး တိုင်းပြည်ရဲ့နေရာဒေသအသီးသီးကို ထွက်ခွာသွားကြကာ နောင်ဆယ်နှစ်ကြာရင် ပြန်လည်တွေ့ဆုံကြရန် ဆုံးဖြတ်ခဲ့ကြတယ်၊ ကာလကြာလာတာနဲ့အမျှ လူ့သဘာဝအတိုင်း သူတို့တွေဟာ လောဘ၊ အတ္တ၊ မာန်မာနတွေနဲ့ ရတနာတွေကို ထုတ်ယူဖို့ ကြိုးစားရင်းက အချင်းချင်းလုယက်တိုက်ခိုက်ကြတဲ့အတွက် ဒင်္ဂါးပြားတွေဟာ လက်အမျိုးမျိုးပြောင်းလဲရောက်ရှိသွားတယ်၊ ဒါပေမယ့် ရာစုနှစ်များစွာကြာတဲ့တိုင် ဒင်္ဂါးပြားလေးသုံးပြားဟာ ပေါင်းစည်းခွင့်မရကြဘူး၊ ဒင်္ဂါးပြားလေးကြောင့် လူ့အသက်ပေါင်းများစွာသာ ဆုံးရှုံးခဲ့ရတယ်၊ ဒီဒင်္ဂါးပြားလေးဟာ အဲဒီဒင်္ဂါးသုံးပြားထဲက တစ်ခုပဲ၊ နောက်ကျောမှာ ရေးခြစ်ထွင်းထုထားတာက မြေပုံတစ်ခုဖြစ်ပေမယ့် မပြည့်စုံဘူး၊ နောက်ထပ် ဒီလိုဒင်္ဂါးမျိုး နှစ်ခုရှိသေးတယ်။

ရွှေ၊ ကြေး၊ မိုးကြိုးသွားဆိုတဲ့ သတ္တုတွေနဲ့လုပ်ထားတဲ့ ဒင်္ဂါးသုံးခုပေါင်းဆုံလို့ ပေါ်ထွက်လာတဲ့ မြေပုံဟာ သူရိယရတနာသိုက်ကို ဖော်ထုတ်နိုင်မယ့် မြေပုံပဲ၊ ကဲ . . . ကပ္ပတိန်ဘွန်ဘရောင်း . . . ဒီဒင်္ဂါးပြားလေးဟာ ကပ္ပတိန်ရဲ့ ပစ္စည်းဖြစ်သွားပြီ၊ နောက်





ထပ် ဒင်္ဂါးနှစ်ခုရှာနိုင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်၊ ကျွန်တော့်မှာ စက္ကန့်နဲ့အမျှ အရေးကြီးနေလို့ ခရီးအတွက် အမြန်သာ စီစဉ်ပေးပါတော့”

ဟူ၍ အဆုံးသတ်စကားနဲ့အတူ တောင်းဆိုလိုက်ရာ ဘွန်ဘရောင်းဟူသော မျက်နှာဖြူပုဂ္ဂိုလ်ကြီးလည်း ဒင်္ဂါးလေးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး . . .

“သန့်ခရူး . . . လူကလေး၊ လူကလေးတို့အတွက် ကျွန်ုပ်ကောင်းကောင်းစီစဉ်ပေးရမှာပေါ့”

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၇)

ကျွန်ုပ်သည် မြန်မာပြည်သို့ပြန်ရသော အိပ်မက်များကို မကြာခဏ မက်ဖူးသော်လည်း လေယာဉ်စီး၍ ပြန်ရမည်ဟုကား တွေးလည်း မတွေးမိသလို အိပ်မက်လည်း မမက်မိခဲ့ပေ။ ကျွန်ုပ်တို့ လိုက်ပါခွင့်ရသည့် လေယာဉ်မှာ ကမ္ဘာစစ်ကြီးအတွင်း ကင်းထောက် လုပ်သည့် ပန်ကာတစ်လုံးတိုး လေယာဉ်ငယ်လေးဖြစ်သည်။

အင်္ဂလိပ်အစိုးရပိုင်း အကြီးအကဲများ လျှို့ဝှက်အမြန်စစ် ရေးကိစ္စများနှင့် ပတ်သက်လျှင် ၎င်းလေယာဉ်ငယ်လေးများကို အသုံးပြုလေ့ရှိ၏။ လေယာဉ်မောင်းနှင်သူမှာ ကပ္ပတိန်ဘွန်ဘရောင်း က "စမစ်" ဟုခေါ်ဆိုသည့် အသက်ငါးဆယ်ကျော်ခန့်ရှိသည့် မျက်နှာဖြူပုဂ္ဂိုလ်ကြီးဖြစ်သည်။ ကပ္ပတိန်ဘွန်ဘရောင်းသည် ဟာ ကွက်မရှိအောင် စီစဉ်ပေးခဲ့လေ၏။

ရန်ကုန်မြို့ပြင်ရှိ အင်္ဂလိပ်စစ်တပ်တစ်ခုအနီး ဂေါက်ကွင်း





တစ်ခုတွင် ဆင်းသက်နိုင်ရန် လိုအပ်သည့် စစ်ဘက်ဆိုင်ရာ စာရွက် စာတမ်းများ ပြုလုပ်ပေးလိုက်သေး၏။ လေယာဉ်အရှိန်ယူနေစဉ် အတွင်းမှာပဲ မျက်နှာဖြူပုဂ္ဂိုလ်ကြီးသည် ၎င်း၏အိတ်အတွင်းမှ သတ္တုဘူးပြားလေးကိုထုတ်၍ ဝီစကီအနည်းငယ်ကို မော့သောက် လိုက်သေး၏။

မျက်နှာဖြူကြီးသည် လေယာဉ်ကို ပြေးလမ်းအဆုံးသို့ ရောက်လုရောက်ခင်မှာပဲ အပေါ်မော့တက်လိုက်ရာ ရင်တစ်ခုလုံး အေးခနဲ ဟာတာတာကြီး ဖြစ်သွား၏။ လေဖိအားနှင့် လေတိုက် မှုန်းကြောင့် လေယာဉ်နောက်မြီးနှင့် အတောင်နှစ်ဘက်သည် တဒက်ဒက်နှင့် တုန်ခါနေ၏။ အောက်သို့ ငုံ့ကြည့်မိသောအခါ ကျွန်ုပ်၏နှလုံးသားသည် ပါးစပ်မှ ခုန်ထွက်သွားတော့မတတ် အေး ခနဲ ခံစားလိုက်ရ၏။

တောတောင်သစ်ပင်များကို မှုန်ဝါးဝါး မြင်နေရ၏။ မကြာမီ လေကြောင်းတည့်ကာ လေယာဉ်မှာ တည်ငြိမ်သွားပြီး မျက်နှာဖြူကြီးလည်း အေးဆေးစွာ မောင်းနှင်လေတော့၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် လေယာဉ်ပေါ်ရောက် နေသူနှင့် မတူဘဲ ကိုယ်ပိုင်ဧည့်ခန်းထဲတွင် ထိုင်နေသကဲ့သို့ အေးအေးလူလူ အမူအရာမျိုးနှင့် ရှိနေ၏။ ထို့နောက် ကျွန်ုပ်တို့ လေယာဉ်လေးသည် ဘင်္ဂလားပင်လယ်အော်ကို စတင်ကျော်ဖြတ် ရာ တိမ်များ အနည်းငယ် ထူထပ်လာသဖြင့် တစ်ခါတစ်ရံ တိမ် တိုက်ကြီးများထဲ ဖြတ်သန်းရ၏။

ထိုအခါ ကျွန်ုပ်မှာ အထိတ်တလန့် ဖြစ်ရ၏။ လေယာဉ် ပန်ကာလည်သံမှာ တိမ်တိုက်များ တိုးဝှေ့မှုကြောင့် အသံတစ်မျိုး



www.burmeseclassi.com

www.burmeseclassi.com



ထွက်ပေါ်သွား၍ ဖြစ်သည်။ အချိန်အတော်ကြာ မောင်းနှင်လာရ
တိမ်များမှာ ပိုမိုထူထပ်လာသဖြင့် မျက်နှာဖြူကြီးသည် လေယာဉ်
ကို အောက်သို့နှိမ့်ကာ မောင်းနှင်လေ၏။ ထိုအခိုက်မှာပဲ ကျွန်ုပ်
လည်း မျက်နှာဖြူကြီးကို အကဲခတ်ကြည့်လိုက်မိ၏။ သူသည် ထွက်
လာခါစတုန်းကလို ပေ့ါပျက်ပျက် အမူအရာ မဟုတ်တော့ဘဲ အထူး
သတိထားလျက်ရှိသည်ကို သတိပြုမိလိုက်၏။

ထို့အတူ မိတ်ဆွေကြီးထင်အောင်ကျော်မှာလည်း မျက်
မှောင်အနည်းငယ် ကြုတ်ထားပြီး ဖျတ်လတ်နေသည့် ဟန်ပေါ်နေ
၏။ ၎င်းတို့နှစ်ဦး၏ အမူအရာများကို အကဲခတ်လိုက်မိ၍ စိတ်ထဲ၌
တစ်စုံတစ်ခု ထူးခြားနေသည်ဟု ထင်လိုက်မိ၏။

မိနစ်အနည်းငယ်အတွင်းမှာပဲ ရုတ်ချည်းဖြစ်တည်လာ
သည့် အခြေအနေမှာ ကျွန်ုပ်တွေးထင်ထားသည့်အတိုင်း အမှန်ဖြစ်
လာ၏။ ပင်လယ်ရေမျက်နှာပြင်နားကပ်၍ ပျံဝဲနေသော ကျွန်ုပ်တို့
လေယာဉ်လေးမှာ ရုတ်တရက်ဆိုသလို မြူခိုးများမှိုင်းနေသော
အစိုင်အခဲအတွင်း ရောက်ရှိသွားတော့၏။

ထက်အောက်ဘယ်ညာသို့လည်း မမြင်ရတော့သဖြင့်
လေယာဉ်မောင်းသမားမျက်နှာဖြူကြီးသည် လျင်မြန်ပါးနပ်စွာ
အပေါ်သို့ ထောင်တက်လိုက်၏။ မြူနှင်းထုကြီး၏အပေါ်မှ ပျံသန်း
ရန် ကြိုးစားလိုက်ခြင်း ဖြစ်သည်။ ထိုအခိုက် လေတိုက်နှုန်းမှာ
ပြင်းသထက်ပြင်းလာရာ လေယာဉ်ကိုယ်ထည်တစ်ခုလုံးမှာ တုန်ခါ
နေတော့၏။

အပေါ်သို့ ထောင်တက်နေသော်လည်း လေယာဉ်မှာ
ရွေ့လျားခြင်းမရှိဘဲ နေရာတစ်ခုမှာ တန့်နေသည်ဟု ထင်မိ၏။





ကျွန်ုပ်တို့ရောက်နေသော အမြင့်မှာ မြူခိုးများ အနည်းငယ်ပါးသွား
သော နေရာဖြစ်၏။

ထိုစဉ် မိတ်ဆွေကြီးထင်အောင်ကျော်က ကျွန်ုပ်လက်ကို
ကုပ်ပြီး လေယာဉ်အနောက်ဖက်သို့ ညွှန်ပြသဖြင့် ကျွန်ုပ်လည်း
စောင်းငဲ့ကြည့်လိုက်ရာ အနက်ရောင် အစက်အပြောက်ငယ်များကို
တွေ့လိုက်ရ၏။ ထိုအရာများသည် လျင်မြန်စွာ ရွေ့လျားလာပြီး
အချိန်တစ်ခဏအတွင်းမှာပဲ လေယာဉ်နားရောက်လာလေ၏။ ၎

ထိုအခါမှ ၎င်းအရာများမှာ လွန်စွာကြီးမားသော ငှက်
ကြီးများဖြစ်နေသည်ကို တအံ့တသြ သိလိုက်ရ၏။ အရွယ်အစားမှာ
ဗျိုင်းငှက်ထက်ကြီးသော အနက်ရောင်ငှက်ကြီးများဖြစ်ပြီး ကျွန်ုပ်တို့
လေယာဉ်ဆီသို့ ဦးတည်ပျံသန်းလာနေကြ၏။ ထိုငှက်ကြီးများ၏
မမြင်နိုင်သော ဆွဲအားများက ကျွန်ုပ်တို့ လေယာဉ်ပျံလေးကို ညှို့ငင်
ဆွဲထားသလို ဖြစ်နေ၏။

၎င်းငှက်ကြီးများသည် လေယာဉ်ကို တစ်ဖက်တစ်ချက်
စီမှ လေးငါးကောင်ခန့်စီကပ်လျက် ပျံသန်းလိုက်ပါလာကြ၏။
မျက်နှာဖြူလေယာဉ်မောင်းသမားကြီးလည်း အန္တရာယ်ကို ရိပ်စား
မိကာ စက်ရှိန်ကို မြှင့်လိုက်ပြီး အထက်အောက်ဝဲယာ လူးလွန့်
မောင်းနှင်လေ၏။

လေယာဉ်ထိပ်ရှိ ပန်ကာဒလက်များနှင့် ၎င်းငှက်ကြီးများ
ကို ခြိမ်းခြောက်မောင်းနှင်လိုက်ခြင်းဖြစ်ရာ ထိုအခါမှ ၎င်းမျက်နှာ
ဖြူကြီး၏ လေယာဉ်မောင်းကျွမ်းကျင်မှုအစွမ်းကို တအံ့တသြ သိ
လိုက်ရ၏။ တစ်ဖက်တစ်ချက်စီမှကပ်လျက် အတောင်များခတ်ကာ
ချပ်စုလိုက်ပျံသန်းနေသော အနက်ရောင်ငှက်ကြီးများကြောင့်



www.burmeseclassi.com

www.burmeseclassi.com



ကျွန်ုပ်တို့လေယာဉ်လေးမှာ ဘင်္ဂလားပင်လယ်အော်အတွင်း ပျက်ကျနိုင်သည့်အထိ အန္တရာယ်ကြီးမားလှ၏။

မျက်နှာဖြူကြီးသည် လေယာဉ်ခေါင်းကို ညာဖက်သို့ ဦးတည့်လိုက်ပြီး ငှက်ကြီးများကို ဝင်တိုးမိသွား၏။ 'လေယာဉ်တောင်ပံဝဲယာမှ ငှက်ကြီးများကိုလည်း ပန်ကာဦးဘက်ရှိ တိမ်တွေထဲ ဝင်တိုးကာ နှစ်စုခွဲလိုက်၏။ ပြီးလျှင် လေယာဉ်ကို ကျွမ်းထိုးကာ နောက်မှအုပ်စုကို နှစ်စုခွဲပြန်၏။

မျက်နှာဖြူကြီးသည် လေယာဉ်ကို ထိုသို့ကျွမ်းကျင်စွာ မောင်းနှင်ပြီး တိုက်စစ်ဆင်ရာ အနက်ရောင်ငှက်များမှာ တကွဲတပြားစီ ဖြစ်သွားတော့၏။ ထိုအခါမှ ၎င်းက လေယာဉ်ကို တတ်နိုင်သမျှ အမြင့်သို့ ထိုးတက်လိုက်ပြီး အရှိန်မြှင့်၍ မောင်းနှင်ရာ ငှက်ကြီးများလည်း လိုက်မမီအောင် ဖြစ်ကျန်ရစ်ခဲ့တော့၏။

ထိုအခါမှ ကျွန်ုပ်တို့လည်း သက်ပြင်းကိုယ်စီရှိုက်မိကြတော့၏။ မျက်နှာဖြူကြီးက သူ၏စွမ်းဆောင်မှုအပေါ် သဘောကျစွာ ရယ်လိုက်ပြီး ကျွန်ုပ်တို့ဘက်လှည့်ကာ လက်မထောင်ပြလေ၏။ ကျွန်ုပ်တို့ကလည်း ၎င်းကို ချီးကျူးသော အပြုံးများဖြင့် ဂုဏ်ပြုကာ ပြန်လည်လက်မထောင်ပြလိုက်လေ၏။

ရှေ့ဆက်ခရီးတွင် မည်သည့်အနှောက်အယှက်မျှ မတွေ့ရတော့ဘဲ ကျွန်ုပ်တို့လေယာဉ်ကလေးသည် ဘင်္ဂလားပင်လယ်အော်ကိုလွန်၍ ရခိုင်ရိုးမကို ဖြတ်ပြန်လေ၏။ ကိုယ့်တိုင်းပြည်ကိုယ့်ဧရိယာထဲ ရောက်ရှိလာသဖြင့် ကျွန်ုပ်မှာ ရင်ထဲ၌ ပျော်သလိုလို ခံစားလိုက်မိသည်။

ကျွန်ုပ်တို့ ဆင်းသက်မည့်နေရာသို့ ရောက်ရှိချိန်တွင် ရာသီ





ဥတုမှာ သာသာယာယာရှိသဖြင့် မြို့ပြင်ရှိ မျက်နှာဖြူဂေါက်ကွင်းထဲသို့ အခက်အခဲမရှိ ဆင်းသက်လေ၏။ ကျွန်ုပ်တို့သည် မြန်မာပြည်မြေပေါ်သို့ ပိုင်ပိုင်နိုင်နိုင် ခြေချမိကြလေပြီ။

အစောင့်များ၊ ပုလိပ်များနှင့် အင်္ဂလိပ်အရာရှိတစ်ဦးတို့ ကျွန်ုပ်တို့အနီး ရောက်ရှိလာကြ၏။ မျက်နှာဖြူကြီးနှင့် ၎င်းအရာရှိငယ်တို့ အပြန်အလှန် စကားပြောဆိုကြပြီးနောက် အရာရှိငယ်က ကပ္ပတိန်ဘွန်ဘရောင်းပေးလိုက်သော စာရွက်စာတမ်းများကို စစ်ဆေးလေ၏။ ၎င်းကိစ္စမှာ အချိန်တစ်ခဏအတွင်းမှာပဲ ပြီးစီးသွား၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးက ဝမ်းပန်းတသာ လက်ဆွဲနှုတ်ဆက်ပြီး ဂေါက်ကွင်းထဲရှိ အရက်ဘားသို့ ဖိတ်ခေါ်ကာ ကျွန်ုပ်တို့ကို ဧည့်ခံလေ၏။ ကျွန်ုပ်တို့လည်း ဝီစကီသုံးပက်စီလောက်သောက်ပြီး အမောဖြေလျက်ရှိစဉ် မျက်နှာဖြူလေယာဉ်မောင်းသမားကြီးက ငှက်ကြီးများနှင့် ကြုံတွေ့ရခြင်းကို ရယ်စရာကစားပွဲတစ်ခုနှင့် ကြုံခဲ့ရသလို စမြုံ့ပြန်နေသေး၏။

ကျွန်ုပ်လည်း ရင်ထဲက အမှန်ထားရှိသည့် ဆန္ဒအတိုင်း ၎င်းမျက်နှာဖြူကြီး၏ လက်ကိုဆွဲယူကာ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက်ပြီး . . .

"မစ္စတာစမစ် . . ခင်ဗျားဟာ ဗြိတိသျှလေတပ်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်ကလည်း အလွန်ပြောင်မြောက်ခဲ့မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ ခင်ဗျားက ခင်ဗျားရဲ့ကျွမ်းကျင်မှုနဲ့ အန္တရာယ်ကို ကျော်ဖြတ်နိုင်တယ်လို့ ယူဆပေမယ့် တကယ်တော့ ကျွန်တော်တို့နှစ်ဦးရဲ့အသက်ကို ကယ်လိုက်တာပါပဲ၊ အခွင့်အခါကြုံကြိုက်ခဲ့ရင် အဲဒီကျေးဇူးတရားကို တုန့်ပြန်ခွင့်ရပါစေလို့ ကျွန်တော်ဆု



www.burmeseclassi.com

www.burmeseclassi.com



တောင်းပါတယ်"

မျက်နှာဖြူလူမျိုးများထဲတွင် ဟိတ်ဟန်မရှိဘဲ နေထိုင်တတ်သည့် ထိုပုဂ္ဂိုလ်ကြီးကို ကျွန်ုပ်ချီးကျူးလေးစားလိုက်မိသည်။ ပုဂ္ဂိုလ်ကြီးက . . .

"ကျေးဇူးတင်စရာ မလိုပါဘူး မြန်မာကောင်လေးရယ်၊ ဒါဟာ ကျုပ်တာဝန်ကို ကျုပ်အစွမ်းကုန် ဆောင်ရွက်လိုက်တာပါ"

ဟု ရယ်ကာမောကာပြောပြီး ဝီစကီကိုသာ ဖိသောက်လေ၏။ ထို့နောက် ပုဂ္ဂိုလ်ကြီးသည် အရာရှိငယ်ထံမှ လက်မှတ်ထိုးပြီးသော စာရွက်စာတမ်းများကိုယူကာ ကျွန်ုပ်တို့အား နှုတ်ဆက်ပြီး လေယာဉ်ဆီသို့ လျှောက်လှမ်းသွားလေ၏။ လေယာဉ်ပေါ်ရောက်သည်နှင့် ၄င်းက ကျွန်ုပ်တို့အား လက်ပြနှုတ်ဆက်ပြီး လေယာဉ်ကို စက်နှိုးကာ မောင်းထွက်ပျံဝဲသွားတော့၏။

ကျွန်ုပ်တို့အတွက် အခန့်သင့်သလို ဖြစ်သွားပြန်၏။ ရန်ကုန်မြို့ထဲသွားရန် ကားကြုံစီစဉ်ထားကြောင်း၊ ကားမှာ မြို့ထဲရှိ ကြေးနန်းရုံးကြီးအထိ ရောက်မည်ဖြစ်ကြောင်းပြောသဖြင့် ကျွန်ုပ်တို့လည်း လွန်စွာပျော်ရွှင်သွား၏။

ကျွန်ုပ်တို့နှစ်ဦး စစ်သုံးလော်ရီကားကြီးပေါ် ရောက်ချိန်တွင် နေ့လည်ဆယ်နှစ်နာရီထိုးပြီ ဖြစ်၏။ တကယ်တော့ အရာရှိငယ်လေးမှာ ကျွန်ုပ်တို့အား အကျိုးလို၍ ညောင်ရေလောင်းလိုက်ခြင်းပဲ ဖြစ်သည်။ သူသည် ကာလကတ္တားရှိ ကပ္ပတိန်ဘွန်ဘရောင်းနှင့် ရင်းနှီးပါက မိမိအား ရာထူးတိုးစေရန် ပြောဆိုပေးဖို့ ဒေါက်တာထင်အောင်ကျော်ကို အကူအညီတောင်းခံလေ၏။

လွန်စွာအကင်းပါးသည့် မိတ်ဆွေကြီးထင်အောင်ကျော်





ကလည်း . . .

"စိတ်ချပါဗျာ၊ မစ္စတာဘွန်ဘရောင်းနဲ့ တွေ့တဲ့အခါ ကျုပ်အလေးအမြတ် တိုက်တွန်းလိုက်ပါ့မယ်၊ ခုတော့ ကျုပ်တို့ကို ခွင့်ပြုပါဦး"

အရာရှိငယ်လေးမှာ ကျေးဇူးစကားကို အကြိမ်ကြိမ်ပြောပြီးသည်နှင့် ဒရိုက်ဘာကို လက်ပြလိုက်ရာ လော်ရီကားကြီးမှာ ရန်ကုန်သို့ မောင်းနှင်ထွက်ခွာသွားလေတော့၏။ မင်္ဂလာဒုံဘက်ရှိ ရွာများကို ဖြတ်ကျော်လာပြီး တောက်လျှောက်မောင်းနှင်လာရာ မကြာမီ ကမာရွတ်ဘက် ရောက်လာလေ၏။ ယုဒသန်ကောလိပ်ကို မြင်ရသောအခါ ကျွန်ုပ်၏စိတ်ခံစားမှုများက ငယ်ရွယ်သောဘဝဆီသို့ ပြန်လည်ရောက်ရှိသွားသလို ခံစားလိုက်ရ၏။

ကျွန်ုပ်သည် ထိုသို့ ဟိုငေးသည်ငေး ရှိနေစဉ်မှာပဲ မိတ်ဆွေကြီးထင်အောင်ကျော်က ရုတ်တရက် စကားဆိုလိုက်၏။

"ကိုမျိုးမြတ်ရေ . . . ကျွန်တော်တို့ ခရီးစဉ်ဟာ အခက်အခဲတွေကြားကပဲ အဓိကအပိုင်းကို ရောက်လာပြီ၊ ရှေ့ဆက်ကြုံတွေ့ရမယ့် အရာတွေဟာ ကိုသိဒ္ဓိရဲ့အသက်အန္တရာယ်အတွက် အရေးကြီးသလို၊ အခန့်မသင့်ရင် ကျွန်တော်တို့နှစ်ယောက်လည်း အသက်ဆုံးရှုံးသွားနိုင်တယ်၊ ဒီတော့ ကိုမျိုးမြတ်အနေနဲ့ အစစအရာရာ သတိဝီရိယမလွတ်စေနဲ့ဗျာ"

ထိုအခါ ကျွန်ုပ်လည်း စိတ်ထဲဘဝင်မကျဖြစ်သွားပြီး . .

"ကိုထင်ကျော်ဆိုလိုတာက ကိုသိဒ္ဓိတို့ရဲ့ ရန်သူဝံပုလွေနက်တွေဟာ ကိုသိဒ္ဓိကို ကူညီဖို့ ကျွန်တော်တို့ ခရီးထွက်လာတာကို သိနေကြတယ်ပေါ့"



www.burmeseclassi.com

www.burmeseclassi.com



"သိပ်ကို သေချာတာပေါ့၊ ကိုမျိုးမြတ်လည်း လမ်းမှာ အဲဒီ ဂိုဏ်းက လိပ်ပြာတွေနဲ့ တစ်ကြိမ်မက ရင်ဆိုင်ခဲ့ရတယ် မဟုတ်လား၊ တကယ်တော့ လိပ်ပြာတွေဟာ စည်းကမ်းတွေအရ လူတွေကို ဒုက္ခမပေးနိုင်ပါဘူး၊ ကျွန်တော်တို့ကို အသေအချာ ဒုက္ခပေးမှာက မြေလျှောက်ဆိုတဲ့ သူလိုကိုယ်လို လူသားဂိုဏ်းသားတွေပဲဗျ၊ ကျွန်တော်တို့နှစ်ယောက်ကို သူတို့တွေက အမြုတေအတွက် ဝင်ပါလာတယ်လို့ ယူဆပြီး တွေ့ရာသင်္ချိုင်းဓါးမဆိုင်း တိုက်ခိုက်ကြလိမ့်မယ်၊ ဒီတော့ သူတို့က ကိုယ့်ကိုမညှာသလို ကိုယ်ကလည်း ညှာလို့မဖြစ်ဘူးလေ"

ကျွန်ုပ်သည် ဒေါက်တာထင်အောင်ကျော်ကို အထင်ကြီးလေးစားစွာ ကြည့်လိုက်၏။ သူ၏ ရှေ့နောက်တွေးခေါ်နိုင်စွမ်းသည့် ဉာဏ်ပညာကိုသာမက ဗဟုသုတနှံ့စပ်ပုံ၊ ရှေးဟောင်းလောကီပညာရပ်များကို ဇွဲကောင်းကောင်းဖြင့် အမိအရ လိုက်စားနိုင်စွမ်းရှိပုံများကို များစွာလေးစားချီးကျူးမိ၏။ ထိုအခိုက်မှာပဲ ကျွန်ုပ်သည် တစ်စုံတစ်ခုကို သတိရသွားပြီး . . .

"ဒါနဲ့ ကိုထင်အောင်ကျော်က အဲဒီအမြုတေအကြောင်းကို ကိုသိဒ္ဓိနဲ့ မတွေ့ခင်ကတည်းက သိနှင့်နေပြီးပြီပေါ့"

၎င်းက ရုတ်တရက်မဖြေဘဲ သူ၏အကျင့်အတိုင်း ဟက်ကနဲ တစ်ချက်ရယ်လိုက်ပြီး . . .

"ကြိုက်ပြီဗျို့! ကျွန်တော်က တွေးခေါ်တဲ့အခါ အဲဒီလိုပါးနပ်တာမျိုးကို သိပ်သဘောကျတာ၊ မှန်တာပေါ့ဗျာ . . . ကျွန်တော်ဟာ အဲဒီအမြုတေအကြောင်းကို ရှားရှားပါးပါး သိထားကြတဲ့ လူနည်းစုထဲက တစ်ယောက်ပေါ့ဗျာ၊ ဒါကြောင့်လည်း ဒီကိစ္စနှင့် အမှတ်မထင် ကြုံကြိုက်လာတော့ အခွင့်အရေးကို လက်လွှတ်မခံဘဲ





ခြေစုံပစ်ပြီး ဝင်ပါခဲ့တာပေါ့၊ ကိုမျိုးမြတ်ကိုတော့ ဒီအရှုပ်ထဲ တမင်ဆွဲခေါ်လိုက်တယ်လို့ မထင်စေချင်ဘူး၊ ဘယ်လိုအန္တရာယ်မျိုးနဲ့ဖြစ်ဖြစ် ကျွန်တော်ရှေ့က ရင်ဆိုင်ပါ့မယ်"

"ဟာ . . . မဟုတ်တာဘဲဗျာ၊ ကျုပ်နဲ့ ခင်ဗျားနဲ့ဟာ စွန့်စားမှုတွေမှာ ဘယ်လောက်စိတ်တူကိုယ်တူ ဝါသနာကြီးတယ်ဆိုတာ ခင်ဗျားလည်းသိပါတယ်၊ ခင်ဗျားစိတ်ထဲက အဲဒီအတွေးကို ထုတ်လိုက်ပါ ကိုထင်အောင်ကျော်၊ ဒီကိစ္စထဲမှာ ခင်ဗျားဆွဲမထည့်လည်း ကျုပ်ဆန္ဒနဲ့ကျုပ် တိုးဝင်မိမှာပဲ၊ ဘာလို့လဲဆိုတော့ ကျုပ်စိတ်ဝင်စားမှုက အထွတ်အထိပ် ရောက်သွားလို့ပေါ့"

ကျွန်ုပ်က ရင်ထဲရှိ ဆန္ဒအမှန်ကို ထုတ်ဖော်ပြောလိုက်ရာ သူ၏မျက်နှာမှာ ရုတ်ချည်းပင် ကျေနပ်အားရမှုဖြင့် ဝင်းပသွားပြီး-

"ဒီလိုကြားရတဲ့အတွက် ကျွန်တော်တကယ့်ကို ဝမ်းသာတယ်၊ ဒါပေမယ့် အခု ကျွန်တော်တို့ စွန့်စားမှုဟာ ကျွန်တော်တို့အတွက် ဘယ်တော့မှ အချီးအနှီးမဖြစ်ဘူးဆိုတာကို ကိုမျိုးမြတ်ယုံကြည်ထားပါ၊ ဒီထက်ပိုပြီး အလေးအနက်ပြောရရင် ဘဝတစ်သက်လုံး ဘာနဲ့မှအစားထိုးမရသလို တွေးမိတိုင်း တသသနဲ့ အမှတ်ရစေမယ့် စွန့်စားမှုပေါ့ဗျာ"

ကျွန်ုပ်တို့နှစ်ဦးသည် စကားတပြောပြောဖြင့် လိုက်ပါလာခဲ့ရာ ကမ်းနားလမ်းသို့ ရောက်ရှိလာသည်တွင် ဂေါ်ရခါးစစ်သားယာဉ်မောင်းအား ရပ်ခိုင်းလိုက်၏။ ကားအောက်ရောက်သည်နှင့် ၎င်းဂေါ်ရခါးကုလားကို ကျေးဇူးတင်ကြောင်း နှုတ်ဆက်လိုက်ပြီး ဗိုလ်တထောင်ဆိပ်ကမ်းသို့ လျှောက်လာရာ မြို့တွင်းသို့ ခုတ်မောင်းလာသည့် ဓါတ်ရထားကို တွေ့လိုက်ရသဖြင့် လက်ပြတားဆိုက်ပြီး



www.burmeseclassi.com

www.burmeseclassi.com



ခါတ်ရထားပေါ် အမြန်တက်လိုက်ကြ၏။

အချိန်မှာ ညနေသုံးနာရီခန့်ရှိပြီ ဖြစ်၏။ ဒေါက်တာထင်အောင်ကျော်က နာရီကို တစ်ချက်ကြည့်လိုက်ပြီး . . .

"ကိုမျိုးမြတ်ရေ . . . ကျွန်တော်တို့ ပန်းဆိုးတန်းမှာဆင်းပြီး လတ္တာလမ်းကို အမြန်သွားမယ်၊ ဟိုရောက်ရင် အပေါ်ကို ခင်ဗျား အရင်တက်ပါ၊ ဝံနက်တွေက ကျုပ်တို့ကို အဲဒီအခန်းမှာ ထောင်ချောက်ဆင်ထားမှာ သေချာတယ်၊ ကျုပ်တို့ကလည်း အဲဒီထောင်ချောက်ကို ရှောင်လို့မဖြစ်ဘူး၊ တည့်တည့်တိုးဝင်ရလိမ့်မယ်၊ ဒါမှလည်း ကိုသိဒ္ဓိကို ဘယ်ရွှေ့သွားသလဲဆိုတာ သိနိုင်မယ်၊ ကိုမျိုးမြတ်ကို အရင်ဝင်ခိုင်းတယ်ဆိုတာ ကျွန်တော်က ကိုမျိုးမြတ်နောက်ကနေ အခြေအနေကို အချိန်မရွေးဝင်ထိန်းလို့ရတယ်"

ကျွန်ုပ်သည် ထိုအစီအစဉ်ကို နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်၏။ ပန်းဆိုးတန်းတွင် ဓါတ်ရထားရပ်သောအခါ ကျွန်ုပ်တို့နှစ်ဦးလည်း လျင်မြန်စွာဆင်းပြီး ဦးတည်ရမည့် နေရာသို့ လျှောက်လှမ်းလာခဲ့ကြ၏။ အစိုးရရုံးများ ရုံးဆင်းချိန်ဖြစ်၍ လန်ချားများ၊ ဒေါက်ကလပ်များ စည်ကားလျက်ရှိ၏။ ကျွန်ုပ်သည် ဗမာမိန်းမပျိုများကို မတွေ့မြင်ရသည်မှာ ကြာပြီဖြစ်၍ လမ်းတွင် တွေ့ရသော ဆံထုံးမြင့်မြင့်၊ ဖဲထီးဆောင်း၍ အင်္ကျီပါးလေးများ ဝတ်ဆင်ထားသော ပျိုပျိုရွယ်ရွယ်များကို အန္တရာယ်ကြားမှပင် မျက်စိကစားမိသေး၏။

မိတ်ဆွေကြီးကတော့ မည်သည့်အရာကိုမှ ဂရုစိုက်ပုံမရဘဲ ၄င်းလုပ်ဆောင်ရမည့် ကိစ္စများကိုသာ အကွက်ချစဉ်းစားနေပုံရ၏။

"ကဲ . . . ကိုမျိုးမြတ်ရေ၊ ကျွန်တော်ပြောတဲ့ လိပ်စာအတိုင်း





စိတ်ချလက်ချသာ ရှေ့ကသွားတော့၊ ခင်ဗျားအရိပ်အခြေကိုကြည့်ပြီး ကျွန်တော်နောက်က ထပ်ချပ်မကွာ လိုက်လာခဲ့မယ်"

ဟုမှာကြားပြီး လမ်းဘေးရှိ တိုလီမိုလီပစ္စည်းလေးများ ရောင်းသည့် ဆိုင်ထဲဝင်သွားလေ၏။ ထိုအခါမှ ကျွန်ုပ်လည်း စောစောတုန်းက အင်္ကျီပါးလေးများအပေါ် သာယာမှုများမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီး ရင်ထဲစိုးရိမ်လေးလံလို့သွား၏။

တိုက်ရှေ့ရောက်သည်နှင့် ချက်ချင်းမတက်သေးဘဲ ဘေးဘီဝဲယာကို အကဲခတ်ကြည့်လိုက်ရာ တိုက်မျက်စောင်းထိုးလောက်တွင် အောင်စတင်ကားနက်တစ်စီး ရပ်ထားသည်ကို တွေ့ရ၏။ အခြားထူးခြားမှုဟူ၍ ဘာမျှမတွေ့ရပေ။ ထို့နောက် ကျွန်ုပ်လည်း မှောင်မည်းနေသော တိုက်လှေကားထစ်များအတိုင်း ခြေသံကို လုံနိုင်သမျှလုံအောင်လှမ်းကာ တစ်ထစ်ချင်း တက်သွားလိုက်၏။

ပထမထပ်သို့ရောက်သော် တံခါးလက်ကိုင်ဘုကိုကိုင်ပြီး အသာလှည့်ကြည့်ရာ သော့ချထားခြင်းမရှိကြောင်း သိလိုက်ရသဖြင့် ဝင်ရကောင်းနိုး၊ တံခါးခေါက်ရကောင်းနိုးဖြင့် ဝေခွဲမရဖြစ်သွား၏။ အထဲသို့ မဝင်သေးဘဲ တံခါးရွက်အနားကပ်၍ နားစွင့်ကြည့်ရာ မည်သည့်လှုပ်ရှားသံမှ မကြားရသဖြင့် ကျွန်ုပ်လည်း တွေဝေမနေတော့ဘဲ အသာဖွင့်ကာ ဝင်လိုက်၏။

မှောင်မည်းနေသဖြင့် အထဲရှိအရာများကို ပြတ်သားစွာ မမြင်ရပေ။ သို့နှင့် ကျွန်ုပ်လည်း လက်ကိုရှေ့သို့ ငေ့ရမ်းလိုက်ရာ ရှေ့တွင် လိုက်ကာစအမည်းကြီးတစ်ခုကာထားမှန်း သိရ၏။ အထဲတွင် ရန်သူသာရှိပါက ၄င်းအခိုက်တွင် ကျွန်ုပ်အဖို့ ဒုက္ခရောက်သွားနိုင်သည်။ ထိုအခါမှ လွတ်နေသော လိုက်ကာအောက်ခြေဆီမှ



www.burmeseclassi.com

www.burmeseclassi.com



ဝါကျင့်ကျင့် မီးရောင်ဖျော့ဖျော့ ဖြာထွက်နေသည်ကို သတိပြုမိလိုက်၏။

ထိုသို့ဆိုလျှင် အဃဲတွင် လူရှိရမည်ဟု ကျွန်ုပ်တွက်ဆလိုက်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဖြစ်လိုရာဖြစ်ဟူ၍ သဘောပိုက်လျက် ပိုက်ကာကို တွန်းဖယ်ကာ ဝင်လိုက်သည်နှင့် အခန်းထဲတွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်ုပ်မှာ ကြက်သေသေသွားတော့၏။

အခန်းအလယ်ကြမ်းပြင်တွင် ခြေဆုံးခေါင်းဖျား အဝတ်စခြုံလွှမ်းထားသော အလောင်းတစ်လောင်းကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ အလောင်းလဲလျောင်းနေသော ကြမ်းပြင်တွင် ဆေးအနီဖြင့် ကြယ်ပုံရေးဆွဲထားပြီး ၎င်းကြယ်၏အလယ်တွင် အလောင်းကြီးမှာ ငြိမ်သက်စွာ လဲလျောင်းနေခြင်း ဖြစ်သည်။

ကြယ်ထိပ်ထောင့်တိုင်းတွင် ဖယောင်းတိုင်ကြီးများ ထွန်းထားလေ၏။ အခန်းထဲတွင် နံရံကပ်မီးရှို့တစ်လုံးမှလွဲ၍ ပကတိပြောင်ရှင်းနေလေ၏။ ကျွန်ုပ်သည် မြွေအညှို့ခံရသည့် သားကောင်ကဲ့သို့ ထိုအလောင်းရှိရာ တစ်လှမ်းချင်း လျှောက်သွားနေမိသည်။ ထိုအလောင်းမှာ ယောကျ်ားလား၊ မိန်းမလား၊ ဝံနက်များ၏ အကြံပေလားဟူ၍ တွေးနေမိသည်။

အဖြေကိုလည်း သိချင်ဇောများနေ၍ အန္တရာယ်ကို မတွေးမိတော့ပေ။ အခန်းမှာ ပြတင်းများအားလုံးပိတ်ထားပြီး အနက်ရောင်လိုက်ကာများ တပ်ထားလေ၏။ ကျွန်ုပ်အလောင်းနားရောက်သောအခါ ကျွန်ုပ်လည်း မုဆိုးဒူးထောက်ထိုင်လိုက်ပြီး အပေါ်မှလွှမ်းထားသော အဝတ်ကိုဆွဲဖယ်ကာ မည်သူမည်ဝါဖြစ်သည်ကို ကြည့်ရှု





လိုက်၏။

ထိုအခိုက်မှာပဲ အလောင်းကြီးက ဝုန်းခနဲ ထထိုင်လိုက်ပြီး-

"နည်းနည်းလေးမှ မလှုပ်နဲ့ . . ."

ကျွန်ုပ်မှာ ထိတ်လန့်လွန်းမက တုန်လှုပ်သွားသဖြင့် နှလုံးရပ်မတတ်ဖြစ်သွား၏။ အလောင်းကောင်ကြီးက မြန်မာစကားပီပီသသကြီး ပြောပြီး လက်ထဲမှ ခြောက်လုံးပြူးကြီးဖြင့် ကျွန်ုပ်မျက်နှာတည့်တည့်ကို ချိန်ထားလေ၏။ ထိုသူမှာ အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ခန့်သာရှိမည့် ဗလကောင်းကောင်း လူငယ်တစ်ဦးဖြစ်သည်။

ကျွန်ုပ်လည်း စိတ်ကို အထိုက်အလျောက် တည်ငြိမ်အောင်ထိန်းပြီး ထိုသူကို စေ့စေ့ကြည့်ရင်း . . .

"မင်း . . . ဘယ်သူလဲ၊ ဝံပုလွေနက်ဂိုဏ်းကလား" ဟု မေးခွန်းထုတ်လိုက်ရာ ထိုလူငယ်မှာ မထင်မှတ်သော မေးခွန်းကို ကြားလိုက်ရသည်ထင်၏။ ၎င်း၏မျက်နှာတွင် အံ့ဩသလို အမူအရာမျိုး ဖြစ်သွားပြီး . . .

"ခင်ဗျား . . . ကျုပ်ကို ဘာမေးခွန်းမှ မေးစရာမလိုဘူး၊ ဒီအချိန်မှာ ကျုပ်စကားက ခင်ဗျားအသက်လို အရေးကြီးတယ်၊ ကျုပ်အမိန့်အတိုင်း ခင်ဗျားလုပ်ရမယ်၊ ကဲ . . . မတ်တတ်ရပ်စမ်း"

ဟူ၍ ပြောလည်းပြော ၎င်းကိုယ်တိုင်လည်း ထရပ်လေ၏။ ကျွန်ုပ်လည်း ဒူးထောက်နေရာမှ မတ်တတ်ရပ်လိုက်ပြီး . . .

"သိပ်လည်း ဆန္ဒမစောပါနဲ့ မောင်ရင်ရယ်၊ မောင်ရင့်ကို ကျုပ်လည်း မသိသလို မောင်ရင်ကလည်း ကျုပ်ကို မသိပါဘူး၊ ကျုပ်က မင်းရန်သူဆိုရင်လည်း မင်းသဘောပေါ့လေ၊ မဟုတ်လို့



www.burmeseclassi.com

www.burmeseclassi.com



မင်းရဲ့ မိတ်ဆွေဖြစ်နေရင် နောင်တရစရာတွေ့ ဖြစ်ကုန်လိမ့်မယ်"

ကျွန်ုပ်က စကားလုံးကို တိုတိုနှင့် ထိထိမိမိပြောလိုက်ရာ လူငယ်မှာ ရုတ်တရက် တွေဝေလို့သွား၏။

ထိုအခိုက်မှာပဲ ဝုန်းခနဲမြည်သံနှင့်အတူ နံရံကပ်ဗီရိုတံခါးမှာ ပွင့်သွားပြီး အထဲမှလူတစ်ယောက် ထွက်လာ၏။ ထိုလူက လူငယ်အား လေသံခပ်မာမာဖြင့် . . .

"ဟေ့ကောင် . . . ကိုဖြိုး၊ ဒီကောင့်စကားကို နားထောင်မနေနဲ့၊ အခန်းထောင့်က ကြိုးကိုယူပြီး တုပ်ထားလိုက်၊ ပြီးရင် ဗီရိုထဲထည့်ထားလိုက်၊ သူ့လူတွေ နောက်မှာပါလာဦးမှာ"

ဟု အမိန့်ပေးလိုက်၏။

ထိုလူမှာ အသက်လေးဆယ်ဝန်းကျင်ခန့်ရှိပြီး ဗလကောင်းကောင်း၊ နှုတ်ခမ်းမွေးကားကားနှင့် ဖြစ်၏။ ကိုဖြိုးဆိုသည့် လူငယ်လည်း ထိုပုဂ္ဂိုလ်ကြီး၏အမိန့်အတိုင်း ကျွန်ုပ်အားတုပ်နှောင်ရန် ကြိုးကို သွားယူလေ၏။ ဗီရိုထဲမှထွက်လာသော ပုဂ္ဂိုလ်ကြီးက ကျွန်ုပ်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။

ထိုအခိုက် ကျွန်ုပ်နောက်ကျောမှ လိုက်ကာစမှာ ဖျတ်ခနဲပွင့်သွားပြီး တစ်စုံတစ်ယောက်သည် ကြောင်တစ်ကောင်နှယ် ပေါ့ပါးစွာ ဖျတ်ခနဲ ခုန်ထွက်လာ၏။ တစ်ဆက်တည်းဆိုသလိုပင် လက်ထဲမှ အရာဝတ္ထုတစ်ခုဖြင့် ကိုဖြိုး၏ သေနတ်ကိုင်ထားသော လက်ကိုလှမ်းပစ်လိုက်ကာ ကြိုးကိုပြန်ဆွဲယူလိုက်ပြီးနောက် ဗလကောင်းကောင်းနှင့် လူကြီးအား ထိုကြိုးထုံးစဖြင့် တစ်ဆက်တည်း ပစ်ကာ တိုက်ခိုက်ပြန်၏။

ထိုပုဂ္ဂိုလ်ကြီးမှာ အတွေ့အကြုံများစွာရှိသည့် တိုက်ခိုက်





ရေးသမား ဖြစ်ပေလိမ့်မည်။ ၎င်းထံဝင်ရောက်လာသော ကြိုးထုံးစကို ဖျတ်ခနဲ နောက်သို့လှန်ချပြီး ရှောင်လိုက်နိုင်၏။ ကိုဖြိုးကလည်း သေနတ်ကို ကောက်မည်အလုပ်တွင် ကျွန်ုပ်လည်း ပါးပါးနပ်နပ်ဖြင့် သေနတ်ကို ခြေဖြင့်ခတ်ထုတ်လိုက်၏။ ထိုအခါ ကိုဖြိုးက သေနတ်ကို မကောက်တော့ဘဲ ကျွန်ုပ်ကို တစ်ရှိန်ထိုး ပြေးဝင်တိုက်ခိုက်တော့၏။

ကျွန်ုပ်လည်း ကိုဖြိုး၏လက်သီးချက်များကို ယိမ်းကာယိမ်းကာ ရှောင်တိမ်းလိုက်ပြီး ၎င်း၏မေးဖျားသို့ ခြေဖြင့်ခတ်ကာ တုန့်ပြန်လိုက်ရာ ကိုဖြိုးမှာ ကျွန်ုပ်ပြန်လည်တုန့်ပြန်သည်ကို တအံ့တသြဖြစ်သွားပြီး နောက်သို့လန်ထွက်သွား၏။ ၎င်းဟန်ချက်ပျက်သွားသည်ကို အခွင့်ကောင်းယူပြီး ကျွန်ုပ်လည်း ၎င်း၏ရင်ဝသို့ ဒူးနှင့်ခုန်၍ တိုက်လိုက်ရာ အရှိုက်ကိုထိပြီး အွန့်ခနဲအသံနှင့်အတူ ခွေကျသွားတော့၏။

ကိုဖြိုးသည် ပုဖွန်ထုပ်ကြီးတစ်ကောင်လို ပြန်မထနိုင်တော့ဘဲ ကွေးကွေးကြီး ဖြစ်သွားလေ၏။ မိတ်ဆွေကြီးထင်အောင်ကျော်မှာလည်း တစ်ဖက်ပုဂ္ဂိုလ်ကြီးနှင့် အပြင်းအထန် တိုက်ခိုက်နေ၏။ တစ်ဖက်လူမှာ မိတ်ဆွေကြီးထက် ကြံ့ခိုင်တောင့်တင်းသလို အသက်အရွယ်နှင့်မလိုက်အောင် ဖျတ်လတ်ပေါ့ပါးသူဖြစ်၏။

ကျွန်ုပ်မိတ်ဆွေကြီးကလည်း ခေလှသူ မဟုတ်ပေ။ တိုက်ကွက်ကို တစ်မျိုးပြီးတစ်မျိုးပြောင်းကာ တိုက်ခိုက်သဖြင့် တစ်ဖက်သူမှာ အခက်ကြုံနေရ၏။ တစ်ကြိမ်တွင် လက်ထဲမှကြိုးထုံးဖြင့် မြွေဟောက်တစ်ကောင်ပေါက်သလို ပုဂ္ဂိုလ်ကြီး၏လည်မြိုကို ဦးစည်တိုက်ခိုက်လိုက်ရာ ထိချက်လွန်စွာပြန်းထန်လှသဖြင့် ပုဂ္ဂိုလ်ကြီးမှာ



www.burmeseclassi.com

www.burmeseclassi.com



ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲ လဲကျသွားတော့၏။

"ရပ်လိုက် . . ."

ထိုသို့ အမိန့်ပေးလိုက်ပြီး ကျွန်ုပ်က တိုက်ခိုက်မှုကို အဆုံး သတ်လိုက်၏။ ကျွန်ုပ်သည် ကြမ်းပြင်ပေါ်မှ သေနတ်ကိုကောက်ယူ ပြီး လည်မြိုကိုဖိကာ ထဖို့ကြိုးစားနေသည့် ပုဂ္ဂိုလ်ကြီးကို အနီးကပ် ချိန်ရွယ်ကာ ထိုသို့အမိန့်ပေးလိုက်စဉ်မှာပဲ မိတ်ဆွေကြီးထင်အောင် ကျော်က နှုတ်ခမ်းထောင့်စွန်းကလေးကို တွန့်ကွေးပြုံးလျက် ပါးပါး နပ်နပ်ဖြင့် ထိုသူကို လက်ပြန်ကြိုးတုပ်လိုက်၏။

"ကိုမျိုးမြတ်ရေ . . . ပွဲဦးထွက်အောင်ပွဲက သိပ်ပြီး သွေး မပူလိုက်သလိုပဲ၊ ဒီထက် ရင်ခုန်ဖို့ကောင်းတဲ့ အတွေ့အကြုံတွေ ရှိလာဦးမယ်ဗျ၊ ကဲ . . . ခင်ဗျားက ဟိုချာတိတ်ကို စောင့်ကြည့်ထား လိုက်၊ ကျွန်တော်က ဒီပုဂ္ဂိုလ်နဲ့ စကားနည်းနည်း ပြောလိုက်ဦးမယ်"

ထိုသို့ပြောပြီးသည်နှင့် မိတ်ဆွေကြီးသည် ပုဂ္ဂိုလ်ကြီးကို ကြမ်းပြင်ပေါ် ထိုင်ခိုင်းလိုက်ပြီး ၎င်းကိုယ်တိုင်ကလည်း မျက်နှာ ချင်းဆိုင် ထိုင်လိုက်လေ၏။

"ခင်ဗျားက ဝံနက်ဂိုဏ်းကလား"

"ဟုတ်တယ် . . ."

"သိဒ္ဓိကို ဘယ်ကိုရွှေ့သွားကြသလဲ"

"မပြောနိုင်ဘူး . . ."

"ကောင်းပြီလေ . . ." ဟု ရယ်သံနှောကာ ပြောလိုက်ပြီး ကျွန်ုပ်ဘက်သို့လှည့်၍ . . .

"ကိုမျိုးမြတ် . . . အဲဒီသေနတ် ကျုပ်ကို ပေးစမ်းပါ၊ ပြီးရင် အဲဒီကောင်လေးကို စိတ်ချရအောင် ကြိုးနဲ့တုတ်ထားလိုက်ဗျာ"





ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း အလျင်အမြန် ဆောင် ရွက်လိုက်၏။ ထို့နောက် မိတ်ဆွေကြီးထင်အောင်ကျော်သည် ကြိုး တုတ်ထားသည့် လူနှစ်ယောက်အလယ်တွင် ရပ်လိုက်ပြီး ခြောက်လုံး ပြူးထဲမှ ကျည်ဆံများကိုထုတ်ကာ တစ်တောင့်သာ ချန်ထားလိုက်၏။

"ကဲ . . . မိတ်ဆွေတို့၊ ကျုပ် ဝေ့ဝိုက်ပြီး ပေရှည်မနေချင် ဘူး၊ ကျုပ်မေးတဲ့ မေးခွန်းကို ဘယ်သူဖြေမလဲ"

ဟု ပြောပြီးသည်နှင့် ခြောက်လုံးပြူးဆုံလည်ကို "ဗရော . . ." ကနဲ ဆွဲလှည့်လိုက်ပြီး ဦးစွာ လူငယ်၏ဦးခေါင်းကို ချိန်လိုက် ပြီး . . .

"ကဲ . . . ကောင်လေး၊ မင်းကို မေးခွန်းလွယ်လွယ်လေး မေးမယ်၊ ဒီပုဂ္ဂိုလ်ကြီးနာမည် ဘယ်သူလဲ"

လူငယ်က ရီဝေမျက်ဝန်းဖြင့် ကြည့်ရင်း . . .

"ဆရာပေါက်ပါ . . ."

ထို့နောက် မိတ်ဆွေကြီးက ပြုံးလျက် သေနတ်ပြောင်းကို ဆရာပေါက်ဟူသော ပုဂ္ဂိုလ်ကြီးဘက်လှည့်ရင်း . . .

"ကဲ . . . ဆရာပေါက်၊ သိဒ္ဓိဆီကို လမ်းညွှန်ပါ"

ပုဂ္ဂိုလ်ကြီးက စူးစူးဝါးဝါးမျက်ဝန်းနှင့် တုန့်ပြန်ကြည့်ရင်း ပြတ်သားစွာ ခေါင်းခါလေ၏။ မိတ်ဆွေကြီးကလည်း ပြတ်သားစွာ ပင် သေနတ်မောင်းခလုတ်ကို ဆွဲလိုက်ရာ ပုဂ္ဂိုလ်ကြီးက မျက်လုံး စုံမှိတ်ပြီး မေးကြောကြီးများထောင်အောင် အံကြိတ်လိုက်လေ၏။

"ချောက် . . ."

ထိုအသံနှင့်အတူ ပုဂ္ဂိုလ်ကြီး၏ သက်ပြင်းချသံကြီး ထွက်



www.burmeseclassi.com

www.burmeseclassi.com



ပေါ်သွားလေ၏။ ပြီးနောက် သေနတ်ပြောင်းကို လူငယ်ထံသို့ ရွှေ့လိုက်ပြီး ပုဂ္ဂိုလ်ကြီးကို မေးသည့်အတိုင်း မေးလိုက်ပြန်၏။ ထိုလူငယ်လည်း အံတင်းကြိတ်မှိတ်ပြီး ခေါင်းခါပြန်၏။ မိတ်ဆွေကြီးကလည်း သေနတ်မောင်းကို ဆွဲပြန်၏။

ထိုသို့ဖြင့် တစ်ယောက်တစ်လှည့်မေးရင်း မောင်းဆွဲသွားရာ နောက်ဆုံးတစ်ချက်သာ ကျန်တော့၏။ မေးခွန်းများငြင်းဆန်ပြီး တိုင်း ဖောချွေးများပြန်ကာ တုန်လှုပ်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးနှင့် လူငယ်လည်း ထိုအဖြစ်ကို သိထားကြသဖြင့် လွန်စွာတုန်လှုပ်ခြောက်ခြားနေကြ၏။ အကြိမ်ကြိမ် ကျည်ဗလာနှင့်တိုး၍ ကံကောင်းခဲ့ရသော်လည်း ထိုတစ်ကြိမ်မှာတော့ တစ်ယောက်ယောက် အမှန်ပင် ကံဆိုးရပေတော့မည်။ ကျွန်ုပ်မိတ်ဆွေကြီး၏ အမူအရာကလည်း လွန်စွာမှင်မောင်းကောင်းလှ၏။

မိတ်ဆွေကြီးက သေနတ်ကို မြှောက်လိုက်သည့် အခိုက်မှာပဲ . . .

"ကျုပ် . . . ပြောမယ်"

"ကျုပ် . . . ပြောပါတော့မယ်"

ထိုအသံမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ထွက်ပေါ်သွားခြင်း ဖြစ်သည်။ မိတ်ဆွေကြီးက ကျေနပ်စွာ ပြုံးလိုက်ပြီး လူငယ်ဘက်သို့ မျက်နှာမူကာ . . .

"ကဲ . . . ကောင်လေး၊ မင်းက နေရပ်ဒေသကို အရင်ပြော"

"ကန်တော်ကြီးပတ်လမ်းအနီးက ဦးဖိုးစိန်လမ်းထဲမှာပါ၊ အိမ်အမှတ်က (၉၀)"

ဟု ဖြေလေ၏။ ထို့နောက် ဆရာပေါက်ဟူသော ပုဂ္ဂိုလ်





ကြီးဘက်လှည့်လိုက်ပြီး . . .

"ဆရာပေါက် . . . သိဒ္ဓိကို အစောင့်ဘယ်နှစ်ယောက်ချထားသလဲဆိုတာ ပြောပါ"

"လေးယောက်ပါ . . ."

ထိုမျှသာမေးပြီး မိတ်ဆွေကြီးထင်အောင်ကျော်သည် ပုဂ္ဂိုလ်ကြီးအနီးသို့ ကပ်သွားပြီး ထိုသူ၏ကုတ်အင်္ကျီထဲ လက်နှိုက်၍ ပြန်ထုတ်လိုက်သောအခါ ကြေးသော့တစ်ချောင်းပါလာလေ၏။ ၄င်းသော့မှာ ထိုနေရာသို့ ကျွန်ုပ်လာစဉ် တွေ့ခဲ့ရသည့် အော်စတင်ကား၏ ကားသော့ပင် ဖြစ်၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် ၄င်းကားသော့ကို လေတွင်မြှောက်၍ နှစ်ကြိမ်သုံးကြိမ်ခန့် ကစားလိုက်ပြီး မခို့တရို့ရယ်သံဖြင့် . . .

"ဒီနေ့ လူ့လောကကြီးမှာ ကတိသစ္စာဆိုတာ လွယ်လွယ်ပြောပြီး လွယ်လွယ်မေ့တတ်ကြတယ် မဟုတ်လား၊ ကျုပ်လည်း အဲဒီထဲက လူတစ်ယောက်ပေါ့ . . . ဟဲ . . . ဟဲ . . . ဟဲ"

ကျွန်ုပ်သည် ဒေါက်တာထင်အောင်ကျော်၏ ဆိုလိုရင်းကို သဘောမပေါက်သလိုရှိ၍ အကဲခတ်ကြည့်နေမိ၏။ ထိုအခိုက်မှာပဲ ၄င်းက သေနတ်ပြောင်းဝကို ပုဂ္ဂိုလ်ကြီး၏ နဖူးတည့်တည့်သို့ ချိန်ရွယ်လိုက်ပြီး မောင်းကိုဆွဲလိုက်၏။ ပုဂ္ဂိုလ်ကြီးက မည်သို့ရှိမည်မသိသော်လည်း ကျွန်ုပ်မှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် မျက်ဝန်းကို မှိတ်ထားလိုက်မိ၏။

သို့သော် ကျွန်ုပ်တို့ စိုးရိမ်သလို ဖြစ်မလာခဲ့ပေ။ သေနတ်သံမှာ ဒိုင်းခနဲ မမြည်ဘဲ ချောက်ခနဲသာ မြည်သွားပြီး မိတ်ဆွေကြီး



www.burmeseclassi.com

www.burmeseclassi.com



၏ရယ်မောသံကြီးသာ ထွက်ပေါ်လာလေ၏။ ထို့နောက် မိတ်ဆွေကြီးက ကုတ်အင်္ကျီအိတ်ထဲမှ ကျည်ဆံများကို နှိုက်ယူလိုက်ပြီး . . .

“သေနတ်ထဲမှာ ကျုပ်ကျည်မထည့်ထားပါဘူးဗျာ၊ ကျည်ဆံတွေက ဒီမှာပါ၊ ကျုပ်က မလိုအပ်ဘဲ ဘယ်တော့မှ လူမသတ်ဘူး၊ ကျုပ်က ခင်ဗျားတို့ကို ကြုံကြိုက်လို့ လက်လှည့်ပညာတစ်မျိုးပြလိုက်တာပါ”

ထိုသို့ပြောနေလျက်က သူသည် ၄င်းကျည်ဆံများကို သေနတ်ထဲသို့ ပြန်ထည့်လေ၏။ ထို့နောက် သေနတ်ကို ကျွန်ုပ်ထံလှမ်းပေးပြီး . . .

“ကိုမျိုးမြတ်ရေ . . . ဒီတစ်ခါတော့ တကယ့်ကို ကျည်ထည့်လိုက်ပြီ၊ ကိုဖြိုးကို အဲဒီသေနတ်နဲ့ချိန်ပြီး အောက်ကိုခေါ်သွားလိုက်တော့၊ တိုက်မျက်စောင်းထိုးမှာရှိတဲ့ အော်စတင်ကားအနက်သော့က ဒါပဲ၊ ကားပေါ်ကသာ စောင့်နေပေတော့၊ ရှူးသလို ကြောင်သလို လုပ်လို့ကတော့ တကယ်သာ ဆော်ပေတော့”

ဟုပြောလိုက်သဖြင့် ကျွန်ုပ်လည်း ၄င်းပြောသည့်အတိုင်း ဆောင်ရွက်လိုက်၏။ ၄င်းမှာမူ အတန်ငယ်ကြာမှ ကားပေါ်ရောက်လာ၏။

ကားပေါ်ရောက်သည်နှင့် ကျွန်ုပ်အား ဦးဖိုးစိန်လမ်းသို့ အမြန်မောင်းခိုင်းတော့၏။ သူသည် ကားနောက်ခန်းတွင် ကိုဖြိုးနှင့်အတူ ထိုင်လိုက်ခြင်းဖြစ်သည်။

“ဆရာပေါက်ကိုတော့ အိပ်မွေ့ချပြီး အခန်းထဲက ကြယ်ပေါ်မှာ တရေးတမော အိပ်ခိုင်းခဲ့တယ်၊ အပေါ်က အဝတ်ပါ ချုံပေးခဲ့တယ်၊ သူတို့ဂိုဏ်းသားတွေလာရင် အခြေအနေမပြတ်သေးဘူး





ထင်ပြီး ပြန်သွားကြအောင်လို့ပေါ့၊ ဒါကြောင့် အပေါ်မှာ နည်းနည်းကြာသွားတာ”

ဟုရှင်းပြပြီး နာရီကို တစ်ချက်ကြည့်ကာ . . .

“ငါးနာရီထိုးတော့မယ် ကိုမျိုးမြတ်ရေ၊ အချိန်နည်းနည်းပဲကျန်တော့တယ်၊ ထိုးကြိတ်တိုက်ခိုက်နေဖို့ အချိန်မရှိတော့ဘူး၊ တစ်မျိုးကြံမှ ဖြစ်လိမ့်မယ်”

ဟုပြောပြီး သူ၏သက္ကလပ်အိတ်ထဲမှ သစ်သားဗူးလေးတစ်ခုကိုထုတ်ကာ အဖုံးဖွင့်ပြီး အထဲမှ သစ်ရွက်ခြောက်ကလေးတစ်ရွက်ကိုယူ၍ အဖုံးပေါ်တင်ကာ မီးမြှိုက်လေ၏။

အခိုးများထွက်လာသောအခါ ကိုဖြိုး၏မျက်နှာရှေ့ အပေါ်အောက်ရွှေ့ပြီး ရှူစေရာ ကိုဖြိုးလည်း ဘုမသိ ဘမသိဖြင့် အခိုးများရှူရှိုက်မိပြီး ချက်ချင်းပင် မျက်လုံးများစင်းလာကာ အရုပ်တစ်ရုပ်လို ငြိမ်သက်သွားတော့၏။ ထိုအခါ မိတ်ဆွေကြီးထင်အောင်ကျော်က ကိုဖြိုးကို ပခုံးမှကိုင်၍ ဆွဲလှည့်လိုက်ပြီး မျက်နှာချင်းဆိုင်လျက် လွန်စွာထူးခြားသော အသံတစ်မျိုးဖြင့် ကိုဖြိုး၏အမည်ကို ခေါ်လိုက်၏။

ကိုဖြိုးမှာ မျက်လုံးကိုကြိုးစားဖွင့်၍ မိတ်ဆွေကြီးအား ငေးကြောင်ကြောင် စိုက်ကြည့်လေရာ မိတ်ဆွေကြီးက သံလိုက်ဓါတ်ကပြည့်ပါသော အသံဖြင့် ကိုဖြိုး၏မျက်ခုံးနှစ်ခု အလည်တည့်တည့်ဆီသို့ စိုက်ကြည့်ရင်း . . .

“ဟိတ်ကောင်ကိုဖြိုး . . . မင်း ငါခိုင်းတဲ့အတိုင်း လုပ်ရမယ်၊ ကားပေါ်က ဆင်း၊ အိမ်ထဲကို သွား၊ သိဒ္ဓိကို စောင့်ကြည့်နေတဲ့ မင်းတို့ဂိုဏ်းသားလေးယောက်ကို ပြော၊ အရေးကြီးတယ်၊ ဘော်ဘီကို



www.burmeseclassi.com

www.burmeseclassi.com



ချက်ချင်းသွားရမယ်၊ အမြုတေရော ဂိုဏ်းစောင့်အပျိုတော်ပါ တွေ့ပြီလို့ပြောပြီး မှော်ဘီကို ခေါ်သွားရမယ်၊ ကြားလား . . .”

ကိုဖြိုးသည် သိုးငယ်လေးပမာ ခေါင်းတဆတ်ဆတ်ညိတ်လေ၏။ ကျွန်ုပ်သည် မိတ်ဆွေကြီး၏ လုပ်ဆောင်မှုများကိုကြည့်၍ စိတ်ထဲ၌ ဖြစ်ပါ့မလားဟု စိုးရိမ်မိ၏။ ထိုအခိုက်မှာပဲ ကားသည် ဦးဖိုးစိန်လမ်းထိပ်သို့ ရောက်ရှိလာပြီဖြစ်ရာ ၎င်းလမ်းထဲသို့ ချိုးဝင်လိုက်၏။

အမှတ် (၉၀) ဟူသော ခြံအနီးနှင့် ကိုက်ငါးဆယ်ခန့်အကွာတွင် ကားကို မိတ်ဆွေကြီးက ရပ်ခိုင်း၏။ ထို့နောက် ကိုဖြိုးကို ကားမောင်း၍ ခြံထဲသို့ စေလွှတ်လိုက်၏။ ကျွန်ုပ်တို့နှစ်ဦးမှာ သစ်ပင်ကြီးတစ်ပင်နောက်ကွယ်သို့ဝင်ကာ အခြေအနေကို အကဲခတ်စောင့်ကြည့်နေလေ၏။ အတန်ကြာသည့်တိုင်အောင် ကိုဖြိုးမှာ ပြန်လည်ထွက်မလာသဖြင့် ပင်ပန်းတကြီးလုပ်ခဲ့သမျှ အချည်းနှီးဖြစ်တော့မှာလားဟု တွေးမိပြီး စိုးရိမ်လာ၏။

မိတ်ဆွေကြီးကမူ အမူအရာပျက်နေသည့် ကျွန်ုပ်ကိုကြည့်၍ . . .

“မစိုးရိမ်ပါနဲ့ဗျာ၊ ကိုဖြိုးကို သုံးလိုက်တဲ့နည်းက မကြာခဏကျွန်တော်အသုံးချလေ့ရှိတဲ့ နည်းစနစ်လေးတစ်ခုပါပဲ၊ သမားရိုးကျစိတ်ညှို့နည်းလေးတစ်ခုပေါ့၊ ဘယ်သူမဆို ဇွဲကောင်းကောင်းနဲ့လေ့ကျင့်ရင် ရနိုင်တဲ့ စိတ်စွမ်းအင်တစ်ခုပေါ့ဗျာ”

အခြေအနေမှာ မိတ်ဆွေကြီးပြောသလိုပင် ထူးခြားသွားလေ၏။ ၎င်းခြံထဲမှ အော်စတင်ကား ပြန်ထွက်လာပြီး ကိုဖြိုးနှင့်အတူ လူလေးယောက်လိုက်ပါလာသည်ကို တွေ့လိုက်ရ၏။ ကျွန်ုပ်တို့





လည်း သစ်ပင်ကြီးနောက်ဖက်တွင်ကွယ်၍ ရှောင်ပုန်းလိုက်ရ၏။

အလောတကြီး မောင်းနှင်သွားသဖြင့် မိတ်ဆွေကြီးထင်အောင်ကျော်က ကျေနပ်စွာ ခေါင်းတဆတ်ဆတ် ညိတ်လေ၏။ ၎င်းကား ကျော်လွန်သွားသည်နှင့် မိတ်ဆွေကြီးက . . .

“ကဲ . . . ကိုမျိုးမြတ်ရေ၊ လမ်းထိပ်ဖက်ကိုထွက်ပြီး ကားတစ်စီးရအောင် မဖြစ်,ဖြစ်တဲ့နည်းနဲ့ စီစဉ်ပေတော့၊ အခက်အခဲရှိရင် သေနတ်ကို အသုံးပြုပြီး ခြိမ်းခြောက်ပြီးသာ ခေါ်ခဲ့ဗျို့၊ ဒီလောက်ဖြတ်သန်းခဲ့ပြီးမှ ဆင်ပြောင်ကြီးအမြီးကျမှတစ်တဲ့ အခြေအနေမျိုးအရောက်မခံနိုင်ဘူး၊ ကျွန်တော် အထဲဝင်မယ်၊ လေးယောက်မှာတစ်ယောက်ကျန်ခဲ့တာဆိုတော့ အထဲမှာ သိဒ္ဓိရှိတာ သေချာသွားပြီ၊ ကဲ . . . ကျုပ်သွားပြီ၊ မြန်နိုင်သမျှ မြန်မြန်သာ လုပ်ပေတော့”

ဟု အလောတကြီးမှာကြားပြီး ၎င်းအိမ်ရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားတော့၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၈)

ကျွန်ုပ်လည်း အချိန်မဆိုင်းဘဲ ၎င်းကိစ္စကို ဆောင်ရွက်ရန် ဦးဖိုးစိန်လမ်းထိပ်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့၏။ အတော်အတန် လျှောက်လှမ်းမိသောအခါ ကျွန်ုပ် သည် စိတ်ဓါတ်ကျချင်သလိုပင် ဖြစ်လာ၏။

ကျွန်ုပ်လျှောက်လာသည်မှာ အမှတ် (၉၀) ဟူသောခြံနှင့် မိုင်ပေါင်းများစွာ ကွာဝေးလာပြီဟု ထင်မိ၏။ ထိုအချိန်ထိ ကျွန်ုပ် သည် တစ်စုံတစ်ရာမျှ အကောင်အထည်ဖော်နိုင်ခြင်း မရှိဖြစ်နေ၍ သိဒ္ဓိကို ဆုံးရှုံးရတော့မလားဟု တွေးမိပြီး စိတ်မကောင်းဖြစ်သွား၏။

ယခုအချိန်မှာ ကားရ၍ သိဒ္ဓိကိုခေါ်ဆောင်ပြီး လတ္တာလမ်း သို့သွားလျှင် မှီပါဦးမလားဟု စိုးရိမ်မိပြီး ဇောချွေးများပင် ပြန်လာ တော့၏။ သို့နှင့် ကျွန်ုပ်သည် စိတ်ဓါတ်ကျကျဖြင့် လျှောက်လှမ်း နေရင်းက မထင်မှတ်ဘဲ ကားသံသဲ့သဲ့ ကြားလိုက်ရသဖြင့် ရုတ်ချည်း





ပင် ခေါင်းနပန်းကြီးသွား၏။

ကျွန်ုပ်မှာ ပြောမပြတတ်လောက်အောင် ဝမ်းသာသွားပြီး ရှေ့တူရှုသို့ ကြည့်နေခိုက်မှာပဲ အဖြူရောင်အော်စတင်ကားလေးက ကျွန်ုပ်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာလေ၏။ ကျွန်ုပ်သည် လျင် သောအသိဖြင့် အင်္ကျီရင်ဘတ်ထဲက ခြောက်လုံးပြူးသေနတ်ကို အသင့်ဆုပ်ကိုင်လိုက်၏။ ထိုအခွင့်အရေးကို ကျွန်ုပ်မည်သို့မှ လက် လွှတ်ခံ၍ မဖြစ်ပေ။

သို့သော် အခြေအနေမှာ ကျွန်ုပ်ထင်သလို ဖြစ်မလာဘဲ အံ့ဩဖွယ်အဖြစ်နှင့် ရင်ဆိုင်လိုက်ရ၏။ ၎င်းကားလေးသည် ကျွန်ုပ် ရှေ့တည့်တည့်၌ ဘရိတ်ဆောင့်အုပ်လိုက်ပြီး . . .

"အို . . . ကိုကြီးမျိုး . . . ကိုကြီးမျိုးမြတ် ဟုတ်ပါတယ်နော်၊ ကြည့်စမ်း . . . မတွေ့တာကြာပေမယ့် အရင်တုန်းကလို ခန့်ချော ချောတုန်းပဲ၊ ဘယ်က ပြန်လာပြီး ဘယ်ကိုသွားမလို့လဲ၊ မြိုင် . . . လိုက်ပို့ပေးမယ်လေ"

ကားရပ်လိုက်ပြီးသည်နှင့် ချိုသာစွာ ထွက်ပြူလာသည့် အသံလေးကြောင့် ရင်ဘတ်ထဲရှိသေနတ်ကို ဆုပ်ကိုင်ထားလျက်က ကျွန်ုပ်မှာ အူကြောင်ကြောင် ဖြစ်သွား၏။ သေနတ်ကို အလော တကြီး ဆွဲမထုတ်လိုက်၍သာ တော်တော့၏။ ကျွန်ုပ်အမူအရာကို ကြည့်ရင်း မိန်းမချောလေးက ခိုးခိုးခစ်ခစ် ရယ်လိုက်ပြီး . . .

"ဩော် . . . ကိုကြီးမျိုးမြတ်က နှစ်တွေကြာသွားလို့ မြိုင်ကို တောင် မမှတ်မိတော့ဘူးကိုး၊ ဟင်း . . . ဟင်း . . . ဒီလိုပေါ့လေ၊ အချိန်ကာလဟာ အရာရာပြောင်းလဲတတ်တယ်ဆိုတာ မြိုင်ယုံ မလို ဖြစ်နေပြီ၊ ကဲ . . . ကိုကြီးမျိုးမြတ်မှာ ပြောစရာမရှိရင် မြိုင်



www.burmeseclassi.com

www.burmeseclassi.com



သွားပါတော့မယ်"

ဟု ကောက်ကာင်ကာ ပြောလိုက်သဖြင့် ကျွန်ုပ်လည်း မျက်လုံးမျက်ဆံပြူးသွားပြီး . . .

"ဟို . . . နေ . . . နေပါဦး မြိုင်ရယ်၊ ဟဲ . . . ဟဲ . . . ဟို . . . ကိုကြီးက နှစ်တွေအကြာကြီး ခရီးဝေးရောက်နေတော့ ရုတ်တရက်ကြီး ဖြစ်သွားလို့ပါ၊ အခုလို မြိုင်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ကြီးဆုံရတာ ကိုကြီးအဖို့ အလွန့်ကို ကံကောင်းတာပဲ၊ အခု . . . ကိုကြီးမှာ ရုတ်တရက် အခက်ကြုံနေရတယ်၊ ကိုကြီးသူငယ်ချင်း တစ်ယောက် အတော့်ကို မမာမကျန်းဖြစ်နေလို့ ကားအရှာထွက် လာတာ၊ အဲ . . . အဲဒါ အပန်းမကြီးဘူးဆိုရင် မြိုင် . . . မြိုင်ကူညီ ပေးစေချင်တယ်"

ကျွန်ုပ်လည်း ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို အရဲကိုး ပြီး ပြောလိုက်ရာ မြိုင်ဟူသော မိန်းမချောလေးက ကားတံခါးကို ဆတ်ကနဲ ဆွဲဖွင့်လိုက်ပြီး . . .

"ဒါများ ကိုကြီးရယ်၊ ကဲ . . . ကားပေါ်တက်၊ ကိုကြီး သူငယ်ချင်းဆီ သွားရအောင်"

ဟု အလိုက်သင့်ပြောလိုက်ရာ ကျွန်ုပ်လည်း အားရဝမ်းသာ ဖြင့် ကားထဲဝင်ထိုင်လိုက်၏။ ကားထဲရောက်၍ ထိုင်ပင်မထိုင်ရ သေး။ သူမက ကားကို တရှိန်ထိုးမောင်းထွက်လိုက်သဖြင့် ကျွန်ုပ် လည်း ကားတံခါးကို ချိုင်းကနဲ အမြန်ပိတ်လိုက်ရ၏။

မိန်းကလေး၏ပုံစံမှာ ကျွန်ုပ်ထက်ပင် အလောတကြီးဖြစ် နေ၍ ကျွန်ုပ်အံ့သြမိ၏။ ကြာမြင့်စွာ ကျွန်ုပ်လျှောက်ခဲ့သော လမ်း တစ်လျှောက်ကို သူမကားလေးက မြေကြောရှုံ့လိုက်သလို ချင်ချင်း





ပင် အမှတ် (၉၀) ခြံရှေ့သို့ ရောက်ရှိသွားတော့၏။ ထိုအခိုက်မှာပဲ ကျွန်ုပ်မိတ်ဆွေကြီးထင်အောင်ကျော်သည် လူငယ်တစ်ဦးကိုဆွဲလျက် အိမ်မဲကြီးထဲမှ ထွက်လာသည်ကို တွေ့လိုက်ရ၏။

"မြိုင်ရေ . . . ကိုယ်ပြောတဲ့ နာမကျန်းဖြစ်နေတဲ့ မိတ်ဆွေ ဆိုတာ အဲဒီသူပါပဲ"

ကျွန်ုပ်စကားပင် မဆုံးသေး၊ မြိုင်ဟူသော မိန်းကလေးက ကားဘရိတ်ကိုဆောင့်နင်းကာ မိတ်ဆွေကြီးတို့အနီး၌ ရပ်လိုက်၏။ ကျွန်ုပ်လည်း တံခါးဖွင့်ဆင်းပြီး ရှေ့ခန်းသို့ပြောင်းထိုင်၍ နေရာလဲ ပေးလိုက်၏။ မိတ်ဆွေကြီးထင်အောင်ကျော်သည် သိဒ္ဓိကိုတွဲယူ၍ နောက်ခန်းထဲ ဝင်ထိုင်လိုက်လေ၏။

သိဒ္ဓိမှာ မိတ်ဆွေကြီးထင်အောင်ကျော်နှင့် လုံးတူဒေါက်ကူ ခန့်ရှိသည်ဖြစ်ရာ မိတ်ဆွေကြီးလည်း အားအတော်စိုက်၍ တွဲယူခဲ့ရ ဟန်တူ၏။ ဗာဝတ်အစားများမှာ ချွေးဖြင့်ရွှဲနစ်လျက်ရှိ၏။ သက္ကလပ် ဦးထုပ်မှာ ရွဲ့စောင်းနေသလို ကုတ်အင်္ကျီမှာလည်း ဖရိုဖရဲဖြစ်နေ၏။ သို့တိုင် ၎င်း၏ပင်ကိုခန့်ငြားသည့်ဟန်မှာ ပျောက်ကွယ်မသွားပေ။ သူ၏နံဘေးတွင် သတိလိပ်ပြာကင်းလွတ်နေသော သိဒ္ဓိကို အကဲခတ် လိုက်ရာ မိတ်ဆွေကြီးနှင့် သက်တူရွယ်တူခန့်ရှိမည်ဟု ခန့်မှန်းရ၏။

နဖူးကျယ်ကျယ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့် သွက် လက်ထက်မြက်မည့်အသွင်မျိုး အထင်းသားပေါ်လွင်သူဟု ကျွန်ုပ် တွေးဆမိ၏။ ထိုအချိန်မှာပဲ မြိုင်ဟူသော မိန်းကလေးက . . .

"ကိုကြီးမျိုးမြတ် . . . မြိုင် . . ဘယ်ကိုမောင်းပို့ပေးရမလဲ"

ဟူသည့် ချိုလွင်လွင်အသံကလေး ပေါ်ထွက်လာရာ မိတ် ဆွေကြီးထင်အောင်ကျော်က မျက်လုံးတစ်ချက်ဝင့်ကြည့်လိုက်ပြီး



www.burmeseclassi.com

www.burmeseclassi.com



အကြည့်ကိုလွှဲဖယ်ကာ ကျွန်ုပ်ထံ အကဲခတ်သလိုနှင့် အံ့ဩစွာ ကြည့်လေ၏။

မိတ်ဆွေကြီးထံမှ အံ့ဩသည့် အမူအရာမျိုးကို ကျွန်ုပ်လည်း ယခုမှပင် မြင်ဖူးတော့၏။

"သြော် . . . ဟုတ်ပါရဲ့၊ လတ္တာလမ်းကို ပို့ပေးစေချင်တယ်၊ ဖြစ်နိုင်ရင် မြန်နိုင်သမျှ အမြန်ဆုံးပေ့ါ . . . မြိုင်ရယ်"

တကယ်တမ်းတွင် ကျွန်ုပ်မဖြေမီကတည်းက မြိုင်သည် သူမကားကို ရန်ကုန်မြို့ထဲသို့ ဦးတည်ထားပြီးဖြစ်၏။ ကျွန်ုပ်စကားပင် မဆုံးလိုက်။ သူမက ဂီယာသွင်းပြီး တရကြမ်းမောင်းနှင်လေတော့၏။

ထိုမိန်းကလေးသည် ကျွန်ုပ်မြင်ဖူးသမျှ မိန်းမပျိုများထဲတွင် အချောဆုံးနှင့် ကားမောင်းအကြမ်းဆုံးဟု မှတ်ချက်ချရပေလိမ့်မည်။ မြို့ထဲပိုင်းရောက်လာသော်လည်း ကားသွားကားလာများ၊ ဘတ်စ်ကားများ၊ လန်ချားများ ရှုပ်ယှက်ခတ်နေသည့်ကြားမှ ကားကို တစ်ချက်ကလေးမှ အရှိန်မလျှော့ဘဲ တစ်ခါတစ်ရံ လန်ချားများဘေးမှ ပွတ်ကာသီကာ မောင်းနှင်သဖြင့် လန်ချားကုလားများလည်း ဒေါ်ပွကျန်ရစ်ခဲ့ကြရ၏။

မိတ်ဆွေကြီးထင်အောင်ကျော်မှာ နာရီကို တစ်ချက်ကြည့်လိုက်ပြီး . . .

"ခြောက်နာရီထိုးတော့မယ်ဗျို့ . . ."

ဟုပြောလိုက်ရာ ထိုအခါမှ ကျွန်ုပ်လည်း အချိန်ကို သတိရသွား၏။ ကျွန်ုပ်တို့အတွက် အချိန်မှာ နာရီဝက်ခန့်သာ ကျန်ရှိတော့၏။ လတ္တာလမ်းရှိ အခန်းအတွင်း၌ အနှောင့်အယှက်ကင်းပါစေဟု





ကျွန်ုပ်ဆုတောင်းမိ၏။

ကားနောက်ခန်းရှိ သိဒ္ဓိ၏အသက်ရှူပုံမှာလည်း တဖြည်းဖြည်း နှေးကွေးလာပုံရ၏။ ကျွန်ုပ်တို့ကားလေးမှာလည်း ဒါလဟိုဇီလမ်းသို့ ရောက်ရှိလာပြီး ၄င်းလမ်းအတိုင်း အရှိန်မြင့်မောင်းနှင်လာရာ လတ္တာလမ်းထဲ ချိုးဝင်လိုက်ချိန်တွင် ခြောက်နာရီတိတိအချိန်ရှိပြီဖြစ်၏။

အရှိန်မြင့်မောင်းနှင်လာသော ကားသည် တိုက်ရှေ့တွင် ကျွီခနဲဘရိတ်အုပ်သံနှင့်အတူ ထိုးရပ်လိုက်ပြီး ကျွန်ုပ်တို့လည်း လျင်မြန်စွာပင် ကားပေါ်မှဆင်းကာ သိဒ္ဓိကို ဝိုင်းကူမချီပေးကြ၏။ ညနေပိုင်း ဝရန်တာတွင် လေညှင်းခံနေကြသည့် အချို့သူများမှာ ကျွန်ုပ်တို့ကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် လှေကားပေါ်အထိ ကျွန်ုပ်နှင့်အတူ တွဲပါလာပြီး ကျွန်ုပ်ထံမှ သေနတ်ကိုယူကာ . . .

"မိန်းကလေး . . . တစ်ဆိတ် ကျုပ်ကိုကူညီပါ၊ ဒီလူကို ကျုပ်ကိုယ်စား ခဏတွဲထားပေးပါ၊ ကျုပ်အရင်တက်လိုက်ချင်လို့"

ဟု လေသံတိုးတိုးဖြင့်ပြောပြီး သေနတ်ကိုင်ကာ လှေကားအတိုင်း တက်သွားလေ၏။ အတန်ကြာလျှင် . . .

"စိတ်ချလက်ချသာ တက်လာခဲ့ဗျို့" ဟူ၍ လှမ်းခေါ်လိုက်သဖြင့် ကျွန်ုပ်နှင့် မိန်းကလေးလည်း သိဒ္ဓိအား လှေကားမှ ဆွဲတင်လိုက်ကြလေ၏။

သိဒ္ဓိမှာ သန်မာထွားကြိုင်းသူဖြစ်၍ ကျွန်ုပ်နှင့် မိန်းကလေးမှာ မနိုင်မနင်း တွဲယူနေရ၏။ ထို့ပြင် မိတ်ဆွေကြီးထင်အောင်ကျော် ရောက်ရှိလာပြီး မိန်းကလေးကို ဖယ်ခွာစေလျက် သိဒ္ဓိအား ချိုင်းမှ



www.burmeseclassi.com

www.burmeseclassi.com



လျှို၍မကာ လျင်မြန်စွာ ဆွဲတက်သွားလေ၏။

အခန်းထဲရောက်ရှိသည်တွင် ကျွန်ုပ်တို့ရောက်ရှိစဉ်က ထွန်းညှိထားသော ဖယောင်းတိုင်များမှာ ငြိမ်းနေခဲ့ပြီဖြစ်၍ မှောင်မည်းနေလေ၏။ မိတ်ဆွေကြီးထင်အောင်ကျော် လှဲသိပ်ထားခဲ့သော ဝံနက်ဂိုဏ်းသား ဆရာပေါက်ဆိုသူမှာ ခြေရာလက်ရာမယွင်း အဝတ်လွှမ်းလျက် ရှိနေသေး၏။

မိတ်ဆွေကြီးက ထိုပုဂ္ဂိုလ်ကို တရွတ်တိုက်ဆွဲဖယ်လိုက်ပြီး သိဒ္ဓိကို စက်ဝိုင်းအလယ်တွင် လဲလျောင်းစေလိုက်၏။ ထိုအချိန်တွင် သိဒ္ဓိ၏အသက်ရှူသံမှာ လွန်စွာတိုးညင်းလျက် ရှိနေပေပြီ။

ကျွန်ုပ်တို့မှာ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေကြသော်လည်း အချိန်များသာ တစ်စက္ကန့်ပြီးတစ်စက္ကန့် ကုန်ဆုံးသွားပြီး အနည်းငယ်မျှ ထူးခြားမလာသည့်အပြင် အသက်ရှူနှုန်းမှာ ပြတ်တောင်းပြတ်တောင်း ဖြစ်လာလေ၏။ လွန်စွာစိုးရိမ်ရသည့် အခြေအနေမျိုးဖြစ်၏။

ထိုအခိုက်မှာပဲ ငြိမ်သက်စွာ ရပ်ကြည့်နေသော မိန်းကလေးက . . .

"ကိုကြီးမျိုးမြတ်တို့လုပ်တာ ဟန်မကျသေးပါဘူး၊ ကျန်းမာရေးမကောင်းတဲ့လူကို အမှောင်ထဲထားပြီး ဒီအတိုင်းကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ မီးလေးဘာလေး ထွန်းမှပေါ့"

သူမသည် ပြောလည်းပြော၊ သွက်သွက်လက်လက်ဖြင့် ဟိုလျှောက်သည်လျှောက်လုပ်ပြီး ဆရာပေါက်ဆိုသူ ဝင်ပုန်းနေခဲ့သည့် နံရံကပ်ဗီရိုကြီးဆီမှ ဖယောင်းတိုင်များ ယူချလာ၏။

မိတ်ဆွေကြီးက လျင်မြန်စွာပင် သက္ကလပ်ဘေးလွယ်အိတ်





ထဲမှ မီးခြစ်ကိုထုတ်ယူပြီး မိန်းကလေးကိုပေးလိုက်ရာ ကပျာကယာပင် ဖယောင်းတိုင်များကို ထွန်းညှိပြီးနောက် ကြယ်ထောင့်ထိပ်များတွင် ယခင်ထွန်းညှိဖူးသည့် ဖယောင်းစက်အရာများအတိုင်း တစ်တိုင်ပြီးတစ်တိုင် လိုက်ထွန်းလိုက်ရာ လင်းထိန်သွားတော့၏။

သတ်မှတ်ချိန်ရောက်ရန် မိနစ်ပိုင်းမျှသာ ကျန်ရှိတော့၏။ ကျွန်ုပ်သည် မိမိ၏နှလုံးခုန်သံကို ပြန်ကြားရမည်ကဲ့သို့ ငြိမ်သက်စွာဖြင့် သိဒ္ဓိကို ကြည့်နေမိ၏။ ထိုသို့ကြည့်နေစဉ်မှာပဲ မီးအလင်းရောင်အောက်မှ သိဒ္ဓိ၏ရင်ဘတ်ကြီးမှာ တဖြည်းဖြည်း နိမ့်လိုက်မြင့်လိုက်ဖြစ်လာပြီး အသက်ရှူသံကို သိသာစွာ ကြားလိုက်ရ၏။ ဖယောင်းတိုင်မီးတောက်များ ငြိမ့်ခနဲဖြစ်သွားချိန်ဝယ် သိဒ္ဓိထံမှ ရှူးခနဲ သက်ပြင်းချလိုက်သံကြီး ထွက်ပေါ်လာတော့၏။

မကြာမီ သိဒ္ဓိသည် လဲလျောင်းနေရာမှ ဖျတ်ခနဲ မျက်လုံးပွင့်လာသဖြင့် ကျွန်ုပ်မှာ ဝမ်းသာသွားသော်လည်း တစ်ပြိုင်တည်းကြက်သီးများထသွား၏။ ထို့နောက် သိဒ္ဓိသည် လှဲနေရာမှ ထထိုင်လိုက်ပြီး ခြေ၊ လက်၊ ခါးများကို ချိုးချိုးချွတ်ချွတ်ချိုးပြီး ဖြည်းညှင်းစွာ မတ်တပ်ရပ်လိုက်ပြီးနောက် ကျွန်ုပ်တို့ဘက်လှည့်ကာ နွေးထွေးလှိုက်လှဲသည့်အပြုံးဖြင့် . . .

"ဒေါက်တာနဲ့ ကိုမျိုးမြတ်တို့ကျေးဇူးကြောင့် ကျွန်တော်အခုလို ပြန်လည်နိုးထခွင့်ရရှိခဲ့တာပါ၊ ဟာကယ့်ကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါတယ်ဗျာ၊ မိတ်ဆွေတို့လည်း ဒီနှစ်ဆယ့်လေးနာရီအတွင်း အတော့်ကို ပင်ပန်းဆင်းရဲကြမှာပဲနော်"

ဟုပြောလိုက်ရာ ထိုအခါမှာတော့ ကျွန်ုပ်လည်း အသားများပြီဖြစ်၍ ပခုံးတွန့်ပြလိုက်ပြီး . . .



www.burmeseclassi.com

www.burmeseclassi.com



"ဩော် , . . ပြောမှပြောရက်တယ် ကိုသိဒ္ဓိရယ်၊ အဲဒီနှစ်ဆယ့်လေးနာရီကို ကျုပ်တစ်သက်မပြောနဲ့ သံသရာတစ်လျှောက်လုံး မေ့လို့ရတော့မယ် မထင်ဘူးလို့တောင် ပြောလိုက်ချင်ပါရဲ့ဗျာ"

ဟု လွှန်လွှန်ကျူးကျူးပင် ပြောလိုက်ရာ မိတ်ဆွေကြီးထင်အောင်ကျော်က သဘောကျစွာ တဟားဟား ရယ်လေတော့၏။

* * * *



## အခန်း (၉)

ကျွန်ုပ်တို့သည် စိတ်လက်ပေါ့ပါးစွာဖြင့် စကားပြောဆိုနေသည်ကို မြိုင်ဟူသော မိန်းကလေးက တစ်စုံတရာ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ ပြုံးလျက်ကြည့်နေလေ၏။ တစ်ကြိမ်တွင် သိဒ္ဓိက သတိပြုမိသွားပြီး . . .

"ဒါနဲ့ ဒီ . . . ဒီက ညီမက ဘယ်သူပါလိမ့်"

ဟုမေးလိုက်ရာ ဒေါက်တာထင်အောင်ကျော်က ကျွန်ုပ်ထံမျက်စပြစ်ပြလိုက်ပြီး . . .

"ကိုမျိုးမြတ်ကို မေးကြည့်လေ၊ ကျွန်တော်နဲ့တော့ မရင်းနှီးဘူး။ အဲ . . . သေချာတာက ခင်ဗျားကို ကယ်လိုက်နိုင်တာ ဒီမိန်းကလေးရဲ့ အခန်းကဏ္ဍက အဓိကပဲ"

"ဟုတ်လား . . . အခုလို ကူညီတာ သိပ်ကိုကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ကိုမျိုးမြတ် . . . ကျွန်တော်နဲ့ မိတ်ဆက်ပေးပါဦး"



www.burmeseclassi.com

www.burmeseclassi.com



ဟုပြောလိုက်သဖြင့် ကျွန်ုပ်မှာ အခက်ကြုံလျက် အူကြောင်ကြောင် ဖြစ်သွား၏။ တကယ်တမ်းတွင် ကျွန်ုပ်သည် ထိုအချိန်အထိ ၄င်းမိန်းကလေးနှင့် ဘယ်တုန်းက သိကျွမ်းခဲ့ဖူးသည်ကို စဉ်းစား၍ မရပေ။

တစ်ပတ်လျှိုဆံထုံးလေးနှင့် ပဒုမ္မာပိတ်အင်္ကျီရင်ဖုံးဝတ်ထားပြီး ယောထုထမီအနက်ကလေးကို ကျစ်လျစ်စွာ ဝတ်ထားသည့် မိန်းကလေး၏အလှမှာ မီးတိုင်ငါးတိုင်အောက်တွင် ခန်းလုံးပြည့် နေရာယူထားသလို ထင်ရ၏။ သူမသည် ကျွန်ုပ်အခက်ကြုံလျက် ရှိနေသည်ကို ရိပ်မိသွားပြီး ပြုံးတုံ့တုံ့ အမူအရာလေးဖြင့် . . .

"ကျွန်မနာမည်က စံပယ်မြိုင်ပါ၊ ရင်းနှီးတဲ့သူတွေကတော့ မြိုင်လို့ခေါ်ကြပါတယ်၊ ကိုကြီးမျိုးမြတ်က စိတ်မောလူမောဖြစ်နေတော့ မြိုင့်ကို အသေအချာ မမှတ်မိဘူး ဖြစ်နေမှာပေါ့၊ မြိုင်ကူညီတယ်ဆိုတာကလည်း ခရီးကြုံနေတော့ အဆင်သင့်သလို ဖြစ်သွားတာပါ"

ဟု သူမကိုယ်သူမ မိတ်ဆက်ရင်း ပြောလိုက်သဖြင့် ကျွန်ုပ်လည်း အသက်ရှူချောင်သွားတော့၏။

"ဟုတ်ကဲ့ . . . ကျေးဇူးအထူးတင်ပါတယ် . . . မြိုင်၊ ကျွန်တော့်နာမည် သိဒ္ဓိပါ"

ဒေါက်တာထင်အောင်ကျော်သည် မည်သည့်စကားမှ ပြောဆိုခြင်းမပြုဘဲ အပြန်အလှန် ပြောဆိုနေကြသည့် သူတို့နှစ်ဦးကို အကဲခတ်ကြည့်နေရင်းက . . .

"ကဲပါလေ . . . ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ်၊ မြိုင်ကူညီလို့သာ အခုလို ချောချောမောမော အဆင်ပြေသွားတာပါ၊ အထိုက်





အလျောက်လည်း ပင်ပန်းသွားမှာပေါ့လေ၊ ဒီတော့ ကျွန်တော်တို့နဲ့အတူ ညနေစာလိုက်စားဖို့ ဖိတ်ခေါ်ပါတယ်"

ဟု တရင်းတနှီးပြောလိုက်ရာ စံပယ်မြိုင်က ပြုံး၍ . . .

"အစ်ကိုတို့ပဲ သွားကြတော့နော်၊ မြိုင်လည်း အိမ်ပြန်နောက်ကျနေလို့ ခွင့်ပြုပါဦး"

ထိုသို့ နှုတ်ဆက်ပြီးသည်နှင့် သူမလည်း ကောက်ကာငင်ကာ ပြန်သွားတော့၏။ ကျွန်ုပ်တို့လည်း မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရပြီး တဒင်္ဂကျွမ်းဝင်ရင်းနှီးခဲ့ရကာ ဖျတ်ခနဲ ကွယ်ပျောက်သွားသည့် ၄င်းမိန်းကလေးကို မည်သို့နားလည်ရမှန်းမသိအောင် ဖြစ်ရလေ၏။ အရာရာတွင် အကွက်စေ့အောင် တွေးဆတတ်သည့် မိတ်ဆွေကြီးထင်အောင်ကျော်က လှေကားအတိုင်းဆင်းသွားသည့် မိန်းကလေး၏ ခြေသံပျောက်ကွယ်သွားသည်နှင့် အလောတကြီး အမူအရာဖြင့်-

"ကဲ . . . မိတ်ဆွေတို့၊ ကျုပ်တို့လည်း အောက်ကို အမြန်ဆင်းရအောင်၊ လတ်တလောမှာ ကျုပ်တို့ရဲ့မိတ်ဆွေလို့ ယူဆရပေမယ့် အချိန်မရွေး ကျုပ်တို့ရဲ့ရန်သူလည်း ဖြစ်သွားနိုင်တယ်၊ သူဘယ်သူဖြစ်မလဲ၊ ဘယ်မှာနေတာလဲဆိုတာ မျက်ခြေအပြတ်မခံဘဲ သိရမှဖြစ်မယ်"

ဟု ပြောလည်းပြော ရှေ့မှလည်း ဦးဆောင်ဆင်းသွားသဖြင့် ကျွန်ုပ်နှင့် သိဒ္ဓိလည်း ကတိုက်ကရိုက်ပင် ပြေးလိုက်သွားရ၏။ သိဒ္ဓိသည် ကျန်းမာသန်စွမ်းသည့် လူငယ်တစ်ဦးဖြစ်သော်လည်း နေ့ရောညပါ လိပ်ပြာလွင့်ခဲ့ရသဖြင့် လွန်စွာဆာလောင်နေပုံရ၏။ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် မောဟိုက်နွမ်းနယ်သွားလေ၏။

ကျွန်ုပ်တို့ အောက်ရောက်သည်နှင့် စံပယ်မြိုင်ဟူသော



www.burmeseclassi.com

www.burmeseclassi.com



မိန်းကလေး၏ ကားဖြူလေးမှာ အရှိန်အတော်ရနေပြီး လတ္တာလမ်းထိပ်သို့ပင် ရောက်နေပြီဖြစ်ရာ ကျွန်ုပ်တို့မှာ မည်သို့မည်ပုံ လိုက်ရမည်ကို မစဉ်းစားတတ်အောင် ဖြစ်သွားကြ၏။ လမ်းမှာလည်း ကားအသွားအလာ မရှိသလောက် ရှင်းလင်းနေ၏။ သို့သော်လည်း သိဒ္ဓိက ကပျာကယာပင် ကုတ်အင်္ကျီအိတ်ထဲက ကားသော့ကို ထုတ်ယူလိုက်ပြီး . . .

"ဒေါက်တာနဲ့ ကိုမျိုးမြတ်တို့ လာကြဗျို့"

ဟုခေါ်လိုက်ပြီး တိုက်အောက်ထပ်တိုက်ခန်းထဲတွင် ရပ်ထားသော အနက်ရောင်လိပ်ခုံးကားပေါ် တက်ကာ ကားစက်နှိုးလိုက်လေ၏။ ထိုအခိုက် ဒေါက်တာထင်အောင်ကျော်က . . .

"နိုး . . . နိုး . . . ကိုသိဒ္ဓိ၊ ဒီအချိန်မှာ ခင်ဗျားမောင်းတာထက် ကျုပ်မောင်းတာ ပိုပြီးအဆင်ပြေမယ်၊ ခင်ဗျားအနေနဲ့ ကိုယ်နဲ့စိတ်ကို အပြင်းအထန် အလုပ်ပေးလို့ မဖြစ်သေးဘူး၊ ခင်ဗျား ဟိုဘက်ခုံကို ရွှေ့လိုက်ပါ"

သိဒ္ဓိကလည်း သဘောပေါက်သွားပြီး အားချင်းပင် နေရာရွှေ့ပေးလိုက်ရာ မကြာခင်မှာပဲ မိတ်ဆွေကြီးထင်အောင်ကျော်က ကားကို ကျင်လည်စွာ မောင်းထွက်တော့၏။ လိပ်ခုံးကားကလေးမှာ ကမ်းနားလမ်းသို့ရောက်သည်နှင့် ဆူးလေဘက်သို့ ချိုးကွေ့သွားသော အဖြူရောင်အော်စတင်ကားလေးကို လှမ်းတွေ့လိုက်ရ၏။

ထိုအခါမှ ကျွန်ုပ်တို့လည်း ဟင်းချနိုင်တော့၏။ ဒေါက်တာထင်အောင်ကျော်သည် ကားကို ကျင်လည်စွာဖြင့် မျက်ခြေမပြတ်အောင် ခပ်မှန်မှန်မောင်းနှင်ခဲ့ရာ နာရီဝက်ခန့်အကြာတွင် ကျွန်ုပ်တို့ဆန္ဒအတိုင်း စံပယ်မြိုင်ဟူသော မိန်းကလေး၏နေရပ်ကို သိရှိ





နိုင်ခဲ့တော့၏။

၄င်းမိန်းကလေး၏နေအိမ်မှာ ကုက္ကိုင်းရပ်ရှိ လူကုန်ထံအသိုင်းအဝိုင်းများနေထိုင်ရာ ရပ်ကွက်အတွင်းရှိ ချင်းချောင်းခြံလမ်းတွင် ဖြစ်၏။ တိုက်သစ်တစ်လုံးရှေ့တွင် သူမကားကလေး ရပ်သွားပြီး တိုက်ထဲသို့ သူမဝင်သွားတော့မှ သေချာအောင် စောင့်ကြည့်နေသည့် ကျွန်ုပ်တို့လည်း ကားကိုအသာပြန်ကွေ့ပြီး စထရင်းဟိုတယ်ရှိရာ မြို့ထဲထွက်ခွာခဲ့တော့၏။

သိဒ္ဓိသည် ၄င်းဟိုတယ်နှင့် အတော်အတန် အကျွမ်းတဝင်ရှိပုံရ၏။ ဟိုတယ်သို့ရောက်သည်နှင့် ၄င်းကပင် ဦးဆောင်၍ ဟိုတယ်အမှုထမ်းများအား လွန်စွာခံတွင်းတွေ့စေမည့် အစားအသောက်များနှင့် သီးသန့်ခန်းတစ်ခန်းကို အားချင်းစီစဉ်ခိုင်းလေ၏။ ကျွန်ုပ်တို့သည် စိတ်မော၊ကိုယ်မောဖြင့် အပြေးအလွှား လှုပ်ရှားခဲ့ရသဖြင့် ဟန်မဆောင်နိုင်လောက်အောင် ဆာလောင်နေကြ၏။

သို့နှင့် ကျွန်ုပ်တို့လည်း အားရပါးရ စားသောက်ရင်းဖြင့် အင်ဖာတောထဲမှ စတင်ခဲ့သည့် ခရီးစဉ်နှင့် စွန့်စားခန်းများကို ပြောဖြစ်ကြ၏။ သိဒ္ဓိသည် ကျွန်ုပ်နှင့် မိတ်ဆွေကြီးထင်အောင်ကျော်ပြောသမျှကို စိတ်ဝင်တစား နားထောင်လေ၏။ ဝံနက်ဂိုဏ်းက လိပ်ပြာများက အသွင်အမျိုးမျိုးဖြင့် အန္တရာယ်ပြုလာကြပုံကို အသေးစိတ်ရှင်းပြရာ သိဒ္ဓိမှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်လေ၏။

၄င်းအကြောင်းအရာများကို နားထောင်ပြီးနောက် သူက တစ်စုံတရာကို သတိထားမိသလိုဖြင့် မျက်မှောင်တစ်ချက်တွန့်လိုက်ပြီး . . .



www.burmeseclassi.com

www.burmeseclassi.com



"ဒါနဲ့ ဒေါက်တာ . . . ချင်းချောင်းလမ်းမှာနေတဲ့ စံပယ်မြိုင်ကို စောင့်ကြည့်ဖို့ ဒေါက်တာဆုံးဖြတ်လိုက်တာ အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဖြစ်နိုင်ရင် ဒေါက်တာ့အမြင်လေး ပြောပြပါလား"

ဟု ရုတ်တရက် တောင်းဆိုလိုက်ရာ မိတ်ဆွေကြီးထင်အောင်ကျော်လည်း နှုတ်ခမ်းထောင့်စွန်းကလေးကို အမိပ္ပါယ်ရှိရှိ ပြုံးလိုက်ပြီး . . .

"အင်း . . . ကျုပ် . . . အသေးစိတ်သတိထားမိတာကို ပြောရရင် နည်းနည်းတော့ စကားကြောရှည်သွားမယ်ထင်တယ်"

ဟုပြောလိုက်ပြီး ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိကာ သုံးလေးဖွာခန့် ဖွာရှိုက်ပြီးနောက် ဤသို့ရှင်းပြလေ၏။

"ခင်ဗျားကို ဦးဖိုးစိန်လမ်း ခြံကြီးထဲက တွဲထုတ်လာတုန်းမှာ ကိုမျိုးမြတ် ပြန်ရောက်လာတယ်၊ ကိုမျိုးမြတ်ကတော့ ကိုယ့်ဇောနဲ့ကိုယ်ဖြစ်နေတော့ သတိထားမိချင်မှ သတိထားမိလိမ့်မယ်၊ အဲဒီမှာ ကျုပ်ဘာတွေ့ရသလဲဆိုတော့ စံပယ်မြိုင်ဟာ ကျုပ်တို့ ညွှန်မပြခင်ကတည်းက ကားအရှိန်ကို လျှော့ချထားသလို ကျုပ်တို့ရှေ့ရောက်တာနဲ့ ဘရိတ်အုပ်ပြီး တံခါးဖွင့်ပြီးသား ဖြစ်နေတယ်၊ အဲဒီသဘောတွေက သူမလုပ်ဆောင်ရမယ့်ကိစ္စကို သိထားပြီသား ဖြစ်တယ်၊ ပြီးတော့ လတ္တာလမ်းကို သွားမယ်လို့ မပြောရသေးဘူး၊ ကားကို မြို့ထဲဘက် ဦးတည်ပြီးသား ဖြစ်နေတယ်၊ ပိုပြီး သံသယဖြစ်ဖို့ကောင်းတာက ကားမောင်းနေရင်း နောက်ကြည့်မှန်ထဲက ကိုသိဒ္ဓိကို ခဏ,ခဏ အကဲခတ်နေတာပဲ၊ ပြီးတော့ တစ်လျှောက်လုံး ကားကို အရှိန်မလျှော့ဘဲ တရကြမ်းမောင်းနေရင်းက လက်ကနာရီကိုလည်း





ခဏ,ခဏ ကြည့်ပြန်တယ်၊ အထင်ရှားဆုံး သံသယဖြစ်စရာကတော့ လတ္တာလမ်းရောက်တော့ တိုက်နံပါတ်ကို ဘယ်သူမှမပြောဘဲ ကားကို သူ့ဘာသာသူ ထိုးရပ်လိုက်တယ်"

ကျွန်ုပ်လည်း မိတ်ဆွေကြီးထင်အောင်ကျော်က အကွက်ကျကျ ပြောလာတော့မှ တဖြည်းဖြည်း သတိထားမိပြီး စံပယ်မြိုင်အပေါ် သံသယဝင်လာတော့၏။

"နောက်ပိုင်းအခြေအနေတွေကိုတော့ ခင်ဗျားတို့လည်း ရိပ်မိလိမ့်မယ်ထင်တယ်၊ ကိုသိဒ္ဓိသတိလစ်သလို ဖြစ်နေတာကို ဘာကြောင့်ဘယ်လိုဆိုတာ တစ်ချက်မမေးဘဲနဲ့ ဖယောင်းတိုင်ကို သူ့ဘာသာသူ အမြန်ရှာဖွေပြီး ကြယ်ထောင့်တွေမှာ ထွန်းလိုက်တာပဲ"

ထိုအခါ ကိုသိဒ္ဓိသည် စားလက်စကိုပင်ရပ်လျက် တအံ့တသြ ဖြစ်သွားပြီး . . .

"ဟုတ်လား . . . ကျွန်တော်က ဖယောင်းတိုင်ကို ဒေါက်တာတို့ ထွန်းတာလို့ ထင်နေတာ၊ ဒါဆိုရင်တော့ အဲဒီအမျိုးသမီးဟာ လိပ်ပြာလွင့်တဲ့နည်းနဲ့ အကျွမ်းတဝင်ရှိနေလိမ့်မယ်၊ ဘာသဘောနဲ့များ ကျွန်တော့်ကို ကယ်သွားရတာပါလိမ့်၊ ဒီအခြေအနေအရဆိုရင် သူမဟာ ကျွန်တော်တို့ ဝံပုလွေဖြူဂိုဏ်းဘက်က မဟုတ်တာသေချာပြီ၊ ဝံနက်ဂိုဏ်းက ဖြစ်ဖို့များတယ်၊ ကျွန်တော်တို့ကို အယုံသွင်းပြီး လုပ်ကြံဖို့ ရည်ရွယ်ချက်များလား၊ အတော့်ကို သတိထားရလိမ့်မယ်"

သိဒ္ဓိသည် ပြောနေရင်းကပင် သံသယများ၊ တုန်လှုပ်မှုများမှာ အထွတ်အထိပ် ရောက်သွားပုံရ၏။

"ကျုပ်ဘဝင်မကျဆုံး အချက်တစ်ချက်ကတော့ ကိုမျိုးမြတ်နဲ့ အဲဒီမိန်းကလေးဟာ ဘယ်တုန်းကမှ သိကျွမ်းဖူးခြင်းမရှိဘဲ ရန်သူ့



www.burmeseclassi.com

www.burmeseclassi.com



စခန်းရှိတဲ့ လမ်းထိပ်မှာ စတွေ့တဲ့အချက်ပဲ"

ဒေါက်တာထင်အောင်ကျော်၏ အဆုံးသတ်မှတ်ချက်ကို ကျွန်ုပ်လည်း ဟုတ်မှန်ကြောင်း ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံမိလေတော့၏။ ထို့နောက် ကျွန်ုပ်က ရန်သူနှစ်ဦးအပေါ် မိတ်ဆွေကြီးတုန့်ပြန်ခဲ့ပုံကို မေးမြန်းလိုက်၏။

"ဒါနဲ့ ကိုထင်အောင်ကျော် . . . ဝံနက်ဂိုဏ်းက ဆရာပေါက်နဲ့ ကိုဖြိုးဆိုတဲ့ သူငယ်ကို လက်တုန့်ပြန်ခဲ့ပုံလေးကို ရှင်းစမ်းပါဦး"

"ရိုးရိုးရှင်းရှင်းလေးပါဗျာ၊ အကြောကိုင်ပညာလေးပေါ့၊ မေ့ကြောကို ခပ်ဆတ်ဆတ်ကလေး ဖိနှိပ်လိုက်တာပါ၊ ဆရာပေါက်ဆိုတဲ့လူဟာ ည ၉ နာရီလောက်မှာ ယောင်တောင်တောင်နဲ့ နိုးလာလိ်ံ့မယ်၊ အခန်းထဲမှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာလည်း သိမှာမဟုတ်တော့ဘူး"

ကျွန်ုပ်နှင့် ဒေါက်တာထင်အောင်ကျော်တို့၏ စွန့်စားမှုများကို ပြောဆိုဆွေးနွေးခြင်း ပြီးဆုံးသွားပြီးနောက်မှာတော့ ကျွန်ုပ်တို့၏ အမိကဇာတ်ဆောင်ကြီး သိဒ္ဓိဟူသော ပုဂ္ဂိုလ်က တည်ကြည်လေးနက်သော အသွင်ဖြင့် သူ၏ဖြစ်စဉ်များကို ဤသို့ပြောပြလေတော့၏။

"ခုဆိုရင် မိတ်ဆွေတို့နှစ်ဦးဟာ ကျွန်တော့်ရဲ့အသက်သခင်ကျေးဇူးရှင်တွေ ဖြစ်နေပါပြီ၊ ဒီနှစ်ပိုင်းတွေမှာ ကျွန်တော်ဟာ ကျွန်တော့်ဂိုဏ်းကို အင်အားတောင့်တင်းအောင် မလုပ်နိုင်ခဲ့ဘူး၊ လုပ်ဖို့လည်း အချိန်မရခဲ့ဘူး၊ ဘာလို့လဲဆိုတော့ ဂိုဏ်းရဲ့ရတနာဖြစ်တဲ့ 'အမြုတေ' နောက်ကို လိုက်နေတာရယ်၊ အဲဒီ 'အမြုတေ' လက်ဝယ်





ရှိတဲ့ အပျိုတော်မိန်းကလေးရဲ့ သတင်းအစအနကို ခြေရာခံစုံစမ်းရှာဖွေနေရတာတွေကြောင့်ပါပဲ၊ ဂိုဏ်းသားအရေအတွက် အင်အားနည်းနေတာရယ်ကြောင့် ကျွန်တော့်ဂိုဏ်းသားတွေကို အခက်အခဲဖြစ်လာရင် ကိုယ့်ပညာနဲ့ကိုယ် လုံခြုံအောင် ရှောင်တိမ်းနေထိုင်ကြဖို့ မှာထားရတယ်၊ ဘာကြောင့်လဲဆိုတော့ တစ်ဘက်ဂိုဏ်းက အဆမတန် အင်အားကြီးထွားနေတာကြောင့် ဂိုဏ်းဆက်ပြတ်သွားမှာစိုးလို့ အဲဒီလိုအမိန့်ချခဲ့ရတာပေါ့၊ ဒါကြောင့် ကျွန်တော်ဟာ တစ်ကိုယ်တော်ပဲ လှုပ်ရှားခဲ့ရတယ်၊ အဲဒါကြောင့်လည်း ဒုက္ခရောက်တဲ့အခါ ကယ်မယ့်သူမရှိ ဖြစ်ခဲ့ရတာပေါ့"

ဟု စကားကိုဖြတ်၍ ရေနွေးကြမ်းတစ်ခွက် ငုံသောက်လိုက်၏။ ထိုအခိုက်မှာပဲ မိတ်ဆွေကြီးထင်အောင်ကျော်က စီးကရက်တိုကို ပြာခံခွက်ထဲထိုးချေလိုက်ပြီး . . .

"ဒီသဘောအတိုင်းဆိုရင်တော့ ဝံပုလွေနက်တွေကလည်း အဲဒီ 'အမြုတေ' နောက်ကို အသည်းအသန် လိုက်နေကြသလို ခင်ဗျားနောက်ကိုလည်း ထပ်ကြပ်မကွာလိုက်ကြမှာ သေချာတယ်၊ ဘာလို့လဲဆိုတော့ ခင်ဗျားကလည်း 'အမြုတေ' ကို လိုက်ရှာနေတာကိုး၊ အင်ဖာတောထဲ ခင်ဗျားရောက်တုန်းက အဲဒီ 'အမြုတေ' ဟာ မြေပုံတစ်ခုပါလို့ ပြောခဲ့ဖူးတယ်နော်၊ အဲဒီမြေပုံဟာ ရတနာသိုက်မြေပုံလား"

ဟု ပွင့်ပွင့်လင်းလင်းပင် မေးလိုက်ရာ သိဒ္ဓိက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး . . .

"ကျွန်တော်လည်း အဲဒီကိစ္စကို ပွင့်ပွင့်လင်းလင်း ရှင်းပြချင်ပါတယ်၊ ရှင်းပြဖို့လည်း ဆုံးဖြတ်ထားပြီးသားပါ၊ ဘာကြောင့်လဲ



www.burmeseclassi.com

www.burmeseclassi.com



ဆိုတော့ ရှေ့ဆက်ရမယ့် ကိစ္စတွေမှာ တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ရှိစေချင်တယ်လေ"

ဟူ၍ စကားပလ္လင်ခံလိုက်ပြီး ဆက်ပြောလေ၏။

"နည်းနည်းဒဏ္ဍာရီဆန်တယ်လို့တော့ ယူဆရမလားဘဲ၊ ရှေးနှစ်ပေါင်းများစွာကတည်းက ဂန္ဓာရီပညာတွေ ပြန့်ပွားထွန်းကားလာချိန်ကစပြီး ကျွန်တော်တို့ဂိုဏ်းလိုမျိုး အခြားလောကီပညာရပ်ဂိုဏ်းတွေ အတော်များများ ရှိခဲ့တယ်၊ အဲဒီဂိုဏ်းတွေဟာ ဆယ်နှစ်တစ်ကြိမ်တွေ့ဆုံပြီး ပညာရပ်အချင်းချင်း ဆွေးနွေးဖလှယ်လေ့ရှိခဲ့ကြတယ်၊ ကာလတွေကြာလာတဲ့အခါ ဂိုဏ်းတွေဟာ အယူအဆအမျိုးမျိုး၊ ပဋိပက္ခအမျိုးမျိုးဖြစ်လာပြီး ဂိုဏ်းအချင်းချင်း လွှမ်းမိုးတိုက်ခိုက်၊ တစ်ခါတစ်လေ အမြစ်ဖြတ်သုတ်သင်တာမျိုးတွေအထိ လုပ်လာခဲ့ကြတယ်။

အဲဒီလိုနဲ့ အချို့ဂိုဏ်းတွေဟာ ပျောက်ကွယ်သွားကြတယ်၊ နောက်ပိုင်းမှာ အမြော်အမြင်ကြီးမားတဲ့ ဂိုဏ်းအကြီးအကဲတွေက သွေးချောင်းစီးတဲ့ ကိစ္စတွေကို အဆုံးသတ်ဖို့ လျှို့ဝှက်အစည်းအဝေးတစ်ခုကျင်းပပြီး အစီအစဉ်တစ်ခုလုပ်ခဲ့တယ်၊ အဲဒီအစီအစဉ်ရဲ့ အဓိကအချုပ်က ဂိုဏ်းတစ်ဂိုဏ်းစီက အကောင်းဆုံးပညာရပ်တစ်ခုစီကို ထုတ်ဖော်ပြီး စုစည်းမှတ်တမ်းတင်ခြင်း ဖြစ်တယ်၊ အဲဒီမှတ်တမ်းတွေကို ဂန္ဓာရီပညာနဲ့ 'အမြုတေ' တစ်ခုပြုလုပ်ပြီး အဲဒီ 'အမြုတေ' ထဲမှာ ပညာရပ်တွေ ရေးသွင်းခဲ့ကြတယ်၊ အဲဒီလို စီရင်ထားတဲ့ 'အမြုတေ' ကို 'လောကပါလအမြုတေ' လို့ ပညတ်လိုက်တယ်။

ပြီးတော့ အဲဒီ 'အမြုတေ' ကို လုံခြုံစိတ်ချရတဲ့နေရာမှာ လျှို့ဝှက်သိမ်းဆည်းထားလိုက်ကြတယ်၊ အဲဒီပညာရပ်တွေကို ထိုက်





တဲ့သူ ရပါစေဆိုတဲ့ ရည်ရွယ်ချက်ပေါ့ဗျာ၊ အကယ်၍များ အဲဒီလူဟာ ဂန္ဓာရီနယ်ပယ်ထဲက မဟုတ်ခဲ့ရင်တောင် 'အမြုတေ' ကိုကိုင်ပြီး ဆုတောင်းရင် တောင်းတဲ့ဆုပြည့်ဝအောင် အဓိဋ္ဌာန်ထားခဲ့ကြတယ်၊ အခုချိန်မှာ ပညာရပ်တွေဟာ အတော့်ကို မှေးမှိန်သလောက်ဖြစ်နေပါပြီ၊ ဒီအကြောင်းတွေကို ပါးစပ်ပြောယုံတမ်းပုံပြင်တစ်ပုဒ်လိုပဲ သဘောထားကြတဲ့လူတွေက များတယ်၊ စွဲစွဲမြဲမြဲ ယုံကြည်တာကိုလို့ ကျွန်တော်တို့ ဝံပုလွေဂိုဏ်းပဲ ရှိတော့တယ်၊ အခုတော့ အဲဒီဂိုဏ်းကလည်း ဝံပုလွေနက်နဲ့ ဝံပုလွေဖြူဆိုပြီး ရန်ဖက်ဂိုဏ်းတွေဖြစ်နေပြန်တယ်၊ ခုချိန်မှာ ဝံနက်ဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းလုံးလုံးဖြစ်နေပြီ။

အဲဒီ 'အမြုတေ' သာ သူတို့လက်ထဲရောက်သွားရင် လောကကြီးမှာ မကောင်းမှုတွေ ပိုပိုများပြားလာမှာ သေချာတယ်၊ ဒီတော့ ဒေါက်တာတို့ကို ကျွန်တော်အလေးအနက် မေတ္တာရပ်ခံချင်ပါတယ်၊ ကူညီလက်စနဲ့ ကျွန်တော့်ရည်ရွယ်ချက်တွေ ပြီးမြောက်အောင် ဝိုင်းဝန်းကူညီပေးစေချင်တယ်၊ ရည်ရွယ်ချက်ပြီးမြောက်လို့ အဲဒီ 'လောကပါလအမြုတေ' ရလာခဲ့ရင့် ဒေါက်တာတို့အနေနဲ့ ပညာရပ်တွေကို လေ့လာမယ်ဆိုရင်လည်း လေ့လာနိုင်သလို၊ တကယ်လို့ စိတ်မဝင်စားဘူးဆိုရင်လည်း ဒေါက်တာတို့နှစ်ယောက်အတွက် ဆယ်သက်စားမကုန်တဲ့ စည်းစိမ်ဥစ္စာတွေကို အချိန်တိုတိုအတွင်း ကျွန်တော်ပံ့ပိုးပေးမယ်လို့ ကတိပြုပါတယ်"

မည်သို့ပင်ဆိုစေ ကိုသိဒ္ဓိပြောသွားသည်မှာ လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှ၏။ ကျွန်ုပ်မှာ မည်သည့်ထင်မြင်ချက်မှ ပြောဆိုနိုင်ခြင်းမရှိသဖြင့် မိတ်ဆွေကြီးထင်အောင်ကျော်ကို အကဲ



www.burmeseclassi.com

www.burmeseclassi.com



ခတ်သလို ကြည့်လိုက်၏။ မိတ်ဆွေကြီးကလည်း မျက်ခုံးနှစ်ဖက်ကို တွန့်လျက် အတန်ကြာစဉ်းစားပြီးနောက် . . .

"ကောင်းပါပြီ . . . ကိုသိဒ္ဓိ၊ ခင်ဗျားကို ကျွန်တော်ယုံပါတယ်၊ အထူးသဖြင့် ခင်ဗျားရဲ့ခံယူချက်၊ စိတ်နေသဘောထားတွေက ကျုပ်နဲ့ အတော်များများ တူညီနေတယ်၊ ကျုပ်တို့ လူ့လောကကြီးမှာ တကယ့်လျှို့ဝှက်နက်နဲပြီး အစွမ်းသတ္တိရှိတဲ့ ပညာရပ်အတော်များများ ရှိပါတယ်၊ လူတွေ သိထားကြပြီးသား ပညာတွေရှိသလို လူတွေ လိုက်မမီနိုင်လောက်အောင် အလှမ်းဝေးတဲ့ ပညာတွေလည်း ရှိတယ်၊ ဥပမာပြောရရင် ခင်ဗျားတို့ဂိုဏ်းသားတွေ တတ်မြောက်ကြတဲ့ ဂန္ဓာရီပညာမျိုးတွေပေါ့ဗျာ၊ လူယုတ်မာတွေလက်ထဲကို အဲဒီလိုအစွမ်းသတ္တိကြီးမားတဲ့ ပညာမျိုးတွေ ရောက်ရှိသွားရင် လူ့လောကကြီးဟာ အကောင်းထက် အဆိုးတရားတွေ ဖြစ်လာမှာ သေချာတယ်၊ ဒီတော့ ခင်ဗျားနဲ့အတူ 'လောကပါလအမြုတေ' ရအောင်ယူတဲ့နေရာမှာ ကျွန်တော်လည်း ပါဝင်ပါ့မယ်"

ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်ပြီး ကျွန်ုပ်အား အဓိပ္ပါယ်ပါပါ ကြည့်လိုက်ရာ ကျွန်ုပ်လည်း ၎င်း၏သဘောကို ရိပ်မိလိုက်သဖြင့် ပေါ့ပေါ့ပါးပါး ရယ်လိုက်ပြီး . . .

"ကဲ . . . မိတ်ဆွေကြီး၊ ခင်ဗျားနဲ့ ကျုပ်တွဲလာတာ ကြာပါပြီ၊ ကျုပ်ကလည်း ချက်ဆိုရင် နားခွက်က မီးတောက်ပြီးသားပါဗျာ၊ ခင်ဗျား . . . ကျုပ်ကို ဘာမှမေးခွန်းထုတ်မနေနဲ့တော့၊ ကျုပ်အတွက်ကတော့ စွန့်စားရမယ်၊ ကိစ္စပြီးမြောက်ရင် ပစ္စည်းဥစ္စာလည်း တစ်ပုံတစ်ပင်ကြီးရမယ်၊ ဒီအခွင့်အရေးမျိုးကို လက်လွှတ်လိုက်ရင် ကျုပ်တစ်သက်မှာ နောင်ဒီလိုအခွင့်အရေးမျိုး ဘယ်တော့မှ မျက်စေ့





လည်လာတော့မှာ မဟုတ်တော့ဘူး"

သိဒ္ဓိသည် ကျွန်ုပ်တို့ထံမှ ကတိစကားများကို ကြားလိုက်ရသဖြင့် လွန်စွာအားရကျေနပ်သွားပြီး ထိုင်ရာကထလျက် လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်လေ၏။ ထိုညအဖို့ ကျွန်ုပ်တို့သုံးဦးသည် ၎င်းဟိုတယ်မှာပင် သီးခြားအခန်းများယူပြီး အိပ်စက်အနားယူလိုက်ကြတော့၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၁၀)

BURMESE CLASSIC .com

ညအချိန်ဖြစ်၍တစ်ကြောင်း၊ လွန်စွာလူနေကျဲပါးသည့် အရပ်ဒေသဖြစ်၍တစ်ကြောင်း ကျွန်ုပ်တို့အဖို့ စောင့်ကြည့်အကဲခတ်ရသည်မှာ များစွာအဆင်ပြေ၏။ မြင်ကွင်းကို လွတ်ထွက်မသွားအောင် စီစဉ်ထားသည့်အတိုင်း သုံးဦးသား အကွက်စေ့စေ့စောင့်ကြည့်နေကြ၏။

မိတ်ဆွေကြီးဒေါက်တာထင်အောင်ကျော်သည် ၎င်း၏ သက္ကလပ်အိတ်ကြီးကို ဘေးစောင်းလွယ်၍ ဦးထုပ်ကို ခပ်စိုက်စိုက်ဆောင်းကာ အနီးဆုံးနေရာရှိ အမှောင်ရိပ်ကို အကာအကွယ်ယူလျက် ရှိနေသလို ကျွန်ုပ်နှင့် သိဒ္ဓိကလည်း အခြားတစ်ဖက်ခြမ်းရှိ ကုက္ကိုလ်ပင်ကြီး၏ အမှောင်ရိပ်အောက်ဝယ် ရှိနေကြ၏။

အချိန်အတော်ကြာသည့်တိုင်အောင် မည်သည့်ထူးခြားမှုမှ မတွေ့ရသဖြင့် သိဒ္ဓိလည်း အားမလိုအားမရ ဖြစ်လာပုံရ၏။ ထိုင်ရ





မလို၊ ထရမလိုဖြင့် ဂနာမငြိမ်ဖြစ်နေ၏။ ဖြစ်နိုင်လျှင် ထိုသို့ဒုက္ခခံပြီး စောင့်ကြည့်နေမည့်အစား စံပယ်မြိုင်နှင့် ထိပ်တိုက်တွေ့ပြီး ပွင့်ပွင့်လင်းလင်း မေးမြန်းလိုက်ချင်သည်ဟုပင် နှုတ်က ဖွင့်ပြောလေ၏။

သူဖြစ်လိုသည့် အခြေအနေမှာ ကျွန်ုပ်တို့ ဒုက္ခခံစောင့်ဆိုင်းခဲ့ရသည့် နှစ်နာရီဟူသော အချိန်အတွင်း အမှန်ပင် ဖြစ်လာခဲ့လေ၏။

ရှေ့မီးကိုပိတ်၍ ဖြည်းဖြည်းမောင်းနှင်လာသည့် စစ်တပ်သုံးလော်ရီကားတစ်စီးကို ဝါကျင့်ကျင့် လမ်းမီးတိုင်များအောက်တွင် မြင်လိုက်ရ၏။ ကျွန်ုပ်တို့ အသေအချာ စူးစိုက်ကြည့်လိုက်ရာ ကားပေါ်တွင် ဂေါ်ရီစစ်ပုလိပ်ငါးယောက်ခန့် ပါလာသည်ကို တွေ့လိုက်ရ၏။ ၎င်းကားရပ်လိုက်သည့်နေရာမှာ ကျွန်ုပ်တို့မိတ်ဆွေကြီးထင်အောင်ကျော် မှောင်ရိပ်ခိုနေသည့်နေရာနှင့် အနီးဆုံးတွင် ဖြစ်၏။

ထိုအခိုက်မှာပဲ မိတ်ဆွေကြီးက ဂိုးလ်ကုမ္ပဏီထုတ် မီးခြစ်ကို ဖြတ်ကနဲခြစ်ကာ အချက်ပြလိုက်သည်ကို တွေ့လိုက်ရ၏။ ကားရှေ့ခန်းမှ အရပ်အမောင်းမြင့်မားပြီး လောင်းကုတ်အနက်ဝတ်ထားသူတစ်ဦးက ၎င်းစစ်ပုလိပ်များကို ဦးဆောင်ကာ စံပယ်မြိုင်၏ခြံထဲသို့ ဝင်ရောက်သွား၏။

ထိုသူသည် သော့ခတ်ထားသည့် သံပန်းတံခါးကို တဂျောင်းဂျောင်းမည်အောင် ခေါက်လိုက်ရာ ခြံစောင့်ဟု ယူဆရသော ပုဂ္ဂိုလ်တစ်ဦးရောက်လာပြီး စကားအခြေအတင် ပြောဆိုကြရင်းက အတန်ကြာသည်တွင် ခြံစောင့်မှာ မတတ်သာ၍ ဖွင့်ပေးရသောဟန်ဖြင့် ခြံတံခါးကို ဖွင့်ပေးလိုက်ရ၏။

သိဒ္ဓိသည် ထိုလူတစ်စုဝင်ရောက်သွားသည်ကို လည်



www.burmeseclassi.com

www.burmeseclassi.com



တဆန့်ဆန့်ကြည့်ရင်း . . .

"ကိုမျိုးမြတ် . . . ကျွန်တော်တို့ ဒီအတိုင်းကြည့်နေတော့မှာလား" ဟု မချင့်မရဲမေးရာ ကျွန်ုပ်လည်း လေသံအုပ်အုပ်ဖြင့်-

"ဆန္ဒမစောပါနဲ့ဗျာ၊ သူတို့နဲ့ အနီးကပ်ရှိတဲ့ ကိုထင်အောင်ကျော်က ကျုပ်တို့ထက် ဘာလုပ်ရမယ်ဆိုတာ ပိုပြီးသိပါတယ်၊ သူ့ဆီက ထပ်ပြီး အချက်ပြစာမျိုး မတွေ့ရမချင်း ကျုပ်တို့ ဒီအတိုင်းစောင့်ကြည့်နေရမှာပဲ"

၄င်းထံမှ ပင့်သက်ရှည်တစ်ချက် ချလိုက်သံကြားရပြီး မည်သည့်စကားမှ ထွက်မလာတော့။ မိနစ်အနည်းငယ်အတွင်း တိုက်သစ်လေးထဲမှ လောင်းကုတ်အနက်နှင့်လူ ထွက်လာပြီး ထိုသူနောက်တွင် စစ်ပုလိပ်များက စံပယ်မြိုင်ကို ခြံရံပြီး လိုက်ပါလာသည်ကို တွေ့လိုက်ရ၏။ ထူးခြားသည်မှာ နေ့လည်ခင်းက ကျွန်ုပ်တို့ တွေ့ခဲ့ရသည့် အနီရောင်သေတ္တာလေးကို စံပယ်မြိုင်လက်တွင် တွေ့လိုက်ရခြင်း ဖြစ်၏။

၄င်းတို့သည် စံပယ်မြိုင်ကို ကားခေါင်းခန်းတွင် ထိုင်စေပြီး ချက်ချင်းပင် မောင်းထွက်သွားရာ ကျွန်ုပ်တို့နှစ်ဦးလည်း ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွားကြ၏။ ထိုအခိုက်မှာပဲ ကျွီကနဲ အသံနှင့်အတူ ကျွန်ုပ်တို့ဘေးသို့ ကားတစ်စီးထိုးရပ်လာသဖြင့် ကျွန်ုပ်လည်း အလန့်တကြား ကြည့်လိုက်တော့ . . .

"ကိုယ့်လူတို့ မြန်မြန်တက်ကြတော့ . . . " ဟူသော မိတ်ဆွေကြီးအသံ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်တို့လည်း ဒိုင်ဗင်ချန်ပီယံများပမာ ကားအတွင်း ကသောကမျော တက်လိုက်စဉ်မှာပဲ မိတ်ဆွေကြီးက ကားကို ဆောင့်ကာမောင်းထွက်လိုက်တော့၏။





မိတ်ဆွေကြီးထင်အောင်ကျော်သည် လီတာကို တစ်ဆုံးနင်းကာ မောင်းနေရာ ကျွန်ုပ်လည်း စိုးရိမ်မိသဖြင့် . . .

"ကိုထင်ကျော် . . . ဒီကောင်တွေရဲ့ကားကို မြင်နေရပြီပဲ၊ အရှိန်လျှော့ပြီး ခပ်မှန်မှန်လိုက်ရင် မကောင်းဘူးလား၊ အခုအတိုင်းဆိုရင် ဒီကောင်တွေ ရိပ်မိသွားနိုင်တယ်"

"ကိစ္စမရှိဘူး ကိုမျိုးမြတ်၊ ဒီအချိန်မှာ ရိပ်မိတာ မရိပ်မိတာ အကြောင်းမဟုတ်ဘူး၊ မျက်ခြေပြတ်သွားတာနဲ့ ကျုပ်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေ ဒီနေရာမှာ ပြီးဆုံးသွားလိမ့်မယ်၊ ဒီကောင်တွေဟာ ပုလိပ်သားအယောင်ဆောင်ထားတဲ့ ဝံပုလွေနက်ဂိုဏ်းသားတွေပဲ၊ ကျုပ်က အနီးကပ်မြင်လိုက်ရတော့ အဲဒီအထဲက တစ်ချို့ကောင်တွေက လတ္တာလမ်းမှာတုန်းက မှုန်ကြီးကို စိတ်ညို့ပြီး အပြင်ခေါ်ထုတ်ခိုင်းလိုက်တဲ့ကောင်တွေ"

ဟူ၍ ဒေါက်တာထင်အောင်ကျော်က ကားကို ဒလကြမ်းမောင်းနေလျက်က အသံဖြင့် ရှင်းပြလေ၏။ ခံပြင်းဒေါသထွက်နေသည့် သိဒ္ဓိကလည်း တောက်တစ်ချက်ခေါက်လိုက်ပြီး . . .

"ဒီကောင်တွေ စံပယ်မြိုင်ကို ဖမ်းခေါ်သွားပုံထောက်တော့ သူမဟာ ကျွန်တော်တို့ရန်ဘက် ဝံနက်ဂိုဏ်းက မဟုတ်တာ သေချာသွားပြီ၊ ပြီးတော့ အဲဒီအနီရောင်သေတ္တာလေးဟာ အတော်အရေးပါနေပြီ"

"ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့တွေ စံပယ်မြိုင်ကိုရော သေတ္တာလေးကိုပါ ရအောင်ပြန်ယူရမယ်"

ဒေါက်တာထင်အောင်ကျော်က ထိုသို့ပြောလိုက်သည်နှင့် သိဒ္ဓိကလည်း စိတ်အားထက်သန်စွာဖြင့် ထောက်ခံပြောလေ၏။



www.burmeseclassi.com

www.burmeseclassi.com



"ဟုတ်တယ် ဒေါက်တာ၊ ကျွန်တော့်ဆန္ဒလည်း အဲဒီအတိုင်းပါပဲ၊ စံပယ်မြိုင်ဟာ ဘာဆိုတာ မသိရပေမယ့် ကျွန်တော့်အသက်သခင်ကျေးဇူးရှင်ဆိုတာတော့ မေ့လို့မဖြစ်ဘူးဗျ"

ထိုအချိန်မှာပဲ စစ်သုံးလော်ရီကားမှာ ကန်တော်ကြီးလမ်းအတိုင်း မောင်းနှင်သွားသည်ကို တွေ့လိုက်ရသဖြင့် မိတ်ဆွေကြီးကလည်း ၎င်းလမ်းအတိုင်း အရှိန်မလျော့ဘဲ ကွေ့လိုက်ရာ ကျွန်ုပ်တို့လည်း ကားထဲ၌ ယိမ်းထိုးသွားလေ၏။ မိတ်ဆွေကြီးလည်း ကားကိုပြန်လည်ထိန်းမတ်ပြီး အရှိန်မြှင့်ကာ မောင်းလေ၏။ ထိုသို့မောင်းရင်းက . . .

"ကဲ . . . မိတ်ဆွေတို့နှစ်ယောက် တိုက်ပွဲသတိနဲ့ အသင့်သာပြင်ထားကြပေတော့၊ ဒီလမ်းတစ်လျောက်လုံး ကားရှင်းတယ်၊ ကျုပ် ကားမီးမှိတ်ပြီး ဒီကောင်တွေကားနောက် ကပ်မယ်၊ ကားချင်းယှဉ်မိတာနဲ့ အခြေအနေကြည့်ပြီး လော်ရီကားနောက်ကို တက်လေတော့၊ နောက်ခန်းမှာရှိတဲ့ ကောင်တွေက ပုလိပ်အတုတွေ၊ ဒီကောင်တွေမှာ လောက်လောက်လားလား ဘာလက်နက်မှ မရှိဘူး၊ ကားရှေ့ခန်းက ကောင်မှာပဲ လက်နက်ပါလိမ့်မယ်၊ ကျုပ်က ကားရှေ့ခန်းက ဒရိုင်ဘာနဲ့ အဲဒီကောင်ကို တာဝန်ယူမယ်၊ တစ်ကယ်လို့ စံပယ်မြိုင်ကို ကယ်လို့ရပြီဆိုရင် ကျုပ်ကျန်နေရင်လည်း စောင့်မနေကြနဲ့၊ အမြန်ဆုံး ထွက်ခွာကြပေတော့၊ တစ်ယောက်ကိုတစ်ယောက်ငဲ့နေရင် လွတ်ဖို့မလွယ်ဘူး"

မိတ်ဆွေကြီးသည် ပြောပြီးသည်နှင့် ကားရှေ့မီးကို ဖြတ်ကနဲ ပိတ်လိုက်ပြီး ကားကိုအရှိန်ကုန်မောင်းကာ လော်ရီကားနောက်နား ကပ်လိုက်လေ၏။ ထိုအခါမှ ကားနောက်ရှိ ပုလိပ်အတုများမှာ





ခေါင်းထောင်ထလာပြီး ကျွန်ုပ်တို့ကားကို အကဲခတ်ကြည့်ကြ၏။ ကားရှေ့ခန်းမှ လောင်းကုတ်အနက်နှင့် လူကလည်း ခေါင်းပြူကာ နောက်သို့ သမင်လည်ပြန်ကြည့်၏။

ထိုအခိုက်မှာပဲ မိတ်ဆွေကြီးက လော်ရီကား၏ညာဘက်မှ ကျော်တက်လိုက်ရာ သိဒ္ဓိကလည်း ထိုအချက်ကို အခွင့်ကောင်းယူ၍ ကားပြတင်းမှ လျောထွက်ကာ ပေါ့ပါးဖျတ်လတ်စွာဖြင့် လော်ရီကားကိုယ်ထည်အောက်နားမှ တန်းတစ်ခုကို ဖမ်းခိုလိုက်၏။ လွန်စွာလျင်မြန်လှသဖြင့် ကားပေါ်မှ ပုလိပ်တုများမှာ မရိပ်မိလိုက်ကြပေ။

လော်ရီကားမောင်းသူအား လောင်းကုတ်အနက်ပုဂ္ဂိုလ်ကတစ်စုံတရာ အော်ပြောလိုက်ပုံရ၏။ ဒရိုင်ဘာက စတီယာရင်ကို ကျွန်ုပ်တို့ကားလေးဘက် ဆွဲကာတိုက်ချလိုက်၏။

မိတ်ဆွေကြီးက မည်သို့တုန့်ပြန်လာမည်ကို ကြိုသိနေသဖြင့် ကားအရှိန်လျော့ပြီး ဘရိတ်တစ်ချက်အုပ်လိုက်၍သာ ကျွန်ုပ်တို့ကံကောင်းသွားခြင်း ဖြစ်၏။ လော်ရီကားမှာ ထင်သလိုဖြစ်မလာဘဲ အရှိန်လွန်ကာ ယိမ်းထိုးသွား၏။ ကားပေါ်ရှိ ပုလိပ်တုများလည်း ယိမ်းထိုးလဲပြိုကုန်ကြ၏။

ထိုအချက်ကို အမိအရ အခွင့်ကောင်းယူလိုက်သူမှာ လွန်စွာဖျတ်လတ်သန်မာသည့် သိဒ္ဓိပင်ဖြစ်၏။ ၎င်းက သံတန်းကို ခိုထားရာမှ ဂျွန်းဘားကစားသူလို ခန္ဓာကိုယ်ကို လှလှပပ လွှဲလိုက်ပြီး လော်ရီကားပေါ် တက်သွားလေ၏။ ကားပေါ်ရောက်သည်နှင့် အနီးကပ်ဆုံးရှိနေသည့် ပုလိပ်သားတစ်ယောက်၏ မေးစေ့ကို ပိုင်ပိုင်နိုင်နိုင်ထိုးလိုက်ရာ ထိုသူမှာ ၎င်းတစ်ချက်တည်းနှင့်ပင် ခွေခနဲလဲကျသွား၏။



www.burmeseclassi.com

www.burmeseclassi.com



ကျန်သူများမှာ ဘွားကနဲ ရောက်ရှိလာသဖြင့် တအံ့တ
ကြည့်နေရင်းက အခြေအနေကို ရုတ်တရက် သဘောပေါက်သွားပြ
ချက်ချင်းပင် ဝိုင်းဝန်းတိုက်ခိုက်ကြတော့၏။ ထိုအဖြစ်ကိုကြည့်
ကျွန်ုပ်လည်း သိဒ္ဓိအတွက် လွန်စွာစိုးရိမ်သွားပြီး ၎င်းလော်ရီကာ
ပေါ်တက်ချင်သော်လည်း ဘယ်လိုမှ အခွင့်မသာအောင် ဖြစ်နေ၏

သိဒ္ဓိတက်သွားသလို တက်ရန်လည်း ကျွန်ုပ်မှာ ၎င်းလော
သန်မာဖျတ်လတ်မှုမရှိ၍ ဘယ်လိုမှ မတက်သာအောင် ဖြစ်နေ
၏။ ထိုအခိုက်မှာပဲ မိတ်ဆွေကြီးထင်အောင်ကျော်က မူလအစ
အစဉ်ကို လျှပ်တပြက် ပြန်လည်အကောင်အထည်ဖော်လိုက်ပြန်၏
ကားကို အရှိန်မြှင့်လိုက်ပြီး လော်ရီကားဘယ်ဘက်ခြမ်းမှ ဝိုက်တက်
လိုက်ခြင်းဖြစ်၏။ လောင်းကုတ်နက်နှင့်လူမှာ အခြေအနေအရပ်
ရပ်ကို ရိပ်စားမိလိုက်သည်ထင်၏။

၎င်းက ကားတံခါးကို ညာလက်နှင့် တွဲခိုလျက် ကျွန်ုပ်တို့၏
လှုပ်ရှားမှုကို စောင့်ကြည့်နေရာမှ ကားနောက်ခန်းဆီမှ သူ့လူများ
နှင့် တိုက်ခိုက်နေသော သိဒ္ဓိကို တစ်ချက်ကြည့်လိုက်ပြီး လွတ်ဟာ
နေသော ဘယ်လက်ဖြင့် အင်္ကျီအိတ်ထဲမှ သေနတ်ကိုထုတ်ယူကာ
သိဒ္ဓိကို အပိုင်ပစ်ရန် ဟန်ပြင်နေလေ၏။

"ကိုမျိုးမြတ်ရေ . . . ကားစီယာရင်ကို တစ်ချက်ထိန်းထား
လိုက်ပါ"

မိတ်ဆွေကြီးထင်အောင်ကျော်က အပြောနှင့်လက်တွေ့
တစ်ပြိုင်တည်း ဆောင်ရွက်လိုက်၏။ သူသည် စီယာရင်ကို ညာဘက်
သို့ ဆွဲချလိုက်ပြီး လော်ရီကားကိုယ်ထည်ကြီးကို ဒိုင်းကနဲ ဆောင့်
တိုက်ပစ်လိုက်ရာ လော်ရီကားကြီးမှာ ရမ်းခါသွားသလို ကျွန်ုပ်တို့





ကားလေးမှာလည်း ညာဘက်ခြမ်းမှာဘီးများ မြောက်ကြွသွားကာ
မှောက်တော့မလို ဖြစ်သွား၏။ ကားရှေ့မှန်မှာလည်း ဖြန်းကနဲ
ကွဲသွား၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် ဖြစ်တည်လာသည့်
အခြေအနေအပေါ် အကွက်ကျကျ အသုံးချလေတော့၏။ ၎င်းက
မှန်ကွဲစများကို မထိရှအောင် လက်နှစ်ဖက်ယှက်၍ ကာလိုက်ပြီး
မှန်မရှိတော့သည့် ၎င်းအပေါက်မှတိုးတက်ကာ ကားဘောနက်ပေါ်
ခုန်တက်လိုက်၏။ ထိုအခါ ကျွန်ုပ်လည်း ၎င်းမှာထားသည့်အတိုင်း
နောက်ခုံမှနေ၍ စီယာရင်ကို လှမ်းဆွဲပြီး ဖမ်းထိန်းရင်းက ကူရှင်ခုံ
ကို ကျော်တက်ပြီး ယာဉ်မောင်းနေရာဝင်ယူလိုက်၏။

မိတ်ဆွေကြီးမှာမူ ကားဘောနက်ပေါ် မုဆိုးဒူးထောက်
ထိုင်လျက် အားယူရင်း အခွင့်အခါကို စောင့်ဆိုင်းနေလေ၏။ ထို
အချိန်မှာပဲ သိဒ္ဓိသည် ပုလိပ်သားအတုသုံးယောက်ကို အလဲသိပ်
လိုက်နိုင်ပြီဖြစ်၏။ လောင်းကုတ်နက်လူမှာ သိဒ္ဓိကို ပစ်ရကောင်းနိုး၊
မိတ်ဆွေကြီးကို ပစ်ရကောင်းနိုးဖြင့် ဒွိဟဖြစ်နေရာမှ သူ့အား
ခုန်အုပ်ရန် ဟန်ပြင်နေသည့် မိတ်ဆွေကြီးကို ရွေးချယ်လိုက်ပုံရ၏။

ကျွန်ုပ်လည်း ၎င်းအရိပ်အခြေကို တွေ့လိုက်ရသဖြင့် မိတ်
ဆွေကြီးအတွက် လွန်စွာစိုးရိမ်သွားပြီး ကားစီယာရင်ကို ညာဘက်
သို့ဆွဲချကာ လော်ရီကားကို တိုက်ပစ်လိုက်၏။ ဝုန်းကနဲ မြည်သွား
ပြီး အားလုံးဖရိုဖရဲ ဖြစ်နေစဉ်မှာပဲ မိတ်ဆွေကြီးက လော်ရီကား၏
ရှေ့ခန်းထဲသို့ ကြောင်တစ်ကောင်ပမာ ဝါးလုံးထိုး ခုန်ဝင်သွား၏။
ရှိုင်ဘာမှာ မထင်မှတ်သည့် တိုက်ခိုက်ခြင်းကို ခံလိုက်ရသဖြင့်
လွန်စွာအခက်ကြုံလျက်ရှိရာ ၎င်းလုပ်နိုင်တာဟူ၍ လက်တစ်ဖက်



www.burmeseclassi.com

www.burmeseclassi.com



ဖြင့် တွန်းချရန်သာ တတ်နိုင်တော့၏။

မိတ်ဆွေကြီးက ဝင်လာသောလက်ကို ဖတ်ကနဲ ဆွဲလျက် အကြောကိုင်ပညာဖြင့် လက်ကိုဆွဲလှန်လိုက်စဉ်မှာပဲ ဒရိုင်ဘာသည် အီးအီးအားအား အော်ဟစ်ရင်းက ကားမောင်းနေသော လက်ဖြင့် မိတ်ဆွေကြီးကို ထိုးကြိတ်ပြန်၏။ ထိုလက်တစ်ဖက်မှာလည်း မိတ်ဆွေကြီး၏ လျှပ်တပြက် တိုက်ခိုက်မှုကိုခံရပြီး အဆစ်ပြုတ်သွားလေ၏။ လက်နှစ်ဖက်လုံး သုံးမရဖြစ်သွားသဖြင့် လော်ရီကားကြီးမှာလည်း အထိန်းအကွပ်မဲ့သွားပြီး ကန်ဘက်သို့ ဦးတည်သွားလေ၏။ လောင်းကုတ်နက်နှင့်လူမှာ ကျွန်ုပ်ကားနှင့် ဆောင့်တိုက်လိုက်စဉ်ကတည်းက သေနတ်လွတ်ကျသွားရုံမက ဟန်ချက်ပျက်သွားပြီး ကားတံခါးမှ လွင့်ကျသွားသော်လည်း သူသည် လွန်စွာသတိကောင်းပုံရ၏။ ရုတ်ချည်းပင် ဘီးအထက်နားရှိ သံတန်းကို လက်နှစ်ဖက်ဖြင့် တွဲခိုလိုက်ပြီး ကားပေါ်ပြန်တက်နိုင်ရန် အပြင်းအထန်အားထုတ်လေ၏။

ကားရှေ့ခန်းရှိ စံပယ်မြိုင်မှာလည်း ဝရုန်းသုန်းကား အခြေအနေကြောင့် အကြောက်လွန်ကာ သတိလစ်မေ့မြောနေပုံရ၏။ ပထမအကြိမ် ကားနှင့်ဆောင့်တိုက်မိစဉ်ကတည်းက သတိလစ်သွားသည်ထင်၏။ မိတ်ဆွေကြီးက ဘာမှလုပ်ဆောင်နိုင်စွမ်းမရှိဘဲ ငူငူကြီးဖြစ်နေသည့် ဒရိုင်ဘာကို တစ်ဖက်တံခါးပေါက်မှ တွန်းချရန် ကြိုးစားနေသော်လည်း ဒရိုင်ဘာမှာ လက်နှစ်ဖက်လှုပ်မရသည့်ကြားမှ အကြောက်အကန် တင်းခံနေလေ၏။

ထိုစဉ်မှာပဲ လောင်းကုတ်နက်နှင့်လူမှာ ခြေကုပ်ရသွားပြီး ကားပေါ် အလျင်အမြန်တက်၍ မိတ်ဆွေကြီးကို ဆွဲချပြန်၏။ တစ်ချိန်တည်းဆိုသလို ဒရိုင်ဘာကို တစ်ဖက်တံခါးမှ တွန်းချလိုက်နိုင်





သလို မိတ်ဆွေကြီးမှာလည်း လောင်းကုတ်နက်နှင့်ပုဂ္ဂိုလ်၏ ဆွဲချမှုကြောင့် ကားပေါ်မှအောက်သို့ ပြုတ်ကျသွားလေ၏။

မိတ်ဆွေကြီးမှာ လွန်စွာသတိကောင်းသူဖြစ်၍ ပြုတ်အကျမှာပဲ လောင်းကုတ်နက်၏ ခြေတစ်ဖက်ကို မိမိရရဆွဲလိုက်ရာ နှစ်ဦးစလုံးအောက်သို့ လုံးထွေးပြုတ်ကျသွားတော့၏။ ၎င်းတို့ ပြုတ်ကျလာသည်မှာ ကျွန်ုပ်၏ကားရှေ့တည့်တည့်သို့ဖြစ်ရာ ကျွန်ုပ်လည်း အထိတ်တလန့်ဖြင့် ဘရိတ်ကို ဆောင့်အုပ်လိုက်ရ၏။ ဒုန်းခနဲမြည်ကာ ကားမှာ ရပ်သွား၏။

သို့သော် ကျွန်ုပ်၏နဖူးမှာ စီယာရင်နှင့် ပြင်းစွာဆောင့်မိပြီး သွေးများဖြာကျလာ၏။ ရုတ်ချည်းပင် အမြင်အာရုံများ ဝေဝါးလာပြီး မြင်ကွင်းကို သဲကွဲစွာ မမြင်ရတော့ပေ။ ကျွန်ုပ်နောက်ဆုံး သိလိုက်သည်မှာ ကန်တော်ကြီးရေပြင်ထဲသို့ လော်ရီကားကြီး အရှိန်ဖြင့် ဝုန်းခနဲကျသွားသည့် မြင်ကွင်းပင် ဖြစ်တော့၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၁၁)

ကျွန်ုပ်သတိရရချင်း ပထမဦးဆုံး ကြားလိုက်ရသည်မှာ မိတ်ဆွေကြီးထင်အောင်ကျော်၏ စကားသံပင် ဖြစ်၏။ ကျွန်ုပ်အား ကမ်းပေးလိုက်သည်မှာ ဖန်ခွက်ထဲ အသင့်ငှဲ့ထားသည့် ဘရန်ဒီ နှစ်ပက်ခန့်ဖြစ်၏။ ကျွန်ုပ်လည်း ဖန်ခွက်ကိုယူ၍ တစ်ရှိန်ထိုးမော့ သောက်ပစ်လိုက်ရာ ရင်ထဲပူဆင်းသွားပြီး တစ်ကိုယ်လုံး ပေါ့ပါး လန်းဆန်းသွားသဖြင့် လှဲနေရာမှ ထထိုင်လိုက်၏။

"ကိုင်း . . . ကိုမျိုးမြတ်၊ ခင်ဗျားအိပ်ယာအထကို ကျုပ်တို့ အားလုံး စောင့်နေကြတာ၊ ကဲ . . . ကျုပ်ကိုချည်းပဲ ကြည့်မနေနဲ့ ဦး၊ သူတို့ကိုလည်း နှုတ်ဆက်လိုက်ပါဦး"

ဟုဖြေပြီး ခုတင်ခြေရင်းနံရံနားရှိ ကုလားထိုင်များပေါ်တွင် ထိုင်နေသော သိဒ္ဓိနှင့် စံပယ်မြိုင်ကို ညွှန်ပြလေရာ ထိုအခါမှ ကျွန်ုပ် လည်း လှိုက်ခနဲ ဝမ်းသာသွားပြီး . . .





"ဟာ . . . ကိုသိဒ္ဓိနဲ့ စံပယ်မြိုင်တို့ပါလား၊ ကျုပ်ဖြင့် ရေထဲ ထိုးကျသွားတဲ့ကားပေါ် ခင်ဗျားတို့ပါသွားပြီ ထင်နေတာ . . ."

သိဒ္ဓိက စံပယ်မြိုင်ကို တစ်ချက်ကြည့်လိုက်ပြီး ပခုံးနှစ်ဖက် ကို ဟန်ပါပါတွန့်လိုက်ကာ . . .

"ရေထဲကျသွားတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် ကျွန်တော် တို့ ကောင်းကောင်းမွန်မွန် ရုန်းထွက်နိုင်ခဲ့ကြပါတယ်"

ဟု အစချီလိုက်ပြီး ၎င်းတို့ကြုံတွေ့ခဲ့ရပုံများကို အသေး စိတ်ပြောပြလေ၏။

"ဒေါက်တာနဲ့ လောင်းကုတ်အနက်ပုဂ္ဂိုလ်တို့ ကားပေါ်က လုံးထွေးကျသွားတာကို မြင်လိုက်ရတော့ ကားရှေ့ခန်းမှာ စံပယ်မြိုင် ပဲ ကျန်တော့တာကို သိလိုက်ရတယ်၊ ကားကလည်း ရေကန်ထဲကို တရှိန်ထိုးဦးတည်နေတော့ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိအောင် တွေဝေသွားတယ်၊ ကားပေါ်က ခုန်ဆင်းဖို့ကိုလည်း သတိမရတော့ ဘူး၊ အဲဒီအချိန်မှာပဲ ကားက ရေကန်ထဲကို ဝုန်းဆို ထိုးကျသွားတော့ တယ်၊ ကျွန်တော်လည်း လော်ရီကားအပေါ်တန်းကို ဆုပ်ကိုင်ထား ရင်း ကားနဲ့အတူ ပါသွားတာပေါ့၊ ကားရှေ့ခန်းကစလို့ ရေအောက် ကို တဖြည်းဖြည်းမြုပ်သွားတော့ ရှေ့ခန်းမှာရှိတဲ့ စံပယ်မြိုင်အသက် ဆုံးရှုံးတော့မှာပဲလို့တွေးမိပြီး ကျွန်တော်လည်း ရေထဲဒိုင်ဗင်ထိုး ဆင်းလိုက်တယ်။

အလင်းရောင်မရတဲ့ အချိန်ဖြစ်လို့ မြင်ကွင်းတစ်ခုလုံး မှောင်မည်းနေပေမယ့် စံပယ်မြိုင်ကို အခက်အခဲမရှိ ကယ်လိုက်နိုင် တာက သူ့လည်ပင်းမှာ ဆွဲထားတဲ့ လည်ဆွဲလေးကြောင့်ပဲ။

လည်ဆွဲက အရောင်တစ်မျိုးတောက်ပြီး အလင်းရောင်



www.burmeseclassi.com

www.burmeseclassi.com



လဲ့လဲ့ ထွက်နေတယ်လေ၊ ကျွန်တော်လည်း အဲဒီအလင်းရောင်လေး အားကိုးနဲ့ ကားတံခါးကိုရအောင် ခက်ခက်ခဲခဲ ဖွင့်နိုင်ခဲ့တယ်၊ နောက်ဆုံးတော့ စံပယ်မြိုင်ကိုဆွဲထုတ်ပြီး ရေကန်စပ်အထိ ဆွဲတင်နိုင်တယ်ပေါ့ဗျာ၊ ကျွန်တော့်တစ်ကိုယ်လုံးလည်း အင်နဲ့အားနဲ့ လှုပ်ရှားခဲ့ရလို့ မျက်လုံးတွေ ပြာဝေနေပြီ၊ အဲဒီအချိန်မှာ ဒေါက်တာနဲ့ လောင်းကုတ်အနက်ပုဂ္ဂိုလ်တို့ တိုက်ပွဲက အတော်ပြင်းထန်နေတယ်၊ ကျွန်တော်လည်း အသက်ကို ဝအောင်ရှူပြီး အမောဖြေနေရတော့ ဘယ်လိုမှ မတတ်နိုင်ဘူးဖြစ်နေတယ်၊ လောင်းကုတ်အနက်ပုဂ္ဂိုလ်က အတွေ့အကြုံ၊ အလေ့အကျင့်ရှိပြီး ကိုယ်လုံပညာ အဆင့်မြင့်မြင့်တတ်ကျွမ်းပုံရတာကြောင့် ဒေါက်တာလည်း အတော်ခုခံနေရတယ်။

ကျွန်တော့်အထင်ပြောရရင် ဒေါက်တာဟာ သူ့ဘေးလွယ်အိတ်ထဲက အထုံးလေးတွေပါတဲ့ ကြိုးကိုထုတ်ပြီး တိုက်ခိုက်တော့မှ အသာစီးပြန်ရလာတယ်၊ ဒေါက်တာရဲ့ ကြိုးသိုင်းပညာကိုတော့ ကျွန်တော်အထူးလေးစားတယ်ဗျာ၊ ရန်သူရဲ့လည်မျိုကို ပစ်မှတ်ထားပြီး တိုက်ခိုက်လိုက်တော့ အဲဒီလူလည်း မဟန်နိုင်တော့ဘဲ နောက်ကျွမ်းတစ်ချက်ပစ်ပြီး အမှောင်ထဲကို ပြေးဝင်သွားတော့တယ်၊ အဲဒီအချိန်မှာ ရန်သူတွေလည်း ဆုတ်ခွာသွားကြပြီဖြစ်လို့ ကျွန်တော်တို့လည်း စံပယ်မြိုင်ကို ပွေ့ချီပြီး ခြေရာဖျောက်ဖို့ ကားဆီကိုအလာမှာ စီယာရင်ပေါ် မှောက်လျက် သတိမေ့နေတဲ့ ကိုမျိုးမြတ်ကို တွေ့လိုက်ရတာပဲ"

ဟု ကျွန်ုပ်မသိလိုက်သည့် အဖြစ်အပျက်များကို ရှင်းပြလေ၏။

ထို့နောက် မိတ်ဆွေကြီးထင်အောင်ကျော်က ကျွန်ုပ်၏





လက်ထဲမှ ဘရန်ဒီခွက်ကို ပြန်ယူလိုက်ပြီး . . .

"တဲ . . . ကိုမျိုးမြတ်၊ အခု ကိုသိဒ္ဓိပြောသွားတဲ့ အဖြစ်အပျက်တွေထက် ပိုပြီးစိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းအရာတွေကို ကျွန်တော်ပြောမယ်"

ဟု စကားဦးသမ်းလိုက်ပြီး စံပယ်မြိုင်ထံသို့ တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီးနောက် . . .

"ဝံနက်တွေရော၊ ကိုသိဒ္ဓိပါ အသည်းအသန်လိုက်ရှာနေတဲ့ ဂိုဏ်းစောင့်အပျိုတော်ဆိုတာ ဟောဒီက စံပယ်မြိုင်ဗျ"

"ဗျာ . . . ဘယ် . . . ဘယ်လို . . . "

ကျွန်ုပ်သည် လွန်စွာအံ့သြလွန်းသဖြင့် ခုတင်ပေါ်က ခန္ဓာကိုယ် မြောက်ကြွသွားသလို ဖြစ်သွား၏။ စိတ်ထဲမှ တစ်စုံတစ်ခုကို သတိရလိုက်ပြီး . . .

"ဒါ . . . ဒါဆို 'အမြုတေ' မြေပုံက စံပယ်မြိုင့်ဆီမှာပေါ့"

"ဟုတ်တယ် . . . ဒါပေမယ့် အရင်တုန်းက၊ ခုတော့ ဝံနက်ဂိုဏ်းက အနက်ရောင်လောင်းကုတ်ရှည်နဲ့လူဆီ ပါသွားပြီ"

ထိုစကားကြောင့် ကျွန်ုပ်မှာ အရှိန်ဖြင့် ပြေးလာသူကို ရင်ဝဆောင့်ကန်ခံလိုက်ရသကဲ့သို့ ခံစားလိုက်ရ၏။ လွန်စွာနှမြောတသဖြစ်မိ၍ စုပ်သပ်လိုက်မိသည်။ သိဒ္ဓိကလည်း မချင့်မရဲလေသံဖြင့် . . .

"ဟုတ်တယ် ကိုမျိုးမြတ်၊ ကံကြမ္မာက ကျွန်တော်တို့ကို ပန်းတိုင်ရောက်ခါနီးမှ လက်မတင်ကလေး လှည့်စားလိုက်တာ ဝမ်းနည်းစရာပဲဗျာ၊ ဒါပေမယ့် ပန်းတိုင်ကို မြင်နေရပြီဆိုတော့ ကျုပ်တို့မဆုတ်မနစ် ကြိုးစားရမှာပေါ့ဗျာ၊ ဝံနက်တွေက မြေပုံရသွားပြီး



www.burmeseclassi.com

www.burmeseclassi.com



'လောကပါလအမြုတေ' ကိုသာ ရသွားမယ်ဆိုရင် ဖြစ်လာမယ့် အကျိုးဆက်တွေဟာ မတွေးဝံ့စရာပဲဗျာ"

ထိုအခါ တစ်ချိန်လုံးငြိမ်နေသော စံပယ်မြိုင်က . . .

"အကိုသိဒ္ဓိပြောတာ မှန်ပါတယ်၊ 'အမြုတေ' ပြန်ရဖို့က အခုအချိန်မှာ တကယ့်သေရေးရှင်ရေးကိစ္စ ဖြစ်နေပြီ၊ မြိုင်တို့တွေ စုစုစည်းစည်းနဲ့ ရအောင်ပြန်ယူမှဖြစ်မယ်၊ မြိုင်လည်းလေ . . . အချိန်အကြာကြီး ထိန်းသိမ်းလာခဲ့ပြီးမှ အခုလိုအဖြစ်မျိုးကြုံရတာ အရမ်းခံပြင်းဒေါသဖြစ်ရတယ်"

စံပယ်မြိုင်သည် အမှန်ပင် ဒေါသဖြစ်နေဟန်တူ၏။ သူမ မျက်နှာကလေးမှာ ဒေါသကြောင့် နီမြန်းလျက်ရှိရာ ငှင်းအသွင် အပြင်လေးကပင် တစ်မျိုးလှပနေပြန်၏။ သူမကပင် ဆက်၍ . . .

"ကဲပါ . . . အစ်ကိုတို့ရယ်၊ အစ်ကိုတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ အလွန့်ကို ပြောင်မြောက်ပြီး ခက်ခဲပင်ပန်းလှပါတယ်၊ အခုချိန်မှာ အားလုံးအတွက် အသင့်တော်ဆုံးက မနက်စာကို အားပါးတရ သုံးဆောင်ဖို့ပဲ၊ အားလုံးလည်း ဆာကြရောပေ့၊ စားသောက်ရင်း ဘာလုပ်သင့်တယ်ဆိုတာ တိုင်ပင်ဆွေးနွေးကြတာပေ့"

ထိုစကားကိုတော့ သူမသည် ရင်းနှီးဖော်ရွေသည့် အမူအရာဖြင့် ပြောဆိုလိုက်ခြင်း ဖြစ်သည်။ သူမသည် ချက်ချင်းဆိုသလို မီးဖိုချောင်သို့ ထွက်ခွာသွားပြီး အိမ်ဖော်အမျိုးသမီးကြီးတစ်ဦးနှင့် စားသောက်ဖွယ်ရာများကို ပြင်ဆင်လေ၏။ ကျွန်ုပ်တို့အတွက် အစားအသောက်များကို အိမ်ဖော်မိန်းမကြီးအား ကြိုတင်ခိုင်းစေထားပုံရ၏။ အချိန်အနည်းငယ်အတွင်း သူမက ကျွန်ုပ်တို့အား နံနက်စာသုံးဆောင်ရန် လာရောက်ခေါ်ဆောင်လေ၏။





စံပယ်မြိုင်သည် ကိုယ်တိုင်စားသောက်ခြင်းထက် ကျွန်ုပ်တို့ ပန်းကန်များထဲ ဟင်းများခပ်ထည့်ပေးခြင်းဖြင့် ဂရုတစိုက် ဧည့်ဝတ်ပြုလေ၏။ သူမသည် ဆံပင်ကို ကျစ်ဆံမြီးနှစ်ဖက်ခွဲကျစ်ကာ က်ဝိုင်းကလေးနှစ်ခုသဖွယ် ပြန်လည်ပင့်စည်းထား၏။ အစိမ်းရောင်ဝမ်းဆက်လေးဖြင့် လွန်စွာလှပသော ထိုမိန်းကလေးမှာ ံနက်လွေနှင့်ဂိုဏ်း၏ အမြုတေကို ထိန်းသိမ်းစောင့်ရှောက်ရသည့် အပျိုတော်ဖြစ်နေသည့်အတွက် ကျွန်ုပ်များစွာအံ့ဩမိ၏။

စကားဝိုင်းကို စတင်ဖွင့်လှစ်လိုက်သူမှာ လွန်စွာစကားပြောပါးနပ်သည့် မိတ်ဆွေကြီးထင်အောင်ကျော်ပင် ဖြစ်၏။ မိတ်ဆွေကြီးသည် လက်ဖက်ရည်အနည်းငယ်သောက်လိုက် စီးကရက်ဖွာလိုက် ရှိနေရာမှ စံပယ်မြိုင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး . . .

"ကဲ . . . မြိုင်ဟုခေါ်သော စံပယ်မြိုင်ရေ၊ ဒီအချိန်မှာ ကျုပ်တို့တွေဟာ သူစိမ်းတွေ မဟုတ်တော့သလို မိတ်ဆွေဆိုတဲ့ အဆင့်မျိုးလည်း မဟုတ်တော့ဘူး၊ အနည်းငယ် ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ ရဲဘော်ရဲဘက်တွေ ဖြစ်သွားပြီ၊ ရဲဘော်ရဲဘက်တွေရဲ့ အဓိကခံယူချက်က သေအတူရှင်မကွာဆိုတဲ့ ခံယူချက်၊ စိတ်ထားမျိုးပဲ၊ ဒီတော့ ကျုပ်တို့တွေကြားမှာ လျှို့ဝှက်ချက်ဆိုတာ မရှိသင့်တဲ့ ကိစ္စပဲလေ၊ ရင်းနှီးပွင့်လင်းမှုတွေရှိမှ လိုရာပန်းတိုင်ကို အရောက် ချီတက်နိုင်မယ် မဟုတ်လား"

"မြိုင်လည်း အစ်ကိုထင်အောင်ကျော်ဆန္ဒနဲ့ တစ်ထပ်တည်းပါပဲရှင်၊ အစ်ကိုထင်အောင်ကျော်က မြိုင့်ဆီက နှစ်ပေါင်းရာချီပြီး ရှိနေခဲ့တဲ့ ဂိုဏ်းစောင့်အပျိုတော်အကြောင်း သိချင်နေတာ မဟုတ်



www.burmeseclassi.com

www.burmeseclassi.com



လား၊ မြိုင်လည်း အခုစကားဝိုင်းမှာ အစ်ကိုတို့အားလုံးကို ရှင်းပြဖို့ ဆုံးဖြတ်ထားပါတယ်"

"အိုကေ . . . မြိုင်၊ ဒီတစ်ချက်တည်းနဲ့တင် ထက်မြက်ပါးနပ်တဲ့ မြိုင့်ရဲ့အရည်အချင်းကို ကိုယ်အရမ်းလေးစားသွားပြီ၊ ကိုယ်တို့သိထားတာက ဝံပုလွေဂိုဏ်းဟာ အစဦးကတည်းက ဂိုဏ်းစောင့်အပျိုတော်ရှိခဲ့တယ်၊ ဂိုဏ်းကွဲသွားပြီးတဲ့နောက်ပိုင်း ဂိုဏ်းရဲ့အမြုတေနဲ့တကွ ဂိုဏ်းစောင့်အပျိုတော်ပါ အစအနရှာမရအောင် တိမ်မြုပ်ပျောက်ကွယ်သွားတယ်၊ အဲဒီအဖြစ်တွေက လက်ရှိအခြေအနေမှာ မဟုတ်ဘူးနော်၊ လွန်ခဲ့တဲ့ ရာစုနှစ်တွေကတည်းက၊ အဲဒီသဘောအတိုင်းသာဆိုရင် မြိုင်ရဲ့အသက်ဟာ နှစ်ပေါင်းရာချီပြီး ရှိနေတယ်လို့ ယူဆရမှာပေါ့"

ထိုမေးခွန်း၏အဖြေကို ကျွန်ုပ်လည်း လွန်စွာစိတ်ဝင်စားမိသဖြင့် နားစွင့်နေမိ၏။ စံပယ်မြိုင်၏ နှုတ်ခမ်းလေးမှာ အပြုံးတစ်ပွင့်ဖြစ်တည်သွားပြီး . . .

"မြိုင့်အသက်ရာကျော်နေပြီဆိုရင် အခုအစ်ကိုတို့တွေဟာ မြိုင့်ရဲ့မြေး၊ မြစ်၊ တီ၊ တွတ်အရွယ်တွေလောက်တောင် ရှိကြမှာ မဟုတ်လား"

ဟုပြောလိုက်ရာ ကျွန်ုပ်တို့လည်း ထိုစကားကို သဘောကျသွားပြီး ရယ်လိုက်ကြ၏။ ထို့နောက်မှာတော့ စံပယ်မြိုင်သည် အရွယ်နှင့်မလိုက်အောင် တည်ငြိမ်ရင့်ကျက်သည့် အမူအရာဖြင့်-

"ဒီအကြောင်းကို သိထားတဲ့လူတိုင်း အစ်ကိုထင်အောင် ကျော်တွေးသလို တွေးကြမှာပဲလေ၊ မြိုင့်အသက်က အခု (၂၅) နှစ် မကျော်သေးပါဘူး၊ ဂိုဏ်းအမြုတေကို လက်ခံပြီး တိမ်းရှောင်





ခဲ့ရတဲ့ အပျိုတော်ကြီးကစလို့ ရေတွက်ရင် မြိုင်ဟာ ငါးဆက်မြောက်အပျိုတော်ပေါ့၊ ဂိုဏ်းစောင့်အပျိုတော်တွေဟာ ဝံနက်တွေရဲ့ရန်ကို ရှောင်တိမ်းရင်း ဝံဖြူဂိုဏ်းထဲက အမြုတေပစ္စည်းကို လက်ခံနိုင်မယ့် အရည်အချင်းရှိတဲ့ သူပေါ်လာဖို့ကို စောင့်နေခဲ့ကြတယ်၊ မြိုင့်ရဲ့ရှေ့က တစ်ဆက်ဖြစ်တဲ့ ဒေါ်အိုစာဆိုတဲ့ အပျိုတော်လက်ထက်အထိ ဆိုပါတော့၊ ဒေါ်အိုစာဟာ မြိုင့်ရဲ့မွေးစားအမေဆိုပေမယ့် တကယ့်မိခင်ရင်းနဲ့မခြား မြိုင့်ကို ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့သလို ပညာဉာဏ်လက်ဆင့်ကမ်းခဲ့တဲ့ တုနှိုင်းမရလောက်အောင် ကျေးဇူးကြီးမားတဲ့ အမေပါ။

အမေဟာ အရင်က နန်းတွင်းသူတစ်ယောက်ဖြစ်ခဲ့ပေမယ့် ခေတ်တွေပြောင်းတဲ့အခါ သူ့အရင်ရှေ့က အပျိုတော်ကြီးတွေနဲ့တွေ့ပြီး ဂိုဏ်းရဲ့အမြုတေနဲ့ ပညာအမွေတွေကို ဆက်ခံခွင့်ရလိုက်တယ်၊ အမေဟာ ပေဒင်ဟောရင်း အသက်မွေးဝမ်းကျောင်းခဲ့တယ်၊ မြိုင်အသက်နှစ်ဆယ်အရွယ်ရောက်တဲ့အထိ မြို့တကာလှည့်လည်ပြီး နေထိုင်ခဲ့တယ်၊ တစ်နေရာမှာ တစ်နှစ်၊ နှစ်နှစ်ထက်ပိုပြီး မနေဘူး၊ အကြောင်းကတော့ ဝံနက်တွေရဲ့ရန်ကို ကြောက်လို့ပဲ၊ အမေဒေါ်အိုစာဟာ ပေဒင်ဟောရင်း ဝံနက်တွေကို ရှောင်တိမ်းရင်းနဲ့ ဝံဖြူဂိုဏ်းကို စုံစမ်းနေခဲ့တယ်၊ အဲဒီအချိန်မှာပဲ ဝံနက်ဂိုဏ်းဟာ အင်အားကြီးမားသည်ထက် ကြီးမားလာပြီး ဝံဖြူဂိုဏ်းကတော့ ခြေရာခံမရလောက်အောင် စုပ်စမြုပ်စဖြစ်နေတယ်။

လမိုက်ညတစ်နေ့မှာတော့ အမေဒေါ်အိုစာဟာ ထုံးစံအတိုင်း လိပ်ပြာလွှင့်ပြီး ဝံဖြူဂိုဏ်းအကြောင်းကို လှည့်ပတ်စုံစမ်းရာက မထင်မှတ်ဘဲ ဝံနက်လိပ်ပြာတွေနဲ့ ထိပ်တိုက်တိုးခဲ့တယ်၊



www.burmeseclassi.com

www.burmeseclassi.com



အဲဒီအတတ်ပညာမှာ အမေဟာ တကယ့်ကို ကျွမ်းကျင်သူတစ်ဦးပါ၊ မိမိလိပ်ပြာကို လိုရာပုံပြောင်းပြီး ရုပ်ပြောင်းရုပ်လွှဲလုပ်နိုင်တဲ့ အဆင့်အထိ ကျွမ်းကျင်ပါတယ်၊ လိပ်ပြာလွင့်ပြီး ရန်ကုန်မှာ လှည့်ပတ်နေရင်းက သူလိုကိုယ်လို လိပ်ပြာလွင့်ထားသူတွေကြားမှာ ဝံဖြူဂိုဏ်းရဲ့ မျိုးဆက်တွေကို ရှာဖွေနေရင်း ကျားသစ်တစ်ကောင်ပုံသဏ္ဌာန်ယူထားတဲ့ လိပ်ပြာတစ်ခုကို တွေ့လိုက်တော့ သံသယဖြစ်သွားပြီး အဲဒီလိပ်ပြာရဲ့ မူလရုပ်ရှိရာကို မနောအာရုံနဲ့ လေ့လာလိုက်တော့ ကြယ်ကိုသုံးပြီး လွင့်တဲ့လိပ်ပြာမှန်း သိလိုက်ရတယ်။

မနောအာရုံဆိုတာ လိပ်ပြာနဲ့ခန္ဓာအကြား ဆက်သွယ်ထားတဲ့ ကြိုးမျှင်တန်းဆိုတာ ဝံဖြူဂိုဏ်းသားဖြစ်တဲ့ ကိုသိဒ္ဓိနားလည်မှာပါ၊ လိပ်ပြာတွေ အထူးစိုးရိမ်ကြောက်လန့်ကြတာ အဲဒီလိပ်ပြာကြိုးပြတ်တောက်သွားမှာကိုပဲ၊ ကြိုးပြတ်တာနဲ့ ဘယ်တော့မှ မိမိခန္ဓာဆီကို ပြန်လို့မရတော့ဘူး၊ တစ်နည်းဆိုရရင် သေဆုံးသွားတဲ့ သဘောပဲ၊ အဲဒီကြိုးကိုပဲ ပညာအဆင့်အတော်မြင့်မှ မြင်တွေ့နိုင်တယ်၊ အမေဒေါ်အိုစာရဲ့အဆင့်က မြင်နိုင်စွမ်းရှိတဲ့ အဆင့်မျိုးရှိတယ်၊ ဒါကြောင့် ဝံဖြူဂိုဏ်းရဲ့ပညာရပ်ဖြစ်တဲ့ ကြယ်သုံးပြီး လွင့်ထားတဲ့ လိပ်ပြာမှန်း သိလိုက်တယ်၊ အမေဟာ သေချာမှတ်သားပြီး သူ့ လိပ်ပြာကို မန္တလေးမှာရှိတဲ့ သူ့ခန္ဓာရှိရာ ပြန်လွင့်ခဲ့တယ်။

အဲဒီမှာပဲ သူ့နောက်ကို စွမ်းအားကြီးမားတဲ့ ဝံနက်ဂိုဏ်းက လိပ်ပြာနှစ်ခုက တစ်ဟုန်ထိုး လိုက်လာကြတယ်၊ လိပ်ပြာနှစ်ခုဟာ ကြီးမားတဲ့ ဂဠုန်ငှက်ကြီးအသွင်ယူထားတာကို တွေ့လိုက်ရတော့ အမေဟာ အတော်လေး ထိတ်လန့်တုန်လှုပ်သွားတယ်၊ ဘာလို့လဲဆိုတော့ အင်မတန် စွမ်းအားကြီးမားပြီး အမေ့ရဲ့လိပ်ပြာကြိုးကို မြင်





နိုင်စွမ်းရှိတင်မက ကြိုးကိုပါ တိုက်ခိုက်နိုင်အောင် စွမ်းအားကြီးမားတယ်၊ အမေလည်း မကြုံစဖူးမို့ ထိတ်လန့်ပြီး အလွတ်ရုန်းပြေးခဲ့ရတယ်၊ နောက်ကနေ 'ဂီး' ခနဲ တစ်ချက်အော်လိုက်တဲ့ ငှက်ကြီးရဲ့ အော်သံစူးစူးကြီးက အမေ့လိပ်ပြာကြိုးကို ဝုန်းခနဲ ထိခိုက်တုန်ခါသွားတယ်။

အဲဒီတုန်ခါမှုကြောင့် အမေဟာ အတော်လေး အထိနာခဲ့တယ်၊ ခန္ဓာကိုယ်ထဲ ပြန်ရောက်တဲ့အခါ အရမ်းပင်ပန်းမောဟိုက်နေတယ်၊ သူလိပ်ပြာလွင့်တိုင်း မြိုင်က အမြဲထိုင်စောင့်ပေးလေ့ရှိတာဆိုတော့ မြိုင်လည်း ဟတ်သလောက်၊ မှတ်သလောက် ပြုစုတာပါပဲ၊ ဒါပေမယ့် အမေက သူ့ဝေဒနာကို ဂရုမစိုက်အားဘဲ ပစ္စည်းတွေ အမြန်သိမ်းဖို့ မြိုင့်ကို စေခိုင်းတယ်၊ ပြီးတော့ အားချင်းထွက်ခွာကြတယ်၊ ထွက်ခါနီးမှာ အိမ်ခေါင်းရင်းတိုင်မှာ အုံပုက်နဲ့မြုပ်ထားတဲ့ အနီရောင်သေတ္တာလေးတစ်လုံးကို ယူခိုင်းတယ်၊ အမေ့ရဲ့အမူအရာကို ကြည့်တာနဲ့ အခြေအနေက အရမ်းအရေးကြီးနေပြီဆိုတာရယ်၊ နောက်ပြီး သေတ္တာအနီလေးဟာ အသက်တမျှ အရေးပါတယ်ဆိုတာ မြိုင်သဘောပေါက်ခဲ့တယ်။

အဲဒီညတွင်းချင်းမှာပဲ မြိုင်တို့ဟာ အသိဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းခိုခဲ့တယ်၊ အဲဒီညမှာပဲ အမေဒေါ်အိုစာက ဝံပုလွေဂိုဏ်းနဲ့ပတ်သက်ပြီး မြိုင်မသိသေးတဲ့ အကြောင်းအရာတွေကို ပြောပြတယ်၊ နောက်ဆုံး ဝံဖြူဂိုဏ်းရဲ့ဆက်ခံတဲ့လူကို တွေ့ခဲ့ပြီဆိုတာရယ်၊ တွေ့ခဲ့တဲ့ နေရာရယ်ကို ပြောပြပြီး မြိုင့်ကို မှတ်သားစေခဲ့တယ်၊ အဲဒီညမှာပဲ ဂိုဏ်းရဲ့အမြုတေပစ္စည်းဖြစ်တဲ့ သေတ္တာနီလေးကို မြိုင့်လက်ထဲ လွှဲပြောင်းပြီး သေတ္တာဖွင့်ပုံဖွင့်နည်းကိုပါ တစ်ခါ



www.burmeseclassi.com

www.burmeseclassi.com



တည်း လက်တွေ့ပြတယ်၊ သေတ္တာဟာ ရှေးအလွန်ကျပြီး လျှို့ဝှက်နက်နဲတဲ့ ပညာရပ်နဲ့ ပိတ်ထားတာဖြစ်သလို သေတ္တာကိုလည်း ရှားပါးတဲ့ သတ္တုတစ်မျိုးနဲ့ ပြုလုပ်ထားပြီး ဆက်ကြောင်းရာ၊ အက်ကြောင်းရာမရှိဘဲ တစ်ဆက်တည်း၊ တစ်သားတည်း စီမံထားတယ်။

ဝံဖြူဂိုဏ်းလက်ထဲကို အဲဒီသေတ္တာအပ်ပြီး လောကပါလအမြုတေကို ရအောင်ယူဖို့ မှာခဲ့တယ်၊ အမြုတေရလာခဲ့ရင် အမြုတေပါ ပညာရပ်တွေနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ကြီးပွားတိုးတက်အောင် လုပ်ဖို့ကိုလည်း သစ္စာပြုစေခဲ့တယ်၊ တကယ်တော့ အမေဟာ ဝံနက်ဂိုဏ်းခေါင်းဆောင်ရဲ့ တိုက်ခိုက်ခံရမှုကြောင့် တော်တော်ကြီးကို အခြေအနေဆိုးနေပြီလေ၊ အမေ့ရဲ့အသက်ဓါတ်ဟာ တဖြည်းဖြည်း မှိန်ဖျော့လာနေပြီ၊ ဒါပေမယ့် အမေဟာ အစဉ်အဆက်အပျိုတော်တွေ ဆောင်ရွက်ခဲ့တဲ့တာဝန်ကို ထမ်းဆောင်ခဲ့ရလို့ စိတ်ကျေနပ်သွားတယ်၊ အဲဒီညဟာ ကျွန်မနဲ့အမေဒေါ်အိုစာ အတူတကွရှိနေခဲ့ရတဲ့ နောက်ဆုံးညလေးတစ်ညပေါ့။

ဘာလို့လဲဆိုတော့ အမေဟာ နောက်တစ်နေ့မနက်မှာပဲ ဆုံးပါးသွားပြီလေ၊ မြိုင်လည်း အမေမကွယ်လွန်ခင် မှာကြားခဲ့တဲ့အတိုင်း အမေထားခဲ့တဲ့ ရွှေငွေတချို့နဲ့ သေတ္တာနီလေးကိုယူပြီး အိန္ဒိယနိုင်ငံ ရတနာဂီရိမှာရှိတဲ့ အမေ့ရဲ့သူငယ်ချင်း နန်းတွင်းသူကြီးတစ်ယောက်ဆီ ထွက်လာခဲ့တယ်၊ အဲဒီနောက်မှာ မြိုင်လည်း အိန္ဒိယမှာ နှစ်နှစ်လောက် နေထိုင်ရင်း ဝံဖြူဂိုဏ်းအကြောင်း စုံစမ်းခဲ့တယ်၊ အမေဟာ လိပ်ပြာလွင့်အတတ်ကို သင်ပေးခဲ့ပေမယ့် အဲဒီပညာကို မလွဲမရှောင်သာတဲ့ အခြေအနေမျိုးကျမှ အသုံးပြုရမယ်လို့ အတန်တန် မှာကြားခဲ့တာကြောင့် မြိုင်လည်း ရိုးရိုးပဲ စုံစမ်းခဲ့တယ်၊





အဲဒီလို စုံစမ်းရင်းကပဲ ရန်ကုန်မြို့ လတ္တာလမ်းက ကိုသိဒ္ဓိအကြောင်းကို သိခဲ့ရတယ်။

ကိုသိဒ္ဓိကို ခြေရာခံမိတာကလည်း ဗြိတိသျှအစိုးရထိပ်ပိုင်းပုဂ္ဂိုလ်ကြီးတွေကို တုန်လှုပ်ခြောက်ခြားအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အမျိုးသားရေးစိတ်ဓါတ်နဲ့ မြန်မာပြည်သူလူထုအပေါ် ကူညီပံ့ပိုးနေတယ်ဆိုတဲ့ ထူးဆန်းတဲ့ သတင်းကြောင့်ပဲ၊ ကိုသိဒ္ဓိဟာ အဲဒီအလုပ်တွေကို တစ်ကောင်ကျားလှိုင်ဘွားအမည်ခံပြီး လှုပ်ရှားနေပေမယ့် အဲဒီလုပ်ရပ်တွေကို သုံးသပ်ကြည့်လိုက်ရင် ဂန္ဓာရီအတတ်ပညာတွေကို အသုံးပြုနေမှန်း သံသယဖြစ်မိတာကြောင့် မြိုင်လည်း လိပ်ပြာလွင့်ပြီး စုံစမ်းရင်းက ကိုသိဒ္ဓိအကြောင်းကို သိခဲ့ရတယ်၊ ကိုသိဒ္ဓိနဲ့တွေ့ဆုံဖို့ ကြိုးစားခဲ့ပေမယ့် ဝံနက်တွေ ခြေရှုပ်နေတာကြောင့် အချိန်စောင့်ဆိုင်းနေခဲ့ရတယ်။

အဲဒီလိုနဲ့ အခွင့်အခါသင့်တဲ့ တစ်နေ့မှာ မြိုင်လည်း အိန္ဒိယကနေ ရန်ကုန်ကို တိတ်တဆိတ်ထွက်လာပြီး ချင်းချောင်းလမ်းမှာ အခုနေတဲ့ တိုက်ကိုငှားပြီး နေခဲ့တာပေါ့၊ ရန်ကုန်ရောက်ပြီး အသားကျတာနဲ့ အစ်ကိုသိဒ္ဓိနဲ့တွေ့ဆုံဖို့ ကြိုးစားပေမယ့် ဝံနက်ဂိုဏ်းသားတွေ လတ္တာလမ်းထဲမှာ ခြေရှုပ်နေတာကြောင့် အခွင့်မကြုံခဲ့ဘူး၊ အဲဒီအခိုက်မှာပဲ အစ်ကိုသိဒ္ဓိဟာ လိပ်ပြာလွင့်နေတုန်း ဝံနက်ဂိုဏ်းသားတွေက အန္တရာယ်ပြုတာကို ခံလိုက်ရတာ မြိုင်သိခဲ့ရတယ်၊ ကိုသိဒ္ဓိကို ဝံနက်ဂိုဏ်းသားတွေက ကားပေါ်တင်ပြီး ခေါ်သွားကြတာကို မြိုင်လည်း နောက်ယောင်ခံပြီး လိုက်ကြည့်တော့ ကန်တော်ကြီးပတ်လမ်းက ဦးဖိုးစိန်လမ်းကို ခေါ်သွားမှန်း သိလိုက်ရတယ်။

မြိုင်လည်း အစ်ကိုသိဒ္ဓိအတွက် အရမ်းစိုးရိမ်သွားတယ်၊



www.burmeseclassi.com

www.burmeseclassi.com



လိပ်ပြာလွှင့်သူတစ်ယောက်ကို အဲဒီလို အဝေးကြီး နေရာရွှေ့သွာ တာဟာ သေဖို့ကလွဲပြီး အခြားမရှိနိုင်ဘူးလေ၊ ဒါကြောင့် မြိုင်လည် မထူးတော့ပြီမို့ လိပ်ပြာလွှင့်ပြီး ကိုသိဒ္ဓိရှိရာကို ကြိုးစားပြီး လိုက်ရှ တော့ အစ်ကိုဟာ အင်ဖာတောကြီးထဲက တိုင်းရင်းသားလူမျိုးတစ် ယောက်ဆီ ဝင်ခိုနေတာ တွေ့ရတယ်၊ ပြီးတော့ အစ်ကိုထင်အောင် ကျော်နဲ့ ကိုမျိုးမြတ်တို့ကိုပါတွေ့ရပြီး အစ်ကိုသိဒ္ဓိအတွက် အားတက် သရော ကူညီကြမယ်ဆိုတာကိုလည်း သိခဲ့ရတယ်၊ ဒါကြောင့်လည် ပရာဒိန်းမြို့မှာ ရထားလက်မှတ် အခက်ကြုံနေတဲ့ အစ်ကိုတို့နှစ် ယောက်ကို လက်မှတ်ရအောင် အဲဒီဘူတာက မျက်နှာဖြူမတစ် ယောက်ကို မြိုင့်ပညာနဲ့ ဆောင်ရွက်ပြီး လက်မှတ်ရောင်းအောင် လုပ်လိုက်တာပေါ့။

အစ်ကိုတို့နှစ်ယောက်ကလည်း ရန်ကုန်ကို အံ့ဩစရာ ကောင်းလောက်အောင် တစ်ရက်အတွင်း အရောက်လာနိုင်ကြပါ ပေတယ်၊ နောက်ဆုံးတော့ ဦးဖိုးစိန်လမ်းထဲက အစ်ကိုမျိုးမြတ်ထွက် လာပြီး ကားရှာတဲ့အချိန်မှာ မြိုင်လည်း တစ်ခါတည်း ဝင်ကူညီ လိုက်တာပေါ့၊ ဗှက်ထားတဲ့ သေတ္တာနီလေး သွားယူလာတဲ့နေ့မှာပဲ မြိုင့်ကို ဦးဖိုးစိန်လမ်းကိစ္စကြောင့် သတိထားမိသွားတဲ့ ဝံနက်ဂိုဏ်း သားတွေ စောင့်ကြည့်နေကြရာက သေတ္တာနီလေးကို တွေ့သွားပြီး ညမှာ ပုလိပ်တွေလို ဟန်ဆောင်ပြီး ဝင်ဖမ်းကြတာပါပဲ၊ အဲဒီမြင် ကွင်းတွေကိုတော့ အစ်ကိုတို့ မျက်မြင်ပဲလေ။

မြိုင် . . . အခိုင်အမာယုံကြည်လိုက်တာက ဝံနက်တွေဟာ လောကပါလအမြုတေနဲ့ ပတ်သက်လာရင် လူ့အသက်ပေါင်းများ စွာကို သတ်ဖြတ်ဖို့ ဝန်မလေးဘူးဆိုတာပါပဲ”



## အခန်း (၁၂)

သူတို့နှစ်ဦး၏ လိပ်ပြာနှစ်ခုသည် ညဥ့်ငှက်များအသွင် ယူရင်း ရန်ကုန်မြို့တခွင်ကို လှည့်ပတ်ကာ အနီရောင်သေတ္တာလေး နှင့် ပတ်သက်သော သတင်းအချက်အလက်များကို စူးစမ်းရှာဖွေ နေခြင်း ဖြစ်၏။ သူတို့နှစ်ဦးသည် ရန်ကုန်မြို့တစ်ခွင် အနှံ့လှည့် လည်ပျံ့ဝဲနေကြသည်။ နှစ်နာရီခန့် ကြာမြင့်ခဲ့ပြီဖြစ်၏။

ထိုသို့ပျံသန်းနေလျက်က တစ်ကြိမ်တွင် သူတို့သည် အေးစက် မှုန်မှိုင်းသော ညဥ့်အမှောင်အတွင်း ရောက်ရှိသွားသလို ခံစားလိုက် ရ၏။ ထိုအဖြစ်ကြောင့် သိဒ္ဓိသည် အနည်းငယ် စိုးရိမ်သွားပြီး . .

“မြိုင်ရေ . . . ကျွန်တော် လိပ်ပြာအကြိမ်ကြိမ် လွှင့်ဖူး ပေမယ့် ဒီလိုတစ်ခါမှ မကြုံဖူးဘူး၊ မြိုင်သတိထားစေချင်တယ်၊ တကယ်လို့ အရေးကြုံလာရင် ကျွန်တော့်ကို ငဲ့မနေနဲ့၊ အမြန်ဆုံးသာ ပြန်ပေတော့၊ ကျွန်တော်တစ်ကိုယ်ထဲဆိုရင် ဘယ်လိုအခြေအနေမျိုး



www.burmeseclassi.com

www.burmeseclassi.com



ဖြစ်ဖြစ် ရှန်းထွက်နိုင်တယ်"

သူတို့နှစ်ဦးသည် ရန်ကုန်မြို့တွင်း နေရာအနှံ့လှည့်လည် ခြေရာခံစုံစမ်းသော်လည်း ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရသဖြင့် ရန်ကုန်မြို့ပြင်ဘက်သို့ ထွက်လာခဲ့ရာ တိုးကြောင်ကလေးအနီးသို့ အရောက်တွင် ထူးခြားမှုတစ်ခုကို တွေ့ရတော့၏။

"မြိုင်ရေ . . . ကျွန်တော်တို့ ရန်သူတွေကိုတော့ တွေ့ရပြီ၊ သတိဝီရိယထားပြီး ကျွန်တော်ပြောတာကိုလည်း မမေ့နဲ့နော်"

ညဥ့်ငှက်လေးနှစ်ကောင်သည် ၄င်းကုန်သိုလှောင်ရုံကြီးတစ်ခု၏ အမိုးခုံအောက်အပေါက်ဝမှဝင်၍ ထုပ်တန်းတစ်ခုပေါ်တွင် နားလိုက်ကြ၏။ အောက်သို့ ငုံ့ကြည့်လိုက်ရာ လေးထောင့်စားပွဲဝိုင်းတစ်ခုတွင် လူငါးယောက်ခန့် ဝိုင်းထိုင်လျက်ရှိပြီး စားပွဲပေါ်တွင် အောက်လင်းဓါတ်မီးတစ်ခု ထွန်းထားသည်ကို တွေ့ရ၏။

၄င်းလူစုထဲမှ တစ်ဦးက . . .

"လပြည့်ညမှာလုပ်မယ့် ဂိုဏ်းအစည်းအဝေးကို ကျုပ်တို့တွေ တက်ဖြစ်အောင် တက်ရမယ်၊ ဂိုဏ်းမှာ ထူးခြားတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေပြီ၊ ဂိုဏ်းချုပ်ကြီးတောင် ပညာစဥ်တက်နေတဲ့ကြားက ရပ်နားပြီး အရောက်လာလိမ့်မယ်"

"ဂိုဏ်းချုပ်ကြီးက ရန်ကုန်မှာလား"

ဟု အခြားတစ်ယောက်က မေးရာ ပထမလူက . . .

"ဟုတ်တယ် . . . ဒါပေမယ့် ဒီမှာ ကြာမှာမဟုတ်ဘူး၊ ခရီးဝေးထွက်စရာ ရှိတယ်၊ အစည်းအဝေးမှာ အဲဒီခရီးစဉ်အတွက် လက်ရွေးစင်ရွေးပြီး ခေါ်သွားလိမ့်မယ်၊ အဲဒီခရီးစဉ်မှာ လိုက်ခွင့်ရတဲ့သူဟာ ကံထူးတယ်လို့ ပြောရမှာပဲ၊ ဒီခရီးစဉ်ဟာ ရတနာသိုက်





ခရီးစဉ်ဖြစ်တယ်၊ ရတနာပစ္စည်းတွေကို အချိုးကျဝေစုရရုံမက ရှေးဟောင်းဂန္ဓာရီပညာရပ်တွေကိုလည်း လေ့လာသင်ကြားခွင့်ရလိမ့်မယ်"

စားပွဲရှိလူများ၏မျက်နှာမှာ အောက်လင်းဓါတ်မီးအလင်းရောင်အောက်တွင် စိတ်အားထက်သန်နေကြသည်ကို အထင်းသားတွေ့မြင်နေရ၏။ ထိုသူများထဲမှ တစ်ယောက်က . . .

"ကျွန်တော်တို့ဂိုဏ်းမှာ နှစ်ပေါင်းများစွာ ရှာဖွေနေခဲ့တဲ့ ဂန္ဓာရီပစ္စည်းတစ်ခုကို ရထားပြီလို့ ကြားတယ်"

ထိုမေးခွန်းကြောင့် အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်ဟန်တူသော ပုဂ္ဂိုလ်က လေသံမာမာဖြင့် . . .

"မင်းမေးခွန်းကို ဒီမှာတင်ရပ်တော့၊ ဒါ မေးခွင့်မရှိဘူး၊ အစည်းအဝေးရောက်ရင် သိခွင့်ရှိသလောက် သိရလိမ့်မယ်၊ ဒီအချိန်မှာ သိထားဖို့က အစည်းအဝေးကို မဖြစ်မနေတက်ရောက်ဖို့ပဲ"

"အစည်းအဝေးလုပ်မယ့်နေရာက အရင်နှစ်က နေရာပဲလား၊ အပြောင်းအလဲ ရှိသေးလား" ဟု အဖွဲ့သားတစ်ဦးက မေးလိုက်ရာ ခေါင်းဆောင်ငယ်တစ်ဦးက . . .

"အပြောင်းအလဲရှိတယ်၊ ဒီနှစ်က ဦးဖိုးစိန်လမ်းက အိမ်ကြီးမှာ . . ."

ထိုအချိန်အထိ တစ်ခွန်းမှဝင်မပြောဘဲ ငြိမ်သက်နေသူနှစ်ဦးမှာ တစ်စုံတစ်ခုကို ပြောလိုသည့်ဟန်ဖြင့် ဂဏ္ဍာမငြိမ်ဖြစ်နေရာ အကင်းပါးသော ခေါင်းဆောင်ဖြစ်သူက . . .

"ဒီနှစ်မှာတော့ မင်းတို့လူသစ်နှစ်ယောက် တက်ခွင့်ရပြီ" ဟုပြောပြီး အတွင်းအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူကာ "ရော့



www.burmeseclassi.com

www.burmeseclassi.com



. . . ” ဟူ၍ ၎င်းတို့ရှေ့ ပစ်ချလိုက်ရာ “ဒေါက်” ဟူသော အသံ ထွက်ပေါ်သွားပြီး ထိုလူသစ်နှစ်ယောက်၏ ရှေ့စားပွဲခုံပေါ်တွင် ချွန်ထက်သော အရာတစ်ခုစိုက်ဝင်သွားလေ၏။

တစ်ဆက်တည်းပင် ထိုသူက အေးစက်သော လေသံဖြင့်-

“အဲဒါ ဝံပုလွေလက်သည်းနှစ်ခုပဲ၊ တစ်ယောက်တစ်ခုစီ ကိုယ်နဲ့မကွာ ဆောင်ထားကြပေတော့၊ အစည်းအဝေးတက်တဲ့အခါ မင်းတို့ကို စစ်ဆေးရင် ထုတ်ပြဖို့ မမေ့နဲ့၊ ဒါဟာ ဂိုဏ်းရဲ့အမှတ် အသားပဲ”

ထုပ်တန်းပေါ်တွင် ငြိမ်သက်စွာရှိနေသည့် ညဥ့်ငှက်နှစ် ကောင်အနက် တစ်ကောင်မှာ ဆတ်ခနဲ တုန်ခါသွားရာ ကျန်ညဥ့် ငှက်တစ်ကောင်က စိုးရိမ်တကြီးဖြစ်သွားပြီး . . .

“မြိုင် . . . မြိုင်ဘာဖြစ်လို့လဲ . . . ” ဟုမေးလိုက်ရာ . . .

“မြိုင့်ဆီကို အအေးလှိုင်းတစ်ခု တဖြည်းဖြည်း တိုးဝင်လာ နေသလို ခံစားရတယ်”

၎င်းအခြေအနေမှာ သူတို့နှစ်ဦးအတွက် အန္တရာယ်ကျ ရောက်တော့မည်ဟူ၍ အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။ သူတို့ နှစ်ဦးလည်း သတိဝိရိယကို ပို၍ထားပြီး စောင့်ကြည့်နေကြ၏။ ထိုအချိန်မှာပဲ အောက်ဖက်ရှိ လူတစ်စုမှာ စည်းဝေးပြီးသွားပြီဖြစ်၍ လူစုခွဲကာ ထွက်ခွာနေကြပြီ ဖြစ်၏။

“မြိုင်ရေ . . . ဟိုလူသစ်နှစ်ယောက်နောက်ကို လိုက်ပြီး စုံစမ်းရမယ်”

ထိုသို့ပြောလိုက်စဉ်မှာပဲ ခေါင်မိုးပေါ်မှ လေလှိုင်းရိုက်သံ များ တဝုန်းဝုန်း ထွက်ပေါ်လာပြီး ၎င်းခေါင်မိုးကိုဖောက်၍ လွန်စွာ





ကြီးမားသော ငှက်ကြီးတစ်အုပ် ဝင်လာလေ၏။ သူတို့နှစ်ဦးလည်း ရုတ်ချည်းပင် သိရှိလိုက်သဖြင့် လွန်စွာစိုးရိမ်ထိတ်လန့်သွားကြ၏။

၎င်းငှက်ကြီးများမှာ အဆင့်မြင့်လိပ်ပြာများ ဖြစ်ကြလေ၏။ ခေါင်မိုးကို ဖောက်သည်ဆိုရာ၌ အုတ်ကြွပ်များကို ထိုးခွဲဝင်လာ ခြင်းမဟုတ်ဘဲ အရိပ်များသဖွယ် ဖြတ်သန်းဝင်ရောက်လာကြခြင်း ဖြစ်သည်။ အတွေ့အကြုံနုနယ်သော စံပယ်မြိုင်သည် ထိုမြင်ကွင်း ကိုကြည့်၍ ကြောက်ရွံ့တုန်လှုပ်နေစဉ်မှာပဲ သိဒ္ဓိက ၎င်းငှက်များ ထက်ကြီးသော ငှက်ကြီးသဏ္ဌာန်ပြောင်းယူလိုက်ပြီး ခြေသည်းများ ဖြင့် စံပယ်မြိုင်အား ညှပ်ယူကုပ်ချီကာ ဆတ်ခနဲ ပျံသန်းပြေးလေ၏။

နံရံများ၊ အဆောက်အဦးများအား ထွင်းဖောက်ဖြတ်သန်း ပြေးနေရင်းက နောက်မှာကျန်ခဲ့သည့် ငှက်အုပ်ကြီးကို မျက်ခြေ ဖြတ်နိုင်ခဲ့၏။ ထိုအခါ သိဒ္ဓိက ဖျတ်ခနဲ မြေပြင်ပေါ်ဆင်းလိုက်ပြီး ကြောင်နက်ကြီးတစ်ကောင်သဏ္ဌာန် ပြန်ပြောင်းယူလိုက်၏။

“မြိုင်ရေ . . . စိတ်အာရုံကို တည်ငြိမ်အောင်ထားပြီး သဏ္ဌာန်ပြောင်းယူလိုက်တော့၊ ပြီးရင် အမြန်ဆုံးပြေးပြီး ခန္ဓာထဲ ပြန်ဝင်၊ ကျွန်တော့်ကို မစောင့်နဲ့”

ထိုသို့ ပြောပြီးသည်နှင့် ကြောင်နက်ကြီးသည် အရိပ်အငွေ့ တစ်ခုလို လှစ်ခနဲ ပျောက်ကွယ်သွားရာ ထိုအခါမှာတော့ စံပယ်မြိုင် လည်း အတော်အတန် စိတ်တည်ငြိမ်သွားပြီဖြစ်ရာ ချက်ချင်းပင် ကြွက်ငယ်သဏ္ဌာန်ပြောင်းယူလိုက်၏။ ပြီးနောက် မြေပြင်တွင် ကပ် နိုင်သမျှကပ်ကာ အမြန်ဆုံးအသော့နှင့် ပြေးလေတော့၏။

နောက်ဆုံးမှာတော့ ရွှေဂုံတိုင်ရပ်သို့ရောက်လာပြီး မိမိ မူလလူပုံစံဖြင့်ပင် ခန္ဓာကိုယ်ထဲခုန်ဝင်ရန် ဟန်ပြင်လိုက်ရာ သူမ



www.burmeseclassi.com

www.burmeseclassi.com



ထံသို့ တစ်ရှိန်ထိုး ထိုးဆင်းလာသော သိမ်းငှက်ကြီးတစ်ကောင်ကို မြင်လိုက်ရသဖြင့် အလျင်အမြန် ရှောင်တိမ်းလိုက်ရ၏။

ဒါတောင်မှ နှုတ်သီးဖြင့် ပွတ်ကာသီကာ ထိခိုက်သွားရာ အစိတ်စိတ်၊ အမွှာမွှာ ကွဲကြေသွားသလို ခံစားလိုက်ရ၏။ သိမ်းငှက်ကြီးမှာ အလောတကြီး တိုက်ခိုက်လိုက်ခြင်းဖြစ်၍ ငွေရောင်ကြိုးမျှင်ကို ပိုင်ပိုင်နိုင်နိုင်မထိဘဲ လျှပ်ထိသွားခြင်း ဖြစ်၏။ ငှင်း ငှက်ကြီး နောက်တစ်ကြိမ်ပြန်အဝဲမှာပဲ စံပယ်မြိုင်၏လိပ်ပြာမှာ ခန္ဓာထဲ ပြန်လည်ရောက်ရှိသွားပြီဖြစ်ရာ ငှက်ကြီးလည်း တစ်ပတ်နှစ်ပတ်ပျံဝဲပြီး အမှောင်ထဲ တိုးဝင်ပျောက်ကွယ်သွားတော့၏။

စံပယ်မြိုင်သည် သူမနှင့် သိဒ္ဓိတို့ ရင်ဆိုင်ခဲ့ရပုံများကို ပြောပြလေရာ ကျွန်ုပ်နှင့် ဒေါက်တာထင်အောင်ကျော်တို့လည်း စိတ်ဝင်တစားဖြင့် နားထောင်နေကြ၏။ သူမသည် စိတ်မချမ်းမြေ့သည့် အမူအရာဖြင့် ခေါင်းရင်းဖက်ရှိ ဖယောင်းတိုင်မီးတောက်ကို ငေးလျက်ကြည့်နေရာ မိတ်ဆွေကြီးထင်အောင်ကျော်က . . .

"ဒီအတိုင်းဆိုရင်တော့ သိဒ္ဓိဆုံးဖြတ်ချက် မှန်တယ်လို့ ကျုပ်ယူဆတယ်၊ သူက လူသစ်နှစ်ယောက်ရဲ့ အခြေအနေကို စုံစမ်းပြီး ပြန်လာမှာပါ၊ စိုးရိမ်စရာ မရှိပါဘူး၊ သိဒ္ဓိဟာ ဝိဇ္ဇာဂိုဏ်းရဲ့ ခေါင်းဆောင်တစ်ဦးပဲလေ၊ သူတတ်ထားတဲ့ ပညာတွေကို ကောင်းကောင်းအသုံးချမှာပါ"

ဟူ၍ စံပယ်မြိုင်ကို နှစ်သိမ့်စကားပြောဆိုပြီးနောက် ကျွန်ုပ်တို့လည်း အလိုက်တသိဖြင့် အခန်းအပြင်သို့ ထွက်ခဲ့ကြပြီး သိဒ္ဓိပြန်အလာကို စောင့်ဆိုင်းနေကြ၏။

မိတ်ဆွေကြီးမှာမူ ထိုအချိန်အထိ ပင်ပန်းသည့်ဟန် အနည်း





ယ်မျှမရှိဘဲ နိုးနိုးကြားကြား ရှိနေဆဲပင် ဖြစ်၏။ ကျွန်ုပ်သည် ထိုမျှသေရေးရှင်ရေးကြားတွင် အိပ်ပိုက်သွားမိသည့်အတွက် မိတ်ဆွေကြီးထင်အောင်ကျော်ကို များစွာအားနာသွားပြီး တောင်းပန်စကားပြောရန် ဟန်ပြင်လိုက်စဉ်မှာပဲ အခန်းထဲမှ ကပျာကယာ ပြေးထွက်လာသော စံပယ်မြိုင်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်တို့နှစ်ဦးလည်း သူမကို ကြည့်လိုက်ရာ . . .

"အကိုတို့ . . . အကိုသိဒ္ဓိပြန်ရောက်ပြီ"

ဟု အားရဝမ်းသာ ပြောလိုက်သဖြင့် ကျွန်ုပ်တို့လည်း အပေါ်ထပ်ရှိ သိဒ္ဓိအခန်းသို့ ပြေးတက်ခဲ့ကြ၏။

ကြည်လင်စွာ နိုးထလာသော သိဒ္ဓိသည် ငှင်းလိပ်ပြာထွက်ခွာစဉ် အသုံးပြုသော ကြယ်သဏ္ဍာန်ကို ကြမ်းပြင်မှ ဖျက်နေလျက်က-

"ဂွတ်(ခ်)မောနင်း ဒေါက်တာ၊ ဒေါက်တာတို့ စိတ်ပူအောင်လုပ်မိတဲ့အတွက် တောင်းပန်ပါတယ်ဗျာ၊ ထိရောက်တဲ့ သဲလွန်စရခဲ့တယ်လို့ ယူဆရမယ်၊ ကျွန်တော်တို့ အောက်ဆင်းကြရအောင်၊ ဗိုက်ဆာလွန်းလို့ ဝမ်းထဲမှာ တဂျွန်းဂျွန်းမြည်နေပြီ"

စံပယ်မြိုင်သည် ငှင်းစကားဆုံးသည်နှင့် အောက်ထပ်သို့ အပြေးကလေးဆင်းသွားပြီး အစားအသောက်များကို အားချင်းစီစဉ်လေ၏။ ကျွန်ုပ်တို့ အောက်ထပ်ရောက်ပြီး ခဏချင်းမှာပဲ လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ်များ ကျွန်ုပ်တို့ရှေ့ရောက်ရှိလာလေ၏။ ကျွန်ုပ်တို့လည်း လွန်စွာအရသာရှိသော လက်ဖက်ရည်ကို ဖြည်းဖြည်းချင်းသောက်ကာ သိဒ္ဓိပြောပြသည်များကို စိတ်ဝင်တစားနားထောင်ကြလေ၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၁၃)

ညရှစ်နာရီခန့်အချိန်တွင် ဖြစ်၏။ လပြည့်ညဖြစ်သော်လည်း ရွှေဘုံသာလမ်းတစ်ဝိုက်ရှိ စားသောက်ဆိုင်ကလေးများမှာ လူစည်ကားလျက် ရှိ၏။ ထိုအချိန်တွင် မိုက်ကယ်အောင်စိုးဟူသော တရုတ်စားသောက်ဆိုင်အတွင်း၌ ဝတ်စုံနက်နှင့် လူနှစ်ယောက်သည် အစားအသောက်များကို မှာယူစားသောက်လျက် ရှိ၏။

၎င်းတို့နှစ်ဦးသည် လျင်မြန်စွာ စားသောက်ပြီးနောက် ကျသင့်ငွေပေးချေပြီး ဆိုင်ထဲမှ ထွက်လာကြရာ ဆိုင်အဝသို့ အရောက်မှာပဲ ၎င်းတို့ထွက်အလာကို စောင့်ကြည့်နေသည့် လူတစ်စုသည် အနားသို့ရောက်လာပြီး . . .

"မိတ်ဆွေတို့နှစ်ယောက်က ခုလိုအနက်ရောင်ဝတ်စုံနဲ့ဆိုတော့ တယ်ပြီးစမတ်ကျနေပါလား . . . ဟဲ . . . ဟဲ၊ ဘယ်က ဘယ်လို မျက်စိမှောက်ပြီး ဒီနေရာရောက်လာတာလဲ"





ခေါင်းဆောင်ဖြစ်ဟန်ရှိသော ဂင်တိုတို၊ ဗလတောင့်တောင့် ပုဂ္ဂိုလ်က စပ်ဖြဲဖြဲအမူအရာဖြင့် မေးလိုက်ရာ ဝတ်စုံနက်တစ်ယောက်က လေသံမာမာဖြင့် . . .

"ဒီမှာ ဟေ့လူ၊ ခင်ဗျားကို ကျုပ်မသိဘူး၊ ကျုပ်တို့ကို လာပြီးအကြောင်းရိုက်မနေနဲ့ . . . လမ်းဖယ်ပါ"

"ဟား . . . ဟား . . . ဟား . . . ဒီမှာ ဟေ့ကောင်၊ မင်းတို့က မသိဘူးလို့ လွယ်လွယ်ပြောတိုင်း ရမလားကွ၊ မင်းတို့နှစ်ယောက် ကျောက်မျက်ရတနာအတုတွေနဲ့ လိမ်ညာနေတာ မသိဘူးမှတ်လို့လား၊ ငါက ဒီတစ်ဝိုက်မှာ အပိုင်စားရထားတဲ့ အလဲထိုးကျော်ကျော်ဆိုတာ ငါပဲ၊ ငါ့နယ်ထဲမှာ မဟုတ်တာလာလုပ်စားရင် ငါ့ကို ဝေစုပေးရမယ်၊ ဒါ . . . ငါ့ဥပဒေပဲ"

ထိုသူက မည်သို့ခြိမ်းခြောက်ပြောဆိုသော်လည်း ဝတ်စုံနက်မှာ အနည်းငယ်မျှ ကြောက်ရွံ့ဟန်မရှိဘဲ . . .

"ခင်ဗျားပြောတာတွေ သိလည်း မသိဘူး၊ ပေးစရာလည်း မရှိဘူး" ဟုပြောပြီး ရှေ့သို့လျှောက်လှမ်းသွားရာ အလဲထိုးကျော်ကျော်က လက်သီးဘွဲ့ရထားသူပီပီ ဝှီးခနဲနေအောင် လက်သီးတစ်လုံးပစ်သွင်းလိုက်၏။

ဝတ်စုံနက်က ဆတ်ခနဲ ငုံ့ရှောင်လိုက်ပြီး ပြန်လည်တိုက်ခိုက်ရာ အလဲထိုးကျော်ကျော်၏ နောက်လိုက်များမှာ ခွေးအများလို ဝတ်စုံနက်နှစ်ယောက်အား တိုးဝင်တိုက်ခိုက်ကြလေ၏။ ဝတ်စုံနက်နှစ်ဦးမှာ သတ္တိကောင်းကြသလို အသတ်အပုတ်ကျွမ်းကျင်သော်လည်း အများနှင့်တစ်ယောက်ဖြစ်နေ၍ ဆယ့်ငါးမိနစ်ခန့်အကြာမှာပဲ လက်ရည်ကျသွားလေ၏။



www.burmeseclassi.com

www.burmeseclassi.com



ထိုအခိုက်မှာပဲ လွန်စွာသြဇာပြည့်ဝသည့် အသံထွက်ပေါ်လာ၏။

"ဟေ့ . . . အားလုံးရပ်လိုက်ကြစမ်း"

တိုက်ခိုက်နေကြသူများမှာ အသံရှင်ကို အကဲခတ်ကြည့်လိုက်ကြရာ ထိုသူမှာ ရှပ်လက်ရှည်အဖြူနှင့် သက္ကလပ်ဘောင်းဘီအပျော့ကို ဝတ်ထားပြီး ဦးထုပ်ဝိုင်းကို ခပ်ငိုက်ငိုက်ဆောင်းထားတာကို တွေ့ကြလေ၏။

အလဲထိုးကျော်ကျော်က သူ၏ဟန်အတိုင်း ဘုဆတ်ဆတ်လေသံဖြင့် . . .

"ခင်ဗျားက ဘယ်သူလဲ၊ ဒီကိစ္စက ခင်ဗျားနဲ့ ဘယ်လိုပတ်သို့ ဝင်ရှုပ်တာလဲ"

ဟုမေးလိုက်သည်နှင့် ထိုလူက ဦးထုပ်ဝိုင်းကို လက်ညှိုးနှင့် ပင့်တင်လိုက်ပြီး . . .

"ငါဘယ်သူလဲဆိုတာ မင်းသိရင် အဲဒီလောက် လေသံမာမယ် မထင်ဘူး . . . ဟဲ . . . ဟဲ . . . ဟဲ"

ဟူ၍ မျက်နှာကိုပြလိုက်သည်နှင့် ရွှေဘုံသာလူမိုက်ကြီးကျော်ကျော်လည်း ရေမြွေကလေးပမာ ချက်ချင်းပင် ပြောင်းလဲသွားပြီး . . .

"ဟာ . . . ဆရာ၊ ကျွန် . . . ကျွန်တော် ဆရာမှန်းမသိလို့ပါ" ဟု ရိုကျိုးစွာ ပြောလေ၏။

"အေး . . . ဟုတ်တယ်၊ ဒါ ငါ့မိတ်ဆွေတွေပဲ၊ ငါ့မိတ်ဆွေတွေကိုခေါ်ပြီး အရေးကြီးကိစ္စရှိလို့ သွားမယ်၊ ဖြစ်မလား"

"ဖြစ်ပါတယ် ဆရာ . . . ဖြစ်ပါတယ်၊ ဆရာ့မိတ်ဆွေတွေ





မှန်း မသိလို့ပါ"

"ကဲ . . . မိတ်ဆွေတို့၊ ကျုပ်တို့ အချိန်နီးနေပြီ၊ သွားကြရအောင်"

ဟု ဦးထုပ်ဝိုင်းနှင့်လူက ပြောလိုက်ရာ ဝတ်စုံနက်နှစ်ဦးလည်း . . .

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့" ဟုပြောကာ ဦးထုပ်ဝိုင်းနှင့်လူထွက်ခွာသွားရာ ဂျစ်ကားဆီသို့ လိုက်ပါသွားကြ၏။

ကားနားသို့ရောက်သော် ဦးထုပ်ဝိုင်းနှင့်လူက ရင်းနှီးဖော်ရွေသော လေသံဖြင့် . . .

"ကျုပ်တို့လည်း ခင်ဗျားတို့လိုပါပဲ၊ လပြည့်ညတွေ့ဆုံပွဲတက်မလို့အလာမှာ လမ်းကြုံလို့ ကိုယ့်မိတ်ဆွေအချင်းချင်း ကူညီလိုက်တာပါ၊ အပန်းမကြီးပါဘူးလေ၊ ဒီကောင်တွေဟာ ကျုပ်နဲ့မကင်းရာမကင်းကြောင်းတွေပဲ"

ဝတ်စုံနက်နှစ်ဦးမှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြပြီး အမှန်ပင် ယုံကြည်သွားကြ၏။

"ကဲ . . . ဒါဆိုလည်း ကားပေါ်တက်ဗျာ၊ တစ်လမ်းတည်းသွားကြမယ့် လူတွေပဲ"

"အေးဗျာ . . . ခုလိုဂိုဏ်းသားအချင်းချင်း ရဲဘော်ရဲဘက်စိတ်နဲ့ ကူညီတာ ကျေးဇူးပဲ၊ ဒါနဲ့ ကျုပ်မိတ်ဆွေတစ်ဦးကို ခေါ်လိုက်ဦးမယ်"

ဟုပြောပြီး မှောင်ရိပ်တွင် ရပ်နေသော ပုဂ္ဂိုလ်တစ်ဦးကို လှမ်းခေါ်ပြီးနောက် ထိုပုဂ္ဂိုလ်ရောက်လာသောအခါ . . .

"ဒီမိတ်ဆွေကလည်း ကျုပ်တို့နဲ့ တစ်ဖွဲ့တည်းပဲဗျ" ဟု



www.burmeseclassi.com

www.burmeseclassi.com



မိတ်ဆက်ပေးရာ ဝတ်စုံနက်နှစ်ဦးလည်း ပြန်လည်နှုတ်ဆက်ပြီး လေးယောက်သား ဂျစ်ကားဖြင့် ထွက်ခဲ့ကြ၏။ ဂျစ်ကားလေးမှာ ရန်ကုန်မြို့တွင်းမှ အလျင်အမြန် ထွက်ခွာလာပြီး ကန်တော်ကြီး ပတ်လမ်းသို့ ဦးတည်မောင်းနှင်လျက် ရှိ၏။

မကြာမီ ဦးဖိုးစိန်လမ်းသို့ ရောက်ရှိတော့မည်ဖြစ်ရာ ဝတ်စုံနက်ဒရိုင်ဘာက ကား၏အရှိန်ကို မြှင့်လိုက်၏။ ထိုအခိုက်မှာပဲ ၎င်း၏နောက်စေ့ကို အေးစက်မာကျောသော သေနတ်ပြောင်းဝကလာရောက်ထိတွေ့လိုက်သဖြင့် ထိုသူမှာ ဆတ်ကနဲ တွန့်သွားပြီး ာက်သို့လှည့်ကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပဲ . . .

"ကားကို အခုရပ်လိုက်ပါ၊ ဘေးက မိတ်ဆွေလည်း မလှုပ်နဲ့နော်၊ ခင်ဗျား ကဂျိုးကကျောင်လုပ်လို့ ကျုပ်က မောင်းဆွဲလိုက်ရင် ခင်ဗျားမိတ်ဆွေ ခေါင်းပွင့်သွားမှာ သေချာတယ်"

နောက်စေ့သို့ သေနတ်နှင့် ချိန်ထားသည့် ဦးထုပ်ဝိုင်းနှင့်ပုဂ္ဂိုလ်က ထိုသို့ပြောလိုက်သည်နှင့် ဝတ်စုံနက်နှစ်ဦးလည်း ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ကားကို ထိုးရပ်လိုက်ရ၏။

"ဒါ ဘာသဘောလဲဗျ၊ ခင်ဗျားတို့ပြောတော့ တစ်ဖွဲ့တည်းသားချင်းဆိုသေး၊ ဘာရည်ရွယ်ချက်နဲ့ အခုလို လုပ်တာလဲ"

ဟု ဝတ်စုံနက်နှစ်ဦးက ခံပြင်းဒေါသဖြင့် တုန့်ပြန်ရာ ဦးထုပ်ဝိုင်းနှင့်လူက ပြုံးလျက် ခေါင်းခါလိုက်ပြီး သူနှင့်အတူပါလာသော မိတ်ဆွေကို အချက်ပြလိုက်၏။ ထိုသူကလည်း သွက်လက်လျင်မြန်စွာဖြင့် သက္ကလပ်အိတ်ထဲမှ ကြိုးတစ်ချောင်းကိုထုတ်ယူကာ ဝတ်စုံနက်နှစ်ဦးကို ကြိုးဖြင့် နှစ်ယောက်တွဲ လက်ပြန်တုတ်လိုက်၏။

"ကဲ . . . မိတ်ဆွေတို့ ဒီလောက်ဆိုရင် သဘောပေါက်





လောက်ပြီ ထင်တယ်၊ အခုသလို ကြောင်သလိုလုပ်လို့ နောက်တစ်နေ့ထုတ် ဟံသာဝတီသတင်းစာမှာ ဝံနက်ဂိုဏ်းသားနှစ်ယောက် သေနတ်ပစ်ခံရခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ စိတ်ဝင်စားစရာ သတင်းတစ်ပုဒ်ဖြစ်သွားမယ်"

ထိုသူနှစ်ဦးမှာ အစတော့ ငြင်းဆန်သလို အမူအရာမျိုးရှိနေသော်လည်း ဦးထုပ်ဝိုင်းနှင့်လူ၏ စူးရှသော မျက်လုံးအကြည့်ကို တောင့်ခံနိုင်စွမ်းမရှိဖြစ်သွားပြီး သိုးငယ်လေးပမာ မျက်နှာငယ်လေးနှင့် မေးသမျှကို ဖြေလေတော့၏။ သူတို့၏ မျက်လုံးများမှာလည်း ဝတ်စုံနက်ထံမှ လွဲဖယ်မရတော့ဘဲ ငြိမ်သက်သွားကြ၏။

ဦးထုပ်ဝိုင်းနှင့်လူသည် ဝံနက်ဂိုဏ်းနှင့်ပတ်သက်ပြီး သိဂသမျှကို မေးမြန်းပြီးချိန်တွင် ဂျစ်ကားမှာ ဦးဖိုးစိန်လမ်းအတွင်းမျိုးဝင်လိုက်ပြီဖြစ်၏။ ထိုအခိုက်မှာပဲ သူ့မိတ်ဆွေကို ကားရပ်ရန်အချက်ပြလိုက်၏။ ကားရပ်သွားသည့်အခါ ဝတ်စုံနက်နှစ်ဦးလည်း မူးမောရီဝေသလို ဖြစ်နေရာမှ တခဏချင်းမှာပဲ အိပ်ပျော်သွားတော့၏။ ထိုအခါ ၎င်းက ဝတ်စုံနက်နှစ်ဦးကို ကြိုးဖြေပေးလိုက်ပြီး ၎င်းတို့၏အဝတ်အစားများနှင့် ဂိုဏ်းအသုံးအဆောင်ပစ္စည်းများကို ယူလိုက်ကြ၏။

ပြီးနောက် သူတို့အဝတ်အစားများကိုချွတ်ပြီး ထိုသူနှစ်ဦးအား ဝတ်ဆင်ပေးလိုက်၏။ ပြီးသည်နှင့် ကားကိုပြန်ကွေ့ပြီး ကန်တော်ကြီးပတ်လမ်းအတိုင်း မောင်းနှင်သွားရာ ကိုက်သုံးဆယ်ခန့်မျှအရောက်တွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် မြင်းလှည်းတစ်စီးကို တွေ့လိုက်ရသဖြင့် ကားကိုရပ်ပြီး မြင်းလှည်းကို လှမ်းတားလိုက်၏။



www.burmeseclassi.com

www.burmeseclassi.com



"ဟော့ . . . ဆိုက်ကုလား၊ ဒီကောင်တွေ ဘိန်းခန်းက အပြ မှာ အတော်လေး ဘိန်းမူးနေတယ်၊ သူတို့ကိုတင်ပြီး ရန်ကုန်တစ်ပ ပတ်မောင်းပေးလိုက်စမ်းပါကွာ၊ အဲဒါမှ မနိုးသေးဘူးဆိုရင် တွေ့ရ အမှိုက်ပုံမှာ ကန်သာချလိုက် . . ."

အနက်ရောင်ဝတ်စုံအသွင်ပြောင်းထားသည့် ဦးထုပ်ဝိုင်း နှင့်လူက မြင်းလှည်းမောင်းသမား ပန်ချာပီကုလားကို ထိုသို့ပြော လိုက်ပြီး ငွေ (၁၀) ထုတ်ပေးလိုက်ရာ ကုလားလည်း အကြိမ်ကြိ ဆလံပေးပြီး မိန်းမောလျက်ရှိသည့် ကားနောက်ခန်းက ပုဂ္ဂိုလ်နှစ်ဦး ကို လာရောက်တွဲခေါ်ပြီး သူ၏မြင်းလှည်းပေါ်တင်လေ၏။

ထို့နောက် အနက်ရောင်ဝတ်စုံအသွင်ပြောင်းထားသည့် နဲ့ဆုပ်ဝိုင်းနှင့်လူက သူ၏မိတ်ဆွေကို ကားပြန်ကွေ့စေပြီး ဦးဖိုးစိန် ရပ်မ်းသို့ မောင်းစေလိုက်၏။ ထိုစဉ်မှာပဲ ၄င်းက သူ၏အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်ပြီး သူ၏မိတ်ဆွေကို ပေးလိုက်၏။

"ရော့ . . . ကိုမျိုးမြတ်၊ ဒီပစ္စည်းက သူတို့ဂိုဏ်းအမှတ် တံဆိပ်ဖြစ်တဲ့ ပံပုလွေလက်သည်းချွန်ပဲ၊ ကျုပ်တစ်ခု ခင်ဗျားတစ်ခု၊ အစည်းအဝေးတက်ခွင့်ရဖို့ ဒီပစ္စည်းက အရေးပါဆုံးပဲ"

နောက်မိနစ်အနည်းငယ်အတွင်း သူတို့နှစ်ဦးသည် ဦးဖိုးစိန် လမ်းထဲရှိ လွန်စွာကျယ်ဝန်းပြီး ရှေးဆန်လှသော အိမ်ကြီးဆီသို့ ရောက်ရှိသွားကြ၏။ ထိုသူနှစ်ဦးမှာ မည်သူတွေဖြစ်ကြောင်း အထူး ရှင်းပြရန် လိုမည်မထင်တော့ပေ။ ဦးထုပ်ဝိုင်းနှင့်ပုဂ္ဂိုလ်မှာ ကျွန်ုပ် ၏မိတ်ဆွေ ဒေါက်တာထင်အောင်ကျော်ဖြစ်ပြီး ၄င်း၏မိတ်ဆွေမှာ ကျွန်ုပ်ကိုယ်တိုင်ပင် ဖြစ်ပေတော့၏။

မြဲဝင်းတံခါးဝတွင် ကျွန်ုပ်တို့နှစ်ယောက်အား ဂိုဏ်းအမှတ်





အသားပြခိုင်းသဖြင့် ကျွန်ုပ်တို့လည်း ပံပုလွေလက်သည်းနှစ်ခုကို ထုပ်ပြလိုက်ကြရာ အခက်အခဲမရှိတော့ဘဲ ခြံထဲဝင်ခွင့်ရလေ၏။ ကျွန်းအိမ်ကြီးအဝင်ဝတွင် ကြီးမားခိုင်ခံ့လှသော ကျွန်းသားတံခါး ကြီးတစ်ခုရှိလေ၏။ ၄င်းတံခါးအဝင်ဝတွင် ဂိုဏ်းသားတစ်ဦးက ခေါင်းစွပ်အနက်တစ်ခုကို ဝင်လာသူတိုင်းအား ပေငှလျက်ရှိ၏။

ကျွန်ုပ်တို့နှစ်ဦးလည်း ခေါင်းစွပ်များရရှိပြီး အိမ်ကြီးထဲဝင် ခဲ့ရာ အားလုံးမှာ ခေါင်းစွပ်များစွပ်ထားကြသည်ကို တွေ့ရသဖြင့် ကျွန်ုပ်တို့လည်း ခေါင်းစွပ်များ စွပ်လိုက်ကြ၏။ ခေါင်းစွပ်များမှာ မျက်လုံးနေရာနှင့် ပါးစပ်နေရာတွင် အပေါက်များ ဖောက်ထား သော အနက်ရောင်ခေါင်းစွပ်များ ဖြစ်သည်။

ဧည့်ခန်းမကြီးမှာ လွန်စွာကျယ်ဝန်းလှ၏။ မည်းနက်ပြောင် လက်နေသော ကျွန်းတိုင်ကြီးများမှာ အခန်းထောင့်များတွင်ရှိပြီး အခန်းထောင့်တိုင်းတွင် ကျောက်ဖယောင်းတိုင်ကြီးများ ထွန်းညှိ ထား၏။ ကျွန်ုပ်တို့ အခန်းထဲရောက်သွားချိန်တွင် ဝတ်စုံနက်ငါး ဆယ်ခန့် ရောက်ရှိနေကြပြီဖြစ်၏။

တံခါးများပိတ်လိုက်ချိန်တွင် ကျွန်ုပ်သည် အလိုလို အား ငယ်စိုးရွံ့လာသလို ခံစားလိုက်ရ၏။ ဂိုဏ်းသားအားလုံး၏ အကြည့် များက နံရံနှင့်ကပ်လျက်ရှိသည့် အနက်ရောင်တံခါးဆီသို့ ကျရောက် လျက်ရှိ၏။ ထိုသို့ကြည့်နေခိုက်မှာပဲ တံခါးမှာ ဖျတ်ခနဲပွင့်သွားပြီး ဂိုဏ်းသားငါးယောက်က သစ်သားကုလားထိုင်ကြီးတစ်လုံးကိုမ၍ ထွက်လာကြ၏။

၄င်းခုံကြီးသယ်လာစဉ်မှာပဲ အခန်းအတွင်း၌ အပ်ကျသံ ပင် ကြားရလောက်အောင် တိတ်ဆိတ်သွားတော့၏။ ထိုသို့ရှိနေစဉ်



www.burmeseclassi.com

www.burmeseclassi.com



အိမ်ကြီး၏အတွင်းဘက် အတော်လှမ်းလှမ်းမှ လျှောက်လှမ်းလ
သော ခြေသံကို မသဲမကွဲကြားနေရာက မကြာမီမှာပဲ နံရံရှေ့တံခါ
ဝမှ တစ်စုံတစ်ယောက်ထွက်လာလေ၏။

ထွက်လာသော ပုဂ္ဂိုလ်မှာ ဝတ်ရုံနက်ကြီးကို ခေါင်းမှစ၍
လွှမ်းထားသဖြင့် မျက်နှာကို မမြင်ရပေ။ ခြုံလွှာအောက်မှ တောက်
ပြောင်လက်နေသော မျက်လုံးအစုံကိုသာ မြင်ရ၏။ ခြေလက်တို့မှာ
လည်း ဝတ်ရုံအစအောက်မှ တိုးထွက်လျက်ရှိပြီး ဆွတ်ဆွတ်ဖြူက
ရှည်လျားလှသော လက်သည်းချွန်များရှိနေ၏။ အံ့သြစရာကောင်း
သည်မှာ ၎င်းရောက်လာသည့်အခိုက်မှာပဲ အခန်းထဲ၌ အေးစက်
သော အငွေ့အသက်များ ဖုံးလွှမ်းသွားခြင်းပင် ဖြစ်သည်။

သူသည် ဦးခေါင်းကို အနည်းငယ်ငုံ့ထားပြီး ကုလားထိုင်
တွင်ထိုင်ကာ သူ၏လက်ကို လက်ျာဖက်သို့ အနည်းငယ်ထောင်၍
အချက်ပြလိုက်၏။ ထိုအခါ လက်ပေါ်တွင် ခြုံထားသော အဝတ်
နက်မှာ လျှောကျသွားပြီး ပိန်လှီဖြူဆွတ်သော လက်ဖျံကို တွေ့လိုက်
ရ၏။ ၎င်းထိုင်လျက်ရှိသည့် ကုလားထိုင်နောက်ဖက်ရှိ တံခါးပေါက်
မှ အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားပြီး မျက်နှာတွင်
ဇာပုဝါအနက်ကို ဖုံးကွယ်ထားသည့် မိန်းမပျိုတစ်ဦးထွက်လာ၏။

ထိုမိန်းမပျိုသည် ပုံမှန်ခြေလှမ်းအတိုင်း မနှေးမမြန်လျှောက်
သော်လည်း ကျော့ရှင်းလှပပြီး ဆွဲဆောင်မှုရှိသော သူမ၏ကိုယ်လုံး
လေးမှာ ပုရိသများကို တစ်မျိုးတစ်ဖုံ ဆွဲဆောင်နေသည်သို့ရှိ၏။
ထိုအထဲတွင် ကျွန်ုပ်နှင့် မိတ်ဆွေကြီးထင်အောင်ကျော်တို့ မပါသည်
ကို ကျွန်ုပ်ကျန်တွယ်ပြောဝံ့၏။ ကျွန်ုပ်တို့မှာ အာသဝေါကုန်နေသော
အရိယာများ မဟုတ်ကြပါ။





ကျွန်ုပ်တို့သည် မိန်းမပျို၏ ဆွဲဆောင်မှုရှိသော အလှတရား
ထက်သာလွန်သည့် စိတ်ဝင်စားမှုကို တွေ့လိုက်ရသောကြောင့် ဖြစ်
သည်။ ထိုအရာမှာ မိန်းမပျို၏လက်ထဲတွင် ကိုင်ဆောင်ထားသော
သေတ္တာနီလေးကြောင့် ဖြစ်သည်။ ၎င်းသေတ္တာနီလေးမှာ အမြုတေ
ထည့်ထားသည့် စံပယ်မြိုင်၏ သေတ္တာလေးပင်ဖြစ်ကြောင်း ကျွန်ုပ်
တို့ သိလိုက်ရ၍ဖြစ်သည်။

"ကိုမျိုးမြတ်ရေ . . . ကျုပ်တို့ပစ္စည်းကလေးတော့ တွေ့ရ
ပြီဗျ"

မိတ်ဆွေကြီးထင်အောင်ကျော်က လေသံသဲ့သဲ့ဖြင့် ပြော
လိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်လည်း ယင်းသေတ္တာနီကလေးကို မျက်
တောင်မခတ် ကြည့်ရှုနေမိ၏။ မိန်းမပျိုက ကျောက်စားပွဲပေါ်တွင်
အသာတင်ထားလိုက်ပြီး ဝံနက်ခေါင်းဆောင်ကြီး၏ ကုလားထိုင်
နားသို့သွား၍ ရပ်နေလေ၏။

ထိုပုဂ္ဂိုလ်ကြီးက အက်ကွဲကွဲအသံဖြင့် . . .

"အခုလို ရန်ကုန်က ဝံနက်ဂိုဏ်းသားတွေကို စုံစုံညီညီတွေ့
ရတာ ငါအရမ်းဝမ်းသာတယ်၊ ငါတို့နှစ်ပေါင်းများစွာ ရှာဖွေနေတဲ့
ပစ္စည်းကို ငါတို့ဂိုဏ်းသားတွေအလယ်မှာ ချပြထားနိုင်တဲ့အတွက်
မင်းတို့တွေနဲ့အတူ ငါဂုဏ်ယူတယ်"

"အခု . . . ငါ့ရှေ့မှာရှိနေတဲ့ သေတ္တာလေးဟာ အမြုတေ
ထည့်ထားတဲ့ သေတ္တာလေးပဲ၊ ရှေးအစဉ်အဆက်ပုဂ္ဂိုလ်တွေ ပြော
ကြတဲ့စကားအရ ရတနာသိုက်ကိုရဖို့ဆိုရင် အချက်သုံးချက်ကို
ပေါင်းစပ်ပြီး ရှာဖွေရမယ်လို့ အခိုင်အမာ ဖွင့်ဆိုထားတယ်၊ အဲဒီ
အချက်သုံးချက်က ပထမအနီရောင်သေတ္တာကိုရှာ၊ ဒုတိယ အဲဒီက



www.burmeseclassi.com

www.burmeseclassi.com



အမြုတေကို မပျက်စီးအောင်ယူ၊ တတိယက သဘာဝလောကကြီးနဲ့ ပေါင်းစပ်ပြီး အမြုတေထဲက ညွန်ကြားချက်ကို ရှာဖွေရမှာဖြစ်တယ်" ဟူ၍ပြောလိုက်ပြီး ဂိုဏ်းသားများထဲမှ သေတ္တာဖွင့်နိုင်သူကို ဖိတ်ခေါ်လိုက်၏။

ဂိုဏ်းသားများမှာ အစပိုင်းတွင် တုပ်တုပ်မျှ မလှုပ်ရှိနေရာမှ လက်ဝဲဖက်နံရံရှိ လူအုပ်ထဲမှ တစ်ယောက်သည် ရှေ့ထွက်လာပြီး ဂိုဏ်းချုပ်ကြီးကို ဦးညွှတ်အရိုအသေပြုလိုက်ပြီးနောက် . . .

"ဂိုဏ်းရဲ့အကျိုးအတွက် ကြိုးစားကြည့်ပါရစေ"

ဂိုဏ်းချုပ်ကြီးက နှုတ်မှမပြောဘဲ သေတ္တာကို လက်ဖြင့်ညွှန်ပြကာ ဆောင်ရွက်နိုင်ပြီဟူသည့် အမူအရာပြလိုက်၏။ ထိုသူသည် ရှူးဖိနပ်ကို ကြမ်းပြင်တွင် ဒေါက်ဒေါက်မြည်အောင် နင်းလျှောက်ရင်း ကျောက်စားပွဲအနီးသို့ ချဉ်းကပ်ကာ သေတ္တာလေးကို ကောက်မလိုက်၏။

ခေါင်းဆောင်ကြီးမှာ သေတ္တာကိုင်ထားသူကို ကြည့်နေ၏။ ထိုသူမှာ သေတ္တာမျက်နှာပြင်ခြောက်ဖက်ကို လက်ဖြင့် အသာလေး ခေါက်ကြည့်လေ၏။ ထိုသို့ခေါက်ကြည့်ပြီး ထိုသူသည် သေတ္တာကို ဆတ်ခနဲ ကောက်ပွေ့ပြီး အင်္ကျီရင်ဘတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကိုဆွဲထုတ်ကာ သေတ္တာကို ထိုးချိန်လိုက်၏။

ဂိုဏ်းသားများအားလုံးထံမှ အာမေဋိတ်သံများထွက်လာပြီး ထိုသူထံသို့ ဝုန်းခနဲ ပြေးဝင်သွားကြရာ ခေါင်းဆောင်ကြီးက အနိမ့်အမြင့် အတက်အကျမရှိသော လေသံကြီးဖြင့် . . .

"အားလုံးရပ်လိုက်ကြစမ်း၊ ကိုယ့်နေရာကိုယ် ပြန်သွားကြ"

ဟုအော်လိုက်ရာ ဂိုဏ်းသားများလည်း နောက်ပြန်ဆုတ်





သွားကြ၏။

ဝရုန်းသုန်းကား ဖြစ်သွားသည်ကြောင့် ကျွန်ုပ်နှင့် မိတ်ဆွေကြီးလည်း နေရာကွဲသွားကြ၏။ ဂိုဏ်းသားများအလယ် ရောက်ရှိသွားသော သေတ္တာကို သေနတ်နှင့်ချိန်ထားသည့် ပုဂ္ဂိုလ်က သဘောကျစွာ ရယ်လိုက်ပြီး . . .

"ဒီအမြုတေဟာ ကျုပ်အသက်ထက် တန်ဖိုးရှိတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး ကောင်းကောင်းသဘောပေါက်မှာပါ"

ခေါင်းဆောင်ကြီးသည် မည်သည့်စကားမှ ပြောဆိုခြင်း မပြုသော်လည်း အသက်ရှူသံမှာမူ တောရိုင်းသတ္တဝါတစ်ကောင်၏ နှာမှုတ်သံကဲ့သို့ ကျယ်လောင်လျက်ရှိ၏။

"မင်းဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ မင်းဟာ ငါတို့ဂိုဏ်းသားမဟုတ်ဘူး"

"သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်က ခင်ဗျားတို့ဂိုဏ်းသားမဟုတ်ပေမယ့် ဒီလောက်သတင်းကြီးနေတဲ့ အမြုတေကိုတော့ ပိုင်ဆိုင်ချင်တယ်လေ၊ ဒီအမြုတေကို ကျုပ်ခဏအသုံးချချင်တယ်၊ ကျုပ်ဆန္ဒအတိုင်း မလိုက်လျောရင်တော့ သေနတ်မောင်းကိုဖြုတ်လိုက်လို့ အမြုတေတစ်စစီ ဖြစ်သွားလိမ့်မယ်၊ အသာတကြည် လိုက်လျောရင်တော့ အကောင်းပကတိအတိုင်း ခင်ဗျားလက်ကို ပြန်အပ်မှာပါ"

ထိုအချိန်ထိ ခေါင်းဆောင်ကြီးသည် တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်လျက်ရှိနေရာက ထိုသူအခန်းတံခါးဝသို့ ခြေဦးလှည့်လိုက်သည့်အခါမှာတော့ . . .

"မင်းခြေလှမ်းတွေကို ရပ်လိုက်စမ်း"

ခေါင်းဆောင်ကြီး၏ အေးစက်မာကျောသော အသံကြောင့်



www.burmeseclassi.com

www.burmeseclassi.com



ထိုသူသည် သေနတ်ဖြင့် သေတ္တာကို ခေါက်လိုက်ပြီးနောက် . . .

"ခင်ဗျားက ကျုပ်ကို သွေးတိုးစမ်းတဲ့ သဘောလား"

ဟု လေသံတင်းတင်းဖြင့် တုန့်ပြန်ပြောရာ ခေါင်းဆောင်ကြီးက . . .

"ဟား . . . ဟား . . . ဟား . . . ပစ်တာ၊ မပစ်တာ ငါ့အလုပ်မဟုတ်ဘူး၊ မင်းအလုပ်ပဲ"

ဟုပြောပြီး ထိုင်ခုံမှ မတ်တပ်ရပ်ကာ ရှေ့တိုးသွားရာ သေတ္တာဝင်လုသူမှာ ပါးစပ်ကသာ ပြောနေသော်လည်း ထိုအခါမှာတော့ သိသိသာသာ ထိတ်လန့်တုန်လှုပ်သွားလေ၏။

လောက၌ ရယ်သံအမျိုးမျိုးကို ကျွန်ုပ်ကြားဖူးပါ၏။ သို့သော် သေမင်းရယ်သံဟူ၍ တင်စားပြောဆိုကြသော အသုံးအနှုန်းကို ဝံနက်ဂိုဏ်းခေါင်းဆောင်ကြီး၏ ရယ်သံကြားမှပင် သဘောပေါက်သွားတော့၏။

ထိုလူကြီး ရွေ့လျားလာပုံမှာလည်း ထူးဆန်းသလိုရှိ၏။ ဝတ်ရုံနက်ကြီးက ကြမ်းပြင်နှင့် ဒရွတ်တိုက်နေသလိုရှိပြီး အမှတ်တမဲ့ကြည့်လျှင် ခြေမလှမ်းဘဲ လျှောတိုက်ရွေ့လျားနေသလို ထင်ရ၏။

"ခင်ဗျား ရှေ့ထပ်တိုးရင် ကျုပ်တကယ်ပစ်တော့မှာနော်"

သေတ္တာပိုက်ထားသူမှာ စိတ်ပိုင်းဖြတ်ပြီးဟန်ဖြင့် သူ့သေနတ်မောင်းကို ညှစ်ချလိုက်၏။

"ချောက် . . . ချောက် . . . ချောက် . . . ချောက်"

သေနတ်မောင်းကို တစ်ချက်ပြီးတစ်ချက်ညှစ်ကာ ပစ်လိုက်သော်လည်း သေနတ်မှာ ကျည်ထွက်လာခြင်း မရှိပေ။





"ဟား . . . ဟား . . . ဟား . . . ဟား"

"မင်းသေနတ်မှာ ကျည်မပါဘဲ ငါ့ကို ဘယ်လိုပစ်မှာတုန်း"

ခေါင်းဆောင်ကြီးလေသံမှာ ခပ်အုပ်အုပ်နှင့် သတ္တုချင်းထုရိုက်လိုက်သလို မာန်ပါလှ၏။ ဝတ်ရုံနက်အောက်မှ မျက်လုံးအစုံမှာ ကြောက်မက်ဖွယ်ကောင်းအောင် တလက်လက်တောက်ပလျက်ရှိ၏။ ဝတ်ရုံနက်ကြီး၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လွန်စွာမြန်ဆန်လှ၏။ သူ၏လက်နှစ်ဖက်မှာ သေတ္တာပိုက်ထားသူ၏ ခန္ဓာကိုယ်အပေါ် ဖြတ်ခနဲ ကျရောက်သွားပြီး ထိုလူ၏ သေနတ်ကိုင်ထားသောလက်မှာ ဖြတ်ကနဲ အောက်ပြုတ်ကျသွား၏။

ထိုလူမှာ သေနတ်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားသော်လည်း လက်မောင်းရင်းမှာ ဂွတ်ခနဲမြည်ကာ အဆစ်တစ်ဖက်ပြုတ်သွားပြီး အောက်သို့နိမ့်ကျသွားလေ၏။ သေနတ်မှာ ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲ ပြုတ်ကျသွားတော့၏။

သို့တိုင် သေတ္တာကို မလွှတ်သေးဘဲ ရင်ထဲပွေ့ပိုက်ထား၏။ ထိုသူ၏ခေါင်းစွပ်အောက်မှ နာကျင်မှုကို တွေ့ရသဖြင့် ဂိုဏ်းသားများမှာ ထိုသူကိုကြည့်ရင်း ရင်ထိတ်နေကြ၏။ ထိုစဉ်ဂိုဏ်းချုပ်ကြီးမှာ အောက်သို့ပြုတ်ကျသွားသော သေနတ်ကို ကောက်ယူလိုက်ရာ သေတ္တာပိုက်ထားသူက အံတင်းတင်းကြိတ်လိုက်ပြီး . . .

"ကျုပ်ကို ပစ်လို့ကတော့ ဒီသေတ္တာကို ကိုင်ပေါက်ခွဲပစ်မယ်"

ဂိုဏ်းချုပ်ကြီးသည် လျှပ်ပြက်လိုက်သလို လက်ထဲမှသေနတ်ဖြင့် ဒိုင်းကနဲ ပစ်ထည့်လိုက်ရာ ထိုအခါမှာတော့ သေနတ်မှာ တုံ့ဩစရာကောင်းလောက်အောင် ကျည်ထွက်သွား၏။ ကျွန်ုပ်လည်း



www.burmeseclassi.com

www.burmeseclassi.com



သေတ္တာဝင်လုသူကို သွေးအိုင်ထဲလဲနေပြီဟု ထင်မှတ်လိုက်၏။ အခြေအနေမှာ ကျွန်ုပ်ထင်သလိုမဟုတ်ဘဲ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသော သေတ္တာလေးကို အံ့အားသင့်ကာ ကြည့်နေလေ၏။

သေတ္တာနီလေးမှာ ဂိုဏ်းချုပ်ကြီးပစ်လိုက်သော သေနတ်ကျည်ဆံမှန်၍ ကြမ်းပြင်ပေါ်ပြုတ်ကျသွားခြင်း ဖြစ်သည်။ ကျွန်ုပ်အပါအဝင်အားလုံး အံ့သြငေးကြောင်သွားစဉ်မှာပဲ . . .

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

ကြမ်းပြင်ပေါ်မှ သေတ္တာနီလေးမှာ ကျည်ကုန်ထိမှန်ခံရသဖြင့် အစိတ်စိတ်၊ အမွှာမွှာ ပဲ့ကျဲသွားတော့၏။ ထို့နောက် ဂိုဏ်းချုပ်ကြီး၏ ခြောက်ကပ်စွာ ရယ်လိုက်သည့် ရယ်သံကြီးထွက်ပေါ်လာပြီး သေနတ်ကို ကြမ်းပြင်ပေါ် ဒေါက်ကနဲ ပစ်ချပြီးနောက် ကုလားထိုင်တွင် သွားပြန်ထိုင်လိုက်၏။ ပြီးနောက် သေတ္တာလုသူကို စူးစိုက်ကြည့်ရင်း . . .

"ကောင်းပြီ . . . မင်းရဲ့သတ္တိကို လေးစားသောအားဖြင့် မင်းကိုမသတ်ခင် မင်းအသက်နဲ့ရင်းပြီးယူချင်တဲ့ သလင်းလုံးကို မြင်ဖူးအောင် ကြည့်သွားရစေမယ်"

ဂိုဏ်းချုပ်ကြီးသည် သေတ္တာလုသူကို အဆုံးစီရင်မှာ သေချာနေပြီဖြစ်၏။ သူသည် ဖြူလျော်ခြောက်သွေ့နေသည့် လက်ကြီးကို ဝတ်ရုံကြီးအတွင်းထည့်ကာ တစ်စုံတစ်ခုကို နှိုက်ယူလိုက်၏။ လက်ထဲတွင် စောစောတုန်းက ကျည်မှန်၍ ပျက်စီးသွားသော သေတ္တာလေးနှင့် ခွဲမရအောင်တူသည့် သေတ္တာလေးတစ်လုံးပါလာ၏။

သူသည် နံဘေးတွင်ရပ်နေသော မျက်နှာကို ပုဝါစည်း





ထားပြီး ကိုယ်ကျပ်ဝတ်စုံအနက်ဝတ်ထားသည့် မိန်းကလေးကို ဆတ်ခနဲ ခေါင်းတစ်ချက်ငဲ့ကာ အမူအရာဖြင့် ပြလိုက်၏။ မိန်းကလေးမှာ သေတ္တာကို ရိုသေစွာ လှမ်းယူလိုက်ပြီး ကျောက်စားပွဲအလယ်တွင် ချထားလိုက်၏။ ထိုအခိုက် ဂိုဏ်းချုပ်ကြီးက . . .

"ဒီဂိုဏ်းသားတွေထဲမှာ ရန်သူတွေ ပါနေတာရိပ်မိလို့ သေတ္တာအတုနဲ့ ထောင်ဖမ်းလိုက်တာပဲ၊ ဒီသေတ္တာကတော့ တကယ့်သေတ္တာအစစ်ပဲ၊ အထဲက အမြုတေကို မင်းတို့အားလုံး အသေအချာ ကြည့်ရှုခွင့်ရမယ်၊ အမှန်အတိုင်းပြောရရင် ရတနာသိုက်မြေပုံရှာဖို့ အချက်နှစ်ချက်ပြည့်စုံနေပြီ၊ ငါအပါအဝင် ဂိုဏ်းသားအချို့ဟာ ဒီသေတ္တာထဲက အမြုတေကိုကြည့်ပြီး ကြိုးစားကြည့်ပြီးပြီ၊ အမှန်အတိုင်းဝန်ခံရရင် ဘာထူးခြားချက်မှ မတွေ့ရဘူး၊ ဒီတော့ ရန်ကုန်မှာရှိတဲ့ ဂိုဏ်းသားတိုင်း ဒီအမြုတေကိုကြည့်ပြီး ထူးခြားတာတွေ့တာနဲ့ တင်ပြရမယ်"

ဟု အေးစက်စက်အသံကြီးဖြင့် ပြောလိုက်ပြီး အနက်ရောင်ဝတ်စုံနှင့် မိန်းကလေးကို ဒုတိယအကြိမ်မြောက် အချက်ပြလိုက်ရာ မိန်းကလေးက ကျောက်နက်သားဖြင့် ထုဆစ်ထားသော ခရာလေးတစ်ခုထုတ်ယူလိုက်ပြီး သေတ္တာအနားကပ်၍ အသံတို၊ အသံရှည် နှစ်ချက်ခန့် မှုတ်လိုက်၏။ ထိုတစ်ကြိမ်တွင်မတော့ အခန်းထဲရှိလူများမှာ မိန်းကလေး၏ ကျော့ရှင်းလှပမှုအပေါ် အာရုံဝင်စားမှုမရှိတော့ဘဲ သေတ္တာနီလေးနှင့် မြွေတွန်သံကဲ့သို့ ခရာလေးမှ တရှိန်ရှိန်ထွက်ပေါ်လာသော အသံဆန်းများကိုသာ စိတ်ဝင်တစား ဖြစ်သွားကြလေ၏။

ခရာနက်မှ အသံတိကနဲ ရပ်သွားသည်နှင့် သေတ္တာလေး



www.burmeseclassi.com

www.burmeseclassi.com



မှ ထပ်ကနဲ အသံကြားလိုက်ရပြီး သေတ္တာအလယ်တည့်တည့်တွင် အက်ကြောင်းရာလေးတစ်ခု ပေါ်လာ၏။ မိန်းကလေးက ၄င်းအက်ကြောင်းရာလေးမှ ဆွဲမလိုက်ရာ သေတ္တာမှာ နှစ်ခြမ်းကွဲကာ ပွင့်သွားတော့၏။

ထိုစဉ် ဂိုဏ်းချုပ်ကြီးက လက်ကို အသာမြှောက်ပြလိုက်ရာ ဝတ်စုံနက်လေးယောက်ထွက်လာပြီး လက်အဆစ်ပြုတ်နေသည့် အယောင်ဆောင်ဂိုဏ်းသားထံသွားကာ ဖမ်းချုပ်လိုက်ကြ၏။

ဂိုဏ်းသားများက အချုပ်ခံထားရသူ၏ခေါင်းကို တစ်ဖက်သို့ အတင်းဆွဲစောင်းလိုက်ရာ လည်မျိုကို စင်းပေးလျက်သား ဖြစ်သွား၏။ ကျောက်ဖယောင်းတိုင်၏ အလင်းအောက်တွင် မိန်းမပျို၏ မျက်လုံးများက ရက်စက်သွေးဆာသည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေတော့၏။

ထိုအခိုက်မှာပဲ ရုတ်ချည်းပြောင်းလဲသွားစေမည့် အခြေအနေများ ဖြစ်ပေါ်သွား၏။ ဝတ်စုံနက်အချို့မှာ ရုတ်တရက် ခုန်ထွက်လာသလို အချို့ဝတ်စုံနက်များက ကျောက်မီးတိုင်များကို ငြိမ်းလိုက်ရာ အခန်းတွင်း၌ မှောင်အတိဖုံးလွှမ်းသွား၏။ ထိုအဖြစ်ကြောင့် ကျွန်ုပ်လည်း ရင်ထဲထိတ်လန့်သွားပြီး နံရံဘက်ကပ်ကာ ကျောမှီထားလိုက်၏။

ဂိုဏ်းချုပ်ကြီး၏ မျက်လုံးများမှာ အမှောင့်တွင်းဝယ် တောရိုင်းသတ္တဝါတစ်ကောင်၏ မျက်လုံးများသဖွယ် အရောင်ထွက်နေသည်ကို တွေ့ရ၏။ အမှောင်လွှမ်းသော အခန်းတွင်း၌ ထိုးကြိတ်တိုက်ခိုက်သံများဖြင့် ဝုန်းဒိုင်းကျဲနေပြီဖြစ်ရာ မိန်းမပျို၏မာန်သွင်းသံပါစ်ချက်ကြားလိုက်ရပြီး "အား" ကနဲ စူးစူးဝါးဝါးအော်ကာ ကြမ်း





ပြင်ပေါ်သို့ တစ်စုံတစ်ယောက် လဲကျသွားသံကို ကြားလိုက်ရ၏။

ကျွန်ုပ်သည် ဤသို့ တွေးလိုက်မိ၏။ တစ်ဦးတစ်ယောက်သည် ကျောက်စားပွဲပေါ်ရှိ အမြုတေကို ဝင်ယူပေလိမ့်မည်။ ထိုအခါ အသင့်ရှိနေသော မိန်းမပျိုက ဝံပုလွေလက်သည်းနှင့် ချက်ကောင်းကို ထိုးထည့်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။ အမှောင်တွင်း၌ ဖြစ်နေကြ၍ မည်သူသည် ရန်သူ၊ မည်သူသည် ဂိုဏ်းသားဟူ၍ ခွဲခြား၍ မရနိုင်တော့ဘဲ မှန်းကာရမ်းကာ တိုက်ခိုက်နေကြသည်မှာ တွေးကြည့်လျှင် ရယ်ဖို့ပင် ကောင်းတော့၏။

ထိုစဉ် ကျွန်ုပ်ဘေးသို့ ဝတ်စုံနက်တစ်ဦးရောက်လာသဖြင့် ကျွန်ုပ်မှာ အားတက်သွားပြီး . . .

"ဗျို့ . . . ကိုထင်ကျော် . . ."

ဟုခေါ်လိုက်ရာ ထိုလူမှာ ကျွန်ုပ်ခေါ်သံကို မတုန့်ပြန်ဘဲ ၄င်းတုန့်ပြန်လိုက်သည်က ဗိုကနဲနေအောင် ပစ်သွင်းလာသည့် လက်သီးတစ်လုံးပင် ဖြစ်၏။ ကျွန်ုပ်လည်း လေသံကိုနားထောင်ပြီး အလျင်အမြန် ရှောင်တိမ်းနိုင်လိုက်သဖြင့် ကံကောင်းသွားခြင်းဖြစ်သည်။ ကျွန်ုပ်လည်း နောက်လက်သီးချက်များ ဝင်မလာခင် နေရာအမြန်ရွှေ့လိုက်ရ၏။

ထိုအခါ တစ်စုံတစ်ယောက်နှင့် ကျောချင်းကပ်မိသွားသဖြင့် ဒီတစ်ချီတော့ ကျွန်ုပ်က ဦးအောင်ဆော်မည်ဟုတွေးကာ ချက်ချင်း လှည့်ပြီး ဖြောင့်ဖြောက်သီးတစ်လုံး ပစ်သွင်းလိုက်၏။ ထိုလူမှာ ကျွန်ုပ်ပစ်သွင်းလိုက်သော လက်သီးကို ရှောင်သည်ဆိုရုံမျှ ရှောင်လိုက်ပြီး . . .

"ကျုပ်ပါဗျ . . ." ဟု လေသံတိုးတိုးဖြင့်ပြောရာ ကျွန်ုပ်



www.burmeseclassi.com

www.burmeseclassi.com



ကလည်း လေသံခပ်အုပ်အုပ်ဖြင့် . . .

“ဘယ်က ကျုပ်လဲ . . .”

“လေတိုက်လို့ ထွားလာတဲ့ ကျုပ်ပေါ့ဗျာ”

“ဟိုက် . . . မိတ်ဆွေကြီး . . .”

ကျွန်ုပ်သည် လှိုက်ကနဲ ဝမ်းသာအားရဖြစ်သွားပြီး ထိုသူ၏လက်မောင်းကို ဆုပ်ကိုင်လိုက်၏။ ကျွန်ုပ်တို့နှစ်ဦး အပြန်အလှန် ပြောလိုက်သော စကားများမှာ ကျွန်ုပ်တို့သာလျှင် နားလည်သော စကားဝှက်ဖြစ်၏။

“အသံသိပ်မထွက်နဲ့ ကိုမျိုးမြတ်၊ ဂိုဏ်းချုပ်ကြီးက ဒီလူအုပ်ထဲက အတုအယောင်ဂိုဏ်းသားတွေကို သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်သုတ်သင်လိမ့်မယ်၊ သူ့မျက်လုံးတွေကို ညအမှောင်မှာ မြင်နိုင်အောင် ကျင့်ထားတာ၊ ပြီးတော့ သူ့မှာ အံ့ဩစရာကောင်းလောက်အောင် ဖျတ်လတ်မှုမျိုးရှိတယ်၊ စောစောက အမှောင်ထဲမှာ အမြဲတေဝင်လုတဲ့ကောင်တွေကို ထိုင်ခုံပေါ်ကနေ ဖျတ်ကနဲ လှမ်းခုန်ပြီး တိုက်ခိုက်တာ သူပဲဗျ၊ ဟိုမိန်းကလေးက သူလိုကိုယ်လိုပဲ၊ အမှောင်ထဲမှာ မြင်ရပုံမရဘူး”

ဟုပြောပြီး ကျွန်ုပ်လက်ကိုဆွဲ၍ ကျောက်စားပွဲဆီသို့ ပြေးလေ၏။ ကျွန်ုပ်လည်း အမှောင်ထဲ၌ မျက်စိကျင့်သားရလာပြီဖြစ်၍ ဝိုးတဝါး မြင်လာရပြီဖြစ်၏။ မိတ်ဆွေကြီးက အသင့်ကိုင်ထားသော ဝံပုလွေလက်သည်းဖြင့် ကျောက်စားပွဲအနီးတွင် ကျွန်ုပ်တို့အား ကျောပေးလျက်ရှိသော ဝံနက်မိန်းမပျိုလေး၏ လည်ပင်းအား ထောက်လိုက်ပြီး လေသံအုပ်အုပ်ဖြင့် . . .

“နည်းနည်းမှ မလှုပ်နဲ့ မိန်းကလေး၊ မင်း ကျုပ်နောက်





လိုက်ခဲ့ရမယ်”

ဟုပြောပြီး အနောက်မှ သိုင်းချုပ်ကာ ဂိုဏ်းချုပ်ကြီးထွက်လာခဲ့သော နံရံရှိတံခါးပေါက်အတွင်းသို့ လျင်မြန်စွာ ပြေးဝင်သွား၏။ ကျွန်ုပ်လည်း လှစ်ကနဲဆိုသလို မိတ်ဆွေကြီးနောက်သို့ ပြေးလိုက်ခဲ့ရ၏။

ကျွန်ုပ်သည် ထိုသို့ပြေးလွှားနေရင်းက မည်သည့်အချိန်မှာ ဂိုဏ်းချုပ်ဝံနက်ကြီးလိုက်လာပြီး နောက်မှနေ၍ ကျွန်ုပ်တို့လည်မျိုကို ဝံပုလွေလက်သည်းချွန်ဖြင့် ထိုးစိုက်လေမလဲဟု တွေးမိရင်း ကျောချမ်းမိသေး၏။ မိတ်ဆွေကြီးလက်ထဲ၌ ရုန်းကန်ရင်းပါလာသော မိန်းမပျို၏လက်ထဲတွင် အနီရောင်သေတ္တာလေးကို ကညင်ဆီမီးတိုင်ကြီးများအလင်းဖြင့် တွေ့လိုက်ရသဖြင့် ကျွန်ုပ်လွန်စွာဝမ်းသာသွား၏။

ကျွန်ုပ်တို့မှာ လူသူအရိပ်အယောင် မတွေ့ရသဖြင့် ဆက်၍လျှောက်လှမ်းကြရာ ကိုက် (၅၀) ခန့် လျှောက်မိသည်တွင် အပေါ်ဆောင်တက်သော လှေကားထစ်များကို တွေ့လိုက်ရ၏။ မိတ်ဆွေကြီးထင်အောင်ကျော်က မိန်းကလေးကို ပွေ့ဖက်ချုပ်နှောင်ထားလျက်က ၄င်းလှေကားထစ်များပေါ် တက်သွား၏။ မိန်းကလေးမှာ အပေါ်နားရောက်ခါနီးလေ အားစိုက်ရုန်းလေ ဖြစ်လာ၏။ ထိုသို့ရုန်းနေလျက်က . . .

“လွှတ် . . . ကျွန်မကို ခေါ်သွားရင် ရှင်တို့ကို သူသတ်လိမ့်မယ်၊ ဘာသဘောနဲ့ ကျွန်မကို အခုလို ခေါ်လာရတာလဲ”

ဒေါသကြောင့်လား၊ ကြောက်ရွံ့မှုကြောင့်လား မဆိုနိုင်ပေ၊ မိန်းကလေး၏အသံမှာ သိသာစွာ တုန်ခါနေလေ၏။ မိတ်ဆွေကြီး



www.burmeseclassi.com

www.burmeseclassi.com



က မည်သို့မှ တုန့်ပြန်မပြောဘဲ ဝံပုလွေလက်သည်းချွန်ဖြင့် ထော
မြေထောက်လျက် လှေကားထစ်အပေါ် ရောက်သည်အထိ ဆွဲ
လာ၏။ လှေကားထစ်များဆုံးသော် လှေကားပေါ်မှ တံခါးတစ်ခု
ဖုံးအုပ်ထားသည်ကို တွေ့ရ၏။

"ကိုမျိုးမြတ်ရေ . . . အပေါ်က တံခါးကို အင်အားသုံး
မရ,ရအောင် ဖွင့်ပေတော့၊ အချိန်သိပ်မရဘူး"

ကျွန်ုပ်လည်း လှေကားထစ်သုံးထစ်ခန့် ပြေးတက်သွား
သစ်သားတံခါးကို ကိုယ်လုံးဖြင့် အားကုန်ဆောင့်ကာ တိုက်ဖွင့်လို
၏။ သုံးလေးကြိမ်ခန့် ဆောင့်တိုက်လိုက်ရာ တံခါးမှာ ကွဲလာ
နောက်ဆုံးခပ်ပြင်းပြင်းတိုက်လိုက်သည်တွင် လုံးဝပွင့်သွားတော့၏
တံခါးပွင့်သွားသည်နှင့် မြေကြီးများမှာ ကျွန်ုပ်တို့ကိုယ်ပေါ်သို့ တဖွ
ဖွား ပြုတ်ကျလာ၏။

ကျွန်ုပ်တို့လည်း ပြုတ်ကျလာသည့် မြေခဲ၊ မြေမှုန့်မျာ
ကြားမှပင် အပေါ်သို့ တိုးထွက်လိုက်ကြရာ မြုံနွယ်များထူထပ်သည
လှိုဏ်ကြီးတစ်ခုဖြစ်ကြောင်း သိရှိရတော့၏။

* * * *



## အခန်း (၁၄)

ကျွန်ုပ်ရောက်ရှိသွားသော နေရာမှာ ရွှေဂုံတိုင်အရပ်နှင့် မလှမ်းမကမ်းရှိ လှိုဏ်ကြီးတစ်ခုအတွင်းဖြစ်၏။

ဦးဖိုးစိန့်လမ်းရှိ ကျွန်းအိမ်ကြီးမှာ အတော်ဝေးဝေးတွင် ကျန်ခဲ့လေ၏။ မိတ်ဆွေကြီးထင်အောင်ကျော်သည် ရှန်းကန်နေသော မိန်းကလေးကို မြေအောက်တံခါးဝမှ အပေါ်သို့ ဆွဲတင်လိုက်ပြီး အပေါ်ရောက်သည်နှင့် ဂုတ်ပိုးရှိ အကြောနေရာတစ်ခုကို ခပ်ဆတ်ဆတ်ကလေးထိုးလိုက်ရာ ဝံနက်ဂိုဏ်းသူလေးမှာ ခွေကနဲ လဲကျသွား၏။

"ကိုမျိုးမြတ်ရေ . . . ပတ်ဝန်းကျင်ကို တစ်ဆိတ်လောက် ကြည့်ထားပေးပါ၊ ကျွန်တော် သေတ္တာကိုဖွင့်ပြီး အမြုတေလုံးကို လေ့လာကြည့်လိုက်မယ်"

ဟု လှမ်းပြောလိုက်ရာ ကျွန်ုပ်က . . .



www.burmeseclassi.com

www.burmeseclassi.com



"ဒီသေတ္တာရော ကျောက်ခရာပါ ရပြီပဲ၊ ယူသွားကြတာပေါ့ဗျာ"

"ဒီလိုလည်း မဟုတ်သေးဘူးဗျ၊ ကျွန်တော်တို့ ဒီပစ္စည်းတွေ ယူသွားရင် ဒီမိန်းကလေးကို ဝံနက်ဂိုဏ်းသားတွေ သတ်ပစ်လိမ့်မယ်"

ထိုသို့ ပြောလိုက်သည့်အတွက် ကျွန်ုပ်လည်း နားမလည်နိုင်ဖြစ်သွား၏။

"သူတို့ဂိုဏ်းက မိန်းကလေးပဲဗျ၊ သတ်လည်း သတ်ပစေ၊"

"ဒါကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီသေတ္တာကိုရဖို့အတွက် ကျွန်တော်ဟာ ကျွန်တော့်ဆရာရဲ့ စည်းကမ်းနှစ်ခုကို တစ်ပြိုင်တည်းချိုးဖောက်မိတဲ့အတွက် ဒီမိန်းကလေး အသက်ဆုံးရှုံးရမှာကို မလိုလားဘူး"

"ဘယ်လိုစည်းကမ်းတွေလဲ . . . ဆိုပါဦး"

"မိန်းမတွေကို မတိုက်ခိုက်ဖို့ရယ်၊ ရန်သူကို အလစ်ချောင်းပြီး နောက်က မတိုက်ဖို့ရယ်ပါ"

ဟုရှင်းပြပြီးနောက် မိတ်ဆွေကြီးသည် ကျောက်ခရာလေးကို သေတ္တာနီလေးနားကပ်ပြီး သံတို၊ သံရှည်ခုနှစ်ချက်ကို ကျောက်စားပွဲ၌ ဝံနက်မိန်းမပျိုလေးမှတ်သည့် သံစဉ်အတိုင်း တစ်ထပ်တည်းမြည်စေရာ သေတ္တာကလေးမှာ ထပ်ခနဲမြည်ပြီး ပွင့်သွားတော့၏။

မိတ်ဆွေကြီးလည်း သေတ္တာအဖုံးကို အမြန်ဖွင့်ကာ အထဲမှ အမြုတေလုံးကိုထုတ်၍ စေ့စေ့စပ်စပ် ကြည့်လေ၏။

"အိမ်ကြီးထဲမှာ ဂိုဏ်းချုပ်ကြီးပြောသွားတဲ့ နံပါတ်သုံး





အချက်က ဘာတဲ့ . . ဟင်းလင်းပြင်ချင်း ပေါင်းစပ်ရမယ်ဆိုလားပဲ"

ကျွန်ုပ်လည်း သေချာစွာ မှတ်သားထားသည်ဖြစ်ရာ . . .

"ဟုတ်တယ် . . ကိုထင်ကျော်၊ ဒါပေမယ့် အဓိပ္ပါယ်ကိုတော့ နားမလည်ပါဘူး"

"ဟာ . . . ဟုတ်ပြီဗျို့၊ ဟင်းလင်းပြင်ချင်း ပေါင်းစပ်ရမယ်ဆိုတာ အမြုတေကို ခုဘယ်လိုပဲကြည့်ကြည့် ဟင်းလင်းပြင်ပဲရှိတယ်၊ ကြည့်တဲ့လူရဲ့စိတ်ကသာ ဘာများမြင်ရမလဲ၊ တွေ့ရမလဲဆိုတဲ့ စိတ်ဖြစ်နေတာဆိုတော့ ဟင်းလင်းပြင် မဖြစ်နိုင်တော့ဘူးပေါ့၊ ဒါကြောင့် ဟင်းလင်းပြင်ချင်း ပေါင်းစပ်ဖို့ဆိုတာ ကြည့်တဲ့လူရဲ့စိတ်က ဟာလာဟင်းလင်း၊ ဗလာဖြစ်နေရမယ်လို့ ဆိုလိုတာဖြစ်ရမယ်၊ ကဲ . . . ကျွန်တော် အခုပဲ စမ်းသပ်ကြည့်လိုက်မယ်"

ထိုသို့ပြောပြီး မိတ်ဆွေကြီးသည် တင်ပလ္လင်ခွေထိုင်လိုက်ပြီး အမြုတေလုံးကို လက်ပေါ်တင်ကာ အေးဆေးစွာ ထိုင်ကြည့်နေ၏။ သူ၏အသွင်သဏ္ဌာန်က အခုချိန်တွင် သူ၏နောက်ကျောကို ဝံနက်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် သေနတ်နှင့် ချိန်ရွယ်ထားလျှင်သော်မှ ပူပန်မည့်ဟန်မျိုး မတွေ့ရပေ။

ထိုအချိန်တွင် ကောင်းကင်ပေါ်ရှိလမှာ တဖြည်းဖြည်း မြင့်တက်လာပြီး အမြုတေလုံးတည့်တည့်ပေါ်သို့ ရောက်ရှိလာပြီဖြစ်၏။

အခန်းထဲတွင် ရှိစဉ်က နက်မှောင်နေသော အမြုတေလုံးမှာ လရောင်ကြောင့် အလင်းဝင်ကာ ကြည်လင်လျက်ရှိ၏။ ထိုစဉ်မိတ်ဆွေကြီး၏ခန္ဓာကိုယ်က ဆတ်ခနဲ ဖြစ်သွားပြီး မျက်ခုံးနှစ်ခုဆက်လုမတတ် မျက်မှောင်ကုပ်ကာ အမြုတေလုံးကို စိုက်ကြည့်နေလေ၏။



www.burmeseclassi.com

www.burmeseclassi.com



ဘေးမှရပ်ကြည့်နေသော ကျွန်ုပ်အဲဖို့တော့ အမြူတေလုံးကို ကြည့်ရသည်မှာ အတန်ငယ် ကြည်လင်လာသည်မှအပ ဘာထူးခြားမှုမှ မတွေ့ရပေ။

မိတ်ဆွေကြီးသည် အမြူတေလုံးကိုကြည့်ရင်းမှ မျက်နှာမှာလည်း ပြေလျော့လာသလို ခန္ဓာကိုယ်ကလည်း ကျောက်ရုပ်သဖွယ် ငြိမ်သက်လာ၏။

မိတ်ဆွေကြီးကို ကြည့်ရသည်မှာ အသက်မှရှိပါလေစဟု ထင်မိကာ အနည်းငယ် စိုးထိတ်လို့သွား၏။

တစ်မိနစ်ပြီး တစ်မိနစ်အချိန်ကား ကျွန်ုပ်အဖို့ ကမ္ဘာတည်လောက်အောင် ကြာရှည်လှပေ၏။ မြေပေါ်၌လဲနေသော ဝံနက်မလေး သတိရလာမှာကိုလည်း စိုးရိမ်ရသလို ဂိုဏ်းချုပ်ကြီးနှင့် ဝံနက်ဂိုဏ်းသားများ လိုက်လာလေမလားဟုလည်း တွေးပူရပြန်၏။

"ဟာင် . . ."

ထိုအခိုက် မိတ်ဆွေကြီးထံမှ သက်ပြင်းချသံကို ကြားလိုက်ရ၏။ ၎င်းမှာ အလွန်ပင်ပန်းနွမ်းနယ်နေပုံရကာ လွန်စွာဝေးလံသောအရပ်မှ ခရီးပြင်းနှင်လာရသူနှယ် ရှိလေ၏။

မိတ်ဆွေကြီးသည် အမြူတေလုံးကို သေတ္တာထဲ ပြန်ထည့်လိုက်ပြီး အဖုံးကိုစွပ်လိုက်ရာ ထပ်ခနဲ ပြန်မြည်သွားပြီး သေတ္တာမှာ ပြန်ပိတ်သွားလေ၏။ ထို့နောက် ဝံနက်မိန်းမပျိုလေး၏ ကျောက်ဖြူသားတိုင်လေးလို လှပသော လည်တိုင်လေးနှင့် မေးစေ့ထောင့်ကြားနေရာကို အသာနှိပ်နယ်ပေးလိုက်ရာ သူမလည်း တအင်းအင်း ညည်းညူလျက် သတိရလာတော့၏။

ဝံနက်မလေးက သတိရလျှင်ရချင်း မိတ်ဆွေကြီး၏လက်ပေါ်မှ ခုန်ထကာ . . .

"ရှင် . . . ရှင် . . . ဘယ်သူလဲ"

"ကျုပ်က မိန်းကလေးကို ဒီနေရာဖမ်းခေါ်လာတဲ့ သူပါပဲ"

ဟု မိတ်ဆွေကြီးက ခပ်အေးအေးပင် အဖြေပေးလိုက်၏။ ဝံနက်မလေးမှာ ရုတ်တရက် ဒေါသထွက်လျက် သူမ၏လက်ကို ဝှေ့ရမ်းလိုက်၏။ သူမလက်ထဲတွင် ဝံပုလွေလက်သည်းတစ်ခုပါလာပြီး မိတ်ဆွေကြီးကို တစ်ရှိန်ထိုး တိုက်ခိုက်လေ၏။

မိတ်ဆွေကြီးမှာ ရှောင်သည်ဆိုရုံကလေး ခပ်သာသာ ရှောင်ရှောင်နေလေရာ ဝံနက်မလေး၏ တိုက်ခိုက်မှုများမှာ အချည်းနှီးဖြစ်သွား၏။

"သိပ်လည်း ဒေါသထွက်မနေပါနဲ့၊ ဟောဟိုမှာ မင်းအသက်ထက် ထပ်တူထပ်မျှ အရေးကြီးတဲ့ သေတ္တာနီလေး၊ ရော့ . . . ဒီမှာ ကျောက်ခရာ၊ ယူပြီး အမြန်ပြန်တော့၊ ဒီသေတ္တာသာ အခြားလူလက်ပါသွားရင် ဂိုဏ်းချုပ်ကြီးရဲ့ အပြစ်ပေးပုံပေးနည်းတွေကို မင်းအသိဆုံးနေမှာပါ"

မိတ်ဆွေကြီးစကားကြောင့် ဝံနက်မလေး၏ မျက်လုံးများမှာ ကြောက်လန့်သည့် အရိပ်အယောင်များ ထင်ဟပ်လာလေ၏။ ပွမ်အား သေတ္တာပြန်ပေးနေသော မိတ်ဆွေကြီးကိုလည်း သေချာမှာ အကဲခတ်လေ၏။

"ယူပါ . . . ဒီသေတ္တာပြန်ယူသွားပါ၊ ခင်ဗျားကို မိန်းကလေးလို့ မှန်မယ့် နောက်ကျောကနေ ဝင်တိုက်ခဲ့ရတာက ဒီအမြူတေဟာ ကျွန်တော့်တို့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေလို့ပါ၊ ဒီသေတ္တာလေးကိုတော့ ခင်ဗျားအသက်အတွက် ပြန်ပေးတာပါ"







www.burmeseclassi.com

www.burmeseclassi.com



မိတ်ဆွေကြီးက လေသံကို ပြင်ပြင်သာသာထား၍ ပြောလိုက်၏။

"ရှင် အမြုတေလုံးကို ထုတ်ကြည့်ပြီးပြီ . . . ဟုတ်လား"

သူမ၏အမေးကို မိတ်ဆွေကြီးက ဘာမှပြန်လည်ဖြေကြားခြင်း မရှိပေ။ ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပင် ဖြစ်တော့၏၊ ဝံနက်မိန်းမပျိုလေးမှာ ဒေါသမပြေသေးသော်လည်း သူမသည် မြေပြင်ပေါ်မှ သေတ္တာနီလေးကိုတော့ ကောက်ယူလိုက်၏။ ပြီးမှ

"အမြုတေရဲ့ လျှို့ဝှက်ချက်ကိုရော တွေ့လိုက်ရဲ့လား"

မိတ်ဆွေကြီးက ဘာမှပြန်မပြောဘဲ မိန်းကလေးကို ကြည်လင်သော မျက်နှာထားဖြင့် စိုက်ကြည့်နေရာ၊ ဝံနက်မလေးမှာ မိတ်ဆွေကြီးဆီသို့ လျှောက်လာပြီး ၎င်း၏လက်ထဲမှ ကျောက်ခရာကို ယူလိုက်လေ၏။ ပြီးနောက် လှည့်ထွက်သွားဟန်ပြင်ပြီး ရုတ်တရက် ဆတ်ခနဲလှည့်ကာ သံမဏိချွန်ဖြင့် မိတ်ဆွေကြီး၏ရင်ဝကို ထိုးစိုက်လိုက်၏။

လှုပ်ရှားမှုက လျှပ်ပြက်သလို မြန်ဆန်လှ၏။ ကျွန်ုပ်မှာ မိတ်ဆွေကြီးအတွက် လွန်စွာထိတ်လန့်စိုးရိမ်သွားမိကာ နှုတ်မှ . . .

"သတိထား . . ." ဟု အော်လိုက်မိ၏။

မိတ်ဆွေကြီးက ဘေးသို့ အနည်းငယ်မျှ တိမ်းပေးလိုက်ရာ ဘယ်ဘက်လက်မောင်းပေါ်သို့ သံမဏိချွန်က ဒုတ်ခနဲ စိုက်ဝင်သွားလေ၏။ ဝံနက်မလေးမှာ သူမ၏တိုက်ခိုက်မှုက ချက်ကောင်းကိုမထိဘဲ လွဲချော်သွားသည်နှင့်တစ်ပြိုင်နက် နောက်သို့ခုန်ကာ ဆုတ်လိုက်၏။

"ခင်ဗျားကို ဖမ်းခေါ်လာတဲ့အတွက် မကျေမနပ်ဖြစ်ပြီ၊ သေတ္တာပြန်ပေးတာတောင် မသွားနိုင်သေးဘူးပေါ့လေ၊ ကျွန်တော်





ကို တစ်ခုခုလက်တုန့်ပြန်ရမှ ခင်ဗျားကျေနပ်မယ်ဆိုတာ သိပါတယ်၊ ကဲ . . . ခုပြန်လိုက်တော့၊ ဒီညလွှန်မှ ပြန်သွားရင် ခင်ဗျားတို့ဂိုဏ်းက အယုံအကြည်ရှိမှာ မဟုတ်တော့ဘူး၊ ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်"

ဟု မိတ်ဆွေကြီးကပြောပြီး လက်မောင်းတွင် စိုက်ဝင်နေသည့် သံမဏိလက်သည်းချွန်ကို ဆွဲနှုတ်လိုက်ရာ သွေးများဖြာခနဲ စီးကျလာ၏။

မိတ်ဆွေကြီး၏လက်မောင်းမှ သွေးများကိုကြည့်ရင်း ဝံနက်မိန်းကလေး၏ မျက်ဝန်းများမှာ မှုန်မှိုင်းသွားပြီး မိတ်ဆွေကြီးထံမှ အကြည့်ကို ရွှေ့လျားမရအောင် ဖြစ်နေ၏။

လရောင်အောက်တွင် မားမားမတ်မတ်ရပ်လျက် သူမအသက်အတွက် စိုးရိမ်ပေးနေသူမှာ ယောကျ်ားပီသသော ရုပ်ရည်နှင့် တည်ကြည်ခန့်ညားသူတစ်ဦးဖြစ်မှန်း ထိုအခါမှ သူမသတိထားမိသွားပုံရ၏။

ထိုလူကိုကြည့်၍ သွေးရေးရှင်ရေးကြားထဲတွင် မိန်းမတစ်ယောက်ကို နောက်ကျောမှ အလစ်ဝင်ဖမ်းခဲ့သည့်အတွက် လက်မောင်းကို သံမဏိချွန်ဖြင့် အထိုးခံခဲ့သူ . . .။ မိန်းမပျိုလေး၏ မျက်ဝန်းထဲတွင် ခံစားချက်အမျိုးမျိုး ဖြစ်ပေါ်လာကာ သူမ၏မျက်နှာပေါ်မှ ဇာပုဝါအနက်ကို ဆွဲဖြုတ်လိုက်၏။

အနက်ရောင်ကိုယ်ကျပ်ဝတ်စုံနှင့် ဘောင်းဘီရှည်ဝတ်ထားပြီး လွန်စွာလှပကျော့ရှင်းသော ခန္ဓာကိုယ်ပိုင်ရှင်၏ မျက်နှာလေးမှာ ဝံနက်ဂိုဏ်းသူဟု ကျိန်တွယ်ပြောလျှင်ပင် ယုံနိုင်မည်မထင်ပေ။ ဖင်ယော်တောင်မျက်ခုံးလေးမှာ နက်မှောင်ထူထဲပြီး နှာတံပေါ်ပေါ်၊



www.burmeseclassi.com

www.burmeseclassi.com



နှုတ်ခမ်းထူထူလုံးလုံးကလေးနှင့် လရောင်အောက်ဝယ် လှချင်တိုင်း လှနေပေ၏။

ကျွန်ုပ်မှာ မိန်းကလေး၏အလှတွင် နစ်မျောသွားသော်လည်း မိတ်ဆွေကြီးကတော့ တစ်ချက်ကြည့်ရုံသာ ကြည့်လိုက်ပြီး-

"ကဲ . . . ကဲ . . . သွားတော့၊ ခင်ဗျားမျက်နှာကို တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်၊ ခင်ဗျားနဲ့ ကျွန်တော်တို့ဟာ ရန်သူတွေ မဟုတ်ပါဘူး၊ ကိုယ့်အလုပ်ကိုယ် လုပ်နေကြတဲ့ လူတွေပါပဲ"

ဟုပြောလိုက်ပြီး ထပ်၍တိုက်တွန်းလိုက်ပြန်၏။ ဝံနက်မလေးက မိတ်ဆွေကြီးထံ ပြန်လျှောက်လာကာ ရွှန်းစိုသော မျက်ဝန်းကြီးများဖြင့် စိုက်ကြည့်လျက် သူမလက်ထဲမှ ဇာပုဝါဖြင့် မိတ်ဆွေကြီးလက်မှဒဏ်ရာကို သေချာစည်းနှောင်လိုက်ပြီး တိုးသဲ့ညင်သာသော အသံလေးဖြင့် . . .

"ကျွန်မသေသွားတော့ရော ဘာဖြစ်မှာမို့လဲ ရှင်ရယ်"

ဟုမေးလေရာ မိတ်ဆွေကြီးက ခေါင်းရမ်းလိုက်ပြီး . . .

"လူဆိုတာ တစ်နေ့တော့ သေကြမှာပါပဲ၊ ဒါပေမယ့် အချည်းနှီးသေတဲ့ သေခြင်းမျိုးနဲ့တော့ ကျွန်တော်ဘယ်သူ့ကိုမှ မသေစေချင်ဘူး"

ဟု ပြောလိုက်လေ၏။ ဝံနက်မိန်းကလေးမှာ မိတ်ဆွေကြီး၏စကားကို လေးနက်စွာ သဘောထားပြီး ခေါင်းငြိမ့်လိုက်၏။

"ကျွန်မနာမည် မြကြာဖြူပါ"

ဟု သူမ၏နာမည်ကို ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ အမှောင်ထဲသို့ ပြေးထွက်ပျောက်ကွယ်သွားတော့၏။

ကျွန်ုပ်နှင့် မိတ်ဆွေကြီးလည်း လှိုဏ်ကြီးထဲ နက်သထက်





နက်သည့်အထိဆင်းကာ မိုးလင်းသည့်တိုင်အောင် ပုန်းအောင်းနေလိုက်ကြ၏။

မတ်ကို မုံး [illegible] ငံးကတော့မှ လှိုဏ်ထဲမှ ဟန်မပျက်ထွက်ကာ ရွှေဂုံတိုင်ကုန်းပေါ်တက်ခဲ့ပြီး မြင်းလှည်းတစ်စီးဖြင့် ချင်းချောင်းလမ်းသို့ ပြန်လာခဲ့ကြ၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

# အခန်း (၁၅)

ကျွန်ုပ်အပါအဝင် သိဒ္ဓိနှင့် စံပယ်မြိုင်တို့ သိလိုသည့်ကိစ္စမှာ မိတ်ဆွေကြီးထင်အောင်ကျော်ထံမှ အမြုတေလုံးကို ကြည့်ရှုစဉ် မည်သို့ထူးခြားမှုများ တွေ့ရသနည်းဟူသည့် မေးခွန်းဖြစ်၏။ ကျွန်ုပ်တို့ မမေးမီမှာပင် လွန်စွာအကင်းပါးသော မိတ်ဆွေကြီးက . . .

"ကျုပ် အမြုတေကြည့်ခဲ့တဲ့အကြောင်း ပြောပြမယ်၊ ဒီလိုဗျ . . . ကျုပ်တစ်သက်မှာ အမြုတေလုံး အတော်များများကို ကြည့်ခဲ့ဖူးပါတယ်၊ အနောက်တိုင်းဗေဒင်ဆရာတွေရဲ့ အနာဂတ်ကြည့်တဲ့ ဖန်လုံးပေါ့ဗျာ၊ နည်းကတော့ အမျိုးမျိုးပေါ့၊ ဒါနဲ့ ကျုပ်လည်း သုံးလေးနည်းနဲ့ စမ်းပြီးကြည့်တယ်၊ ဘာမှမထူးခြားဘူး၊ တကယ်တော့ အချိန်ကလည်း မရှိဘူးလေ၊ ဒါနဲ့ ဂိုဏ်းချုပ်ကြီးပြောတဲ့ ဟင်းလင်းပြင်ချင်း ဆက်စပ်ရမယ်ဆိုတဲ့ စကားကိုသတိရပြီး စိတ်ကို တတ်နိုင်သမျှလျော့ချပြီး ဗလာစိတ်ဖြစ်အောင် နေလိုက်တယ်။





အမြုတေကို ကြည့်နေတဲ့စိတ်ပါ ပျောက်ရတာဆိုတော့ မလွယ်ဘူး၊ ဒါပေမယ့် တီဗက်မှာ သင်ခဲ့ဖူးတဲ့ ကျင့်စဉ်အတိုင်း စိတ်ကို မိုးကောင်းကင်ကြီးနဲ့အမျှ ထပ်တူထားလိုက်တယ်၊ ဖြစ်ပျက်နေသမျှတွေဟာ မိုးကောင်းကင်ကြီးအောက်က တိမ်တွေ၊ လေပြေလေညှင်းတွေ၊ မုန်တိုင်းတွေပေ့ါဗျာ၊ ဒါတွေဟာ မိုးကောင်းကင်ကြီးနဲ့ မဆိုင်ဘူး၊ သူ့ဟာသူ ဖြစ်ပျက်နေတာတွေလို့ သဘောထားလိုက်တယ်၊ အဲဒီမှာတင် ဝံနက်ဂိုဏ်းသားတွေ လိုက်လာလည်း ငါ့ကိစ္စမဟုတ်ဘူး၊ နောက်ဆုံး အမြုတေထဲမှာ မြေပုံကို တွေ့ရခြင်း၊ မတွေ့ရခြင်းကလည်း ငါ့ကိစ္စမဟုတ်ဘူးရယ်လို့ သဘောထားလိုက်တဲ့အခါ ကျုပ်စိတ်ဟာ ပေ့ါပါးလာတယ်။

ဟင်းလင်းပြင်ထဲ လွင့်မျောနေရသလို ခံစားလာရတဲ့အခါ အမြုတေလုံးထဲမှာလည်း ဟင်းလင်းပြင်တစ်ခုတွေ့ရတယ်၊ ပြီးတော့ သတိလစ်သလိုလို၊ မေ့မျောသွားသလိုလို ဖြစ်သွားတယ်၊ အဲဒီလိုဖြစ်သွားတဲ့အချိန်မှာ ကျုပ်ဟာ ပြောမပြတတ်လောက်အောင် လျှင်မြန်မှုမျိုးနဲ့ ရွေ့လျားပြီး 'လောကပါလအမြုတေရတနာသိုက်' ရှိတဲ့ ဂူပေါက်ဝအထိ ရောက်သွားခဲ့တယ်၊ အဲဒီဂူကို သွားရမယ့်လမ်းလည်း အမြင်အာရုံမှာရော၊ စိတ်ထဲမှာပါ သေသေချာချာ သိသွားခဲ့တယ်"

မိတ်ဆွေကြီးက စကားကို ခေတ္တရပ်ထားလိုက်စဉ်မှာပဲ ကျွန်ုပ်က . . .

"ဟုတ်တယ်ဗျ . . . ကျုပ်ဘေးကကြည့်နေတုန်း ခင်ဗျားကို ကြည့်ရတာ သတိလစ်သွားသလိုပဲ၊ အသက်တောင် မရှူတော့သလိုပဲဗျ၊ အရုပ်တစ်ရုပ်လို ဖြစ်သွားတယ်"

ဟု ဝင်ထောက်ပေးသလို ပြောလိုက်၏။ ထို့နောက် မိတ်



www.burmeseclassi.com

www.burmeseclassi.com



ဆွေကြီးက . . .

"ဟုတ်ပါတယ် . . . ကျွန်တော်က အဲဒီတဒင်္ဂမှာ အမြုတေလုံးကနေတစ်ဆင့် ပုရပိုက်ရှိရာ ဂူပေါက်ဝဆီ ရောက်သွားနေတဲ့ အချိန်ဖြစ်မှာပေါ့"

"အဲဒီဂူက ဘယ်ဒေသမှာ ရှိတယ်ဆိုတာလည်း ပြောပါဦး . . . ဒေါက်တာ"

ဟု သိဒ္ဓိက မေးလိုက်ရာ မိတ်ဆွေကြီးက . . .

"အကြမ်းဖျင်းပြောရရင်တော့ ဗြဟ္မပုတ္တရမြစ်ကစပြီး မြစ်ဖျားခံစီးဆင်းရာ ဟိမဝန္တာတောင်တန်းကြီးရဲ့ အခြေနားမှာဗျ၊ အဲဒီမှာ ဖိုခနောက်ဆိုင် တောင်သုံးလုံးရှိတယ်"

"ဟိုး . . . ဟိုး . . . ရပ်ထားလိုက်ပါတော့၊ ဘာဖြစ်လို့လဲဆိုတော့ ခုအချိန်မှာ ဝံနက်တွေဟာ လိပ်ပြာလွင့်ပြီး ကျွန်တော်တို့နားတစ်ဝိုက်မှာ ရှိနေနိုင်တယ်၊ နောက်ပြီး သိတဲ့သူဟာ ဝံနက်ဂိုဏ်းရဲ့ ပစ်မှတ်ဖြစ်သွားနိုင်တယ်၊ ဒီတော့ ဒေါက်တာတစ်ယောက်ပဲ သိထားရင် လုံလောက်ပါပြီ"

ဟု သိဒ္ဓိက ကမန်းကတန်းပြောလိုက်ရာ ကျွန်ုပ်နှင့် စံပယ်မြိုင်လည်း ဟုတ်မှန်ကြောင်း ထောက်ခံလိုက်ကြ၏။ မိတ်ဆွေကြီးက ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး . . .

"ကျုပ်သဘောကလည်း ဒီအတိုင်းပါပဲ၊ အမြုတေရဲ့ အကြောင်း သိသွားပြီဆိုတာကို မကြာဖြူဆိုတဲ့ ဝံနက်ဂိုဏ်းက မိန်းကလေးသိသွားလေတော့ သူတို့ဂိုဏ်းခေါင်းဆောင်သိဖို့က မခဲယဉ်းတော့ဘူး၊ ဒီတော့ ဝံနက်တွေဟာ ကျုပ်ကို ပစ်မှတ်ထားပြီး စောင့်ကြည့်ကြမှာပဲ၊ ကျွန်တော့်ဆန္ဒကတော့ သူတို့တွေဘက်က ဘာမှ





မပြင်ဆင်ရသေးခင် ဒီကအမြန်ဆုံး ထွက်ခွာသွားကြဖို့ပါပဲ"

ထိုအခါ ကျွန်ုပ်က . . .

"ထွက်သွားတာကတော့ ဟုတ်ပါပြီ၊ ဘယ်ကိုသွားမှာလဲ"

ဟုမေးလိုက်ရာ မိတ်ဆွေကြီးက လေးနက်သော မျက်နှာဖြင့် . . .

"လောကပါလအမြုတေရှိတဲ့ ဂူကိုပေါ့ဗျာ"

ဟုပြောလိုက်ရာ သိဒ္ဓိနှင့် စံပယ်မြိုင်တို့ကလည်း တက်ကြွစွာဖြင့် . . .

"ကောင်းတယ် . . . ကောင်းတယ်၊ ကျွန်တော်တို့တွေ အားလုံးသွားကြတာပေါ့၊ ဝံနက်တွေနဲ့ ရင်ဆိုင်စရာရှိလည်း အမြန်ဆုံး ရင်ဆိုင်တိုက်ခိုက်ကြတာပေါ့"

ဟုပြောလိုက်ကြရာ ကျွန်ုပ်တို့လည်း အချိန်ဖင့်နွဲ့မနေဘဲ ချက်ချင်းပင် ခရီးထွက်ရန် ပြင်ဆင်ကြတော့၏။

မိတ်ဆွေကြီးနှင့် သိဒ္ဓိတို့က သွားရမည့်လမ်းကြောင်းကို အကြမ်းဖျင်းရေးဆွဲကြလေ၏။

ကျွန်ုပ်တို့၏ခရီးစဉ်မှာ တရုတ်ပြည်ကူမင်းသို့ ဦးစွာသွားရောက်မည်ဖြစ်ရာ ထိုဒေသအထိလိုအပ်မည့် ရိက္ခာများ၊ ဆေးဝါး၊ အဝတ်အထည်များအပြင် အခြားလိုအပ်သည့် အသေးစိတ်ပစ္စည်းပစ္စယများပါ နေ့ချင်းဝယ်ယူပြီးစီးသွား၏။

ထိုနေ့ညက ကျွန်ုပ်တို့သည် ခရီးစဉ်အတွက် ဂုဏ်ပြုသည့်အနေဖြင့် ညစာကို အကောင်းဆုံးချက်ပြုတ်စားသောက်ကြရန် စီစဉ်လေ၏။ ညစာမစားမီ မိတ်ဆွေကြီးနှင့် ကျွန်ုပ်မှာ ဘရန်ဒီကို အတော်လေး သောက်လိုက်ကြသေး၏။



www.burmeseclassi.com

www.burmeseclassi.com



သိဒ္ဓိမှာမူ မသောက်ဘဲ ရှောင်ထားသဖြင့် စံပယ်မြိုင်နှင့် စကားစမြည်ပြောဆိုနေလေ၏။ ကျွန်ုပ်သည် စံပယ်မြိုင်နှင့် သိဒ္ဓိတို့ တစ်စထက်တစ်စ ပိုမိုရင်းနှီးလာတာကို သတိထားအကဲခတ်နေမိ၏။

ဘရန်ဒီအတော်ဝင်လာသောအခါ မိတ်ဆွေကြီးက သက္ကလပ်အိတ်ထဲမှ မြကြာဖြူ၏ ဇာပုဝါနက်ကလေးကို ထုတ်ယူကာ အသာကိုင်ကြည့်နေသည်ကို တွေ့လိုက်ရ၍ ကျွန်ုပ်မှာ တစ်ဖက်သို့ မသိလိုက်ဟာသာ လှည့်နေလိုက်ရပြီး သက်ပြင်းလည်း ချမိလေ၏။

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့လေးယောက်သည် အိမ်မှအုပ်စုနှစ်စုခွဲကာ ထွက်ခဲ့ကြ၏။ ရန်ကုန်-မန္တလေး အဆန် ရထားလက်မှတ်ကိုလည်း တွဲခွဲ၍ ဝယ်ထား၏။

ကျွန်ုပ်နှင့် မိတ်ဆွေကြီးက တစ်ဖွဲ့၊ သိဒ္ဓိနှင့် စံပယ်မြိုင်တို့က တစ်ဖွဲ့ခွဲခဲ့ခြင်း ဖြစ်၏။ ကျွန်ုပ်နှင့် မိတ်ဆွေကြီးက ချင်းချောင်းလမ်းတစ်ဖက်ထိပ်မှထွက်၍ မြင်းလှည်းငှားကာ ထွက်ခဲ့ကြပြီး သိဒ္ဓိနှင့် စံပယ်မြိုင်က ဟိုနားဒီနား ခဏသွားဟန်ဖြင့် လိပ်ခုံးကားလေးနှင့် ထွက်ခဲ့ကြခြင်းဖြစ်သည်။

အိမ်မျက်စောင်းထိုးလောက်တွင် မသင်္ကာဖွယ် ကားတစ်စီး တွေ့ရသော်လည်း ထိုကားမှာ စက်နိုးပြီး မည်သည့်ဘက်သို့ လိုက်ရမှန်းမသိဖြစ်ကာ ကျန်ခဲ့သဖြင့် ကျွန်ုပ်တို့မှာ အကြံအောင်သည်ဟုပင် ဆိုရမည်ဖြစ်၏။

ကျွန်ုပ်တို့မှာ ရန်ကုန်မှ မန္တလေးသို့ အခက်အခဲမရှိ ချောချောမောမော ရောက်ခဲ့ကြ၏။ မန္တလေးရှိ မြို့စောင့်တပ်မှ အင်္ဂလိပ်အရာရှိတစ်ဦးမှာ ကျွန်ုပ်နှင့် ရင်းနှီးသူဖြစ်၏။ ၄င်းအရာရှိ၏ အကူအညီဖြင့် စစ်တပ်မှကားတစ်စီးဖြင့် တရုတ်ပြည်နယ်စပ်အထိ





ရောက်ခဲ့ကြ၏။

ကျွန်ုပ်တို့လူစုသည် နယ်စပ်ရှိ ဆိုင်ပန်ရွာကလေးတွင် တည်းချကြလေ၏။ အချိန်မှာ ညနေစောင်းမှောင်ရီဖြိုးဖြချိန်ဖြစ်၏။ မော်တော်ကားမှာ 'ဆိုင်ပန်' မရောက်မီ မိုင်ငါးဆယ်ခန့်အထိသာ လိုက်ပို့နိုင်ခဲ့သည်ဖြစ်ရာ ကျွန်ုပ်တို့မှာ မြင်းများဝယ်ယူကာ အထုပ်အပိုး၊ ဝန်စည်စလယ်များဖြင့် ခရီးဆက်ခဲ့ကြခြင်း ဖြစ်၏။

ကျွန်ုပ်တို့သည် 'ဆိုင်ပန်' ရွာရှိ ရွာလူကြီးအိမ်ရှေ့သို့ မေးမြန်းပြီး ရောက်ခဲ့ကြ၏။ ကျွန်ုပ်တို့အားလုံး မြင်းပေါ်မှဆင်းလိုက်ကြချိန်တွင် ရှမ်းဘောင်းဘီနှင့် ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသော အသက်ငါးဆယ်ခန့်ရှိ နှုတ်ခမ်းမွှေးကားကားနှင့် လူကြီးတစ်ယောက်သည် ခြေတံရှည်အိမ်လေးပေါ်မှ ဆင်းလာလေ၏။ ထိုလူကြီးက အလွန်ဝဲသော မြန်မာစကားဖြင့် . . .

"မောင်ရင်တို့က ဘယ်ကလာခဲ့ကြတာတုန်း"

ဟု မေးလိုက်၏။

"ကျွန်တော်တို့ ပြည်မကလာတာပါ၊ တရုတ်ပြည်ကူမင်းအထိ သွားမှာပါ၊ ကုန်ရောင်းကုန်ဝယ်ကိစ္စနဲ့ပါ"

ဟု မိတ်ဆွေကြီးထင်အောင်ကျော်ကဖြေပြီး ရိက္ခာထုပ်ထဲမှ နို့ဆီဗူးများ၊ သကြားထုပ်များကို ရွာလူကြီးအား လက်ဆောင်အဖြစ်ပေးလေ၏။

ရွာလူကြီးမှာ ကျွန်ုပ်တို့၏လက်ဆောင်ကို လက်ခံပြီး ၄င်းအိမ်၌ပင် တည်းခိုရန် နေရာချထားပေး၏။ ကျွန်ုပ်တို့ကို အထူးအဆန်းသဖွယ် လာရောက်ဝိုင်းအုံကြည့်နေသော ရွာသူ၊ ရွာသားများ၊ ကလေးများကို ဧည့်သည်များအား အနှောင့်အယှက်မပေးရန်



www.burmeseclassi.com

www.burmeseclassi.com



ပြောပြီး ပြန်လွှတ်လိုက်လေ၏။

ကျွန်ုပ်တို့ ယောက်ျားသားသုံးယောက်ကား ဤခရီးမျှဖြ ဘာမှမပင်ပန်းသော်လည်း စံပယ်မြိုင်မှာ အတော်လေး ပင်ပန်းေ ပြီဖြစ်၏။ ထိုနေ့ညစာကိုတော့ ကျွန်ုပ်နှင့် မိတ်ဆွေကြီးကပင် ဦ ဆောင်၍ ရိက္ခာခြောက်များဖြင့် စီစဉ်ချက်ပြုတ်လိုက်ကြ၏။ ပြ သော် ရွာလူကြီးလင်မယားကိုပါ ကျွန်ုပ်တို့နှင့်အတူ ညစာကို တစ်ပ တည်းဝင်စားစေ၏။

'ဆိုင်ပန်' ရွာ၏ညကား အအေးဓါတ်လွန်ကဲလှပေ၏ ကျွန်ုပ်တို့မှာ အသင့်ပါလာသော အနွေးထည်များ ထုတ်ဝတ်ကြ ၏။ ရွာလူကြီးက ရွာသားတစ်ယောက်ကိုခေါ်ယူပြီး မြင်းများကိ အစာရေစာကျွေးစေကာ အိမ်နောက်ဘက်ရှိ မြင်းဇောင်းတွ ကောင်းစွာထားရှိစေ၏။

ကျွန်ုပ်တို့လေးယောက်သည် ကညင်ဆီမီးခွက်ကို အလယ်၌ ချထားလျက် ဝိုင်းထိုင်ကြပြီး ရှေ့ခရီးစဉ်အတွက် ဆွေးနွေးတိုင်ပ ကြ၏။ စံပယ်မြိုင်မှာတော့ အိပ်ငိုက်နေပြီဖြစ်ရာ သိဒ္ဓိက . . .

"မြိုင် အိပ်ချင်နေပြီ၊ သွားအိပ်တော့လေ"

ဟု ပြောလိုက်သဖြင့် စံပယ်မြိုင်က ရှက်ပြုံးကလေးပြုံးပြီး

"ဟုတ်ကဲ့ အစ်ကို၊ မြိုင်တော့ ခရီးပန်းလာလို့လား မသိဘူ အရမ်းအိပ်ချင်နေပြီ၊ ဒေါက်တာနဲ့ ကိုမျိုးမြတ်တို့ မြိုင့်ကို ခွင့်ပြုပ ဦးနော်"

ဟု နှုတ်ဆက်ကာ အိပ်ယာဝင်သွားတော့၏။

ထိုညက ကျွန်ုပ်သည် ညဥ့်အတော်နက်သည့်တိုင်အော အိပ်မပျော်ရှိနေရာမှ အိပ်ပျော်သည့်အခါမှာလည်း အိပ်မက်ဆိုးမျ





ား သဲသောင်ပြင်

မြင်မက်လေ၏။ ဲ်ရာ မီးပုံအမြန်

အိပ်မက်ထဲမှာ ကြီးမားလှသော ဝံပုလွေကြီးမှာ ချက်၏။ ၏ခန္ဓာကိုယ်အား တစ်စစီကိုက်ဖြတ်ခြင်းကို ခံရသည်ဟူ၍ ကြာင်ကို နံနက်မိုးသောက်သော် ဇောချွေးများဖြင့် ရွဲနစ်လျက် အိပ်ယာ နိုးလာခဲ့တော့၏။

ရွာလူကြီးသည် ကျွန်ုပ်တို့ခရီးစဉ်အတွက် တောမုဆိုးကြီး တစ်ဦးကို လမ်းပြအဖြစ် လိုက်ပါစေခဲ့၏။

မုဆိုးကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီဖြစ်သော်လည်း တစ် သက်လုံး တောတောင်ထဲတွင် ကျင်လည်ခဲ့သည့်အားလျော်စွာ ကျွန်ုပ် ၏နှစ်ဆခန့် သန်မာတောင့်တင်းလေ၏။

ရှမ်းဘောင်းဘီကို တိုတိုဝတ်လျက် ဒူးလေးတစ်လက်ကို ကျောတွင်လွယ်ကာ မြားကျည်တောက်ကို ခါး၌ချိတ်ထားသည့် ၄င်း မုဆိုးကြီး ကျွန်ုပ်တို့နှင့်အတူ ပါလာခြင်းက ကျွန်ုပ်တို့အတွက် တစ် ာပ်တစ်အား ဖြစ်စေ၏။

'ဆိုင်ပန်' ရွာမှထွက်လာပြီး နှစ်နာရီခန့်အကြာတွင် တော ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာ၏။ တောနက်ကြီးမဟုတ်သော် လည်း သစ်ပင်ကြီးများ၊ ချုံနွယ်များ အတော်အတန် ရှိလေ၏။

ကျွန်ုပ်တို့အထဲတွင် စံပယ်မြိုင်သာမပါခဲ့လျှင် ညနေစောင်း သည်နှင့် ရွှေလီမြစ်ကိုဖြတ်ကူးကာ တရုတ်ပြည်နယ်စပ်ရှိ ရွာလေး များသို့ ရောက်ရှိမည်ဖြစ်၏။ စံပယ်မြိုင်မှာ မိန်းမသားပင်ဖြစ်သော် ငြား ကျွန်ုပ်တို့နှင့်အပြိုင် အမှီလိုက်ရာ၏။ သိဒ္ဓိကလည်း သူမကို အတာတ်နိုင်ဆုံးဖေးမပေး၏။

တောအနည်းငယ် ထူလာသောအခါ မြင်းများပေါ်မှ ဆင်း



www.burmeseclassi.com

www.burmeseclassi.com



လျှောက်ကြရ၏။ ထိုအချိန်တွင် ညနေလေးနာရီခန့် ဖြစ်နေလေပြီ။ မုဆိုးကြီးက . . .

"မောင်ရင်တို့ ဒီညတော့ ဒီဘက်ကမ်းမှာပဲ စတည်းချရဘာ့မှာပဲ၊ ညဘက်ကြီး မြစ်ဖြတ်ကူးဖို့ မလွယ်ဘူးကွဲ့၊ ဖောင်သမားကလည်း ကူးပေးမှာ မဟုတ်ဘူး"

ဟုပြောလေရာ သိဒ္ဓိက . . .

"ဘယ်တတ်နိုင်မလဲ ဦးကြီးရယ်၊ အိပ်ဆိုလည်း အိပ်ရတော့မှာပေါ့"

ဟုပြောကာ စံပယ်မြိုင်၏လက်ကိုတွဲပြီး ခေါ်လေရာ ကျွန်ုပ်နှင့် မိတ်ဆွေကြီးလည်း သူတို့စုံတွဲကိုကြည့်ကာ ကြည်နူးမိရသေးတော့၏။

တောထဲတွင် ညနေခြောက်နာရီဆိုသည်နှင့် အမှောင်ကျနေပြီဖြစ်ရာ ကျွန်ုပ်တို့မှာ အသင့်ပါလာသော ရေနံဆီပုံးကိုဖွင့်လျက် အဝတ်စများ၊ ထင်းချောင်းများဖြင့် မီးတုတ်များပြုလုပ်၍ထွန်းကာ ခရီးဆက်ကြရ၏။ မုဆိုးကြီးက မြစ်ကမ်း၌သာ စခန်းချမှ သင့်တော်မည့် အကြောင်းပြော၏။

"မြစ်ဘေးက သဲသောင်မှာ မီးပုံဖိုပြီး ညအိပ်ရမယ်၊ ဒီတောအုပ်ထဲမှာ အိပ်လို့ကတော့ လုံခြုံမှာ မဟုတ်ဘူး၊ တောကောင်တွေကို ဖိတ်ခေါ်သလို ဖြစ်နေလိမ့်မယ်"

ကျွန်ုပ်တို့အားလုံးမှာ မနေ့ညက ဆိုင်ပန်တွင် မြေမြှုပ်ခဲ့ရသည့် မြင်း၏အဖြစ်ဆိုးကို ကြုံတွေ့ခဲ့ရပြီးဖြစ်၍ မြစ်ကမ်းဘေးသဲသောင်ပြင်မှာ အိပ်စက်ရန် သဘောတူလိုက်ကြ၏။ သိဒ္ဓိမှာ စံပယ်မြိုင်ကို ပွေ့ချီကာ ခေါ်လာခဲ့၏။





ညခုနစ်နာရီခွဲလောက်တွင်မှ မြစ်ကမ်းဘေး သဲသောင်ပြင်သို့ ရောက်ရှိကြပြီး ကျွန်ုပ်တို့မှာ ဆာလောင်လှပြီဖြစ်ရာ မီးပုံအမြန်ဖိုသူက ဖို၊ သတ္တုဗူးနှင့် ဆန်ထည့်ကာ ထမင်းချက်သူက ချက်၏။ မုဆိုးကြီးမှာ နေ့လည်က လမ်းတွင်ပစ်လာသော ယုန်နှစ်ကောင်ကို သူ၏ပလိုင်းလေးထဲတွင်ပါလာသော အမွှေးအကြိုင် အဆာပလာများဖြင့် သုတ်နယ်ပြီး မီးဖိုမှာ ကင်လေ၏။

ယုန်ကင်ရာမှ ထွက်ပေါ်လာသော ရနံ့ကြောင့် အားလုံးဝမ်းထဲမှာ တကြုတ်ကြုတ်မြည်ကုန်၏။ ယုန်ကင်နှင့် ထမင်းကို စားသောက်ကြပြီးသည်တွင် ကျွန်ုပ်တို့မှာ ငိုက်မြည်းလာသော်လည်း မိတ်ဆွေကြီးနှင့် မုဆိုးကြီးတို့မှာမူ ငိုက်မြည်းခြင်း မရှိပေ။

ထို့ကြောင့် ကျွန်ုပ်တို့အား အရင်အိပ်ခိုင်းပြီး ၄င်းတို့နှစ်ဦးက စောင့်ပေးကြ၏။ ညသန်းခေါင်မှ ကျွန်ုပ်နှင့် သိဒ္ဓိကထ၍ တစ်လှည့်ပြန်စောင့်ပေး၏။ မိတ်ဆွေကြီးမှာ သဲပြင်ပေါ်တွင် ခင်းထားသော အခင်းပေါ်လှဲချ၍ သက္ကလပ်ဦးထုပ်အဝိုင်းကို မျက်နှာပေါ်တင်ထားကာ အိပ်စက်လေ၏။

မုဆိုးကြီးနှင့် ကျွန်ုပ်တို့နှစ်ယောက်မှာ ရေနွေးကြမ်းသောက်ရင်း စကားစမြည် ပြောဆိုနေကြ၏။ ညတစ်နာရီခန့်တွင် မုဆိုးကြီးမှာ စကားပြောနေရာမှ တိခနဲ ရပ်ပစ်လိုက်လေ၏။ ကျွန်ုပ်နှင့် သိဒ္ဓိကိုလည်း တိတ်တိတ်နေရန် ခြေဟန်လက်ဟန်ဖြင့် ပြလေ၏။

ကျွန်ုပ်တို့လည်း ငြိမ်သက်ကာ နားစွင့်ထားလိုက်ကြရာ ဘာသံမှ မကြားရပေ။ မုဆိုးကြီးမှာမူ သူ၏နံဘေးမှ ဒူးလေးကို ဖြေးညှင်းစွာ ကောက်ယူပြီး လေးညှို့ကို ဆွဲတင်ထားလိုက်၏။ ကျည်တောက်ထဲမှ မြားကိုဆွဲထုတ်ပြီး အသင့်အနေအထားပြင်ထားလေ၏။



www.burmeseclassi.com

www.burmeseclassi.com



မုဆိုးကြီးက ကျွန်ုပ်နှင့် သိဒ္ဓိတို့ ကျောပေးထားသော နောက်မှတောအုပ်ထဲသို့ မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ၎င်းက မျက်နှာအမူအရာဖြင့် နောက်မှာဟူသော အဓိပ္ပါယ်ကို ပြုလုပ်ပြလေရာ ကျွန်ုပ်မှာ ကြက်သီးဖြန်းခနဲထသွားပြီး ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်ရာ တောအုပ်ထဲမှ နီရဲစူးရှသော မျက်လုံးအစုံက ကျွန်ုပ်တို့အား စိုက်ကြည့်နေတာကို တွေ့လိုက်ရ၏။

ကျွန်ုပ်မှာ လွန်စွာမှ စိုးရိမ်ထိတ်လန့်တုန်လှုပ်သွားပြီး နားထဲတွင် "ဂရီး . . . ဂရီး . . ." နှင့် တောရိုင်းတိရစ္ဆာန်တစ်ကောင်၏ အသက်ရှူမှာန်သွင်းသံကိုလည်း ကြားလိုက်ရလေ၏။ ထိုသတ္တဝါက ရှေ့သို့ဖြည်းညှင်းစွာ တိုးလာလေ၏။

ခန္ဓာကိုယ်ကို မမြင်တွေ့ရသော်ငြား မျက်လုံးအနေအထားကို ကြည့်ရသည်မှာ အတော်ပင် ကြီးမားသည့် သတ္တဝါပင် ဖြစ်ရမည်ဟု ကျွန်ုပ်မှတ်ချက်ချမိသည်။ ကျွန်ုပ်၏စိတ်အတွင်း၌ ထိုသတ္တဝါသည် ကျွန်ုပ်တို့ကို ခုန်အုပ်တော့မည်ဟုသာ ထင်နေ၏။

"ကိုမျိုးမြတ် . . . ငြိမ်ငြိမ်သာနေဗျို့၊ ဒီကောင်ကြီးက ခုန်ဝင်လာမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ကို လှည့်ပတ်ကြည့်နေတာဗျ"

လဲလျောင်းအိပ်စက်နေသော မိတ်ဆွေကြီးမှာ ဘယ်အချိန်ကတည်းက နိုးနေသည် မသိပေ။ ခြောက်လုံးပြူးကို လက်နှင့်ဆုပ်ကိုင်ပြီး ရင်ဘတ်ပေါ်တင်ထားကာ တောအုပ်အစပ်မှ တောရိုင်းသတ္တဝါကို မျက်စိစွေလျက် ကြည့်နေသည်ကို တွေ့ရ၏။ ခဏလောက်အကြာတွင်တော့ ချွတ်နင်း၍ ထွက်သွားသံကြားလိုက်ရ၏။

ကျောပေးသွားသော မမဲသဏ္ဌာန်ကိုချိန်၍ မုဆိုးကြီးက ဒူးလေးခလုတ်ကို ဖြုတ်လိုက်လေ၏။





"ဝှိုး . . ."

မြားတံသည် လေဟုန်ခွင်း၍ ထိုသတ္တဝါဆီသို့ ပြေးဝင်သွား၏။ တိုက်ဆိုင်မှုပေလော၊ ထိုသတ္တဝါ၏ ပါးနပ်မှုပေလော မသိ။ ထိုအချိန်မှာပင် ဖျတ်ခနဲ တစ်ဖက်သို့ခုန်ကာ လမ်းကြောင်းပြောင်းပြီး တောထဲသို့ ပြေးဝင်သွားလေတော့၏။

"ဒုတ် . . ."

မြားတံမှာ သစ်ပင်တစ်ပင်၌ စိုက်ဝင်ကျန်ရစ်ခဲ့၏။ ကျွန်ုပ်တို့လည်း အိပ်မပျော်ကြတော့သည့်အတူတူ ရေနွေးထိုင်သောက်ရင်း စကားစမြည် ပြောဆိုနေလိုက်ကြ၏။

မကြာမီ အာရုံတက်၍ အလင်းဝင်လာပြီး စံပယ်မြိုင်လည်း အိပ်ယာမှ နိုးလာ၏။ ကျောက်စရစ်ခဲလေးများ အပြည့်ရှိနေသော ကမ်းစပ်သို့ဆင်း၍ ကျွန်ုပ်တို့မှာ မျက်နှာသစ်၊ သွားတိုက်ကာ ကိုယ်လက်သန့်စင်ကြလေ၏။

ပြီးနောက် နံနက်စာစားပြီး တစ်ဖက်ကမ်းမှရောက်လာသော တရုတ်လူမျိုးဖောင်သမားနှင့်အတူ တစ်ဖက်ကမ်းသို့ ကူးကြလေ၏။ မုဆိုးကြီးမှာ ကျွန်ုပ်တို့အား လက်ပြရင်း ကျန်ရစ်ခဲ့တော့၏။

ကျွန်ုပ်တို့ ထွက်မလာမီညက တောကောင်လာရပ်ကြည့်သွားခဲ့သော နေရာကို သွားကြည့်ခဲ့ရာ မြင်းဖောင်းထဲမှ ခြေရာအတိုင်း တစ်ထပ်တည်း တစ်ထေရာတည်းပင် ဖြစ်ကြောင်းကိုတော့ စံပယ်မြိုင်အား အသိမပေးကြတော့ပေ။ ကျွန်ုပ်တို့မှာမူ ရှေ့ခရီးအတွက် အစစ၊ အရာရာ သတိဝီရိယထားကာ ထွက်ခဲ့ကြလေ၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၁၆)

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့လူစုသည် ချကင်းဟု သော မြို့သို့ရောက်ရှိကြ၏။ မြင်းများကိုမူ တည်းခိုခန်းပိုင်ရှင်နှင့် ညှိနှိုင်းအပ်နှံကာ ထားရစ်ခဲ့၏။ တည်းခိုခန်းပိုင်ရှင်ထံမှ ဘိန်း အနည်းငယ်ကို ပြန်ယူလာခဲ့၏။

ထိုမြို့ကား ဘိန်းပေါသည့် မြို့ဖြစ်၏။ ဘိန်းထုပ်ကိုယူခဲ့ စဉ် မိတ်ဆွေကြီးက . . .

"ရှေ့လျှောက်တစ်ချို့နေ့ရက်တွေမှာ ပိုက်ဆံက အရေး မပါတော့ဘူးဗျ၊ ပစ္စည်းချင်းဖလှယ်တဲ့နေရာမှာ ရွှေနဲ့ဘိန်းဟာ အဓိက ကျတဲ့ ပစ္စည်းတွေပဲ"

ဟု ရှင်းပြလေ၏။

ချကင်းမှာ ရှေးဟောင်းမြို့တစ်မြို့ဖြစ်ပြီး တောင်စောင်း တွင် တည်ထားလေသည်။ တောင်စောင်းတစ်ဖက်တစ်ချက်တွင်





ယန်စီမြစ်နှင့် ချီလင်မြစ်တို့မှာ ကွေ့ဝိုက်ကာ စီးဆင်းလျက်ရှိရာ အလွန်လှပသော ရှုမျှော်ခင်းတစ်ခုပမာ ရှိနေတော့၏။

ချကင်းမြို့ညချမ်းကား အတော်ပင် အေးစိမ့်၏။ ကူမင်း မှာလို ညံ့ဖျင်းသော အစားအသောက်နှင့် တိုးမှာစိုးရိမ်၍ သေချာ စုံစမ်းပြီးမှ 'မူဝံကြယ်' ဟု မြန်မာလို အဓိပ္ပါယ်ရသော စားသောက် ဆိုင်ကြီးသို့ ဝင်ခဲ့၏။ တည်းခိုရန်နေရာပါ တစ်ပါတည်းပေးသည့် ထုံးစံရှိကြောင်း စားပွဲထိုးလေးက ပြောပြသဖြင့် ကျွန်ုပ်တို့လူစုအဖို့ အဆင်ပြေသွားရ၏။

သိဒ္ဓိနှင့် စံပယ်မြိုင်တို့မှာတော့ အန္တရာယ်များကို ခေတ္တ မေ့လျော့ထားကာ အပန်းဖြေခရီးထွက်လာကြသော ချစ်သူနှစ်ဦး ပမာ အစားအသောက်များ၊ ဟင်းများကို အပြန်အလှန် ခပ်ထည့် ပေးနေကြ၏။ ထိုစဉ် စားပွဲထိုးလေးက အနားရောက်လာကာ . . .

"ဆရာတို့အတွက် နားနေဖို့ နေရာပြင်ပြီးပါပြီ"

ဟု ပြောလာ၏။ ကျွန်ုပ်က . . .

"အေး . . . ကောင်းပြီ၊ ငါတို့ စားပြီးရင် လာခဲ့မယ်"

"မဟုတ်ပါဘူး၊ ဆရာတို့ အပန်းမကြီးဘူးဆိုရင် ခုပဲနေရာ ရွှေ့ပြီး အခန်းထဲရောက်မှ ဆက်စားစေချင်ပါတယ်"

သိဒ္ဓိမှာ ထိုစကားကြောင့် ဒေါသထွက်သွားပြီး . . .

"ဘာကွ . . . ငါတို့က ဘာကြောင့်အခန်းထဲပြောင်းပြီး တော့ စားရမှာလဲ၊ ပြောစမ်းပါဦး"

"ဒီ . . . ဒီလိုပါ၊ ဆိုင်ဝမှာ မှုန်ကြီးတို့ညီအစ်ကို ရောက်နေ လို့ပါ၊ သူတို့က ဒီမှာလာပြီး စားသောက်ရင်း လူစိမ်းတွေတွေ့ရင် ရန်ရှာပြီး လုယက်တတ်လို့ပါ"



www.burmeseclassi.com

www.burmeseclassi.com



ဟု စားပွဲထိုးလေးက ရှင်းပြလေရာ မိမိတို့အတွက် စေတနာနှင့် ပြောဆိုမှန်းသိရသဖြင့် မိတ်ဆွေကြီးက . . .

"ကောင်းပြီ ကောင်လေး၊ ရော့ . . . မင်းအတွက် မုန့်ဖိုးယူ၊ ငါတို့ စားသောက်ပြီးမှ အခန်းထဲသွားမယ်၊ ဒီကြားထဲ မှုန်ကြီးတို့ညီအစ်ကိုမကလို့ သူ့အဖေလာလည်း မထဘူး . . . ဟုတ်ပြီလား"

ဟုပြောလိုက်ကာ မုန့်ဖိုးပေးပြီး စားပွဲထိုးလေးကို ထွက်သွားခိုင်းလိုက်ပြီးနောက် ကျွန်ုပ်တို့လည်း ဆက်ပြီးစားသောက်နေလိုက်ကြ၏။

ထိုအခိုက်မှာပဲ တံခါးဝမှ အရပ်ခြောက်ပေခန့် အနည်းဆုံးရှိမည့် လူနှစ်ယောက်ဝင်လာပြီး ကျွန်ုပ်တို့အနီး စားပွဲတွင် ဝင်ထိုင်လိုက်ကြ၏။ သူတို့၏ခန္ဓာကိုယ်များမှာ တုတ်ခိုင်ထွားကျိုင်းကြလေရာ ၎င်းတို့ထိုင်နေသည်က အခြားသူတစ်ယောက် မတ်တပ်ရပ်နေသကဲ့သို့ ရှိ၏။ ၎င်းတို့အား ကောင်တာမှ ဆိုင်ရှင်ကိုယ်တိုင်က လာရောက်ဧည့်ခံတာကို တွေ့ရ၏။

မိတ်ဆွေကြီးက မြန်မာစကားဖြင့် . . .

"မန်ချူးတွေဗျ၊ တရုတ်တွေ မဟုတ်ဘူး၊ ဒါကြောင့် လူကောင်ကြီးတွေက ကြီးမားနေတာ"

ဟု ပြောလေ၏။ လူသန်ကြီးနှစ်ဦးမှာ ပိုးစိုးပက်စက်ဆိုသလို အငမ်းမရ စားသောက်ကြ၏။

ထိုအချိန်တွင် ကျွန်ုပ်တို့မှာ စားသောက်၍ ပြီးစီးသွားပြီဖြစ်ရာ မိတ်ဆွေကြီးက စားပွဲထိုးလေးကို လှမ်းခေါ်၍ ဂိုးဖလိပ်စီးကရက်ရှိလားဟုမေးရာ ကောင်လေးမှာ နားမလည်ပေ။

မန်ချူးကြီးနှစ်ယောက်မှာ မိတ်ဆွေကြီးနှင့် စားပွဲထိုး





ကောင်လေးတို့ မေးမြန်းပြောဆိုနေကြသည်ကို မျက်မှောင်ကုပ်ကာ လှည့်ကြည့်လိုက်၏။ ထိုစဉ် ဆိုင်ရှင်က ချက်ချင်းရောက်ရှိလာပြီး-

"ဆရာပြောတာ ဘာစီးကရက်ပါလိမ့်ခင်ဗျာ"

ဟု ကောင်းမွန်ရိုကျိုးစွာ မေးလေ၏။

"ဂိုးဖလိပ်ကို ပြောတာ"

"မနေ့ကအထိတော့ အဲဒီစီးကရက်ကို ဒီဆိုင်မှာ မတင်ပါဘူး၊ မနက်ကမှ ရောက်လာတာပါ"

"ဘယ်လိုရောက်လာတာလဲ"

ဆိုင်ရှင်မှာ မိတ်ဆွေကြီး၏အမေးကို မဖြေချင်၍ စကားကို လျှောချလေ၏။

"ဒီလိုပါပဲ၊ ညနေကျရင် ဒီစီးကရက်သောက်တဲ့လူ ရောက်လာလိမ့်မယ်လို့ ပြောပြီးထားခဲ့တာ"

"ယောက်ျားလား . . . မိန်းမလား"

မိတ်ဆွေကြီးက ထပ်မေးသော်လည်း ဆိုင်ရှင်မှာ စီးကရက်ဘူးကိုထားခဲ့ပြီး ဦးညွှတ်အရိုအသေပေးကာ ထွက်ခွာသွားတော့၏။ မန်ချူးနှစ်ယောက်မှာ မိတ်ဆွေကြီးနှင့် ဆိုင်ရှင်ပြောဆိုနေသည်ကို အကဲခတ်နေရာမှ တစ်ယောက်က ရုတ်တရက် လျှပ်ပြက်သလို မိတ်ဆွေကြီးလက်ထဲမှ စီးကရက်ဘူးကို ဆတ်ခနဲ လုယူလိုက်၏။

မိတ်ဆွေကြီးမှာ ဘယ်လက်တွင် ကိုင်ထားရာမှ ဖျတ်ခနဲ ညာဖက်လက်သို့ ပစ်ကာပြောင်းကိုင်လိုက်၏။ မန်ချူးကောင်မှာ လေကိုသာ ဖမ်းမိပြီး အရှက်ကွဲသွားလေ၏။ ၎င်းက ရှက်ရမ်းရမ်းကာ မိတ်ဆွေကြီး၏ ရှေ့တည့်တည့်သို့ လာရပ်လျက် . . .

"ဆေးလိပ်ဘူးပေး . . ."



www.burmeseclassi.com

www.burmeseclassi.com



ဟု အသံပြဲပြဲကြီးဖြင့် တောင်းလေရာ မိတ်ဆွေကြီးမှာ စီးကရက်ဘူးကိုဖောက်ပြီး တစ်လိပ်ထုတ်ကာ မီးညှိလိုက်၏။ ပြီးနောက် သုံးလေးဖွာလောက် ရဲနေအောင်ဖွာလိုက်ကာ မန်ချူးကောင်၏ ဖြန့်ထားသည့် လက်ဝါးပြင်ကို ရဲနေသော ဆေးလိပ်မီးဖြင့် ထိုးချေကာ စီးကရက်အကြေကို ထည့်ပေးလိုက်၏။

အရေပြားမီးလောင်သော ညှော်နံ့မှာ ထောင်းခနဲ ထွက်လာသော်လည်း မန်ချူးကြီးမှာ ဖြုံပုံမရပေ။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး မိတ်ဆွေကြီး၏ငယ်ထိပ်ကို ထုချလိုက်၏။ ၎င်း၏လက်သီးဆုပ်မှာ လူကောင်နှင့်လိုက်အောင် ကြီးမားလှသည် ဖြစ်ရာ ထန်းသီးလုံးအရွယ်ခန့် ရှိလေ၏။ လေတိုးသံ 'ဗွီ' ခနဲ ထွက်ပေါ်သွား၏။

မိတ်ဆွေကြီးက ကုလားထိုင်ကို နောက်သို့လှန်ချလိုက်ပြီး ငါးရှဉ့်တစ်ကောင်လို လျှောခနဲ ရှောင်ထွက်သွား၏။ ပြီးလျှင် ဂိုးဖလိပ်စီးကရက်ဘူးကို ၎င်း၏သက္ကလပ်အိတ်ထဲသို့ သေချာထည့်ပြီး သိမ်းလိုက်လေ၏။ မန်ချူးကောင်ကြီးကိုတော့ ရှိသည်ဟုပင် ထင်ပုံမရပေ။

သို့ကြောင့် မန်ချူးကောင်ကြီးက အမျက်ချောင်းချောင်းထွက်ကာ မိတ်ဆွေကြီးကို အတင်းဝင်လုံး၏။ မိတ်ဆွေကြီးက တိမ်းကာယိမ်းကာ ရှောင်ထွက်နေသည်မို့ မန်ချူးကြီးက လက်နှစ်ဖက်ကိုဆန့်ကာ မိတ်ဆွေကြီးအား အတင်းဝင်ဖက်ပူးတော့၏။ မိလိုက်လျှင် အရိုးများ ကျိုးကြေကုန်မည်ဖြစ်၏။

မိတ်ဆွေကြီးက စားပွဲဝိုင်းတစ်ခုပေါ် ဖျတ်ခနဲ ခုန်တက်လိုက်ရာ မန်ချူးကြီးက စားပွဲခြေထောက်လေးချောင်းကို သူ၏ခြေ





ထောက်ဖြင့် ပတ်ကန်ကာ ချိုးဖျက်လိုက်၏။

"ဝုန်း . . ."

စားပွဲဝိုင်းမှာ ကျိုးပျက်သွားပြီး မိတ်ဆွေကြီးမှာ ဟန်ချက်ပျက်ကာပြုတ်ကျပြီး ပက်လက်လန်ကျသွား၏။ မန်ချူးကြီးက အခွင့်ကောင်းတွေ့သွားကာ မိတ်ဆွေကြီး၏ကိုယ်ပေါ်သို့ ကိုယ်လုံးဖြင့် ဖိသတ်ရန် ခုန်အုပ်ချလိုက်၏။ ကျွန်ုပ်မှာ ၎င်းအဖြစ်ကိုကြည့်လျက် မိတ်ဆွေကြီးအတွက် လွန်စွာမှ ပူပန်စိုးထိတ်သွားရကာ . . .

"ရပ်လိုက် . . ." ဟု ယောင်ရမ်းအော်ဟစ်လိုက်မိသလို စံပယ်မြိုင်မှာလည်း မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်တာ တွေ့ရ၏။

သိဒ္ဓိမှာ မတ်တပ်ထရပ်လိုက်ပြီး တိုက်ပွဲဧရိယာသို့ ခုန်ဝင်ရန် ဟန်ပြင်လိုက်လေ၏။ ထိုအချိန်၌ ပက်လက်လန်နေသော မိတ်ဆွေကြီးမှာ ပျာယာခတ်ခြင်း အလျဉ်းမရှိဘဲ တည်ငြိမ်စွာဖြင့် သူ့နံဘေးတွင်ရှိနေသော နှစ်လက်မပတ်လည်ခန့်ရှိ စားပွဲခုံခြေထောက်အကျိုးကိုယူလိုက်ပြီး ခုန်အုပ်လာသော မန်ချူးကောင်၏လည်မျိုကို လှမ်းထောက်ပစ်လိုက်၏။

"အား . . ."

အသံကုန်အော်ဟစ်လိုက်သူမှာ ခုန်အုပ်လိုက်သူ မန်ချူးကြီးပဲ ဖြစ်၏။ သူ့ကိုယ်သူ သေပြီဟု တွက်ဆလိုက်ပုံရ၏။ လက်နှစ်ဖက်ကိုထုတ်ကာ ဒိုက်ထိုးသည့်နှယ် မိတ်ဆွေကြီးအပေါ်မှနေ၍ ကြမ်းပြင်သို့ ထောက်ထား၏။ မိတ်ဆွေကြီး၏ ညာတာမှုကြောင့် သစ်သားအချွန်စမှာ ယင်းမန်ချူးကြီး၏ လည်မျိုမှလွဲကာ ပုခုံးသို့ စိုက်ဝင်သွားခြင်း ဖြစ်သည်။



www.burmeseclassi.com

www.burmeseclassi.com



အရှိန်မထိန်းနိုင်လျှင် ထုတ်ချင်းခတ်ဝင်သွားမည်သာ ဖြစ်၏။ ကျန်မန်ချူးတစ်ယောက်မှာ ဝုန်းခနဲထကာ သူ့လူကို အပေါ်မှ ဆွဲကာထူပေး၏။ ပုခုံးက သစ်သားစမှာ စိုက်လျက်ပါသွား၏။ မိတ်ဆွေကြီးက ကြေသွားသော ဘောင်းဘီအကျီမျိုးကို ပြန်ဆန့်လျက် အေးအေးဆေးဆေးပင် ရပ်နေလေ၏။

မန်ချူးနှစ်ကောင်ပေါင်းကာ တိုက်ရန်ပြင်ဆင်နေကြသဖြင့် သိဒ္ဓိလည်း တိုက်ပွဲအဝန်းအဝိုင်းထဲ ခုန်ဝင်သွားတော့သည်။ ထိုစဉ်-

"ဒုတ် . . ."

ဟူသည့် အသံနှင့်အတူ ချွန်ထက်သည့်အရာတစ်ခုက မန်ချူးနှစ်ယောက်အလယ်ရှိ သစ်သားတိုင်လုံးတွင် လာစိုက်လေ၏။ ဒဏ်ရာရမထားသည့် မန်ချူးက ဆတ်ခနဲ ဆွဲနှုတ်ကာ ကြည့်ရှုပြီးနောက် ၎င်းအရာကို ရင်ဘတ်ထဲထည့်ကာ ရေးကြီးသုတ်ပြာဖြင့် ဒဏ်ရာရထားသည့် သူ့လူလက်ကိုဆွဲလျက် ဆိုင်ထဲမှ အပြေးထွက်သွားတော့သည်။

သို့ကြောင့် ကျွန်ုပ်မှာ အံ့သြသွားရလျက် . . .

"ကိုထင်အောင်ကျော် . . သူတို့ ဘာကိုတွေ့သွားလို့လဲဗျ"

ဟုမေးလိုက်ရာ မိတ်ဆွေကြီးက ဦးထုပ်ကို ပြင်ဆောင်းလိုက်ပြီးနောက် . . .

"လက်သည်းတစ်ချောင်းပါ . . ." ဟု ဖြေလိုက်၏။

"ဗျာ . . . ဝံပုလွေလက်သည်းလား"

"ဟုတ်ပ့ါဗျာ . . ."

ထိုအခါ သိဒ္ဓိက . . .

"ဒါဆို မြန်မြန်လိုက်ကြစို့၊ ပစ်လိုက်တဲ့သူကို ရှာရအောင်"





ဟုပြောလေရာ မိတ်ဆွေကြီးက . . .

"မလိုပါဘူးဗျာ၊ သူတို့တွေက ရှာပါလိမ့်မယ်"

ဟုပြောလိုက်ပြီး တားထားလိုက်၏။

ကျွန်ုပ်တို့မှာ ယင်းစားသောက်ဆိုင်၌ပင် ညအိပ်တည်းခိုကြ၏။ အလှည့်ကျကင်းစောင့်ကြသော်လည်း မည်သည့်ထူးခြားမှုမှ မတွေ့ရချေ။ ထိုညက မအိပ်မီအချိန်တွင် မိတ်ဆွေကြီးအား ကျွန်ုပ်က သိလိုသည်ကို မအောင့်အီးနိုင်ဘဲ မေးလိုက်မိ၏။

"ဂိုးဖလိပ်လာပေးသွားတာ ဘယ်သူဖြစ်မယ်ထင်လဲ"

မိတ်ဆွေကြီးက စီးကရက်ကို အရသာခံဖွာရှိုက်လျက် ကျွန်ုပ်ကို ခပ်ထွေထွေ စိုက်ကြည့်ကာ ခေါင်းခါပြလေ၏။ ကျွန်ုပ်က ထပ်မံပြီး . . .

"မြကြာဖြူများ ဖြစ်နေမလား မသိဘူးနော်၊ မန်ချူးနှစ်ကောင်ဟာ ဝံနက်ဂိုဏ်းနဲ့ ဆက်စပ်နေလိမ့်မယ်ထင်တယ်၊ ဒါကြောင့် အမှတ်အသားတွေ့တာနဲ့ တန်းပြေးတော့တာပဲ၊ အဲဒီလက်သည်းချွန် ပစ်လိုက်တာလည်း မြကြာဖြူမဖြစ်နိုင်ဘူးလား"

ဟု မေးခွန်းထုတ်လိုက်ရာ မိတ်ဆွေကြီးက . . .

"မြကြာဖြူ ဖြစ်ချင်လည်းဖြစ်မယ်၊ တစ်ခြား ဝံနက်ဂိုဏ်းသားလည်း ဖြစ်နိုင်တယ်၊ ဒါပေမယ့် လောလောဆယ် ကျွန်တော်တို့ကို မသေစေချင်၊ မထိခိုက်စေချင်တိုင်း မိတ်ဆွေလို့တော့ သတ်မှတ်လို့ မရဘူး၊ ကျွန်တော့်ကို မသေစေချင်ဆုံးက ဝံနက်ဂိုဏ်းချုပ်ကြီးပဲ၊ ဘာလို့လည်းဆိုတော့ ကျွန်တော်က လောကပါလအမြုတေ ရတနာသိုက်ရှိတဲ့နေရာကို သွားနေတဲ့ လူမို့လို့ပဲ"

ဟု တုန့်ပြန်ဖြေကြားလေ၏။



www.burmeseclassi.com

www.burmeseclassi.com



"ဟုတ်ပါပြီ . . . မန်ချူးနှစ်ကောင်ကို မောင်းထုတ်တာကတော့ ဘယ်သူမဆို ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ရှားပါးတဲ့ စီးကရက်ဘူးကို တကူးတက လက်ထဲရောက်အောင်တော့ ဘယ်ဝံနက်ဂိုဏ်းသားကမှ လုပ်မယ်မထင်ဘူး"

ဟု ကျွန်ုပ်က အနိုင်ပိုင်းပြီး ပြောလိုက်ရာ မိတ်ဆွေကြီးလည်း ဘာမှပြန်မပြောနိုင်တော့ပေ။

များမကြာမီတွင် ကျွန်ုပ်တို့လူစုသည် ကန်တင်မြို့သို့ ရောက်ခဲ့ကြလေ၏။ ကန်တင်မြို့မှာ တိဗက်၊ နီပေါနှင့် အိန္ဒိယတို့ကြားတွင်ရှိပြီး လူမျိုးပေါင်းစုံ ဝင်ထွက်သွားလာနေကြကာ ဂျပန်များ၊ ရုရှားများကိုပါ တွေ့ရ၏။ ကန်တင်တွင် ကျွန်ုပ်တို့သည် ခေတ္တနားရုံသာနားကာ ရိက္ခာများဖြည့်ပြီး ခရီးဆက်ခဲ့ကြ၏။

ကျွန်ုပ်တို့၏ခရီးစဉ်မှာ ပန်းတိုင်နှင့် နီးကပ်လာပြီဟု ဆိုရမည်ဖြစ်၏။ ကန်တင်မှ မိုင် ၂၀၀ ခန့် ခရီးဆက်လိုက်လျှင် ဗြဟ္မပုတ္တမြစ်ကမ်းနဖူးပေါ်ရှိ 'ချိုတင်' ဆိုသည့် ရွာကြီးသို့ ရောက်ရှိမည်ဖြစ်၏။ 'ချိုတင်' မှာ တိဗက်များ အဓိကနေထိုင်ရာဒေသဖြစ်၏။

ကျွန်ုပ်တို့မှာ ကန်တင်ထွက် လက်ဖက်ခြောက်တုံးများကို ဝယ်လာကာ 'ယတ်' နွားများတွင် ကပ်ချည်ကာ သယ်ခဲ့ကြ၏။ ကန်တင်ထွက်လက်ဖက်ခြောက်မှာ ထိုဒေသတွင် အထူးနာမည်ကျော်၏။ လက်ဖက်ခြောက်ဟုဆိုသော်လည်း ကန့်၊ ယမ်းစိမ်း၊ ဂျင်း စသည့်ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားခြင်း ဖြစ်၏။ ယင်းလက်ဖက်ခြောက်ကို ကျိုချက်သောက်လျှင် ဟင်းချိုသောက်ရသည်နှင့်တူ၍ အလွန်အေးသောဒေသတွင် လူကြိုက်များ၏။

'ချိုတင်' ရွာနားသို့ရောက်ကာနီးလေ မြေပြန့်လွင်ပြင်ဖြစ်





လာလေ ဖြစ်၏။ 'ချိုတင်' ရွာကြီးမှာ ဗြဟ္မပုတ္တမြစ်ဘေးလွင်ပြင်တွင် တည်ထားခြင်းဖြစ်၏။ လမ်းတွင် တဲစုလေးများ၊ တဲတန်းလေးများဖြင့် တည်ဆောက်ထားသည့် ရွာငယ်လေးများကို ဖြတ်လာရ၏။

ကျွန်ုပ်တို့ ပါလာသည့် ရိက္ခာခြောက်များ ကုန်သလောက်ဖြစ်လာသော်လည်း လမ်းရှိရွာများမှ ရိက္ခာများကို 'ကန်တင်' မှ ဝယ်လာခဲ့သည့် အုပ်ချုပ်သဏ္ဌာန် လက်ဖက်ခြောက်များဖြင့် လဲလှယ်၍ရလေရာ ရိက္ခာအတွက် မပူပင်ရတော့ပေ။

'ချိုတင်' ရွာသို့ ညနေစောင်းတွင် ရောက်ခဲ့ကြ၏။ ၎င်းတို့ဒေသထုံးစံအတိုင်း ကျွန်ုပ်တို့မှာ ရွာလူကြီးနှင့် အရင်ဆုံးတွေ့ဆုံရ၏။ ရွာလူကြီး၏အိမ်ဝိုင်းမှာ အတော်ကျယ်ဝန်းကာ သစ်လုံးများဖြင့် စည်းရိုးကာထားပြီး အိမ်မှာတော့ ခြေတံရှည်အိမ်ဖြစ်လေ၏။

ကျွန်ုပ်တို့မှာ ထုံးစံအတိုင်း လက်ဆောင်ပေးရန် လက်ဖက်ခြောက်တုံးများ၊ အခြားပစ္စည်းများကို အသင့်ပြင်ဆင်ကာ ရွာလူကြီးအား တွေ့ဆုံရန် စောင့်နေကြ၏။ ကျွန်ုပ်တို့အစီအစဉ်မှာ 'ချိုတင်' ရွာ၌ တစ်ရက်ခန့်နားပြီးနောက် လိုအပ်သည့်ပစ္စည်းများစုဆောင်းကာ ဗြဟ္မပုတ္တမြစ်ကြောင်းအတိုင်း ဆန်လို့ရသည့်နေရာအထိ ဆန်တက်သွားရန်ဖြစ်၏။

မကြာမီမှာပဲ ရွာလူကြီးရောက်ရှိလာပြီး ၎င်းနှင့်အတူ လူတစ်ဦးပါလာ၏။ လမ်းပြစကားပြန်၏ ပြောစကားအရ ရွာလူကြီးနှင့်ပါလာသူမှာ နတ်ဆရာဟု သိရ၏။ သိဒ္ဓိက ရွာလူကြီးနှင့် နတ်ဆရာဆိုသူကို အကဲခတ်လျက် . . .

"မျက်နှာထားတွေ ကြည့်ရတာတော့ မပာန်ဘူးဗျို့၊ ကျွန်တော်တို့ကို လိုလားပုံမရဘူးနဲ့ တူတယ်"



www.burmeseclassi.com

www.burmeseclassi.com



ဟုပြောလေ၏။ သိဒ္ဓိ၏စကားအဆုံးတွင် ရွာလူကြီးနှင့် နတ်ဆရာတို့ ကျွန်ုပ်တို့ရှေ့ရောက်လာကာ ရွာလူကြီးမှ . . .

"အသင်တို့ ဘယ်အရပ်က လာခဲ့တာလဲ၊ ဘာကိစ္စနဲ့ ဒီရွာကို ရောက်လာကြတာလဲ၊ မှန်မှန်ပြောပါ"

ဟု စကားပြန်မှတစ်ဆင့် မေးလိုက်၏။

မေးခွန်းနှစ်ခုမှာ မထူးဆန်းသော်လည်း နောက်ဆုံးပိတ်၌ မှန်မှန်ဖြေဟူသော စကားကြောင့် ကျွန်ုပ်တို့မှာ မခံချိ၊ မခံသာအောင့်သက်သက် ဖြစ်သွားရ၏။ ၎င်းရွာလူကြီး၏အမေးကို မိတ်ဆွေကြီးက . . .

"ကျွန်တော်တို့တစ်တွေဟာ ဒီဒေသရဲ့တောင်ဘက်မှာရှိတဲ့ တိုင်းပြည်က လာခဲ့ကြတာပါ"

ဟုဖြေလိုက်ပြီးနောက် သိဒ္ဓိအား လက်ညှိုးညွှန်လျက် . . .

"ဒီက ကျွန်တော့်မိတ်ဆွေရဲ့ ဆရာအစဉ်အဆက်က ထားခဲ့တဲ့ ရှေးဟောင်းပစ္စည်းလေးတစ်ခုကို လာရှာကြတာပါ"

မိတ်ဆွေကြီးက အေးဆေးတည်ကြည်စွာဖြင့် အမှန်အတိုင်း ရှင်းပြလေ၏။

သို့သော် ရွာလူကြီးနံဘေးမှ နတ်ဆရာဆိုသူက ခေါင်းတညိတ်ညိတ်နှင့် မရှုစိမ့်မလိုလားသည့်ဟန်ပန်ဖြင့် ရွာလူကြီးအား ကျွန်ုပ်တို့၏ စကားပြန်ပင် နားမလည်သော စကားဖြင့် ပြောနေ၏။ ထိုအခါ ရွာလူကြီးက တင်းမာသော လေသံဖြင့် . . .

"သင်တို့တွေ ရောက်လာမယ်ဆိုတာရယ်၊ တောင်အရပ်က လာကြတယ်ဆိုတာရယ်၊ ဟိမဝန္တာကနေ ပစ္စည်းတစ်ခုကို အတင်းအကျပ် ယူကြမယ်ဆိုတာရယ် အကုန်လုံးကို ဒီရွာက ဟောဒီနတ်





ဆရာက လွန်ခဲ့တဲ့သုံးရက်ကပဲ ကြိုဟောထားခဲ့တယ်၊ အခု သူဟောတဲ့အတိုင်း ဖြစ်လာပြီ"

ဟု ပြောလိုက်၏။ ထိုအခါ မိတ်ဆွေကြီးက စိတ်မရှည်ဟန်ဖြင့် . . .

"သူဟောတဲ့အတိုင်း ရောက်လာတော့ရော ဘာဖြစ်လဲ၊ ကျွန်တော်တို့ကို သင်လက်မခံနိုင်ဘူးလား၊ သင့်ရွာမှာ ကြာကြာနေမှာ မဟုတ်ဘူး၊ တစ်ရက်ပဲ နားမယ်၊ လိုအပ်တဲ့ ပစ္စည်းတွေကိုလည်း တန်ရာတန်ကြေးထက် ပိုပေးပြီး ဝယ်မှာ၊ သင့်အတွက် ကန်တင်လက်ဖက်ခြောက်တုံးတွေအပြင် တရုတ်ပြည်ကပါလာတဲ့ ဘိန်းတွေပါ လက်ဆောင်ပေးခဲ့မယ်"

ဟု စကားပြန်မှတစ်ဆင့် ပြောခိုင်းလိုက်ရာ ရွာလူကြီးမှာ လောဘကြီးသူဖြစ်သည့်အားလျော်စွာ မျက်နှာထားမှာ အနည်းငယ်ပျော့ပြောင်းသွားပြီး . . .

"ခဏနေဦး၊ နတ်ဆရာနဲ့ တိုင်ပင်လိုက်ပါဦးမယ်"

ဟုပြောကာ သူ၏နံဘေးမှ ဖျင်ကြမ်းစကြီးကို စလွယ်သိုင်းပတ်ခြုံထားသော နတ်ဆရာနှင့် စကားအခြေအတင် ပြောနေကြလေ၏။ နောက်ဆုံးတွင် နတ်ဆရာကြီးမှာ ဒေါသထွက်လာပြီး ကျွန်ုပ်တို့ကို ခပ်ထန်ထန်ကြည့်ကာ ခြေဆောင့်ပြီး ထွက်သွားလေတော့၏။ ထိုအခါမှ ရွာလူကြီးက . . .

"သင်တို့ကို ဒီမှာတစ်ရက်ကလေး လက်ခံဖို့တောင်မှ နတ်ဆရာက သဘောတူချင်တာ မဟုတ်ဘူး၊ ကျုပ်က အမိန့်သဘောမျိုး ပြောလိုက်တော့မှ ဒေါသထွက်ပြီး ဆက်မပြောဘဲ ထွက်သွားတာ"

ဟုပြောပြီးနောက် ကျွန်ုပ်တို့ပါလာသည့် လက်ဆောင်



www.burmeseclassi.com

www.burmeseclassi.com



ပစ္စည်းများကို အာသာငမ်းငမ်း ကြည့်နေတော့၏။ သိဒ္ဓိမှာ ပြတ်သားသူတစ်ဦးဖြစ်ရာ ချက်ချင်းပင် သူပြောထားသည့်အတိုင်းပင် ပစ္စည်းများကို ပုံပေးလိုက်၏။ မိတ်ဆွေကြီးက . . .

"ကျွန်တော်တို့ကို လှေတစ်စင်းလောက် ရောင်းပါ၊ ပြီးတော့ ရိက္ခာခြောက်တွေလည်း ရသလောက် ယူချင်ပါတယ်၊ အဲဒီအတွက် ဂျသင့်သလောက် ပေးပါ့မယ်"

"ကောင်းပါတယ်၊ လှေက ကျုပ်ဆီမှာတင် ရှိပါတယ်၊ 'ယတ်' နွားသားရေနဲ့ လုပ်ထားပြီး ကြိမ်နဲ့ခွေထားတာ၊ ဒီဒေသ ရေလမ်းခရီးနဲ့ အကိုက်ပဲ၊ ပေါ့တယ်၊ ခိုင်တယ်၊ ခြေကျင်လျှောက်ရမယ့် နေရာတွေမှာ လှေကို ကျောပိုးသွားလို့ရတယ်၊ ရိက္ခာအတွက်ကတော့ ရွာထဲကနေ ရသလောက် စုပေးလိုက်ပါ့မယ်"

"ကောင်းပါပြီ၊ ဒါနဲ့ ကျွန်တော်တို့ ဒီညအဖို့ ဘယ်မှာနားရမှာလဲ"

"ကျုပ်အိမ်ပေါ်မှာပဲ နားပါ၊ ဒီအိမ်ဝိုင်းထဲကနေ မထွက်ကြပါနဲ့၊ နတ်ဆရာနဲ့ အတိုက်အခံလုပ်ပြီး ထားရတာဆိုတော့ ရွာသားတစ်ချို့က ကြည်ဖြူချင်မှ ကြည်ဖြူမှာ"

ထိုစကားကြောင့် မိတ်ဆွေကြီးက ဘဝင်မကျဟန်ဖြင့်-

"ကျွန်တော်တို့ကို ရွာမှာလက်ခံထားရင် ဘာဖြစ်မယ်လို့ သင်တို့နတ်ဆရာက ပြောလို့လဲ"

ရွာလူကြီးက မိတ်ဆွေကြီးကို စိုက်ကြည့်လိုက်ပြီး တစ်စုံတစ်ခုကို စဉ်းစားဟန်ပြုနေပြီးနောက် . . .

"တစ်ရွာလုံး ဒုက္ခရောက်လိမ့်မယ်လို့ ပြောတယ်"

ဟုဖြေလေ၏။ ထိုအချိန်တွင် ကျွန်ုပ်တို့အား အိမ်ဝိုင်း





အပြင်ဘက်မှ လာရောက်ဝိုင်းအုံကြည့်ရှုနေကြသော ရွာသားများကို တွေ့ရ၏။

ကျွန်ုပ်တို့ ရွာလူကြီးအိမ်ပေါ်တက်သွားတော့မှ ရွာသားများမှာ အလျှိုလျှိုပျောက်ကွယ်ထွက်ခွာသွားကြ၏။ ကျွန်ုပ်တို့သည် ရွာလူကြီး၏ ခြေတံရှည်သစ်လုံးအိမ်ပေါ်တွင် အနားယူကာ ရိက္ခာခြောက်များကို ချက်ပြုတ်စားသောက်ကြ၏။ ထိုသို့ စားသောက်နေကြရင်းမှ စံပယ်မြိုင်က . . .

"မြိုင်ဖြင့် နတ်ဆရာဆိုတဲ့လူကို သဘောမတွေ့ပါဘူး၊ သူ့ကိုကြည့်ရတာ ဝံနက်တွေနဲ့များ အဆက်အသွယ်ရှိသလား မသိဘူး"

ဟုပြောလေ၏။ သိဒ္ဓိကလည်း . . .

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ သူ့ကိုကြည့်ရတာ ဒီရွာမှာ နှစ်ပေါင်းများစွာ နေလာပုံပဲ၊ ဝံနက်တွေနဲ့ ပတ်သက်ပုံတော့ မရပါဘူး"

ဟု သူ့အတွေးကို ပြောလေရာ မိတ်ဆွေကြီးက . . .

"ခုချိန်မှာ ဘာကိုမှ အသေအချာပြောလို့ မရဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကလည်း ဒီရွာကနေ မနက်ဖြန်ထွက်ကြမှာပဲလေ၊ ရေကြောင်းလမ်းကို ရွေးထားတာ အဆင်အပြေဆုံး ဖြစ်မှာပါ"

ဟုပြောရာ ကျွန်ုပ်ကလည်း . . .

"ကဲ . . . ကျုပ်တို့လည်း အိမ်ဝိုင်းထဲက ဘယ်မှထွက်လို့ မရမယ့်အတူတူ စောစောအနားယူပြီး အိပ်ကြတာပေါ့၊ ဒီညအဖို့တော့ ရွာထဲမှာ အိပ်ရတာဆိုတော့ တောထဲမှာလို ကင်းစောင့်ဖို့ လိုမယ်မထင်ဘူး၊ နောက်ပြီး ရွာလူကြီးအိမ်ဆိုတော့ တောရုံတန်ရုံ



www.burmeseclassi.com

www.burmeseclassi.com



သူခိုးသူဝှက်ရန်လည်း ပူစရာမလိုဘူးဗျ”

ဟုပြောပြီး ခြေဆန့်လက်ဆန့်လုပ်ကာ လဲလျောင်းလိုက်၏။ ရွာလူကြီးမှာ ညနေခြောက်နာရီလောက်တွင် ရွာထဲမှ ရိက္ခာခြောက်များ ရသလောက်စုကာ ယူလာပေးလေ၏။

ကျွန်ုပ်တို့လည်း ကျသင့်သည့်တန်ဖိုးထက် ပိုသာစွာ ပေးချေလိုက်၏။ ရွာလူကြီးသည် ၎င်း၏အိမ်ပေါ်ရှိ 'ယတ်' နွားသားရေဖြင့်ချုပ်ထားသည့် လှေကိုပါ တစ်ခါတည်းထုတ်ကာ ကျွန်ုပ်တို့အား ပေးလေ၏။

တကယ်တော့ ရွာလူကြီးမှာ စိတ်ရင်းသဘောဆိုးပုံမရပေ။ နတ်ဆရာ၏ သွေးထိုးမှုကြောင့်သာ ကျွန်ုပ်တို့နှင့် နားလည်မှုလွဲခဲ့ရခြင်း ဖြစ်၏။ ၎င်းက ကျွန်ုပ်တို့လိုအပ်သော ပစ္စည်းများကို ချက်ချင်းရအောင် စုဆောင်းပေးပြီးနောက် . . .

“သင်တို့ ဒီည ကျွန်ုပ်အိမ်မှာ လွတ်လွတ်လပ်လပ် အိပ်ကြပါ၊ ကျွန်ုပ်က ရွာထဲက ဆွေမျိုးများထံမှာ ကိစ္စရှိလို့ သွားအိပ်ရမယ်”

ဟုပြောကာ ထွက်သွားလေ၏။

ကျွန်ုပ်တို့၏လမ်းပြမှာ နံနက်မိုးလင်းလျှင် ကန်တင်သို့ ပြန်မည်ဖြစ်ပြီး ယခုမူ ၎င်းဝေစုညစာကိုယူလျက် အိမ်အောက်တွင် သွားစား၏။ ပြီးလျှင် အိမ်ပေါ်သို့ ပြန်တက်မလာတော့ဘဲ အောက်၌ဝင်အိပ်မည်ဖြစ်ကြောင်း အော်ပြောလေ၏။

ထိုလမ်းပြမှာ ဤဒေသရှိ တိုင်းရင်းသားတို့၏ ဘာသာစကားများမှ တရုတ်ဘာသာသို့ ပြန်ဆိုပေးနိုင်သည့်အတွက် ကျွန်ုပ်တို့အဖို့ များစွာအသုံးဝင်လေ၏။





ညကား လမိုက်ညဖြစ်၍ မှောင်အတိပြီးနေတော့သည်။ ချိတင်ရွာကြီးမှာ အိမ်ခြေနှစ်ရာခန့်ရှိသည့် ရွာကြီးတစ်ရွာဖြစ်၏။ ယခုအခါ တစ်ရွာလုံးမှာ အိပ်မောကျလျက် ရှိကြပြီဖြစ်ရာ တိတ်ဆိတ်မှုက ကြီးစိုးနေလေ၏။

ထိုအချိန်တွင် ပြဟ္မပုတ္တမြစ်အထက်ပိုင်းရှိ တောအုပ်ထဲမှ မည်းမည်းသဏ္ဌာန်တစ်ခုသည် တောစပ်သို့ထွက်လာပြီး ချိတင်ရွာကြီးဆီသို့ စူးစူးရဲရဲ စိုက်ကြည့်နေလေ၏။ ညကြယ်ရောင်များအောက် အလင်းမှုန်မှုန်တွင် သေချာကြည့်ပါက ၎င်းအရိပ်မှာ လူတစ်ယောက်၊ အသေအချာပြောရလျှင် လောင်းကုတ်ရှည်အနက်ဝတ်ထားသည့် လူတစ်ယောက်ဖြစ်ကြောင်း တွေ့ရ၏။

ထိုသူသည် လက်တစ်ဖက်ကိုမြှောက်၍ ပါးစပ်မှထူးဆန်းသော အသံတစ်ခုကို ပြုလိုက်၏။ ၎င်း၏အသံက လူတစ်ယောက်၏ အသံထက် တိရစ္ဆာန်တစ်ကောင်၏အသံနှင့် ပိုတူနေ၏။ ယင်းလူ၏ ကျောဘက်မှ ဝံပုလွေတစ်ကောင်ထွက်လာပြီး သူ့ရှေ့တွင် ငြိမ်သက်စွာ ရပ်နေလေ၏။

သူသည် အသံတို၊ အသံရှည်နှင့် ထူးဆန်းသော ဘာသာစကားဖြင့် အော်ဟစ်ငေါက်ငမ်းနေလေရာ ညအမှောင်ထုအောက်ဝယ် အရူးတစ်ယောက်နှယ် ရှိတော့၏။ တောထဲမှ နောက်ထပ်ဝံပုလွေနှစ်ကောင် ထွက်လာ၏။ ကြည့်နေရင်းမှာပင် နောက်ထပ်ဝံပုလွေများ ထပ်ကာထွက်လာကြသောကြောင့် လောကတွင် ဤမျှများပြားသည့် ဝံပုလွေများကို မည်သူမျှ တစ်နေရာတည်းတွင် မြင်တွေ့ဖူးလိမ့်မည် မဟုတ်ပေ။

ဝံပုလွေများမှာ လေ့ကျင့်ပေးထားသော တပ်သားများ

www.burmeseclassi.com

www.burmeseclassi.com



သဖွယ် လောင်းကုတ်ရှည်နှင့်လူ၏ရှေ့ မြေကွက်လပ်တွင် စုရုံးကာ ရပ်နေကြလေ၏။ စုစုပေါင်း အကောင်တစ်ရာကျော်ခန့်ရှိပေလိမ့်မည်။ လောင်းကုတ်ရှည်နှင့်လူက ၎င်းဝံပုလွေများကိုကြည့်ကာ သဘောကျကျေနပ်သွားသလို ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အရှူးတစ်ယောက်ပမာ နှုတ်မှတစ်စုံတစ်ရာကို အော်ဟစ်လိုက်လေ၏။

ထိုအခါ ဝံပုလွေအုပ်ကြီးမှာ ညအမှောင်ထုအတွင်း ချိုတင်ရွာကြီးဆီသို့ ပြေးလွှားချီတက်သွားကြတော့သည်။ ဝံပုလွေအုပ်ကြီးက ပြေးလွှားရင်းဖြင့် တဖြည်းဖြည်း အရှိန်ရလာကာ အစွယ်များဖြဲလျက် မာန်ဖီလာကြ၏။ ၎င်းတို့၏မျက်လုံးများက အမှောင်ထုထဲဝယ် အရောင်တဖိတ်ဖိတ်လက်လျက် ရှိလေသည်။

ချိုတင်ရွာလေးမှာမူကား အမှောင်ထုထဲဝယ် ငြိမ်သက်လျက်ရှိပြီး ရွာသူရွာသားများမှာ သစ်လုံးတဲအိမ်လေးများတဲဝယ် နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိကြလေ၏။ ရွာနံဘေးရှိ မြစ်မှာမူ စီးဆင်းမြဲစီးဆင်းလျက်ရှိကာ ဗြဟ္မပုတ္တာမြစ်ကမ်းနံဘေး ရွာထိပ်နှစ်ဖက်တွင်မူ မြစ်ရေတိုးခြင်းကို စောင့်ကြည့်ရန် လင့်စင်ထိုးထား၏။

ဝံပုလွေများ ပြေးလွှားလာရာဘက် ရွာထိပ်ရှိလင့်စင်ပေါ်တွင် ညအတွက် တာဝန်ကျသည့် ရွာသားတစ်ဦးရှိနေပြီး ၎င်းမှာ လင့်စင်ပေါ်တွင် လဲလျောင်းလျက်ရှိရာမှ လင့်စင်ကြမ်းပြင်တုန်ခါမှုကြောင့် . . .

"ဟိုက် . , . လျှင်လှုပ်ပဟ"

ဟုတွေးကာ ထထိုင်လိုက်၏။ နားထဲတွင်လည်း ဗုံတိုတီးသကဲ့သို့သော တဗုန်းဗုန်းအသံများကို ကြားလိုက်ရာ "ဘာသံပါလိမ့်" ဟုတွေးပြီး လှမ်းမျှော်ကြည့်ရာ ညအမှောင်ထဲတွင် ရွေ့လျားလာ





သော မီးလုံးပေါင်းများစွာကို မြင်လိုက်ရသည်တွင် တစ္ဆေသူရဲများ ရွေ့လျားလာသည်ဟု ထင်မှတ်ကာ ရွာမှနတ်ဆရာပေးထားသော လည်ပင်းမှ အဆောင်လက်ဖွဲ့ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်မိသည်။

သို့သော် မြင်ကွင်းက တဖြည်းဖြည်း နီးကပ်လာပြီး ရာချီသော ဝံပုလွေအုပ်ကြီးမှန်း သိလိုက်ရသည်တွင် ကြက်သေသေသွားပြီးနောက် လင့်စင်ပေါ်တွင် ဇက်ကိုပုကာ ဝပ်နေလိုက်ပြီး တဆတ်ဆတ်တုန်နေသော ဒူးကိုလက်ဖြင့် မရမက ဖိထားနေရ၏။

ဝံပုလွေအုပ်ကြီး ကျော်သွားသောအခါမှ လင့်စင်အောက်သို့ ခေါင်းပြူကြည့်လိုက်ရာ လူတစ်ယောက်မှာ မြင်းနက်ကြီးစီး၍ ဝံပုလွေအုပ်နောက်မှ လိုက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ လောင်းကုတ်အနက်ကြီးကို ဝတ်ဆင်ထားပြီး မေးရိုးကားကားမျက်နှာသေကြီးနှင့် ဖြစ်၏။ လင့်စင်အနီးရောက်သည်တွင် မြင်းပေါ်မှလူက လင့်စင်ပေါ် တစ်ချက်မော့ကြည့်လိုက်ရာ အစောင့်ရွာသားမှာ ချက်ချင်းခေါင်းကို ပြန်ငုံ့လျက် . . .

"တစ္ဆေထိန်းကြီးက နောက်မှာကိုးဟ"

ဟုတွေးကာ ဒူးများတဆတ်ဆတ်တုန်ရုံသာမက သေးများပါ တပြန်းပြန်း ထွက်ကျလာတော့သည်။

အတန်ကြာမှ သတိပြန်ဝင်လာပြီး အချက်ပေးအုန်းမောင်းကိုခေါက်ရန် တုတ်ကို လှမ်းယူလိုက်လေသည်။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## အခန်း (၁၇)

ကျွန်ုပ်တို့အဖွဲ့သည် ရွာလူကြီးအိမ်တွင် အိပ်စက်နေကြရာမှ ညဉ့်သန်းခေါင်ယံလွန်သည့်အချိန်တွင် အဆက်မပြတ် ထွက်ပေါ်လာသော အုန်းမောင်းခေါက်သံကြောင့် လန့်နိုးသွားကြ၏။ တစ်ဆက်တည်း ထွက်ပေါ်လာသည့် အသံများမှာ ရွာထိပ်ဘက်ဆီမှ အော်ဟစ်ငေါက်ငမ်းသံ၊ မာန်ဖီသံတို့ ဖြစ်၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် သစ်လုံးအိမ်ကြမ်းပြင်နားကပ်၍ နားစွင့်လိုက်ပြီး ဆတ်ကနဲထကာ ၎င်း၏သက္ကလပ်အိတ်ကို ပြေးဆွဲလိုက်ပြီး . . .

"ကိုမျိုးမြတ်နဲ့ ကိုသိဒ္ဓိတို့ အမြန်ပြင်ကြတော့ဗျို့၊ အန္တရာယ်ကောင်တွေ ရောက်လာပြီ"

ဟုပြောပြီး ဦးထုပ်ဝိုင်းကို ကောက်စွပ်လိုက်၏။ တစ်ပြိုင်တည်းပင် အိတ်ထဲမှ ကြိုးထုံးလေးနှစ်ထုံး,ထုံးထားသော ကြိုးရှည်ကို





ဖြေလိုက်ရာ ကြာပွတ်ရှည်တစ်ချောင်း ဖြစ်သွား၏။ အနှောင့်ရှိကွင်းကလေးတွင် ငွေခေါင်းလောင်းကလေး တပ်ဆင်လိုက်ပြီး ကြာပွတ်ထိပ်၌ ငွေစူးချွန်နှစ်ခုကို ချည်နှောင်လိုက်၏။

ထိုစဉ်မှာပဲ စံပယ်မြိုင်က ရွာထဲသို့ လက်ညှိုးညွှန်ပြီး . . .

"ရွာထဲမှာ မီးတွေ လောင်နေပြီ" ဟု အထိတ်တလန့်ပြော၏။ အသံများမှာ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်၏။ ထိုအခိုက်မှာပဲ အိမ်ဝိုင်းအနီးသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာသည့် ဝံပုလွေတစ်ကောင်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်တို့လည်း တအံ့တသြကြည့်လိုက်မိ၏။ လူကြီးခါးခန့်မြင့်သော ဝံပုလွေကောင်ကြီးဖြစ်၏။ မိတ်ဆွေကြီးထင်အောင်ကျော်က ဝံပုလွေကောင်ကြီး၏ နီရဲသော မျက်လုံးအစုံကိုကြည့်၍ . . .

"ဒီကောင်ကြီးကြည့်ရတာ တိုက်ဖို့ခိုက်ဖို့ သေသေချာချာ လေ့ကျင့်ထားတဲ့ ကောင်ကြီးဗျ၊ မျက်လုံးတွေမှာ အသိရှိတဲ့ အရိပ်အယောင်တွေ ထင်ဟပ်နေတယ်၊ ကိုမျိုးမြတ် . . . ဒီခြောက်လုံးပြူးနဲ့ ကျည်ဆံတွေ ယူထား၊ အရေးကြုံတာနဲ့ မညှာနဲ့နော်၊ တစ်ချက်လေး လစ်ဟာသွားတာနဲ့ ဝံပုလွေစာ ဖြစ်သွားလိမ့်မယ်"

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်ုပ်သည် ၎င်းအချိန်အထိ တည်တည်ငြိမ်ငြိမ် ရှိနေသေးသော်လည်း အချိန်တခဏအတွင်း ရောက်ရှိလာကြသည့် ဝံပုလွေအုပ်ကြီးကို မြင်ရစဉ်မှာတော့ ကျွန်ုပ်လည်း စံပယ်မြိုင်နှင့်အပြိုင် ကြောက်ရွံ့တုန်လှုပ်မိတော့၏။

ဝံပုလွေအုပ်ကြီးမှာ ကျွန်ုပ်တို့အိမ်ဝိုင်းကလေးကို ဝိုင်းထားပြီး စူးရဲသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို စိုက်ကြည့်နေကြ၏။ ရွာသားများမှာ သွေးပျက်ခြောက်ခြားကုန်ကြပြီး မိမိအိမ်ခေါင်းများ



www.burmeseclassi.com

www.burmeseclassi.com



ကို အလုံပိတ်ကာ ပုန်းအောင်းနေကြပြီ ဖြစ်၏။

ကျွန်ုပ်တို့လည်း ဝံပုလွေကောင်ကြီးများ၏ အရိပ်အခြေကို အကဲခတ်နေစဉ်မှာပဲ ၎င်းတိရစ္ဆာန်ကောင်ကြီးများ၏ နောက်ဘက် မလှမ်းမကမ်းတွင် မြင်းနက်ကြီးနှင့် လူတစ်ယောက်ကို သတိပြုမိလိုက်၏။ ထိုအခါ မိတ်ဆွေကြီးထင်အောင်ကျော်က မခိုးမခန့် ရယ်လိုက်ပြီး . . .

"အင်း . . . ကျုပ်ထင်တဲ့အတိုင်းပါပဲလား၊ ကျုပ်တို့ရဲ့ မိတ်ဆွေဟောင်းကြီးက ကျုပ်တို့ကို ဝံပုလွေကောင်တွေနဲ့ ကြိုဆိုလိုက်တာကိုး"

ဟုပြောလိုက်ရာ စံပယ်မြိုင်က ထိတ်လန့်တုန်လှုပ်သံလေးဖြင့် . . .

"ဒီတစ်ကြိမ်တော့ မြိုင်တို့ကို အသက်ရှင်ခွင့်ပေးလိမ့်မယ် မထင်ဘူး"

"မှန်ပါတယ်၊ ဒါပေမယ့် ချက်ချင်းတော့ သတ်ဖြတ်မှာ မဟုတ်ဘူး၊ ဖမ်းဆီးချုပ်နှောင်ပြီး ရတနာသိုက်ရှိတဲ့နေရာကို မေးပြီးမှ ကိစ္စတုံးစီရင်လိမ့်မယ်"

စံပယ်မြိုင်သည် ထိုမျှထိတ်လန့်တုန်လှုပ်ဖွယ် မြင်ကွင်းကို ရင်မဆိုင်ရဲစွာ တုန်လှုပ်ခြောက်ခြားလျက်ရှိရာ သိဒ္ဓိက သူမလက်ဖျားလေးကို ဆုပ်ကိုင်ပြီး အားပေးနှစ်သိမ့်လျက် ရှိ၏။

"မြိုင် . . . ကိုယ် မြိုင့်အနားမှာ အမြဲရှိတယ်၊ မကြောက်နဲ့နော်"

ထိုအချိန်မှာပဲ ရှေ့ဆုံးမှ ဝံပုလွေတစ်ကောင်က ခြံဝိုင်းထဲ ဝင်လာ၏။ ကျွန်ုပ်က ခြောက်လုံးပြူးကို တင်းတင်းဆုပ်ကိုင်လျက်က





ပစ်မှတ်ကို ချိန်ရွယ်လိုက်စဉ်မှာပဲ မိတ်ဆွေကြီးထင်အောင်ကျော်က ကပျာကယာ ဟန့်တားလိုက်၏။

"ဆန္ဒမစောနဲ့ ကိုမျိုးမြတ်၊ ကျုပ်တို့ဘက်က စပစ်လိုက်တာနဲ့ ဒီကောင်တွေ အုံနဲ့ကျင်းနဲ့ ဝင်လာလိမ့်မယ်၊ ဒီလိုလုပ်ဗျာ . . . ကိုမျိုးမြတ်၊ ခင်ဗျားက သားရေလွယ်ကြီးကို ရအောင်သယ်ယူခဲ့၊ ကိုသိဒ္ဓိကတော့ စံပယ်မြိုင်ကိုသာ ဘေးကင်းအောင် စောင့်ရှောက်ခဲ့ပါ၊ ကျုပ်ကတော့ ရိက္ခာတွေကို နိုင်သလောက် ကျောပိုးပြီး သယ်ခဲ့မယ်၊ ဖြစ်တဲ့နည်းနဲ့ ခြံညာဘက်ခြမ်းက ထွက်ကြမယ်"

မိတ်ဆွေကြီး၏ နည်းဗျူဟာမှာ လက်ရှိအခြေအနေအရ အကောင်းဆုံးဖြစ်သော်လည်း အဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်း လွန်စွာနည်း၏။ ထိုသို့တွေးမိစဉ်မှာပဲ ရှေ့ဆုံးမှ ဝံပုလွေကြီးသည် လှေကားအတိုင်း တက်လာနေပြီဖြစ်ရာ ထိုအချိန်မှာတော့ ကျွန်ုပ်လည်း တွေဝေတုန့်ဆိုင်းမနေဘဲ သေနတ်ဖြင့် ချိန်ရွယ်လိုက်ရာ သိဒ္ဓိက ကပျာကယာ ဟန့်တားလိုက်ပြီး . . .

"နေ . . . နေ . . . ကိုမျိုးမြတ်၊ ကျည်ဆန်က တန်ဖိုးရှိပါတယ်၊ ဒီကောင်ကြီး တက်လာပါစေ၊ ကျွန်တော်ရှင်းမယ်"

ဟုပြောပြီး ဓါးကို လက်တွင် ဆကာ,ဆကာဖြင့် ရှေ့ထွက်သွား၏။ ဝံပုလွေအုပ်နောက် အတော်လှမ်းလှမ်းတွင် ရှိနေသော လောင်းကုတ်နက်ပုဂ္ဂိုလ်ကြီးက ပါးစပ်မှ အသံတစ်မျိုးလှမ်းအော်လိုက်ရာ ကျွန်ုပ်တို့ရှေ့မှ ဝံပုလွေကြီးက ရုတ်တရက် မာန်ဖီလျက် ဝုန်းကနဲ ခုန်အုပ်လေ၏။ ၎င်းထက်ပို၍ မြန်သည်မှာ သိဒ္ဓိ၏ဓါးချက်ဖြစ်၏။

မြန်သည်။ တိကျသည်။ လည်မျိုသို့ တိတိပပ ကျရောက်



www.burmeseclassi.com

www.burmeseclassi.com



သွားပြီး ခေါင်းနှင့်ကိုယ် အိုးစားကွဲသွား၏။ ဝံပုလွေအုပ်ကြီးမှာ လှုပ်လှုပ်ရွရွဖြင့် မာန်ဖီကာ ဒေါသထွက်လာပုံရ၏။ အဝေးမှ လောင်းကုတ်နက်ဆီမှ စောစောကလိုပင် အသံတစ်မျိုးထွက်ပေါ် လာပြန်၏။

ထိုအခါ ဝံပုလွေများသည် တဖြည်းဖြည်းချင်း ရှေ့တိုးလာကြ၏။ စက်ဝိုင်းကို တဖြည်းဖြည်းချင်း ကျုံ့လိုက်သလို ရှေ့တိုးလာခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ၎င်းသတ္တဝါကြီးများစွာကို ထိုမျှသေဝပ်အောင် လေ့ကျင့်ပေးထားနိုင်သည်ကို အံ့သြချီးကျူးမိ၏။ ကျွန်ုပ်စိတ်ထဲ၌လည်း အသက်နှင့်ခန္ဓာမြဲလျက် ဤအိမ်ဝိုင်းထဲမှ ထွက်နိုင်ပါတော့မလားဟု စိုးရိမ်လိုက်မိသည်။

မိတ်ဆွေကြီးထင်အောင်ကျော်က တည်တည်ငြိမ်ငြိမ် အမူအရာဖြင့်ပင် . . .

"ကဲ . . . ဒီကောင်တွေ လာချင်သလို လာကြပါစေ၊ ကျုပ်တို့လမ်းကြောင်းအတိုင်း သွားကြမယ်"

ဟုပြောပြီး ရိက္ခာထုပ်နှင့် ရှေ့ဆုံးမှ ဆင်းသွား၏။ ကျွန်ုပ်လည်း တာဝန်ယူထားသည့်အတိုင်း ယက်သားလှေကြီးကို ကောက်ထမ်းလိုက်၏။ သိဒ္ဓိက စံပယ်မြိုင်ကိုလက်ဆွဲကာ ထွက်ခွာသွား၏။ ကျွန်ုပ်တို့သည် ခြံဝန်းနောက်ဘက်ခြမ်းသို့ ခပ်အေးအေးပင် လျှောက်လှမ်းသွားရာ ကိုက်နှစ်ဆယ်ခန့်သို့ အရောက်မှာပဲ အနီးဆုံးရှိနေသည့် ဝံပုလွေကြီးနှစ်ကောင်က မာန်ဖီလျက် မိတ်ဆွေကြီးထင်အောင်ကျော်ထံ ခုန်ဝင်လာ၏။

မိတ်ဆွေကြီးက ထိုသို့ဖြစ်လာမည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်ရာ ကြာပွတ်ကို လေမှာရမ်းပြီး ရွှမ်းခနဲ ရိုက်ချလိုက်၏။





တစ်ကောင်မှာ ပိုင်ပိုင်နိုင်နိုင်ထိသွားပြီး နောက်တစ်ကောင်ကတော့ ထိပ်ဖျားရှိ ငွေစူးချွန်ကလေးနှင့် ထိုးမိသွား၏။ နှစ်ကောင်လုံး ဝုန်းကနဲ ပြုတ်ကျကာ လူးလဲထလိုက်ရ၏။

ထိုအခိုက် ဘေးဘက်မှ နောက်တစ်ကောင် ထပ်ခုန်ဝင်လာသဖြင့် သိဒ္ဓိက ဓါးဖြင့်ပင့်၍ ထိုးချလိုက်ရာ အသံမျှပင်မထွက်ဘဲ ဇိဝိန်ချုပ်သွားတော့၏။ လောင်းကုတ်နက်ကြီး၏အသံက ဆင့်ကဲထွက်ပေါ်လာရာ ဝံပုလွေများမှာလည်း ပိုမိုလျင်မြန်စွာ ချဉ်းကပ်လာကြ၏။

မိတ်ဆွေကြီးထင်အောင်ကျော်က ရှေ့မှဦးဆောင်ပြီး ကြာပွတ်ကို ရွှမ်းခနဲရိုက်လျက် ဟန့်တားနိုင်၍သာ တော်တော့၏။ အံ့သြစရာကောင်းသည်မှာ ကြာပွတ်လှုပ်ရှားလိုက်တိုင်း ငွေခေါင်းလောင်းလေး၏ တချွင်ချွင်ထွက်ပေါ်လာသော အသံဖြစ်သည်။

မည်သည့်သဘောကြောင့်ဟူ၍ ကျွန်ုပ်မစဉ်းစားတတ်ပေ။ ၎င်းခေါင်းလောင်းသံကြားသည်နှင့် ဝံပုလွေများမှာ အမြီးကုပ်လျက် နောက်သို့ရှဲသွားကြခြင်း ဖြစ်၏။ ကျွန်ုပ်တို့လည်း ၎င်းတို့ရှဲသွားသည့် လမ်းကြောင်းအတိုင်း ရှေ့သို့ဆက်သွားကြ၏။

လောင်းကုတ်နက်ကြီးနှင့် ဝံနက်ခေါင်းဆောင်ကြီးသည် လွန်စွာမချင့်မရဲ ဖြစ်နေပုံရ၏။ ၎င်း၏အမိန့်ပေးသံများက မပြတ်ထွက်ပေါ်လျက်ရှိပြီး အခြားသော ဝံပုလွေများလည်း ၎င်းအသံကြောင့် ဝင်ရောက်တိုက်ခိုက်ရန် ချဉ်းကပ်လာကြ၏။

မိတ်ဆွေကြီးက ကြာပွတ်နှင့် ရိုက်၏။ သိဒ္ဓိက ဓါးဖြင့်ခုတ်၏။ ကျွန်ုပ်က အကောင်ကြီးများကိုရွေးပြီး သေနတ်ဖြင့်တစ်ချက်တစ်ကောင်ပစ်၏။



www.burmeseclassi.com

www.burmeseclassi.com



ငွေခေါင်းလောင်းသံကြောင့် အမြီးကုပ်သည့်အကောင်များ၊ ခေါင်းဆောင်ကြီးအမိန့်ပေးလိုက်တိုင်း ခုန်ဝင်လာသော အကောင်များ၊ ကြာပွတ်ဒဏ်ကြောင့် လူးလိမ့်နေသော အကောင်များကြားတွင် ဝံပုလွေကောင်များမှာ သေနတ်ဒဏ်၊ ဓါးဒဏ်ကြောင့် အလူးအလိမ့် ကျဆုံးကုန်ကြ၏။

ကျွန်ုပ်တို့ဘက်မှာလည်း မိတ်ဆွေကြီးထင်အောင်ကျော်၏ ထမ်းပိုးထားသော ရိက္ခာအိတ်မှာ ပြုတ်ကျသွားပြီဖြစ်၏။ သိဒ္ဓိမှာလည်း ဝံပုလွေကုပ်ချက်များကို ငါးချက်ထက်မနည်း ခံလိုက်ရသဖြင့် အကျီကို ချွတ်ထားလိုက်၏။ ကျွန်ုပ်တစ်ကိုယ်လုံးမှာလည်း ဝံပုလွေသွေးများနှင့် ရဲရဲနီနေပြီး သရဲသဘက်တစ်ကောင်လို ဖြစ်နေ၏။

မြစ်ကိုလှမ်းမြင်နေရပြီဖြစ်၍ ကျွန်ုပ်လည်း လှေကို အသေအလဲကာကွယ်နေရ၏။ အားလုံးမှာလည်း တဖြည်းဖြည်း လက်ပန်းကျလာပြီဖြစ်ရာ ကျွန်ုပ်တို့အဖို့ အဓိကအားထားရာမှာ မိတ်ဆွေကြီးကြာပွတ်အနှောင့်မှ ငွေခေါင်းလောင်းသံပင် ဖြစ်၏။

ခေါင်းဆောင်ကြီးသည် ကျွန်ုပ်တို့ အညံ့ခံလာမည့်အချိန်ကို အေးဆေးစွာ စောင့်ကြည့်ရင်း ဝံပုလွေများကို လိုသလိုအမိန့်ပေးလျက် ရှိ၏။ ကျွန်ုပ်သည် ၎င်းအား သေနတ်ဖြင့် လှမ်းပစ်လိုသော်လည်း အတော်ဝေးကွာနေသဖြင့် စိတ်လျှော့ထားရ၏။

နောက်ဆုံးလက်ကျန် ကျည်သုံးတောင့်ကို ဖြည့်လိုက်ပြီး ဝံပုလွေအုပ်ကြီးကိုကြည့်ရင်း စိတ်ကိုတင်းလိုက်၏။ ထိုအခိုက်မှာပဲ သိဒ္ဓိတို့စုံတွဲထံသို့ ဝံပုလွေကြီးတစ်ကောင် ခုန်ဝင်လာသဖြင့် ကျွန်ုပ်လည်း အလျင်အမြန် မောင်းဖြုတ်လိုက်၏။ ပြီးနောက် နောက်တစ်ကောင် . . . နောက်တစ်ကောင် . . .။





"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ချောက် . . . ချောက်"

ကျည်ကုန်လေပြီ။ တင်းထားသည့် စိတ်ဓါတ်များလည်း ခံနိုင်စွမ်းမဲ့သလို ကျပြီ။ ဝံပုလွေများက ကျွန်ုပ်တို့ထံ အလုံးအရင်းနှင့် တိုးဝင်ရန် မာန်ဖီနေလေပြီ။ သို့သော် အခြေအနေက လက်မတင်ကလေး ကယ်တင်လိုက်ခြင်းဖြစ်၏။

ရွာတောင်ပိုင်းဆီမှ အသော့နှင်လာသော မြင်းတစ်စီး ရောက်ရှိလာ၏။ မြင်းပေါ်မှလူကို ကြည့်လိုက်ရာ ဝတ်စုံနက်တစ်ဦး ဖြစ်နေ၍ ကျွန်ုပ်လည်း လွန်စွာစိတ်ပျက်သွား၏။ ကျွန်ုပ်တို့ကြည့်နေစဉ်မှာပဲ ထိုသူသည် ခေါင်းဆောင်ကြီးထံသို့မသွားဘဲ ကျွန်ုပ်တို့ဆီသို့ ဦးတည်လာနေသဖြင့် ကျွန်ုပ်လည်း စဉ်းစားမရအောင် ဖြစ်သွား၏။

ထိုသူသည် ရင်ညွန့်ခန့်အမြင့်ရှိသည့် မီးလောင်နေသော ခြံစည်းရိုးများကို လွှားခနဲဖြတ်ကျော်ကာ ကျွန်ုပ်တို့အနီးရောက်ရှိလာလေ၏။ ထိုအခါ ကျွန်ုပ်လည်း ယောင်ရမ်းပြီး သေနတ်ဖြင့် လှမ်းချိန်လိုက်ရာ မိတ်ဆွေကြီးထင်အောင်ကျော်က ချိန်ရွယ်လိုက်သည့် ကျွန်ုပ်လက်ကို ဟန့်တားလိုက်ပြီး . . .

"နေဦး . . . ကိုမျိုးမြတ်"

ထိုသို့ပြောလိုက်မှ ကျွန်ုပ်သေနတ်တွင် ကျည်မရှိတော့မှန်း သတိပြုမိလိုက်၏။ မြင်းစီးသမားသည် အချင်းနှစ်လက်မခန့်ရှိသည့် မီးတိုင်ကိုမြှောက်၍ဝင်လာရာ ဝံပုလွေများမှာ ၎င်းမီးတိုင်ကြောင့် ဘေးသို့ရှဲကာ ငြိမ်ကုပ်သွားကြ၏။

မြင်ကွင်းမှာ လွန်စွာကြည့်ကောင်းလှသဖြင့် ကျွန်ုပ်လည်း ထိုသူကို အသေအချာကြည့်လိုက်ရာ ရုတ်ချည်းပင် ဝတ်ရုံအောက်မှ



www.burmeseclassi.com

www.burmeseclassi.com



မျက်နှာကို သတိထားမိသွား၏။

"ဟင် . . . မြကြာဖြူ . . ."

ကျွန်ုပ်သည် တဒင်္ဂ ကြက်သေ,သေသွား၏။ မြင်းစီးသမားမှာ ရွှေဂုံတိုင်ရပ် လျှိုကြီးထဲတွင် မိတ်ဆွေကြီးထင်အောင်ကျော်ကို ဝံပုလွေလက်သည်းဖြင့် ထိုးခဲ့သူ၊ သူမမျက်နှာဖုံးဇာပုဝါဖြင့် ဒဏ်ရာကို စည်းနှောင်ပေးခဲ့သည့် မြကြာဖြူဟူသော မိန်းချောလေးပင်ဖြစ်၏။ အမြဲတည်ငြိမ်အေးဆေးလျက်ရှိသည့် မိတ်ဆွေကြီးပင် မတိုးမကျယ်လေသံဖြင့် . . .

"မြကြာဖြူ . . ."

ဟု လှမ်းခေါ်လိုက်၏။ သူမရင်အစုံမှာ အဝေးမှ ခရီးပြင်းနှင်လာ၍ နိမ့်တုံမြင့်တုံဖြစ်လျက် မောဟိုက်နေသော်လည်း မိတ်ဆွေကြီးလှမ်းခေါ်လိုက်သည့် ၎င်းတစ်ခွန်းနှင့်ပင် အမောပြေသွားပုံရ၏။ သူမသည် မည်သည့်စကားမှမဆိုဘဲ မိတ်ဆွေကြီးကို မျက်လုံးရွဲကြီးများဖြင့်ကြည့်ရင်း မြင်းပေါ်မှဆင်းလာ၏။ ဝံပုလွေများမှာ ခေါင်းဆောင်ကြီးထံမှ အမိန့်သံထွက်ပေါ်မလာသဖြင့် ငြိမ်ကုပ်နေကြ၏။ မြကြာဖြူသည် မီးတိုင်ကို တစ်ချက်မြှောက်လိုက်ပြီး . . .

"ရှင်တို့တွေ . . . ကျွန်မနောက်က လိုက်ခဲ့ကြ"

ဟုဆိုကာ ရှေ့မှနေ၍ မြစ်ဘက်သို့ လျှောက်သွားလေ၏။

ထိုအခါ ဝံနက်ခေါင်းဆောင်ကြီးသည် မြင်းကို ဒုန်းစိုင်းနှင်လျက် အလျင်အမြန် ရောက်ရှိလာပြီး ဒေါသတကြီး အမူအရာဖြင့် . . .

"ကြာဖြူ . . . နင်ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ၊ ဂိုဏ်းရဲ့ သစ္စာစူးရင် ဘယ်လိုဖြစ်မယ်ဆိုတာ နင်မသိဘူးလား၊ လာ . . . ငါနဲ့ ပြန်လိုက်ခဲ့၊ ဒီကောင်တွေ ခြေကုန်လက်ပန်းကျနေပြီ၊ ခဏနေရင်





ငါတို့ အသာဖမ်းသွားရုံပဲ၊ နင် ဝင်မရှုပ်စမ်းနဲ့"

"ဒီကိစ္စက ကျွန်မဆုံးဖြတ်ချက်နဲ့ ကျွန်မလုပ်တာ၊ ရှင့်ခွေးတွေ ရှင်ခေါ်ပြီး ပြန်တော့၊ နို့မဟုတ်ရင် ကျွန်မတစ်ကောင်ချင်း ရိုက်သတ်ရလိမ့်မယ်"

"နင်က ငါ့ကို ဘာမဟုတ်တဲ့ အကောင်တွေအားကိုးနဲ့ ဆန့်ကျင်တယ်ပေါ့လေ၊ အေး . . . ငါဘယ်လိုကောင်လည်းဆိုတာ တွေ့ကြသေးတာပေါ့"

ဟုကြိမ်းမောင်းပြောဆိုပြီး ဝံပုလွေကောင်ကြီးများကို ယခင်ကအတိုင်း အမိန့်ပေးလိုက်၏။ အငြိမ်းကုပ်လျက်ရှိကြသည့် ဝံပုလွေကောင်များမှာ အမိန့်သံကို မလွန်ဆန်ဝံ့တော့ဘဲ ကျွန်ုပ်တို့အား မာန်ဖီတိုက်ခိုက်ရန် ဟန်ပြင်တော့၏။ မြကြာဖြူက ရှေ့တိုးလာသော ဝံပုလွေများကိုကြည့်၍ ဟက်ကနဲ ရယ်လိုက်ပြီး မဲ့ပြုံးပြုံးကာ မိတ်ဆွေကြီးထင်အောင်ကျော်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး . . .

"အစ်ကို . . . အစ်ကို့မိတ်ဆွေဆီက ဓါးရှည်ခဏငှားပေးပါလား"

မြကြာဖြူသည် မည်သို့ပင် တင်းမာသည့် သဘောထားမျိုးရှိသော်လည်း မိတ်ဆွေကြီးထင်အောင်ကျော်နှင့် ဆက်ဆံပြောဆိုရမှာတော့ နူးညံ့ညင်သာလှပေ၏။ မိတ်ဆွေကြီးကလည်း သိဒ္ဓိထံမှ ဓါးရှည်ကိုယူ၍ ပေးလိုက်ရာ သူမက ၎င်းဓါးရှည်နှင့် သူမ မီးတိုင်ကို ရိုက်ခတ်လိုက်၏။

ထိုအခါ လွန်စွာစူးရှပြီး ထူးဆန်းသော အသံတစ်မျိုးထွက်ပေါ်လာ၏။

"တောင်း . . . ထောင်း . . . ထောင်း" ဟူသည့် အသံမျိုး



www.burmeseclassi.com

www.burmeseclassi.com



ဟု အနီးစပ်ဆုံး ပြောရမည်ထင်၏။ အခြားသူများတော့ မည်သို့ရှိမည်မသိသော်လည်း ကျွန်ုပ်မှာတော့ ၄င်းအသံက ကျွန်ုပ်နှလုံးအိမ်ကို ထုတ်ချင်းခတ်ဖောက်ဝင်သွားသကဲ့သို့ ခံစားရ၏။

ထိုအသံကြောင့် ဝံပုလွေများသည် တအီအီနှင့် ငြီးတွားကာ ရှေ့ခြေနှစ်ချောင်းကိုဆန့်လျက် မြေတွင် ဝပ်တွားကြကုန်၏။ ခေါင်းဆောင်ကြီးသည် အပြင်းအထန် ဒေါသထွက်လျက် မြင်းပေါ်သို့ လွှားခနဲခုန်တက်ကာ မီးတောက်မတတ် မျက်ဝန်းများဖြင့် မြကြာဖြူကို တစ်ချက်ကြည့်လျက် တောက်တစ်ချက်ခေါက်ကာ မြင်းကို ဒုန်းစိုင်းထွက်ခွာသွား၏။

ခပ်လှမ်းလှမ်းသို့ရောက်သည်နှင့် စူးရှသော လေချွန်သံတစ်ချက်ထွက်ပေါ်လာရာ ၄င်းအသံမှာ ဝံပုလွေများကို ၄င်းနောက်လိုက်လာရန် အမိန့်ပေးလိုက်ခြင်း ဖြစ်၏။ ဝံပုလွေများမှာ လွတ်လပ်ခွင့်ရသွားသည့်အတွက် လွန်စွာကျေနပ်မြူးတူးသွားကြပြီး သူ့ထက်ငါ အလုအယက် ထွက်ခွာသွားကြ၏။

ကျွန်ုပ်တို့သည် တဖြည်းဖြည်း ဝေးကွာသွားသော ဝံပုလွေအုပ်ကြီးကို ငေးကြည့်ရင်း ပင့်သက်ရှိုက်မိကြ၏။ ထိုအခိုက်မှာပဲ မိတ်ဆွေကြီးထင်အောင်ကျော်က သူ၏မူလအစီအစဉ်အတိုင်း . .

“ကဲ . . . ကျုပ်တို့ ခရီးစဉ်မြစ်ကြောင်းအတိုင်း အမြန်ဆုံးဆန်တက်ကြစို့၊ ခဏကြာရင် ရွာသွားတွေနဲ့ နတ်ဆရာပေါင်းပြီး ကျုပ်တို့ကြောင့် သူတို့ရွာ ပျက်ရတယ်ဆိုပြီး ရန်ရှာကြလိမ့်မယ်”

ဟုပြောလိုက်ရာ ထိုအခါမှ ကျွန်ုပ်တို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ ကျွန်ုပ်သည် လှေကြီးကို ကောက်ထမ်းလိုက်ပြီး မြစ်ကမ်းဆီသို့ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့၏။





အသီးသီး ထွက်ခွာသွားကြသော်လည်း မတုန်မလှုပ်ကျောက်ရုပ်လို ကျန်ခဲ့သူမှာ မိတ်ဆွေကြီးထင်အောင်ကျော်နှင့် ဝံနက်ဂိုဏ်းသူ မိန်းမချောလေးဖြစ်၏။ တစ်ဦးကိုတစ်ဦး ကြည့်နေကြသည့် မျက်ဝန်းတွေက တစ်ဦး၏ရင်ထဲသို့တိုင် ထိုးဖောက်မတတ်စူးရှလှပေ၏။ သူတို့သည် အကြည့်များဖြင့် စကားလုံးများကို ပုံဖော်နေကြသည်ထင်၏။

အတန်ကြာမှ ဝံနက်ဂိုဏ်းသူလေးက တိုးဖျော့သည့် လေသံဖြင့် . . .

“အစ်ကို . . . ကြာဖြူ သွားတော့မယ်နော်၊ အစ်ကိုလည်းသွားတော့လေ၊ ဟိုမှာ အစ်ကို့မိတ်ဆွေတွေ မြစ်ကမ်းနဖူးကို ရောက်နေကြပြီ”

ကျောက်ရုပ်ပမာ တောင့်တောင့်ကြီးရပ်နေသော မိတ်ဆွေကြီးသည် ရုတ်ချည်းပင် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ တွေတွေငေးငေးအကြည့်ဖြင့် မိန်းမချောလေးကို တုန့်ပြန်ကြည့်ရင်း . . .

“ဟို . . . ကြာ . . . ကြာဖြူကရော ဘယ်သွားမလို့လဲ၊ အစ်ကိုတို့ကြောင့် ကြာဖြူရင်ဆိုင်ရမယ့် ပြဿနာက ဘယ်လောက်ကြီးမားတယ်ဆိုတာ အစ်ကို့ထက် ကြာဖြူက ပိုသိမှာပါ၊ ကိုယ်အလေးအနက် တောင်းဆိုပါတယ် ကြာဖြူ အစ်ကိုတို့နဲ့ တစ်ခါတည်းလိုက်ခဲ့ပါတော့”

ထိုစကားကို ကျွန်ုပ်လည်း ကြားလိုက်ရသဖြင့် ၄င်းတို့အနီးသို့ လျှောက်သွားပြီး မိတ်ဆွေကြီး၏စကားကို ထောက်ခံပြောဆိုလိုက်ရာ နောက်ဆုံးတွင် မြကြာဖြူလည်း ငိုချင်ရဲ့လက်တို့ဆိုသလို ကျွန်ုပ်တို့နှင့် သက်ဆုံးတိုင်ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်ကြတော့၏။



www.burmeseclassi.com

www.burmeseclassi.com



ဖြဟ္မပုတ္တာမြစ်ကို ဆန်၍တက်လျက်ရှိရာမှ အရှေ့ဘက်ဆီမှ ရောင်နီထွက်ပေါ်လာသဖြင့် ဝန်းကျင်တခွင်လုံး တဖြည်းဖြည်း လင်းရောင်သန်းလာ၏။ ထို့နောက် ကျွန်ုပ်တို့လည်း ခရီးတစ်ထောက် နားရန် ဆုံးဖြတ်ပြီး ကမ်းကပ်ကာ ရိက္ခာခြောက်များကို ချက်ပြုတ် စားသောက်ကြ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့လူစုသည် နေ့ဘက်တွင် ကုန်းပေါ်တက် ကာ ပုန်းအောင်းရင်း အနားယူကြပြီး ညဘက်ရောက်မှ မြစ်ကြောင်း အတိုင်း ခရီးဆက်ကြ၏။ ရိက္ခာခြောက်များ ကုန်သောအခါ ရိက္ခာ ရှာဖွေရေးအတွက် ကျွန်ုပ်နှင့် ဒေါက်တာထင်အောင်ကျော်က တာဝန် ယူဆောင်ရွက်၏။ ကျွန်ုပ်တို့နှစ်ဦးသည် ငါးများဖမ်းခြင်း၊ ယုန် ထောင်ခြင်းတို့ဖြင့် ရိက္ခာဖြည့်ဆည်းပေး၏။

ကျွန်ုပ်တို့၏ခရီးမှာ ကြာညောင်းလာသလို ခရီးလမ်းကြမ်း တမ်းသည်ကတစ်ကြောင်း၊ ဆိုင်ပန်ရွာတွင် ကြုံခဲ့ရသည့် ဝံပုလွေ များနှင့် အသက်လုပွဲကြောင့်တစ်ကြောင်း စံပယ်မြိုင်မှာ နာမကျန်း ဖြစ်လျက်ရှိ၏။ သိဒ္ဓိက အချိန်ပြည့် စောင့်ရှောက်အားပေးကာ ပြုစုနေသည့်ကြားကပင် စံပယ်မြိုင်မှာ ဖျော့တော့လာလေ၏။

တမနက်တွင် ကျွန်ုပ်တို့နှစ်ဦးသည် ထုံးစံအတိုင်း ရိက္ခာ အရှာထွက်ခဲ့ကြရာ လှေကို ကမ်းတင်ထားပြီး တောအုပ်အတွင်း ဝင်ခဲ့ကြ၏။ တစ်နေရာသို့အရောက်တွင် အဝေးမှ မြင်းခွာသံများကို ကြားလိုက်ရသဖြင့် အမြဲပင် ဖျတ်လတ်နိုးကြားစမြဲဖြစ်သည့် မိတ် ဆွေကြီးထင်အောင်ကျော်က . . .

"ကိုမျိုးမြတ်ရေ . . . အမြန် . . . အမြန်" ဟု အလော တကြီး ခေါ်လိုက်သဖြင့် ကျွန်ုပ်လည်း နားမလည်နိုင်ဖြစ်သွားပြီး-





"ဒီလောက်စိုးရိမ်ဖို့ မလိုဘူးထင်ပါတယ်ဗျာ"

"ဒီနေရာမှာ အန္တရာယ်ဆိုတာ အချိန်မရွေး ကျရောက် နိုင်တယ်ဗျ၊ ကိုယ်က လက်ဦးမှုရှိနေဖို့ အရေးကြီးတယ်၊ ကျုပ်အထင် ပြောရရင် မြင်း (၁၀) ကောင်ထက်မနည်း ရှိလိမ့်မယ်၊ ပြီးတော့ ဝံနက်ဂိုဏ်းသားတွေ ဖြစ်ဖို့များတယ်၊ လာဗျို့ . . . ရှေ့က အပင် ကြီးပေါ် အမြန်တက်ရအောင်"

ဟုပြောပြီးသည်နှင့် မိတ်ဆွေကြီးက သစ်ပင်အောက်သွား ပြီး သူ၏ကြာပွတ်ဖြင့် အနိမ့်ဆုံးအကိုင်းကို လွှဲပတ်၍ ခိုတက်သွား ၏။ ပြီးနောက် ကျွန်ုပ်လည်း ၎င်းကဲ့သို့ တက်လိုက်၏။ ကျွန်ုပ်တို့ နှစ်ဦးသည် အပင်ထိပ်ဖျားဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် ခိုတွယ်တက် သွားကြ၏။ အပင်ထိပ်ဖျားရောက်၍ မကြာမီမှာပဲ မြင်းစီးသမား တစ်အုပ်သည် အပင်အောက်မှ ဖြတ်သွားလေရာ ကျွန်ုပ်တို့လည်း အပေါ်စီးမှ အသေအချာ ကြည့်ရှုလိုက်ကြ၏။

"ဟိုက် . . . ကိုထင်အောင်ကျော်၊ ခင်ဗျားတွေးဆချက်က ကွက်တိပါလား၊ ကြည့်ပါဦး . . . ဝတ်ရုံနက်ကြီး ခြုံထားတာ ဝံနက် ဂိုဏ်းချုပ်ကြီးပဲ"

"ဒါတင်ဘယ်ကမလဲ၊ ဆိုင်ပန်ရွာမှာ ကျုပ်တို့ကို ဝံပုလွေ တွေနဲ့ ရှုးတိုက်တဲ့ လောင်းကုတ်နက်ကြီးလည်း ပါတယ်လေဗျာ"

"ဟုတ်ပ့ါ . . . ဟာ . . ."

ကျွန်ုပ်သည် ထိုအခိုက်မှာပဲ တစ်စုံတစ်ခုကို အပိုင်သိရှိ လိုက်သဖြင့် အထိတ်တလန့်ဖြစ်သွားပြီး မိတ်ဆွေကြီးထင်အောင် ကျော်ကို ကြည့်လိုက်ရာ ရုတ်ချည်းပြောင်းလဲသွားသည့် မျက်နှာ အမူအရာက ၎င်းလည်း ကျွန်ုပ်ကဲ့သို့ပင် တွေးမိလိုက်ပြီဖြစ်ကြောင်း



www.burmeseclassi.com

www.burmeseclassi.com



ကျွန်ုပ်သိရှိလိုက်၏။ ထိုသူတို့ ဦးတည်သွားသည်မှာ ကျွန်ုပ်တို့စခန်းရှိရာသို့ ဖြစ်၏။ ကျွန်ုပ်မှာ ရုတ်တရက် မကြံတတ်အောင်ဖြစ်နေစဉ် မိတ်ဆွေကြီးထင်အောင်ကျော်က စိတ်မြန်လက်မြန် ဆုံးဖြတ်လိုက်ပြီး . . .

"ကျုပ်တို့ နောက်ကနေ အမြန်လိုက်သွားမှ ဖြစ်မယ်"

ဟုပြောပြီး သစ်ပင်ပေါ်မှ အလျင်အမြန်ဆင်း၏။ ကျွန်ုပ်မှာ ၎င်းကို မနည်းမီအောင် လိုက်နေရ၏။ သစ်ပင်အောက်ရောက်ပြန်တော့လည်း လွန်စွာပေါ့ပါးသွက်လက်သည့် ခြေလှမ်းများဖြင့် ခြုံနွယ်ပိတ်ပေါင်းများကို ဖြတ်ကျော်ကာ ပြေးလေရာ ကျွန်ုပ်လည်း ၎င်းနောက်သို့ ကသောကမျော ပြေးလိုက်ရတော့၏။

* * * *



## အခန်း (၁၈)

ကျွန်ုပ်တို့နှစ်ဦးသည် စခန်းသို့ မောပန်းကြီးစွာ ရောက်ရှိသွားသော်လည်း မြင်လိုက်ရသည့် မြင်ကွင်းက ကျွန်ုပ်တို့အား အမောဆို့သွားအောင် ဆီးကြိုလိုက်သလို ဖြစ်နေ၏။ ဝံနက်ဂိုဏ်းချုပ်ကြီး ဦးဆောင်သည့်အဖွဲ့သည် သိဒ္ဓိ၊ စံပယ်မြိုင်နှင့် မြကြာဖြူတို့ကို ဝိုင်းရံထားကြ၏။ ကျွန်ုပ်တို့နှစ်ဦးမှာ ထိုအခြေအနေကို ခပ်လှမ်းလှမ်းရှိ ခြုံတစ်ခုအတွင်းမှ စောင့်ကြည့်နေလိုက်၏။

မြကြာဖြူမှာ ထိုမျှဆိုးဝါးသည့် အခြေအနေနှင့် ရင်ဆိုင်နေရသော်ငြား တစ်ချက်ကလေးမှ မျက်နှာမပျက်ဘဲ ကျန်းမာရေးမကောင်းသည့် စံပယ်မြိုင်ကို ဖေးမတွဲယူလျက် ကျန်လက်တစ်ဖက်ဖြင့် ဓါးရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။ ဝံနက်ဂိုဏ်းချုပ်ကြီးက အက်ကွဲခြောက်သွေ့သည့် ရယ်သံဖြင့် မြကြာဖြူကို ကြည့်လိုက်ပြီး . . .



www.burmeseclassi.com

www.burmeseclassi.com



"မြကြာဖြူ . . . မင်းကိုပဲ ကျေးဇူးတင်ရတော့မှာပဲ၊ ငါ အကြိမ်ကြိမ် လိပ်ပြာလွှင့်ပြီး သူတို့ကို စုံစမ်းခဲ့တယ်၊ ဘယ်လိုမှ စုံစမ်းမရခဲ့ဘူး"

ဟုပြောပြီး သူ၏အကြည့်ကို သိဒ္ဓိနှင့် စံပယ်မြိုင်ဆီသို့ ရွှေ့လိုက်ပြီး . . .

"ဝံဖြူကောင်နဲ့ အပျိုတော်မိန်းကလေး . . . မင်းတို့နှစ် ယောက်ပေါင်းပြီး လိပ်ပြာဝှက်ထားကြတယ်ဆိုတာ ငါသိပေမယ့် မင်းတို့ ဘယ်လိုဝှက်ထားလဲဆိုတာတော့ မင်းတို့ပဲ သိကြမှာပေ့ါလေ၊ ထားပါလေ . . . ဒါတွေကို ငါလည်း စိတ်မဝင်စားပါဘူး၊ အခုတော့ မင်းတို့အုပ်စုထဲမှာ ငါ့ဂိုဏ်းက အပျိုတော်လေး ရောက်သွားတော့ ငါ့အဖို့ အလွယ်လေး ခြေရာခံနိုင်သွားတာပေ့ါကွာ၊ ဒီမှာ မြကြာဖြူ . . . နင့်လိပ်ပြာက ဝံနက်လိပ်ပြာ၊ နင်သတ်ခဲ့တဲ့ အသက်တွေ၊ လုပ်ခဲ့တဲ့ မကောင်းမှုတွေက အများကြီးပဲ၊ အခုမှ နင်က အရှုံးထပြီး နင့်လိပ်ပြာကို သန့်ချင်နေရတာလဲ၊ ဟား . . . ဟား . . . ဟား . . . နင့်ကောင် . . . ဟို . . ဒေါက်တာအစုတ်ပလုတ် ဘယ်ရောက် နေလဲ"

ဟုပြောလိုက်ရာ မြကြာဖြူသည် ငြိမ်လျက်ရှိနေရာမှ ဆတ် ကနဲ ခေါင်းထောင်သွားပြီး တင်းမာသော အကြည့်ဖြင့် တုန့်ပြန် ကြည့်ရင်း . . .

"ဟုတ်တယ် . . . ကျွန်မလိပ်ပြာ မသန့်ဘူး၊ မဖြူစင်ဘူး ဆိုတာ ကျွန်မသိတယ်၊ ကျွန်မသိတဲ့အချိန်မှာ ကျွန်မအတော်နောက် ကျသွားပြီ၊ ဒါပေမယ့် အသိဆိုတာ စောတာနောက်ကျတာ ခွဲခြားလို့ မရဘူး၊ သိတဲ့အချိန်မှာ အဲဒီအသိကို တန်ဖိုးထားပြီး လိုက်နာကျင့်





သုံးဖို့ပဲ လိုတယ်၊ ကျွန်မ အဲဒီခံယူချက်နဲ့ ကျွန်မဘဝကို ပြောင်းလဲဖို့ ဆုံးဖြတ်လိုက်တာပဲ၊ ကျွန်မလမ်းမှားပေါ် လျှောက်ခဲ့မိတာလည်း ရှင့်ကြောင့်ပဲ၊ 'လောကပါလအမြုတေ' ရဖို့အတွက် ရှင့်ရဲ့အတ္တကြီးမှု ကြောင့် အမှောင်လောကထဲမှာ ကျွန်မသံသရာလည်ခဲ့ရတယ်၊ ကဲ . . . ကျွန်မပြောသင့်တာ ပြောပြီးပြီ၊ အခု ရှင်လုပ်ချင်သလို လုပ်ခွင့် ရှိနေပြီ၊ ရှင်ကြိုက်သလိုသာ လုပ်ပေတော့"

မြကြာဖြူ၏ ရဲဝံ့ပြတ်သားသည့် ဟန်ကိုကြည့်ရင်း ကျွန်ုပ် လည်း စိတ်ထဲကျိတ်၍ ချီးကျူးလိုက်မိသည်။ ဂိုဏ်းချုပ်ကြီးက လက် တစ်ဖက်မြှောက်၍ အချက်ပြလိုက်ရာ ဂိုဏ်းသားအချို့ ရှေ့သို့ထွက် ပြီး သိဒ္ဓိကို ဖမ်းချုပ်ရန် ဟန်ပြင်လိုက်ကြ၏။ သိဒ္ဓိသည် အသက်ချင်း လဲ၍ တိုက်ခိုက်ရန် ဆုံးဖြတ်ထားပုံရ၏။

သူသည် အပေါ်ရုံသိုင်းမွေးထည်ကို ချွတ်လိုက်ရာ ကျစ်လစ် တောင့်တင်းပြီး ယောကျ်ားပီသသည့် ခန္ဓာကိုယ်အလှမှာ ထင်းကနဲ ပေါ်ထွက်သွား၏။ ထိုအခါမှ ကျွန်ုပ်လည်း ၎င်းကို အသေအချာ ကြည့်မိတော့၏။ ဗလာကျင်းလျက်ရှိသည့် ခန္ဓာကိုယ်ပေါ်တွင် တစ် ကိုယ်လုံးပတ်ခွေနေသော ဂဠုန်ဆေးမင်ကြောင်ရုပ်ကို တွေ့လိုက် ရသောကြောင့် ဖြစ်သည်။ အရုပ်ကြီးမှာ အသက်ဝင်လာသည့်ပမာ လွန်စွာလက်ရာမြောက်လှ၏။

ဂိုဏ်းချုပ်ကြီး၏ လက်ရုံးတပည့် လောင်းကုတ်နက်သည် သိဒ္ဓိထံ တိုးဝင်ရန် ရှေ့တိုးလိုက်၏။

"ဟေ့ကောင် . . . မင်းအသက်နှင့်ကိုယ် အိုးစားကွဲသွား ချင်လို့လား၊ ဟိုမှာ . . . ဒီကောင့် ကျောက်ဂဠုန်က အသက်ဝင်နေ ပြီ၊ အသာနေစမ်း . . . တို့ဝံပုလွေလက်သည်းလောက်ကို ဂဠုန်



www.burmeseclassi.com

www.burmeseclassi.com



လက်သည်းက ပြင်းတောင်ပြင်းသေးတယ်၊ အဲဒါ ကျောက်ဂဠုန်ရုပ် လို့ခေါ်တယ်၊ နက္ခတ်များမိလို့ကတော့ တကယ့်ဂဠုန်နဲ့ ရင်ဆိုင်ရ တာကမှ တော်ဦးမယ်"

ဟုပြောပြီး တိုက်ခိုက်ရန် တကဲကဲ ဟန်ပြင်နေကြသည့် လောင်းကုတ်နက်နှင့် သူ့လူများကို ဟန့်တားလိုက်၏။ သိဒ္ဓိက ဂိုဏ်းချုပ်ကြီးကို မျက်နှာချင်းဆိုင်ကြည့်လိုက်ပြီး . . .

"ခင်ဗျားရဲ့ ပညာဉာဏ်၊ ဗဟုသုတပြည့်စုံမှုကို ကျုပ်ချီးကျူး ပါတယ်၊ ဒါပေမယ့် အဲဒီကိုယ်စွမ်းကိုယ်စတွေကို အမှောင်လောက အတွက် အသုံးချနေတာတော့ တကယ်နှမြောတယ်"

ဂိုဏ်းချုပ်ကြီးသည် ဆတ်ကနဲ တစ်ချက်လှုပ်ရှားသွားပြီး အပြောင်းအလဲ အတက်အကျမရှိသော လေသံဖြင့် . . .

"မင်းလိုကောင်ကများ ငါ့ကိုလာပြီး တရားဟောနေရတယ် လို့၊ အမှန်တွေ၊ အမှားတွေ၊ အလင်းတွေ၊ အမှောင်တွေ ငါနားမလည် ဘူး၊ ငါနားလည်တာက စွမ်းအားပဲ၊ အမှန်တရားကို ပြဋ္ဌာန်းတဲ့အရာ ဟာ စွမ်းအားပဲ၊ အေး . . . ငါဘယ်လိုစွမ်းအားရှိတယ်ဆိုတာ မင်း အခုသိရမယ်"

ဂိုဏ်းချုပ်ကြီးသည် ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက် ပြီး ရှေ့သို့တစ်လှမ်းချင်းတိုးသွားရာ သိဒ္ဓိက ဓါးကို ခပ်စောင်းစောင်း အနေအထားဖြင့် အသင့်ပြင်ထား၏။ ဂိုဏ်းချုပ်ကြီးက သိဒ္ဓိထံ ဖျတ်ကနဲ ခုန်ဝင်ဟန်အရောင်ပြလိုက်ပြီး စံပယ်မြိုင်ထံ လမ်းကြောင်း ပြောင်းကာ လည်မျိုကို လက်သည်းချွန်များဖြင့် ထောက်ထားလိုက် ၏။

ခန္ဓာကိုယ်နှင့်မလိုက်အောင် လွန်စွာဖျတ်လတ်သန်မာ





လှသဖြင့် သိဒ္ဓိနှင့် မြကြာဖြူလည်း ဟန့်တားနိုင်စွမ်းမရှိဖြစ်သွား၏။ ဂိုဏ်းချုပ်ကြီးက အက်ကွဲခြောက်သွေ့သည့် အသံကြီးဖြင့် ရယ် လိုက်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . ငါပြောတဲ့ စွမ်းအား ဆိုတာ အဲဒါပဲကွ . . . ကောင်လေးရဲ့၊ ကဲ . . . မင်းတို့ဂိုဏ်းစောင့် အပျိုတော်လေးရဲ့ လည်ပင်းကို အပေါက်ဖြစ်မသွားစေချင်ရင် အခု အချိန်ကစပြီး မင်းတို့တွေ ငါ့စကားအတိုင်း လိုက်နာကြပေတော့"

သိဒ္ဓိသည် ခံပြင်းစိတ်ကြောင့် ဒေါသဖြစ်သွားသော်လည်း စံပယ်မြိုင်အတွက် ငဲ့ညှာပြီး အညှံ့ခံလိုက်ရ၏။ ဂိုဏ်းချုပ်ကြီး၏ စေခိုင်းချက်ကြောင့် လောင်းကုတ်နက်က သိဒ္ဓိကို လက်ပြန်ကြိုး တုတ်နှောင်လေ၏။ ပြီးနောက် မြကြာဖြူဘက်လှည့်လိုက်ပြီး . . .

"ဘယ်လိုလဲ မြကြာဖြူ နင် ခေါင်းမာချင်သေးလား"

မြကြာဖြူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ဝတ်ရုံထဲမှ သံမဏိလက်သည်းချွန်ကို ဆွဲထုတ်ကာ ဂိုဏ်းချုပ်ကြီး၏ရင်ဝဆီ အားကုန်ထိုးစိုက်လိုက်၏။ ဂိုဏ်းချုပ်ကြီးက မရှောင်။ တည့်တည့် ကြီး အထိုးခံ၏။

"ဒုတ် . . ."

မြကြာဖြူသာလျှင် မဟုတ်။ မြင်ရသူအားလုံး လွန်စွာ အံ့သြသွား၏။ မြကြာဖြူထိုးလိုက်သော အချွန်မှာ သစ်တုံးတစ်ခုကို ထိုးလိုက်ရသည့်နှယ် ဖြစ်သွား၏။ ဂိုဏ်းချုပ်ကြီးက တအံ့တသြ ဖြစ်နေသည့် မြကြာဖြူကို ၎င်း၏လက်သည်းချွန်ဖြင့် မျက်နှာကို ဖြတ်ရိုက်ချလိုက်၏။

"အား . . ."



www.burmeseclassi.com

www.burmeseclassi.com



မြကြာဖြူသည် အရုပ်ကလေးတစ်ရုပ်နှယ် လွင့်စင်သွား၏။ မျက်နှာတွင်လည်း လက်သည်းရာအစင်းကြောင်းကြီးများပေါ်သွားပြီး သွေးများ ဖြာထွက်လာ၏။ ကျွန်ုပ်ဘေးတွင်ရှိနေသည့် မိတ်ဆွေကြီးထင်အောင်ကျော်မှာ ၎င်းမြင်ကွင်းကြောင့် မေးကြောကြီးများထောင်ထလာပြီး အံတင်းတင်းကြိတ်လိုက်၏။ သူသည် တစ်စုံတစ်ရာကို စိတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် . . .

"ကဲ . . . ကိုမျိုးမြတ်ရေ၊ ကျုပ်တို့ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ ကြာရင် . . . ဒီသတ္တဝါကြီးက ကျုပ်တို့လူစုကို အမှည့်ခြွေလိမ့်မယ်၊ သူ့အမိက ဘာလိုချင်တယ်ဆိုတာ ကျုပ်သိတယ်"

ဟုဆိုကာ ကျွန်ုပ်ကိုပင် မစောင့်ဘဲ ပုန်းနေရာက ထွက်သွား၏။

"ကျုပ်ကွယ်ရာမှာ ဒေါက်တာစုတ်လို့ပြောတဲ့ မိတ်ဆွေကြီးကို ကျုပ်ကလည်း အခုလိုတွေ့ချင်နေတာပါ၊ ကျုပ်တွေ့ချင်တဲ့ အနေအထားမျိုး မဟုတ်တာကတော့ ဝမ်းနည်းစရာပေါ့လေ"

မိတ်ဆွေကြီး၏အသံကို ကြားလိုက်ရသဖြင့် ဂိုဏ်းချုပ်ကြီးနှင့် ဂိုဏ်းသားများမှာ ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်ကြ၏။ ဂိုဏ်းချုပ်ကြီးသည် ထိုသို့လွယ်လွယ်ကူကူ တွေ့ရလိမ့်မည်မဟုတ်ဟု တွေးထားပုံရ၏။ မြကြာဖြူလည်း မိတ်ဆွေကြီးကို တွေ့လိုက်သည်နှင့် လဲကျနေရာမှ လူးလဲထလိုက်ပြီး . . .

"အစ်ကို . . ." ဟုခေါ်ကာ အနားသို့ ဒယိမ်းဒယိုင် လျှောက်လာပြီး . . .

"အစ်ကို . . . ကြာဖြူကို ခွင့်လွှတ်ပါနော်၊ ကြာဖြူကြောင့် အစ်ကိုတို့ကို နောက်ယောင်ခံလို့ရသွားတာ၊ ကြာဖြူ တကယ်စိတ်





မကောင်းဘူး"

"ကိစ္စမရှိပါဘူး ကြာဖြူ၊ ဒါဖြစ်ချိန်တန်လို့ ဖြစ်သွားတာပါ၊ အခုမဟုတ်လည်း တစ်ချိန်ချိန်မှာ ဒီလိုပဲ ကြုံရမှာပဲလေ၊ အရေးကြီးတာက ဒီပုဂ္ဂိုလ်ကြီးနဲ့ ဆွေးနွေးဖို့ပဲ"

ဟု နှစ်သိမ့်စကားပြောပြီး ဂိုဏ်းချုပ်ကြီးနှင့် မျက်နှာချင်းဆိုင်လိုက်၏။ ဂိုဏ်းချုပ်ကြီးသည် ထုံးစံအတိုင်းပင် ခေါင်းကိုငုံ့ထားပြီး မေးစေ့နှင့် ပါးစပ်နေရာမှလွဲ၍ ၎င်း၏မျက်နှာကို သေချာစွာ မမြင်ရပေ။ တစ်ကိုယ်လုံးကို ဝတ်ရုံနက်ကြီးဖြင့် ခြုံထားလေ၏။ ၎င်းက ပါးစပ်ကို လှုပ်သည်ဆိုရုံလှုပ်ကာ . . .

"ဩော် . . . မင်းက ဒေါက်တာစုတ်လို့ ပြောတာကို မခံနိုင်ဖြစ်သွားတာကိုး၊ တကယ်တော့ မင်းကို ဒီထက်အောက်တန်းကျတဲ့စကားမျိုး ပြောသင့်တယ်၊ မင်းဟာ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ တခြားဟာတွေ လျှောက်လုပ်နေတဲ့အတွက် မင်းရဲ့ဆေးပညာဟာ စုတ်ချာနေပြီ၊ ပြဿနာတစ်ခုရှုပ်နေပြီဆိုရင် မင်းဝင်ပါ,ပါနေတာကို ငါသတိထားမိတာကြာပြီ"

"ကဲပါဗျာ . . . အပိုတွေပြောပြီး အချိန်ဖြုန်းမနေစမ်းပါနဲ့၊ ခင်ဗျား . . . အခုအချိန်ထိ အမြဲတောကို ကြည့်လို့မရသေးဘူး မဟုတ်လား၊ ကိုသိဒ္ဓိကတော့ ခင်ဗျားရဲ့ ပညာရပ်စွမ်းအားတွေကို ချိုးကျိုးရှာပါတယ်၊ ကျုပ်ကတော့ ခင်ဗျားရဲ့ဝံပုလွေလို ကောက်ကျစ်တဲ့ ဦးနှောက်ကိုပဲ ချိုးကျိုးရမှာပဲဗျ"

"ဟား . . . ဟား . . . ဟား . . . ကြိုက်ပြီဗျာ၊ ကဲ . . . ဆိုစမ်းပါဦး၊ ကျုပ်ဘယ်လိုများ ဉာဏ်များခဲ့သလဲဆိုတာ"

"ခင်ဗျားရဲ့ ကလိန်ကကျစ်ဉာဏ်များပုံကို ကျုပ်သိသလောက်



www.burmeseclassi.com

www.burmeseclassi.com



ပြောရရင် မိုးချုပ်လို့ နောက်တစ်နေ့ မိုးလင်းတာတောင် ဆုံးမှာ မဟုတ်ဘူး၊ ကျုပ်တို့နဲ့ ပတ်သက်ခဲ့တာလေးကိုပဲ ပြောပြပါ့မယ်၊ ဦးဖိုးစိန်လမ်းက လပြည့်ညအစည်းအဝေးမှာ ခင်ဗျားဆီက အမြုတေဝင်လုတဲ့ကောင်တွေဟာ ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းဖြစ်တဲ့ ကြယ်ပွင့်ဂိုဏ်းက ကောင်တွေပဲ၊ ဒီကောင်တွေကို ခင်ဗျားဖော်ထုတ်တားဆီးနိုင်ပါတယ်၊ ဒါပေမယ့် အစည်းအဝေးထဲ ကျုပ်ရောက်နေပြီဆိုတာ ခင်ဗျားကြိုသိထားတယ်၊ မြကြာဖြူကို ကျုပ်ဖမ်းခေါ်သွားတုန်းက ခင်ဗျားတားမယ်ဆို တားလို့ရတယ်၊ အမှောင်ထဲမှာ ဝံပုလွေတစ်ကောင်လို မြင်နိုင်စွမ်းတဲ့ ခင်ဗျားဟာ မြကြာဖြူကို အလစ်ဝင်ဖမ်းတာ ကြယ်ပွင့်ဂိုဏ်းက မဟုတ်မှန်းသိတယ်၊ ဒါကြောင့် ကျွန်တော်ပဲဆိုတာသိပြီး လွှတ်ပေးလိုက်တာ မဟုတ်လား၊ တစ်နည်းပြောရရင် ကျုပ်ကို အမြုတေကြည့်ဖြစ်အောင် ခင်ဗျားအကွက်ဆင်ပေးလိုက်တာပေါ့၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ အမြုတေကြည့်ဖို့ မစွမ်းခဲ့ဘူး"

မိတ်ဆွေကြီးက အေးဆေးစွာ စကားကို ချက်ကျလက်ကျ ပြောလိုက်ရာ ဂိုဏ်းချုပ်ကြီးက . . .

"အင်း . . . ဒါကြောင့်လည်း ဒေါက်တာထင်အောင်ကျော်ရယ်လို့ အမည်တစ်လုံးရထားတာပေါ့၊ ဆက်ပါဦးလေ . . ကြုံကြိုက်တုန်း မင်းရဲ့တွေးလုံးလေးကို မှတ်သားလိုက်ပါရစေ"

ဟုဆိုလိုက်ရာ မိတ်ဆွေကြီးထင်အောင်ကျော်က သူ၏ဟန်အတိုင်း နှုတ်ခမ်းထောင့်စွန်းကလေးကို တွန့်ကွေးလျက် ဟက်ခနဲတစ်ချက်ရယ်လိုက်ပြီး . . .

"ခင်ဗျားရဲ့ဗျူဟာက တကယ့်ဟာကွက်မရှိသလို အကွက်





စေ့လှပါတယ်၊ ဒါပေမယ့် ဖြစ်တည်သွားတဲ့ ကံကြမ္မာက ခင်ဗျားကို မျက်လှည့်ပြလိုက်တာ ခင်ဗျားမသိလိုက်ပေမယ့် ခင်ဗျားရဲ့လက်ရုံးတပည့်လောင်းကုတ်နက်ကြီးကတော့ သိလိုက်ပြီလေ၊ မြကြာဖြူဟာ ကျုပ်နဲ့မထင်မှတ်ဘဲ သံယောဇဉ် ဖြစ်ခဲ့ကြတယ်၊ မြကြာဖြူဟာ ကျုပ်တို့ခရီးစဉ်တလျှောက် လိပ်ပြာလွှင့်ပြီး ရောက်လာလေ့ရှိတယ်၊ ဒါကို လောင်းကုတ်နက်ကြီးက မြကြာဖြူကို နောက်ယောင်ခံလိုက်ရင်း ကျုပ်တို့ကို ခြေရာခံမိသွားတယ်၊ နောက်တော့ ခင်ဗျားက ဝံပုလွေတွေသုံးပြီး ကျုပ်တို့ခရီးနှောင့်နှေးအောင် မြင်းတွေကို သတ်နိုင်းလိုက်တယ်၊ ကျုပ်တို့တွေ ရွှေလီမြစ်ဘေးမှာ စခန်းချတဲ့အထိ ခင်ဗျားတပည့်ကို လိပ်ပြာလွှင့်ပြီး တောအုပ်ထဲကနေ စောင့်ကြည့်ခိုင်းသေးတယ် မဟုတ်လား။

နောက်ပိုင်းမှာ ကျုပ်တို့ကို ခြေရာခံမရတော့ဘူး၊ မြကြာဖြူကတော့ ကျုပ်တို့ဘယ်ရောက်နေနေ အမြဲခြေရာခံလို့ရတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ မြကြာဖြူလည်း လိပ်ပြာလွှင့်တာ ပါးနပ်လာတော့ ခင်ဗျားတပည့်လည်း ဘယ်လိုမှ မတတ်နိုင်ဘူး ဖြစ်သွားတယ်၊ အခု ကျုပ်ပြောခဲ့တာတွေကို မဟုတ်ဘူးလို့ ခင်ဗျားငြင်းချင်သေးလား"

ဂိုဏ်းချုပ်ကြီးသည် ငြိမ်လျက် နားထောင်နေရာမှ မိတ်ဆွေကြီး၏စကားအဆုံးသတ်လိုက်သည်နှင့် သိသာစွာ လှုပ်ခတ်သွား၏။ ထိုစကားများမှာ သူလုံးဝထင်မှတ်မထားသည့် စကားများဖြစ်၍ သူသည် လွန်စွာထိတ်လန့်သွားသည် ထင်၏။ ထိုအခိုက်မှာပဲ သိဒ္ဓိကလည်း လေသံမာမာဖြင့် . . .

"ဒီမှာ ဝံနက်ကြီး၊ ခင်ဗျား . . . အတော်အံ့ဩသွားပြီ



www.burmeseclassi.com

www.burmeseclassi.com



မဟုတ်လား၊ ခင်ဗျားဟာ ဘယ်လောက်ကလိန်ကကျစ်ဉာဏ်များ ပေမယ့် ခင်ဗျားလိုက်မမီတာတွေ အများကြီးရှိပါတယ်ဗျာ၊ ခင်ဗျား သိအောင် ပြောရရင် ရွှေလီမြစ်ကျော်ကတည်းက ကျုပ်နဲ့ဟောဒီ အပျိုတော်မိန်းကလေး စံပယ်မြိုင်နဲ့က ချစ်သူတွေ ဖြစ်သွားတယ်၊ ဒါပေမယ့် ကျုပ်တို့ဂိုဏ်းရတနာစောင့်ထိန်းသူဟာ အပျိုစင်ဖြစ်ရ မယ်လို့ အဆိုရှိခဲ့လေတော့ ကျုပ်တို့နှစ်ယောက်လည်း မောင်နှမလို အချစ်မျိုးကနေ ရှေ့ဆက်မတက်ကြဖို့ သစ္စာဆိုခဲ့ကြတယ်။

အဲဒီဖြူစင်မှုအကျိုးကြောင့် ကျုပ်တို့လိပ်ပြာတွေ အကာ အကွယ်ရပါစေလို့ အဓိဋ္ဌာန်ပြုခဲ့ကြတယ်၊ ခင်ဗျားက ခွန်အားတွေ၊ ဖျတ်လတ်မှုတွေ၊ ရက်စက်မှုတွေကို စွမ်းအားလို့ ထင်နေတယ် မဟုတ်လား၊ ကျုပ်တို့ဂိုဏ်းရဲ့ပညာရပ်သော့ချက်က ခွန်အားမဟုတ် ဘူး . . . စိတ်ပဲ၊ စိတ်ရဲ့စွမ်းအားဟာ ဖြူစင်မှု၊ ထိန်းချုပ်နိုင်စွမ်း ရှိမှုပဲ၊ ခင်ဗျားတို့ ဘာကြောင့်ခြေရာခံမရခဲ့သလဲဆိုရင် ကျုပ်နဲ့ စံပယ်မြိုင် စောင့်ထိန်းခဲ့တဲ့ သစ္စာတရားကြောင့်ပဲ"

ထိုနေရာသို့ အရောက်မှာတော့ ဂိုဏ်းချုပ်ကြီးသည် ခန္ဓာ ကိုယ်ယိမ်းထိုးသည်အထိ အားပါးတရ ရယ်လေ၏။ ပြီးနောက် . .

"ဩော် . . . တယ်လည်း ဟုတ်နေကြပါလား၊ သံယောဇဉ်၊ ဖြူစင်မှု၊ သစ္စာတရား . . . သိပ်ကောင်းတဲ့ စကားလုံးတွေပါလား၊ အဲဒါတွေကမှ စွမ်းအား . . . ဟုတ်လား၊ ကဲ . . . အခု . . . အဲဒီ စွမ်းအားတွေက ဘာတွေဖြစ်သွားကြပြီလဲ၊ မင်းတို့ ငါ့လက်ခုပ်ထဲက ဘာလို့ရုန်းထွက်လို့ မရနိုင်ကြတာလဲ၊ မင်းတို့ပြောတဲ့ စွမ်းအားတွေ နဲ့ ထွက်ကြလေ၊ ကဲ . . . မင်းတို့ သောက်ရူးစကားတွေ နားထောင် တာနဲ့ အချိန်ကုန်တယ်"





ဟုပြောလိုက်ပြီး သူ့တပည့်အချို့ကို အမိန့်ပေးလိုက်၏။ ထိုအမိန့်မှာ မြကြာဖြူကို ကြိုးတုပ်၍ မြစ်ထဲပစ်ချရန် ဟူ၍ဖြစ်၏။ ၎င်းအမိန့်ကြောင့် ဂိုဏ်းချုပ်ကြီးတပည့် လောင်းကုတ်နက်မှာ မျက် နှာပျက်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ မိတ်ဆွေကြီးထင်အောင် ကျော်ကလည်း ဖြတ်ကနဲ ရှေ့တိုးသွားပြီး . . .

"ဘာလို့များ ဒီလောက်ဆန္ဒစောနေရတာလဲဗျာ၊ ခင်ဗျား လိုချင်တာ သူတို့တွေရဲ့ အသက်မဟုတ်ပါဘူး၊ ရတနာသိုက်မြေပုံ အညွှန်း မဟုတ်လား၊ ဘာလို့အပိုတွေ လုပ်နေတာလဲ၊ ကဲ . . . ကိုသိဒ္ဓိကို ကြိုးဖြေပေးလိုက်စမ်းပါ၊ ကျုပ်တို့အားလုံး ရတနာသိုက် ရှိရာကို သွားကြတာပေါ့"

ထိုသို့ပြောလိုက်ပြီး မိတ်ဆွေကြီးသည် ဝံနက်ဂိုဏ်းသား တစ်ယောက်ထံမှ မြင်းတစ်စီးကိုဆွဲယူ၍ . . .

"ရော့ . . . ကိုမျိုးမြတ် . . . ဒီမြင်းစီး၊ ကျုပ်က ဒီကောင် စီးမယ်"

ဟုဆိုကာ နောက်ဂိုဏ်းသားတစ်ယောက်ထံမှ မြင်းတစ် ကောင် ထပ်ဆွဲယူလိုက်ပြန်၏။ ထိုလှုပ်ရှားမှုကြောင့် ဂိုဏ်းချုပ်ကြီး မှာ ထူးထူးဆန်းဆန်း အသက်ပါပါဖြင့် မရယ်စဖူးရယ်ကာ . . .

"ဟား . . . ဟား . . . ဟား . . . ဒေါက်တာအစုတ်ပလုပ်၊ မင်းကတော့ ဘယ်လိုအခြေအနေဖြစ်ဖြစ် အပိုင်လုပ်တော့တာပဲ၊ မင်းလိုကောင်မျိုးကတော့ ရှားမှရှားပဲဟေ့၊ ကောင်းပြီလေ . . . ငါဖြစ်ချင်တာလည်း အဲဒီသဘောပါပဲ၊ ကဲ . . . ရတနာသိုက်ရှိရာကို တန်းတန်းမတ်မတ်သွားပေတော့"

ဟုပြောပြီး ကျွန်ုပ်တို့ ခရီးဆက်ရန် မြင်းများစီစဉ်ပေးပြီး



www.burmeseclassi.com

www.burmeseclassi.com



နောက် မိတ်ဆွေကြီးကို ဦးဆောင်စေကာ ခရီးဆက်ကြလေ၏။ မြကြာဖြူကိုမူ အဆုံးစီရင်ခြင်း မပြုတော့သော်လည်း ကြိုးများဖြင့် တုပ်နှောင်ထားပြီး ကျွန်ုပ်တို့လူစုနှင့် မရောစေဘဲ ဂိုဏ်းသားများနှင့်အတူ ထား၏။

မြကြာဖြူသည် တစ်ဖက်အုပ်စုတွင် ရှိနေသော်လည်း အကြည့်များက မိတ်ဆွေကြီးထံသို့ မကြာခဏ ရောက်ရှိသည်ကို ကျွန်ုပ်ရိပ်မိ၏။ မြကြာဖြူသည် ခွင့်လွှတ်ပါရန် တောင်းပန်သလို အကြည့်မျိုးဟု ကျွန်ုပ်ခံစားရ၏။ အသေအချာ စဉ်းစားကြည့်လျှင် မြကြာဖြူကို အကြောင်းပြု၍ ကျွန်ုပ်တို့အား ဂိုဏ်းချုပ်ကြီးခြေရာခံမိသွားသည်မှာ မှန်သော်လည်း ဆိုင်ပန်ရွာတွင် သူမအသက်ကိုစွန့်၍ ဝံပုလွေများကြားမှ ကယ်တင်ခဲ့သူဖြစ်ရာ ကျွန်ုပ်တို့အဖို့ သူမကို ခွင့်မလွှတ်နိုင်စရာ မရှိပေ။

စံပယ်မြိုင်လည်း ငြိမ်သက်စွာဖြင့် သိဒ္ဓိနံ့ဘေးမှ လိုက်ပါလာ၏။ ထူးခြားသည်မှာ မိတ်ဆွေကြီးထင်အောင်ကျော်ဖြစ်၏။ သူသည် တောထဲ၊ တောင်ထဲ အပန်းဖြေခရီးထွက်လာသကဲ့သို့ သစ်ခွများ၊ ရှားပါးဆေးဖက်ဝင်အပင်များကို တွေ့သည်နှင့် ခူးဆွတ်ပြီး ဂိုဏ်းချုပ်ကြီးအား ပြသခြင်း၊ မေးမြန်းခြင်းတို့ ပြုလုပ်နေရာ ဂိုဏ်းချုပ်ကြီးမှာ အူကြောင်ကြောင် ဖြစ်နေရတော့၏။

ကျွန်ုပ်တို့သည် တစ်ထောင့်တနား စခန်းချရပ်နားပြီး ခရီးဆက်ခဲ့ရာ နေဝင်ကာနီးတွင် မြစ်ဆုံဒေသသို့ ရောက်ရှိကြတော့၏။ ၎င်းဒေသမှာ ဟိမဝန္တာတောင်တန်းကြီး တောင်ခြေတစ်နေရာဖြစ်၏။ ဗြဟ္မပုတ္တာမြစ်မှာ တောင်များပေါ်မှ စီးဆင်းလာသော မြစ်၊ ချောင်းများပေါင်းဆုံရာမှ ဖြစ်ပေါ်လာသော မြစ်ဖြစ်သည်။ ၎င်းနေရာတွင်





မိတ်ဆွေကြီးထင်အောင်ကျော်ပြောခဲ့သည့် ဖိုခနောက်ဆိုင်တောင် သုံးလုံးရှိ၏။

ထိုနေရာသို့ အရောက်တွင် ဂိုဏ်းချုပ်ကြီးက . . .

"ဒီအရပ်ဒေသတော့ မဟုတ်လောက်ဘူးထင်တယ်၊ မြေပုံကြီး အတိအကျပြောနိုင်ပြီထင်တယ် ဒေါက်တာကြီး" ဟု ရိသဲ့သဲ့လေသံဖြင့် ပြောလိုက်ရာ မိတ်ဆွေကြီးထင်အောင်ကျော်ကလည်း ပေ့ါပျက်ပျက်လေသံဖြင့် . . .

"ဟုတ်ပါတယ် . . . ကျုပ်တို့လည်း ခရီးပန်းလာကြပြီ၊ ဒီတစ်ည စခန်းချအနားယူပြီး မနက်မှ ခရီးဆက်ကြတာပေ့ါ"

ဟု အရေးမစိုက်သလို ပြောလိုက်၏။ ဂိုဏ်းချုပ်ကြီးမှာ အောင့်သက်သက်ဖြင့် လက်ခံရတော့၏။ လျှိုကြီး၏အလယ်တွင် မြေကွက်လပ်ကြီးတစ်ခုရှိပြီး ၎င်းမြေကွက်လပ်အဆုံးတစ်နေရာတွင် ဂူပေါက်တစ်ခုရှိရာ ဂိုဏ်းချုပ်ကြီးက . . .

"မင်းတို့လူစု ဂူထဲဝင်ကြ၊ ရိက္ခာတွေ ယူသွား၊ ဒီည ဘယ်သူမှ ဂူပြင်ထွက်မယ်မကြံနဲ့"

ကျွန်ုပ်တို့လည်း မည်သည့်စကားမှ စောဒကမတက်ဘဲ ရိက္ခာအချို့ကိုယူကာ ဂူဆီသို့ ထွက်လာခဲ့ကြ၏။ ဂူထဲဝင်ခါနီးတွင် မိတ်ဆွေကြီးက မြကြာဖြူရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်၏။ မြကြာဖြူကလည်း ပြန်လည်ငေးကြည့်နေရာ ဘေးမှနေ၍ ကျွန်ုပ်သက်ပြင်းချမိ၏။ မိတ်ဆွေကြီးက ဂိုဏ်းချုပ်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး . . .

"မြကြာဖြူကို သတ်ခဲ့မယ်ဆိုရင်တော့ ခင်ဗျားတစ်ဘဝလုံး အာသာငမ်းငမ်း တပ်မက်နေတဲ့ဆန္ဒတွေ ဒီတစ်သက်ဆုံးရှုံးပြီလို့



www.burmeseclassi.com

www.burmeseclassi.com



မှတ်လိုက်ပေတော့"

ဂိုဏ်းချုပ်ကြီးကလည်း အကင်းပါးသူဖြစ်ရာ ခြောက်ကပ်ကပ်ရယ်လိုက်ပြီး . . .

"စိတ်ချစမ်းပါ ဒေါက်တာကြီးရယ်၊ မောင်ရင်သာ ကတိတည်ပါစေ"

လမိုက်ညဖြစ်၍ ကြယ်ရောင်မှတစ်ပါး အလင်းရောင် မရှိပေ။ ဖိုထားသော မီးပုံမှာလည်း မီးတောက်များငြိမ်းလျက် မီးကျည်ကလေးများသာ ကျန်ရှိတော့၏။ ဂိုဏ်းသားများမှာ မရပ်မနား ခရီးပြင်းနှင်လာခဲ့ရသဖြင့် ကင်းအလှည့်ကျသူများမှလွဲ၍ ခရီးပန်းကာ အိပ်ပျော်နေကြပြီဖြစ်၏။

အမှောင်ထဲတွင် ကျောက်တုံးတစ်တုံးပေါ် ထိုင်ကာ ဂူပေါက်ဝသို့ ငေးကြည့်ရင်း သက်ပြင်းတွင်တွင်ချနေသူမှာ မြကြာဖြူဟူသော မိန်းမချောလေးဖြစ်၏။ သူမအား ဂိုဏ်းသားငါးယောက်ခန့် အစောင့်ချထား၏။ ၎င်းတို့အထဲတွင် သူမနှင့် အကျွမ်းတဝင်ရှိသူမှာ လောင်းကုတ်နက်ဝတ်စုံဖြင့် ဂိုဏ်းချုပ်ကြီးအားထားရသည့် မင်းပုညဖြစ်၏။

မင်းပုညက သူမအနီးတွင် မယောင်မလည်နှင့် ရစ်သီရစ်သီလုပ်ရင်း စကားပြောရန် လမ်းစရှာနေသည်ကို သူမသိ၏။ သူမထင်သည့်အတိုင်းပင် တစ်ကြိမ်တွင် သူမအနီး အရဲစွန့်ချဉ်းကပ်လာပြီး . . .

"မြကြာဖြူ . . . ငါဖြင့် နင့်ကို တကယ်အံ့သြတယ်၊ နင့်ကို ဆရာကြီးက ငယ်ငယ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တယ်၊ ဒါကိုတောင် မထောက်ထားဘဲ ဟိုကောင်ဒေါက်တာစုတ်အတွက်နဲ့





နင်အသေခံမယ်ပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် ပုည၊ သူက ငါ့ကို ကျွေးမွေးခဲ့တာ မှန်ပေမယ့် သူ့ကြောင့် ငါ့လက်တွေ သွေးစွန်းခဲ့ရတယ်၊ သူ့အတ္တအတွက် ငါ့ကို ဒုစရိုက်အလုပ်တွေမှာ မညှာမတာ အသုံးချခဲ့တယ်၊ ဒါတွေကိုရော နင်ထည့်မတွေးဘူးလား၊ ငါဖြင့် စံပယ်မြိုင်လေးကို သိပ်အားကျတာပဲ၊ သူ့လို ဖြူစင်သန့်ရှင်းတဲ့ ဘဝမျိုးကို ဘာကြောင့်မပိုင်ဆိုင်ခဲ့ရတာလဲလို့ အမြဲတွေးမိတယ်"

"နင့်အယူအဆတွေ မဟုတ်သေးပါဘူးလေ၊ လူဆိုတာ ကိုယ့်ဘဝနဲ့ကိုယ်ပဲ မဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက် ဘဝပုံစံတူညီဖို့ ဘယ်ဖြစ်နိုင်မှာလဲ၊ ကိုယ့်ပြဋ္ဌာန်းချက်အတိုင်း ကိုယ်နေရမှာပေါ့၊ ကိုယ့်သန့်ရှင်းမှုအတွက် ဘာမဆိုလုပ်ရမှာပဲ၊ ငါနားမလ နိုင်ဘူး ကြာဖြူ၊ ငါဟာ နင့်နဲ့ပတ်သက်ရင် အမြဲအနှံ့အတာခံခဲ့တာ နင်အသိဆုံးပါ၊ ငါ့ကိုကျတော့ နင်နည်းနည်းလေးမှ မေတ္တာမထားနိုင်ဘူး၊ နင်စဉ်းစားကြည့်စမ်းပါ မြကြာဖြူ၊ ဆရာကြီးက နင့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တာ၊ တကယ့်တကယ်မှာ နင့်ကိုသတ်ရက်ပါ့မလား၊ ဒီနေ့လည်း ဟိုကောင်တွေ ပုန်းနေမှန်းသိလို့ ထွက်လာအောင် နင့်ကို တမင်ရေထဲချမယ်လို့ ဟန်ဆောင်အမိန့်ပေးခဲ့တာပါ၊ သတ်ချင်မှတော့ သူကိုယ်တိုင် သတ်လိုက်ပြီပေါ့၊ ဒီတော့ ငါသာ နင်နဲ့အတူ ဝိုင်းတောင်းပန်လိုက်ရင် ဆရာကြီးက နင့်ကို ခွင့်လွှတ်မှာပါ၊ ငါဒီလိုစိတ်ကူးတယ် ကြာဖြူ၊ နင်နဲ့ငါ ယူမယ်လို့ တောင်းပန်ရင်း တစ်ခါတည်းပြောလိုက်ရင် ဆရာကြီးက လုံးဝခွင့်လွှတ်မယ်လို့ ငါယုံကြည်တယ်"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဩော် . . . ဘတ်လည်း



www.burmeseclassi.com

www.burmeseclassi.com



တတ်နိုင်တဲ့ ပုညပါလား၊ ကလိမ်ကကျစ်ဉာဏ်မှာတော့ နင်လည်း တကယ့်ဆရာကောင်းတပည့် ပီသပါပေတယ်၊ နင်က ငါ့သေရမှာကို ကြောက်နေတယ်ထင်လို့လား၊ လုံးဝပဲ ပုည၊ ငါ့အစိုးရိမ်ဆုံးက အစ်ကိုထင်အောင်ကျော် အထင်လွဲမှာကိုပဲ၊ သူက နင်နဲ့ငါ ပေါင်းကြံလိုက်တယ်လို့ ထင်သွားမှာကို ငါအကြောက်ဆုံးပဲ၊ နင် ငါ့ကို တကယ်လိုချင်ရင် အခုငါပြောတဲ့ အကြံအတိုင်း နင်တကယ်ကူညီမလား"

မင်းပုညဟူသော လောင်းကုတ်နက်က တစ်ချက်စဉ်းစားလိုက်ပြီး . . .

"ဆိုပါဦး . . . နင်က ဘယ်လိုကူညီစေချင်လဲ"

ထိုအခါ မြကြာဖြူက မင်းပုညအနားသို့ကပ်ကာ တစ်စုံရာ ခပ်တိုးတိုးပြောလိုက်ရာ မင်းပုညက အသေအချာ နားထောင်ရင်း ခေါင်းညိမ့်ကာ . . .

"ကောင်းပြီလေ . . . နင်ပြောတဲ့အတိုင်း ဖြစ်စေရမယ်၊ နင့်ဘက်ကသာ ကတိမပျက်ပါစေနဲ့"

"နင်နဲ့ငါက အခုမှသိကြတဲ့ သူစိမ်းတွေ မဟုတ်ဘူး၊ ငါ့စိတ်ဓါတ်ကို နင်အသိဆုံးပါ၊ အဲဒီကိစ္စသာ အောင်မြင်ရင် နင်ငါ့ကို ရကိုရစေရမယ်"

ဟူ၍ ဂူပေါက်ဝသို့ငေးကာ လေးလေးနက်နက် ကတိပေးလိုက်တော့၏။

* * * *



## အခန်း (၁၉)

နေထွက်လာသည်နှင့် အင်အားများက ဝံပုလွေတစ်ကောင်လို ဖျတ်လတ်ပြည့်ဝလာ၏။ ဂိုဏ်းချုပ်ကြီးသည် စခန်းအခြေအနေကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။ ထိုစဉ် လက်ရုံးတပည့်ကြီး မင်းပုညသည် အလောတကြီးပြေးလာကာ သူ့ရှေ့ရောက်လာ၏။

"ဂိုဏ်းချုပ်ကြီး . . . ဟို . . . ဟိုကောင်တွေ မရှိတော့ဘူး၊ တောင်ပေါ်တက်သွားကြပြီ၊ စောင့်တဲ့ကောင်တွေ ပေါ့လျော့လို့ ဖြစ်သွားတာပါ၊ ကျွန်တော်သိသိချင်း လိုက်သွားတော့ သူတို့သွားတဲ့ လမ်းကြောင်းကို ခြေရာခံသိလိုက်တယ်၊ ကံကောင်းတာပေါ့ ဂိုဏ်းချုပ်ကြီးရယ်၊ နို့မို့ဆို ကျွန်တော်တို့ ဘယ်လိုမှ လိုက်လို့ရမှာ မဟုတ်တော့ဘူး"

ဂိုဏ်းချုပ်ကြီးသည် ထိုသတင်းကြောင့် ဆောက်တည်ရာမဲ့ ဒေါသထွက်သွား၏။ သို့သော်လည်း မင်းပုည၏ အဆုံးသတ်စကား



www.burmeseclassi.com

www.burmeseclassi.com



ကြောင့် သူ၏ဒေါသများက ရုတ်ချည်းပင် ကွယ်ပျောက်သွားပြီး တပည့်ကျော်ကြီးကို ချီးကျူးလေ၏။

"တော်ပါပေတယ်ကွာ၊ ဒါကြောင့်လည်း ဂိုဏ်းမှာ မင်းကို ငါနေရာပေးတာပေါ့၊ ကဲ . . . တို့ခရီးဆက်မယ်၊ မြကြာဖြူကို မင်းပဲ စောင့်ခေါ်ခဲ့တော့၊ သူ့ကို မင်းနားမှာပဲထား၊ နောက်မှ သူ့ကို ဘယ်လိုစီရင်ရမလဲဆိုတာ ဆက်စဉ်းစားမယ်"

လောင်းကုတ်နက်ကြီးမင်းပုညသည် မထင်မှတ်ဘဲ သူလိုချင်သည့် အနေအထားမျိုး ကွက်တိဖြစ်သွားသည့်အတွက် လွန်စွာ ကျေနပ်သွားပြီး မြင်းကိုဒုန်းစိုင်းစီးကာ ဂိုဏ်းသားများကို စုစည်းလိုက်၏။ ပြီးနောက် မြကြာဖြူကိုခေါ်ပြီး ခရီးဆက်လေတော့၏။

မြကြာဖြူမှာ ဒေါက်တာထင်အောင်ကျော်တို့ လွတ်မြောက်သွားသည့်အတွက် ကျေနပ်သွား၏။ သို့သော်လည်း မင်းပုညက ကောက်ကျစ်စွာ သူကိုယ်တိုင် နောက်ယောင်ခံလိုက်ကြည့်ပြီး ဂိုဏ်းချုပ်ကြီးထံ သတင်းပြန်ပို့လိုက်သဖြင့် သူမမှာ ဘာမှမပြောသာအောင် ဖြစ်သွား၏။ မင်းပုညသည် သူ့ကတိအတိုင်း လွှတ်ပေးပြီးမှ နောက်ယောင်ခံခဲ့ခြင်းဖြစ်ရာ ၎င်းအား ကတိမတည်သူဟူ၍ စွပ်စွဲ၍မရတော့ချေ။

သူမဘက်ကသာ သူမကတိအတိုင်း ပေးဆပ်ရပေတော့မည်။ ယခုလည်း မင်းပုညက သူမအား မြင်းတစ်စီးဖြင့် သီးခြားသွားခွင့်မပေးဘဲ သူ့ရင်ခွင်ထဲ၌ထားကာ လိုက်ပါစေ၏။ သူမဘာမျှ မတတ်နိုင်ဘဲ သူပြုသမျှနုရတော့မည့် အခြေအနေမျိုး ရောက်ရှိသွားလေပြီ။

စိတ်ထဲမှ ဒေါက်တာထင်အောင်ကျော်တို့ကို မမီပါစေနှင့်





ဟု ဆုတောင်းနေမိ၏။ ဂိုဏ်းချုပ်ကြီးကလည်း ဤတစ်ပွဲမှာတော့ နောက်သို့လျှိုပြီး မင်းပုညကို ဦးဆောင်ခိုင်း၏။ ထို့ကြောင့် မင်းပုညသည် မိုးမမြင်၊ လေမမြင်ဆိုသကဲ့သို့ အပျော်ကြီး ပျော်နေတော့၏။

ကျွန်ုပ်တို့အဖွဲ့မှာ လူလေးယောက် မြင်းသုံးစီးဖြစ်ပြီး တောင်တက်လမ်းမှာလည်း လွန်စွာကျဉ်းမြောင်းလှသဖြင့် ထင်သလောက်ခရီးမတွင် ဖြစ်နေ၏။ ကျွန်ုပ်တို့ တောင်ခါးပန်းတစ်နေရာသို့ အရောက်တွင် တောက်အောက်ဆီမှ မြင်းခွာသံများ ကြားလိုက်ရသဖြင့် လှမ်းမျှော်ကြည့်ရှုရာ ဝံနက်ဂိုဏ်းသားများ လိုက်လာကြခြင်းဖြစ်ကြောင်း တွေ့လိုက်ရ၏။

"ဟိုကောင်တွေတော့ လိုက်လာကြပြီဗျို့၊ လမ်းကကျဉ်းတော့ ဒီကောင်တွေ အလုံးအရင်းနဲ့ တက်လာလို့ မရဘူး၊ ကျုပ်တို့အတွက် ကံကောင်းတာပေါ့ဗျာ"

တောင်တက်လမ်းမှာ ကြမ်း၍ မြင်းများခြေချော်မကျအောင် အတော်ကြီး ဂရုစိုက်နေရ၏။ ကျွန်ုပ်တို့ တောင်ထိပ်နား ရောက်လာသောအခါ ဝံနက်များလည်း ကျွန်ုပ်တို့နှင့် တဖြည်းဖြည်း နီးကပ်စွာ ရောက်ရှိလာလေ၏။ ထိုအခါ မိတ်ဆွေကြီးထင်အောင်ကျော်က . .

"ကျုပ်တို့ ဒီထက်ခရီးတွင်ဖို့ ခြေလျင်တက်မှ ဖြစ်လိမ့်မယ်"

ဟု အကြံပြုလိုက်သဖြင့် ကျွန်ုပ်တို့လည်း ချက်ချင်းပင် မြင်းပေါ်မှဆင်းလိုက်ကြ၏။ စံပယ်မြိုင်ကို သိဒ္ဓိက တည့်မတ်စွာ လျှောက်လှမ်းနိုင်ဖို့ ဖေးမတွဲကူထား၏။ သိဒ္ဓိက မြင်းသုံးကောင်ကို တောင်အောက်သို့ ဦးတည်လိုက်ပြီး တင်ပါးကို အားကုန်ရိုက်ပုတ်လိုက်၏။ ၎င်းလုပ်ရပ်မှာ လွန်စွာထိရောက်လှပေ၏။

တောင်ကပန်းအကွေ့လေးကို တက်နေကြသော ဝံနက်



www.burmeseclassi.com

www.burmeseclassi.com



ဂိုဏ်းသားများကြားသို့ မြင်းသုံးကောင်မှာ ကြောက်လန့်တကြား ပြေးဝင်သွားရာ အားလုံးဖရိုဖရဲဖြစ်သွားကြပြီး ဂိုဏ်းသားအချို့မှာ မြင်းနှင့်အတူ တောင်အောက်ပြုတ်ကျသွား၏။ မကြာမီ ကျွန်ုပ်တို့လည်း တောင်ထိပ်သို့ ရောက်သွားကြ၏။

တောင်ထိပ်မှာ ပေ (၂၀၀) ဝန်းကျင်ခန့် ကျယ်ဝန်းသော်လည်း သစ်ပင်ကြီးကြီးမားမားဟူ၍ မတွေ့ရပေ။ တောင်ထိပ်၏ အနောက်ဘက်စွန်းတွင် ပေ (၂၀) ခန့် ပေါ်ထွက်နေသည့် ဂူပေါက်ဝတစ်ခုကို တွေ့ရ၏။ ကျွန်ုပ်တို့လည်း ၎င်းဂူပေါက်ဝသို့ အမြန်ပင် သွားလိုက်ကြ၏။

ဂူမှာ အောက်သို့နိမ့်ဆင်းသွားပြီး အတွင်းဝယ် မှောင်မဲလျက်ရှိ၏။ ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး မှောင်မဲနေသော ဂူထဲဝင်သင့် မဝင်သင့် ဝေခွဲမရရှိနေစဉ်မှာပဲ . . .

"အိုး . . . ဟိုး . . . ဒေါက်တာကြီးတို့ ဘာလို့များ ဒီလောက်စဉ်းစားနေကြသလဲ . . . ဟဲ . . . ဟဲ၊ အခုလို ရတနာသိုက်ရှိတဲ့ ဂူအထိ လမ်းပြလာတာကို ကျေးဇူးအထူးတင်ပါတယ်ဗျာ၊ ကဲ . . . ဒီနေရာမှာ ခင်ဗျားတို့ တာဝန်ပြီးဆုံးသွားပြီလို့ မှတ်လိုက်ပေတော့"

လောင်းကုတ်နက်ကြီး တဖားဖားနှင့် မင်းပုညသည် မြကြာဖြူနှင့်အတူ တောင်ထိပ်သို့ ရောက်ရှိလာ၏။ ဂိုဏ်းချုပ်ကြီးကလည်း ၎င်းနောက်မှ ဂိုဏ်းသားငါးယောက်ခြံရံပြီး လိုက်ပါလာ၏။ ကျန်ဂိုဏ်းသားများက တောင်ကိုပတ်လည်ဝိုင်းကာ ဆင်းလမ်းများကို ပိတ်ထားကြ၏။ အခြေအနေကို ရုတ်ချည်းသဘောပေါက်လိုက်သဖြင့် ဤတစ်ချိန်တော့ ဇာတ်သိမ်းပြီဟု တွေးမိပြီး သက်ပြင်းချ





လိုက်မိ၏။

မိတ်ဆွေကြီးထင်အောင်ကျော်က အနည်းငယ်မျှ အမူအရာမပျက်ဘဲ အေးဆေးတည်ငြိမ်စွာဖြင့် . . .

"ကောင်းပါပြီ . . . ဒီအချိန်မှာ ကျုပ်တို့အတွက် ဆုံးဖြတ်ပိုင်ခွင့်ဘာမှမရှိတော့ဘူးဆိုတော့ ခင်ဗျားတို့ သဘောပါပဲ"

ဟုပြောပြီး ဂူပေါက်ဝမှ ဖယ်ပေးလိုက်ရာ မင်းပုညမှာ အနည်းငယ် တွေဝေသွား၏။ သူစိုးရိမ်နေသည်မှာ ကျွန်ုပ်တို့ ဂူထဲဝင်သွားပြီး ရတနာများကို လက်ဦးမှုယူလိုက်မည်ကို ဖြစ်၏။ ယခုတော့ သူထင်သလိုမဟုတ်ဘဲ အသာတကြည် လိုက်လျောလိုက်သည့်အတွက် အံ့ဩသွားပုံရ၏။

သူသည် လောင်းကုတ်ထဲမှ သေနတ်ကိုဆွဲထုတ်ပြီး ကျွန်ုပ်တို့ကို ချိန်ရွယ်လျက် ဂူပေါက်ဝသို့ လျှောက်လာလေ၏။ မိတ်ဆွေကြီးထင်အောင်ကျော်က ဆက်၍ . . .

"ကျုပ်တို့ကို သေနတ်ချိန်မယ့်အစား ဂူထဲကို တည့်တည့်ဝင်သွားပါလား၊ မလိုအပ်ဘဲ လက်အညောင်းခံမနေပါနဲ့ မိတ်ဆွေရယ်၊ ခင်ဗျားတို့ သိပ်တွေ့ချင်တဲ့ ရတနာသိုက်က အထဲမှာ တကယ်ရှိပါတယ်"

ဟုပြောလိုက်ရာ မင်းပုညလည်း မှောင်မဲနေသော ဂူထဲသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး အထဲဝင်ရန် ဟန်ပြင်လိုက်၏။ တကယ်တော့ သူသည် ဂူထဲဝင်ဖို့ စိုးရွံ့နေ၏။ ဂိုဏ်းချုပ်ကြီးကလည်း သူ့အား သူရဲဘောကြောင်သူဟု ထင်မှတ်သွားမှာ၊ မြကြာဖြူက လူကြောက်ကြီးဟု ပျက်ရယ်ပြုလိုက်မှာကို မခံလို၍သာ ဂူထဲဝင်ရန် စိတ်အားတင်းလိုက်ခြင်း ဖြစ်သည်။



www.burmeseclassi.com

www.burmeseclassi.com



ထိုအခိုက်မှာပဲ ဂိုဏ်းချုပ်ကြီး၏ အသံထွက်ပေါ်လာ၏။

"ဟော့ကောင် . . . မင်းပုညၤ မင်းမပဝင်နဲ့" ဟုပြောလိုက်ပြီး သူ့ဘေးရှိ ဂိုဏ်းသားတစ်ယောက်ကို ဂူထဲဝင်ရန် အမိန့်ပေးလိုက်၏။ ထိုသူမှာ မငြင်းဆန်ဝံ့ဘဲ မှောင်မဲနေသော ဂူထဲ တစ်လှမ်းချင်း တိုးဝင်သွား၏။

ဒေါက်တာထင်အောင်ကျော်သည် ဝင်သွားသော သူ၏ ခြေလှမ်းများကို စိတ်ဖြင့် လိုက်ရေတွက်ကြည့်ရာ ခြေလှမ်းဆယ်လှမ်း မပြည့်မီမှာဘဲ . . .

"အား . . ."

"ဘုတ် . . . ဘုတ် . . . ဘုတ်"

အထက်ပါအသံများမှာ စက္ကန့်အနည်းငယ်မျှသာခြားပြီး ထွက်ပေါ်သွားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ အသေအချာ ကြည့်လိုက်သောအခါ ဂူထဲဝင်သွားသော ဂိုဏ်းသား၏ဦးခေါင်းက ဂူပြင်ဘက်သို့ ဘောလုံးတစ်လုံးပမာ လွင့်ထွက်လာခြင်း ဖြစ်၏။ မင်းပုည၏ မျက်နှာမှာ ရုတ်ချည်းပင် ဖြူရော်သွား၏။ မိတ်ဆွေကြီးထင်အောင်ကျော်က မထီတရီအပြုံးဖြင့် မင်းပုညကို ကြည့်လိုက်၏။ ထိုအခိုက် ဂိုဏ်းချုပ်ကြီးထံမှ ခြောက်ကပ်ကပ်ရယ်သံ ထွက်ပေါ်လာပြီး . . .

"ကဲ . . . ပုည၊ တို့ရဲ့ ဒေါက်တာကြီးကို အလှည့်ပေးလိုက်ပါကွာ၊ သူ့ခမျာ ဒီလောက်ကြိုးစားလာပြီးမှ အထဲဝင်ချင်မှာပေါ့"

မင်းပုညသည် အားတက်သရောဖြင့် ကျွန်ုပ်တို့ဘက်သို့ သေနတ်ဖြင့် ချိန်ရွယ်လိုက်ပြီး . . .

"ကဲ . . . ဒေါက်တာကြီး၊ ကြားတော်မူတဲ့ အတိုင်းပါပဲ၊ ခင်ဗျားလူတွေ တစ်ယောက်ပြီးတစ်ယောက် သေတာမမြင်ချင်ရင်





ဂူထဲဝင်ပေတော့"

"ကျုပ် ပြန်ထွက်မလာနိုင်ခဲ့ရင်ရော"

ဂိုဏ်းချုပ်ကြီးသည် ထိုမေးခွန်းအတွက် ကြိုတင်အကွက်ချထားသလို ပြောဆိုလိုက်၏။

"ဒီအတွက် ငါအားလုံးစီစဉ်ထားပြီးပါပြီ၊ တစ်ကနေ တစ်ရာအထိ ရေလို့မှ မင်းပြန်ထွက်မလာရင် ဝံဖြူစုံတွဲကို ဝင်ခိုင်းမယ်၊ သူတို့ပြန်ထွက်မလာရင် မင်းမိတ်ဆွေအလှည့်ပေါ့"

"ကောင်းပြီ . . . ကျုပ်ဝင်တော့မယ်"

ဟုပြောပြီးသည်နှင့် သူ၏ဦးထုပ်ကို ပြင်ဆောင်းကာ မည်သူ့ကိုမှမကြည့်ဘဲ ဂူထဲသို့ တည့်မတ်စွာ ဝင်သွားတော့၏။ ကျွန်ုပ်သည် ဘောလုံးတစ်လုံးလို လိမ့်ထွက်လာသော ဦးခေါင်းကြီးကို ကြည့်၍ မိတ်ဆွေကြီးအတွက် လွန်စွာစိုးရိမ်မိ၏။

မဲမှောင်နေသည့် ဂူအတွင်းရောက်ရှိသွားသော ဒေါက်တာထင်အောင်ကျော်သည် ခြေလှမ်းမှန်မှန်ဖြင့် မိမိခြေလှမ်းကို လွဲမှားမသွားအောင် ဂရုတစိုက် လျှောက်လှမ်း၏။ ခြေလှမ်းခုနှစ်လှမ်း၊ ရှစ်လှမ်း . . .။ သူသည် ကိုးလှမ်းမြောက်ကို ရှေ့မဆက်သေးဘဲ သတိဖြင့် စောင့်ဆိုင်းရင်း လှမ်းလိုက်၏။

"ဝှီး . . ."

လေတိုးသံကြားလိုက်ရ၍ ဖြတ်ကနဲ ငုံ့ချလိုက်၏။

ခေါင်းနားတွင် အေးခနဲ သတိပြုမိလိုက်ရာ ဓါးသွားတစ်ခု ဖြစ်မည်ဟု တွေးမိ၏။ လူကို မထိသောအခါ နံရံရှိတစ်စုံတစ်ခုကို သွားရိုက်သည့် အခိုက်မှာပဲ . . .

"ချောက် . . . ဂျိ . . . ဂျိ . . ." ဟူသည့် အသံထွက်ပေါ်



www.burmeseclassi.com

www.burmeseclassi.com



လာပြီး တခဏအတွင်း ဂူကြမ်းပြင်ရှေ့နားတွင် အပေါက်တစ်ခု ပွင့်သွား၏။ ၎င်းအပေါက်ထဲမှ အလင်းသဲ့သဲ့ထွက်ပေါ်နေရာ အနားသို့ရောက်သည်တွင် အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့ရပြီး ထိုလှေကားထစ်အတိုင်း အရောင်ထွက်နေသော သလင်းလုံးများ မြှုပ်ထားကြောင်း သိရှိလိုက်၏။

လှေကားထစ်များအတိုင်း ဆင်းသွားလိုက်ရာ ပထမတစ်ထစ်ဆင်းပြီးနောက် ဒုတိယတစ်ထစ်သို့အရောက်တွင် "ချောက် . . ." ဟူသည့် အသံသဲ့သဲ့ကို ကြားရပြန်၏။ ထို့ကြောင့် အပေါ်သို့ နောက်ပြန်ခုန်တက်ကာ မြေပြင်ပေါ်သို့ လှန်ချလိုက်၏။

"ဒေါက် . . ."

ဂူအမိုးအတွင်း မြားတိုတစ်စင်း စိုက်ဝင်သွား၏။ ဒုတိယထစ်ကို ပြန်နင်းကြည့်သောအခါ ဘာထူးခြားမှုမှ မရှိတော့ပေ။ ဆက်၍ဆင်းခဲ့ရာ လှေကားထစ်ပေါင်းဆယ့်ရှစ်ထစ်ရှိပြီး လှေကားအဆုံးဝယ် ကျောက်ကလပ်စင်တစ်ခုရှိ၏။ ထိုစင်ပေါ်တွင် အလွန်ခိုင်ခံ့သော ပိုးပုဝါဖြင့် ဖုံးအုပ်ထားသည့် အရာတစ်ခုကို တွေ့လိုက်၏။

ထိုပုဝါစကို အသာဆွဲဖယ်လိုက်ရာ လေးနှင့်မြားသုံးစင်းကို တွေ့ရ၏။ မိုးကြိုးသတ္တုနှင့် ပြုလုပ်ထားသော အပြားပေါ်တွင်-

"အမှောင်မိစ္ဆာများအား အဆုံးတိုင်သုတ်သင်ဖယ်ရှားစေဖို့ ယမမင်းထံ ဤလေးနှင့်မြားကို ပူဇော်ပါ၏။"

ရှေးဟောင်းသက္ကတဘာသာဖြင့် ရေးထိုးထားခြင်း ဖြစ်၏။ လေးမှာ သုံးပေခန့်ရှည်၏။ လေးညို့ကိုဆွဲကြည့်ရာ လျော့ရဲရဲနှင့် မြားတံကလေးများမှာ ရှစ်လက်မခန့်သာ ရှိမည်ဖြစ်ရာ ကစားစရာ





လေးတစ်ခုလို ဖြစ်နေ၏။

လမ်းကလေးအတိုင်း ဆက်လျှောက်သွားရာ ကမ်းပါးစွန်းတစ်ခုသို့ ရောက်သွား၏။ ကမ်းပါးမှာ နှစ်ခြမ်းပြတ်နေရာ ဆယ်ပေခန့် ကွာဝေးလျက်ရှိ၏။ ကမ်းပါးတစ်ဖက်ဝယ် မြေကွက်လပ်တစ်ခုရှိပြီး ကျောက်သေတ္တာကြီးတစ်လုံးနှင့် ကျောက်ကလပ်တစ်ခုကို လှမ်းမြင်နေရ၏။

သို့သော် ဆယ်ပေဟူသော အကွာအဝေးမှာ ၎င်းနေရာကျဉ်းကျဉ်းလေးတွင် ဘယ်လိုမှ အားယူ၍ လှမ်းခုန်လို့ ရမည်မဟုတ်ပေ။ သေချာစွာ ထပ်မံလေ့လာကြည့်သောအခါ အခြားတစ်ဖက်ရှိ ကမ်းပါးနံရံတွင် စက်ဝိုင်းသဏ္ဍာန် ကျောက်ချပ်အဝိုင်းကို တွေ့ရ၏။ ထိုအဝိုင်းမှာ အလယ်တွင် အဝတ်တစ်ခုရှိရာ မြားပစ်လေ့ကျင့်သော စက်ဝိုင်းလို ဖြစ်နေ၏။

ထိုအခိုက် ဒေါက်တာထင်အောင်ကျော်သည် အတွေးတစ်ချက်ပေါ်လာပြီး လေးငယ်လေးနှင့် မြားတိုလေးကို အသုံးပြုလျက် ထိုစက်ဝိုင်းကို ချိန်လိုက်ပြီးနောက် လေးညို့ကိုဆွဲ၍ မြားကိုပစ်လွှတ်လိုက်ရာ ဝှစ်ကနဲ အသံမြည်ပြီး မြားမှာ လေးညို့မှ လွတ်ထွက်သွား၏။

လေးညို့မှာ လျော့လွန်းသဖြင့် ပစ်မှတ်သို့ ရောက်ပါမည်လားဟုပင် ထင်ရ၏။ သို့သော် အံ့သြဖွယ်ကောင်းလောက်အောင် မြားက ဖြေးညင်းစွာ ရွေ့လျားသွားလေ၏။ ထိုမြားရွေ့သွားပုံမှာ သက်ရှိငှက်တစ်ကောင် လေဟုန်စီးဝဲပျံသွားသည့်အလား ထင်မှတ်ရပြီး ပစ်မှတ်ကို တည့်တည့်ထိမှန်ကာ နံရံရှိကျောက်ပြားဝိုင်းမှာ-

"ခွပ် . . ." ခနဲ အစိတ်စိတ်၊ အမွှာမွှာ ကွဲသွားလေတော့



www.burmeseclassi.com

www.burmeseclassi.com



၏။ ထိုအခိုက်မှာပဲ . . .

ဝုန်းခနဲ မြည်သံကြီးနှင့်အတူ ဂူခေါင်မိုးမှ ဆယ့်သုံးပေခန့် ရှည်၍ နှစ်ပေခန့်ကျယ်သည့် ကျောက်ပြားကြီးတစ်ချပ် ပြုတ်ကျလာပြီး ကမ်းပါးနှစ်ခုကို တံတားထိုးထားသည့်နှယ် ကန့်လန့်ဖြတ်တင်သွား၏။ ထိုအချိန်မှာပဲ . . .

"ဒေါက်တာ . . . ဒေါက်တာ . . . ဘာမှမဖြစ်ပါဘူးနော်"

ဟူသည့် အမေးနှင့်အတူ သိဒ္ဓိနှင့် စံပယ်မြိုင်တို့ ရောက်ရှိလာကြ၏။

"ဩော် . . . ခင်ဗျားတို့ကို နောက်က လွှတ်လိုက်ကြပြီကိုး၊ အခုအချိန်အထိတော့ ကံကောင်းနေဆဲပဲဗျို့၊ သတိတော့ အတော်ထားရတယ်၊ ဒါပေမယ့် ဒီခလုတ်တွေက တစ်ခုသုံးပြီးရင် နောက်ထပ်အန္တရာယ် မပေးနိုင်တော့ဘူး"

"ဟုတ်မယ်ဗျ၊ ဒါကြောင့် ကျွန်တော်တို့ ဝင်လာတော့ ဘယ်လိုအန္တရာယ်မှ မကြုံရတော့ဘူး"

"ခဏနေရင် ကိုမျိုးမြတ်ဝင်လာလိမ့်မယ်၊ ဒီတစ်ခါ သူ့အလှည့်ပဲ"

ဟု သိဒ္ဓိက ပြောလိုက်၏။ စံပယ်မြိုင်ကတော့ ဂူထဲတွင် သဲ့သဲ့ကလေးထွက်ပေါ်နေသည့် အလင်းရောင်ကလေးကို တွေ့ရ၍ အံ့သြနေလေ၏။ သိဒ္ဓိက ဆက်၍ . . .

"အရောင်ထွက်တဲ့ ကျောက်တွေကို သလင်းလုံးထဲမှာမြှုပ်ပြီး ရောင်ပြန်ကြေးပြားတွေကို စနစ်တကျ နေရာချထားလိုက်တော့ လင်းနေတာပေါ့"

ဟု စံပယ်မြိုင်ကို ရှင်းပြလေ၏။





ဂိုဏ်းချုပ်ကြီး၏ အစီအစဉ်အရ ကျွန်ုပ်လည်း ဂူထဲသို့ နောက်မှလိုက်ပါဝင်ခဲ့ရာ သိဒ္ဓိတို့နည်းတူ မည်သည့်အန္တရာယ်နှင့်မှ မကြုံရဘဲ မိတ်ဆွေကြီးတို့ရှိရာ ရောက်ရှိခဲ့လေ၏။

"ကိုထင်အောင်ကျော်ရေ . . . ကျုပ်ပြီးရင်တော့ မင်းပုညဝင်လာမှာ၊ သူ့ချည်းပဲ မဟုတ်ဘူး၊ မြကြာဖြူကိုပါ ခါးစာခံလုပ်ပြီး ဝင်လာမှာဗျ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မိတ်ဆွေကြီးထင်အောင်ကျော်က . . .

"ဟိုဘက်ကမ်းပါးမှာတော့ မြေပုံညွှန်းပုရပိုက်ရှိမှာ ငှသချာတယ်၊ ကျွန်တော်တို့ ပုရပိုက်ရထားမှ ဒီကောင်တွေကို အကျပ်ကိုင်နိုင်မှာ"

ဟုပြောကာ ကျောက်ပြားတံတားပေါ်မှ လျင်မြန်စွာ ဖြတ်သန်းသွားလေ၏။ ကျွန်ုပ်တို့လည်း မိတ်ဆွေကြီး၏နောက်မှ လိုက်ခဲ့ကြရာ တစ်ဘက်ကမ်းပါးသို့ ရောက်သည်တွင် ကျောက်ကလပ်ပေါ်တွင် သံချေးတက်နေသော သံလျက်တစ်ခုကို တွေ့ရ၏။ ကျောက်သေတ္တာကြီးတစ်လုံးကိုလည်း တွေ့ရ၏။

ကျောက်သေတ္တာကြီးမှာ အလုံပိတ်ဖြစ်၍ ဆက်ရာ၊ အက်ရာ၊ ဖွင့်ရန်၊ ပိတ်ရန် နေရာဟူ၍ မတွေ့ရသဖြင့် အခက်တွေ့ရလေ၏။ မိတ်ဆွေကြီးက သေတ္တာကြီးတွင် ကပ်နေသော ဖုန်များကို ပွတ်သပ်ဖယ်ရှားလိုက်ရာ ရှေးဟောင်းသက္ကတဘာသာဖြင့် . . .

"လောကပါလအမြုတေ . . ."

"စံပုလွေဂိုဏ်းဆက် (၂၀) မြောက် ဂိုဏ်းချုပ်ကြီးဗဟုက စီရင်သိမ်းဆည်းသည်" ဟူ၍ ရေးထိုးထား၏။



www.burmeseclassi.com

www.burmeseclassi.com



ကျွန်ုပ်တို့မှာ ကျောက်သေတ္တာကြီးကို ဖွင့်ရမည့်နည်းလမ်းကို ရှာဖွေစဉ်းစားကြစဉ် စံပယ်မြိုင်က . . .

"ဒီကျောက်သေတ္တာပေါ်က စာတွေကို ချွန်ထက်တဲ့ အရာတစ်ခုခုနဲ့ သာသာလေး ရေးခြစ်ထားတာ၊ လက်ရေးတွေက ညီညာဝိုင်းစက်နေတယ်"

ဟုပြောပြီး ကျောက်ကလပ်ပေါ်မှ သံချေးတက်နေသော သံလျက်ကြီးကိုယူ၍ ကျောက်သေတ္တာစွန်းကို ခုတ်လိုက်ရာ ရွှံ့တုံးတစ်တုံးကို ခုတ်ဖြတ်လိုက်သည့်ပမာ ပြတ်ထွက်သွားလေ၏။

"ဟာ . . . မြိုင်၊ ဒီသံလျက်က ကျောက်သေတ္တာကိုဖွင့်ဖို့ထားတာပါလား"

ဟု သိဒ္ဓိကပြောလျက် သံလျက်ကို ယူလိုက်၏။ ထိုစဉ် . .

"အဲဒီသေတ္တာဖွင့်ဖို့ကတော့ ငါပဲတာဝန်ယူလိုက်ပါ့မယ်"

ဟု ကမ်းပါးတစ်ဖက်စွန်းမှ လှမ်းပြောလိုက်သည့် မင်းပုည၏အသံကို ကြားလိုက်ရ၏။ မြကြာဖြူကိုလည်း သေနတ်ဖြင့်ချိန်၍ ခေါ်လာခြင်း ဖြစ်သည်။

"ကဲ . . . ရှေ့ကလျှောက် . . ."

မြကြာဖြူကို ကျောက်ပြားလေးပေါ်မှ လျှောက်ခိုင်းပြီး ၎င်းကမူ နောက်မှသေနတ်ဖြင့် ချိန်ရွယ်လျက် လိုက်လာ၏။ ကျွန်ုပ်တို့ရှိရာသို့ရောက်သော် သိဒ္ဓိကို သေနတ်နှင့်ချိန်၍ . . .

"သံလျက် . . . ကျုပ်ကိုပေးပါ"

ဟု အမိန့်ဆန်ဆန်ပြောလိုက်ရာ သိဒ္ဓိမှာ သံလျက်ကို မငြင်းသာဘဲ ပေးလိုက်ရ၏။

ထိုအခါ မင်းပုညက သံလျက်ဖြင့် ကျောက်သေတ္တာကို





အပေါ်မှ အပေါက်ဖြစ်အောင် လှီးဖြတ်လိုက်ပြီးနောက် အပေါက်ထဲသို့ လက်နှိုက်ကာ အထဲတွင် လိုက်စမ်းနေ၏။ ထိုအချိန်တွင် သံလျက်ကို သေတ္တာပေါ် ခဏချထားပြီး သေနတ်ကမူ ကျွန်ုပ်တို့ကို ချိန်လျက်သား ရှိ၏။

ထိုစဉ် တစ်စုံတစ်ခုကို စမ်းမိသွားပုံရပြီး အားရဝမ်းသာဖြင့် ဆွဲထုတ်လိုက်ရာ ရှည်မျောမျောသေတ္တာတစ်လုံးပါလာ၏။

အဖုံးပေါ်တွင် 'လောကပါလအမြုတေ' ဟု ရေးထိုးထား၏။ မင်းပုညမှာ အဖုံးပေါ်ကစာကို အထပ်ထပ် အသံထွက်ဖတ်နေလေ၏။

"လောကပါလအမြုတေ . . . အမြုတေ . . . အမြုတေ . . . အား . . ."

မင်းပုညမှာ အသံနက်ကြီးဖြင့် အားကုန်အော်ဟစ်လိုက ခြင်း ဖြစ်၏။

သိဒ္ဓိက ကျောက်သေတ္တာပေါ်မှ သံလျက်ကိုယူ၍ ပုရပိုက်ကိုင်ထားသော လက်ကိုခုတ်ချလိုက်ရာ တိခနဲ ပြတ်ကျသွားခြင်းဖြစ်သည်။ မင်းပုညသည် သွေးရူးသွေးတန်းဖြင့် ပစ်မိပစ်ရာ ပစ်လေတော့သည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

သေနတ်မှာ မိတ်ဆွေကြီးထင်အောင်ကျော်ဘက်သို့ ချိန်လျက်သား ဖြစ်နေ၏။ နေရာမှာ ကျဉ်း၍ ဘယ်လိုမှ ရှောင်တိမ်း၍ မရ။ ထိုအချိန်တွင် မြကြာဖြူက မိတ်ဆွေကြီးကို ပြေးဖက်လိုက်ရာ ကျည်ဆန်က မြကြာဖြူ၏နောက်ကျောကို ထိမှန်သွား၏။

"ဟင် . . . ကြာ . . . ကြာဖြူ"



www.burmeseclassi.com

www.burmeseclassi.com



မိတ်ဆွေကြီးထင်အောင်ကျော်သည် မိမိအား အကာအကွယ်ပေးလိုက်သော မြကြာဖြူကို ပြန်ပြီးသိုင်းဖက်လျက်ကကြေကွဲစွာ ခေါ်လိုက်လေ၏။ မြကြာဖြူမှာ မိတ်ဆွေကြီးကို စူးနစ်စွာစိုက်ကြည့်လျက် နှုတ်ခမ်းများမှာ တစ်ချက်မျှ ပြုံးလိုက်ပြီးနောက်ငြိမ်သက်သွားတော့၏။

မင်းပုညမှာမူ ပြတ်သွားသော ၎င်း၏လက်တစ်ဖက်ကိုသွေးရူးသွေးတန်းဖြင့် ကောက်ယူလိုက်ပြီး ထိုလက်ပြတ်မှ လက်ချောင်းကလေးများကိုဖြည်ကာ အမြုတေသေတ္တာကိုယူရန် ကြိုးပမ်းနေ၏။

ထိုအချိန်တွင် မိတ်ဆွေကြီးက မြကြာဖြူကို အသာအောက်ချလိုက်ပြီး ၎င်း၏လက်စွဲတော်ကြာပွတ်ကို လေထဲဝယ် "ရွှမ်းခနဲ" နေအောင် ခါရမ်းလိုက်၏။

"ချွင် . . . ချွင် . . . ချလွင်"

ကြာပွတ်အနှောင့်မှ ငွေရောင်ခေါင်းလောင်းလေး၏ မြည်သံကြားရတော့မှ မင်းပုညသတိပြန်ဝင်လာသလို ဖြစ်သွားပြီး မိတ်ဆွေကြီးကို သေနတ်ဖြင့် ထိုးချိန်လိုက်၏။ မိတ်ဆွေကြီးက ပို၍လျင်မြန်စွာဖြင့် လက်ထဲရှိ ကြာပွတ်ကို ဝှေ့ရမ်းလိုက်ရာ မင်းပုည၏သေနတ်ကိုင်ထားသော လက်ကို ရစ်ပတ်သွား၏။

တစ်ဆက်တည်း ကြာပွတ်ကို ဆောင့်ဆွဲလိုက်ရာ မင်းပုညလက်ထဲမှ သေနတ်မှာ ဘုတ်ခနဲ ပြုတ်ကျသွားပြီး ကြာပွတ်ဖြင့်အဆက်မပြတ် ရိုက်ချခြင်းကိုခံရ၍ တဟီးဟီး၊ တဟားဟား အော်ဟစ်ရယ်လျက် နောက်သို့တဖြည်းဖြည်း ဆုတ်သွားရာ ကမ်းပါးစွန်းသို့ ရောက်သွားတော့၏။ မိတ်ဆွေကြီးက နောက်ဆုံးရိုက်ချက်ကို





ရိုက်ချလိုက်ရာ . . .

"ရွှမ်း . . ."

"အား . . ."

မင်းပုညမှာ ကမ်းပါးစွန်းမှနေ၍ ကမ်းပါးအောက်သို့ ကျသွားတော့၏။ ထိုအခါတွင်မှ ပျော့ခွေနေပြီဖြစ်သော မြကြာဖြူအားပွေ့ချီလိုက်ပြီး . . .

"ကြာဖြူ . . . ကြာဖြူ"

မြကြာဖြူက မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်ပြီး . .

"အစ်ကို . . . ကြာ . . . ကြာဖြူကို ခွင့်လွှတ်ပါနော်"

"ကြာဖြူ့မှာ ဘယ်တုန်းကမှ အပြစ်မရှိပါဘူးကွယ်၊ အစ်ကို ခွင့်လွှတ်ပါတယ်"

မြကြာဖြူမှာ ကျေနပ်သွားပုံရကာ အားယူပြုံးလိုက်ပြီး-

"ကြာဖြူ . . . တည်းခိုခန်းကို ပို့ပေးထားတဲ့ စီးကရက်က အစ်ကိုသောက်တဲ့ တံဆိပ်ဟုတ်ရဲ့လားဟင်"

ဟုမေးလေရာ ကျွန်ုပ်မှာ သံယောဇဉ်ကြီးမားလှသည့် မြကြာဖြူကိုကြည့်၍ များစွာစိတ်မကောင်းဖြစ်ရလေ၏။ မိတ်ဆွေကြီးကမူ ဘာမှမပြောဘဲ ခေါင်းညိတ်ပြကာ စိုက်ကြည့်နေ၏။

ထိုအကြည့်များထဲတွင် စကားလုံးပေါင်း ထောင်သောင်းမကထက် အဓိပ္ပါယ်များ ပါဝင်နေလေရာ မြကြာဖြူမှာ မိတ်ဆွေကြီးကို ပြန်စိုက်ကြည့်နေရင်းမှာပင် အသက်ပျောက်သွားလေ၏။ ထိုစဉ်မှာပင် ဂူဝမှ ထူးဆန်းသော အသံများကို ကြားရလေ၏။

ဂိုဏ်းချုပ်ကြီး၏ ရေရွတ်ပြောဆိုနေသံများပင် [illegible]၏။ မာဂဓဘာသာစကားဖြင့် အော်ဟစ်စေခိုင်းနေသံများ[illegible]ဖြစ်ပြီး လေ



www.burmeseclassi.com

www.burmeseclassi.com



ချွန်သံပေါင်းများစွာကိုပါ တစ်ပြိုင်နက် ကြားရလေ၏။ သိဒ္ဓိက-

"သတိထားကြဗျို့၊ ဂိုဏ်းချုပ်ကြီးတော့ တစ်ခုခုလုပ်နေပြီ"

ဟုပြောကာ သတိပေးလိုက်၏။

ထိုအခိုက်မှာပဲ ကျွန်ုပ်၏မြင်ကွင်းထဲတွင် ထောင်ဂဏန်း ခန့်ရှိမည့် မြွေများမှာ ဂူအောက်သို့ တွန့်လိမ်ကာ ဝင်လာကြသည်ကို တွေ့ရ၏။ ကမ်းပါးစွန်းများမှလည်း ထွက်လာကြသလို ဂူနံရံများမှလည်း ဝင်ရောက်လာ၏။ မြွေအားလုံးက ကျွန်ုပ်တို့ထံ ဦးတည်လာခြင်းဖြစ်လေရာ ကျွန်ုပ်မှာ ကြောက်ရွံ့တုန်လှုပ်မှုဖြင့် ဇောချွေးများ ပျံ့ကုန်တော့၏။

သေခြင်းတရားက ခြေဖျားမှစ၍ တရွေ့ရွေ့ မျိုချနေသည်သို့ ခံစားရ၏။ သိဒ္ဓိက နံရံမှဆင်းလာသည့် အချို့အကောင်များကို သံလျက်ဖြင့် ခုတ်နေ၏။ မိတ်ဆွေကြီးကလည်း ကြာပွတ်ဖြင့် မရပ်မနား ရိုက်ချလေ၏။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ တစ်စထက်တစ်စ များပြားလာသော မြွေများကို မည်သို့မျှ ထိန်းမထားနိုင်တော့ပေ။

စံပယ်မြိုင်မှာ ကြောက်လွန်း၍ တစ်ကိုယ်လုံး တုန်ရင်နေရှာ၏။ ဝံနက်ဂိုဏ်းချုပ်ကြီးထံမှ မာဂဓဘာသာဖြင့် အော်ဟစ်ရေရွတ်သံမှာ ပိုမိုကျယ်လောင်လာကာ လှိုဏ်ဂူထဲတွင် ဟိန်းထနေလေသည်။ မြွေများမှာ အကောင်စုံ၊ အရွယ်စုံ၊ အမျိုးစုံဖြစ်ပြီး ကျောက်ပြားမှ ဖြတ်ကူးလာကြသည်မှာ အုပ်စုလိုက်ဖြစ်၏။

သိဒ္ဓိက ကျောက်လှေကားကို သံလျက်ဖြင့် ခုတ်ပိုင်းချလိုက်ရာ မြွေများရာနှင့်ချီ၍ ထိုတံတားပေါ်တွင် ပါသွားလေ၏။ နံရံမှ ထွက်လာသည့် အကောင်အချို့သာ ကျန်ရစ်ခဲ့၏။ မြွေများကူးမလာ





နိုင်တော့သလို ကျွန်ုပ်တို့လည်း ပြန်ကူး၍ မဖြစ်နိုင်တော့ပေ။

"မိတ်ဆွေကြီးက အမြုတေသေတ္တာကို ကောက်ယူလိုက်ပြီး အဖုံးကိုလှပ်လိုက်၏။ အဖုံးအတွင်းဝယ် ကျောက်ဖြူတစ်လုံး၊ ကျောက်နီတစ်လုံး၊ အစိမ်းတစ်လုံးမြှုပ်ထားရာ မိတ်ဆွေကြီးက သုံးလုံးစလုံးကို ဖြုတ်ယူလိုက်၏။

"ကဲ . . . ကိုမျိုးမြတ်၊ ကိုသိဒ္ဓိနဲ့ စံပယ်မြိုင်တို့ရေ . . . ဒီအမြုတေကိုမယူဘဲ ပြန်ထားခဲ့ရင် လိုတဲ့ဆုပြည့်လိမ့်မယ်လို့ အစဉ်အဆက်ပြောခဲ့ကြတယ် မဟုတ်လား၊ အဲဒီစကားမှန်မမှန် စမ်းကြည့်ရအောင်၊ ဘာဆုတောင်းချင်လဲ၊ စဉ်းစားကြဗျို့"

ကျွန်ုပ်တို့မှာ သေရေး၊ ရှင်ရေးကြားထဲဝယ် ဘာဆုတောင်းရမည်ကို စဉ်းစားမရကြပေ။ ဌာနတွင် ရာထူးတက်ရေးလား၊ သုံးမကုန်နိုင်သော ပိုက်ဆံတွေရဖို့လား၊ သိဒ္ဓိနှင့် စံပယ်မြိုင်တို့မှာလည်း စဉ်းစားနေကြပုံရ၏။

ထိုစဉ်မှာပဲ မြွေများ ပျောက်ကွယ်သွားပြီး တကယ့်သေမင်းတမန်များ ရောက်လာပြန်၏။

"ဟာ . . . ဝံပုလွေတွေ ဆင်းလာကြပါလား"

ဟု ကျွန်ုပ်က အော်ဟစ်ပြောလိုက်မိသည်။

ဂိုဏ်းချုပ်ကြီး၏ မာဂဓဘာသာစကားမှာ အသံပြောင်းသွားပြီဖြစ်ရာ ဝံပုလွေကောင်များ ဂူထဲဆင်းလာကြ၏။ ဂူထဲတွင် ဝံပုလွေကောင်များဖြင့် ပြည့်သွားလေ၏။ ရှေ့ဆုံးမှ အကောင်များမှာ ခုန်ကူးလာပြီး သန်မာထွားကျိုင်းသည့် အကောင်ကြီးများဖြစ်၍ ကား ဆယ်ပေအကွာအဝေးလောက်ကို အသာလေး ခုန်ကူးနိုင်၏။

ကြာပွတ်နှင့် သံလျက်မှာ အလုပ်ပြန်ရသွားပြီး မနားမနေ



www.burmeseclassi.com

www.burmeseclassi.com



ခုတ်သူက ခုတ်၊ ရိုက်သူက ရိုက်နှင့် ဝံပုလွေများကို နှိမ်နင်းရလေ၏။ မိတ်ဆွေကြီးက အမြုတေကို ကျောက်သေတ္တာအပေါက်ထဲ ပြန်ပစ်ထည့်လိုက်ပြီး . . .

"ကျွန်တော်တော့ ဒီနေရာကနေ လေးယောက်စလုံး အသက်နဲ့ခန္ဓာ အိုးစားမကွဲဘဲ ပြန်ထွက်ရပါစေလို့ ဆုတောင်းလိုက်တယ်၊ လောလောဆယ် အလိုချင်ဆုံးဆန္ဒက အဲဒါပဲလေ"

ဟု ပြောလိုက်၏။

မိတ်ဆွေကြီးက အမြုတေသေတ္တာကို နေရာတကျ ပြန်ထားပြီး ဆုတောင်းလိုက်သော်လည်း ဘာမှမထူးခြားပေ။ ဝံပုလွေများပို၍ကောင်ရေများလာသည်သာ ထူးခြား၏။ မိတ်ဆွေကြီးမှာ ရင်ဘတ်နှင့် လက်မောင်းတွင် ကုတ်ရာတစ်ချက်စီ၊ သိဒ္ဓိ၏လက်ဖျံတွင် တစ်ချက် ဒဏ်ရာကိုယ်စီရထားကြ၏။

ထိုစဉ်မှာပဲ ကြောက်မက်ဖွယ် တော်လဲသံကြီးကို ကြားလိုက်ကြရပြီး ခေါင်မိုးမှ ကျောက်မှုန့်များ တဖွားဖွား ကျလာတော့၏။

"လျှောင်လှုပ်ပြီဗျို့"

ဟု မိတ်ဆွေကြီးက အော်ပြောလိုက်ရာ ကျွန်ုပ်ကလည်း အားကျမခံပင် . . .

"ကောင်းပါ့ဗျာ . . . နောက်ဆုံးတော့ မြေပြိုလို့ ပိပြီးသေမှာပဲ ထင်တယ်"

ဟုကြောက်စိတ်ဖြင့် ပြောလိုက်မိ၏။ ဝံပုလွေများမှာ ကြောက်လန့်တကြားဖြင့် ဂူပေါ်ပြန်၍ ပြေးတက်ကြ၏။ ဂူကြီးတစ်ခုလုံးမှာ ယိမ်းထိုးလှုပ်ရှားနေတော့သည်။ သိဒ္ဓိက စံပယ်မြိုင်ကို ရင်ခွင်ထဲထည့်ကာ အကာအကွယ်ပေးထား၏။ မိတ်ဆွေကြီးက မြကြာဖြူ





၏ အသက်မဲ့နေသည့် ခန္ဓာကိုယ်အား ကျောက်ကလပ်ပေါ် တင်ထားပေးလိုက်၏။

"ဝုန်း . . ."

ထိုစဉ်မှာပဲ ကျွန်ုပ်တို့နောက်ကျောဘက်ရှိ ကျောက်နံရံကြီးမှာ ပွင့်ထွက်သွားပြီး လေများတိုးဝင်လာ၏။ ရေမှုန်ရေမွှားများလည်း ပါဝင်လာ၏။ ကျွန်ုပ်တို့မှာ တောင်၏အတွင်းပိုင်းသို့ ရောက်နေရာမှ တောင်နံရံကျောက်ချပ်ကြီး ပွင့်ထွက်သွားခြင်း ဖြစ်၏။ မိတ်ဆွေကြီးက အောက်ခြေကို ငုံ့ကြည့်လျက် . . .

"မြင့်တော့ အမြင့်ကြီးပဲဗျ၊ ဒါပေမယ့် ဟိုဘက်က ကျနေတဲ့ ရေတံခွန်အတိုင်း ခုန်ချသွားရင်တော့ ဖြစ်နိုင်လိမ့်မယ်"

ရေတံခွန်မှာ နိမ့်လျောပုံသဏ္ဌာန်ဖြစ်ပြီး ကျွန်ုပ်တို့ဘေးမှ ပွင့်သွားသော နံရံနှင့် ကပ်လျက်ရှိသောကြောင့် ရေစီးနှင့် အသာခုန်ချသွားလျှင် ရနိုင်ပေ၏။ လျှောင်မှာ အဆက်မပြတ်လှုပ်နေကာ ကျွန်ုပ်တို့ဂူကြီးမှာ အချိန်မရွေး ပြိုကျလာနိုင်သဖြင့် မိတ်ဆွေကြီးက သိဒ္ဓိအား . . .

"ခုန်ချကြစို့ . . ."

ဟုတိုင်ပင်ကာ ရေတံခွန်မှ ရေစီးကြောင်းထဲသို့ အားလုံးခုန်ချလိုက်ကြ၏။ သိဒ္ဓိမှာ စံပယ်မြိုင်ကို ပွေ့ဖက်၍ ခုန်ချလေ၏။ ကျွန်ုပ်၏ခန္ဓာကိုယ်မှာ ရေစီးထဲ ဒလိမ့်ခေါက်ကွေးပါသွားပြီး အောက်ရှိမြစ်ထဲသို့ "ဗွမ်း" ခနဲ ကျသွားတော့၏။

ပြီးနောက် သိဒ္ဓိ၊ စံပယ်မြိုင်နှင့် မိတ်ဆွေကြီးထင်အောင်ကျော်တို့ ကျလာကြ၏။ အားလုံးပင် ဘေးမသီရန်မခဘဲ ပြုတ်ကျလာကြ၍ တော်ပေသေး၏။ ထိုစဉ်မှာပဲ . . .



www.burmeseclassi.com

www.burmeseclassi.com



"ဘေးကပ်ရှောင်ကြ . . . ရှောင်ကြ"

ဟု မိတ်ဆွေကြီးက အော်ပြောလိုက်၏။ လျှောင်ဒဏ်ကြောင့် ရေတံခွန်ထိပ်မှ သစ်ပင်ကြီးတစ်ပင် လဲကျလာခြင်းဖြစ်၏။ ၄င်း သစ်ပင်က ရေစီးနှင့်အတူပါလာပြီး ကျွန်ုပ်တို့ဘေးသို့ ကျလာ၏။ ကျွန်ုပ်တို့မှာ ရေစီးထဲဝယ် ယက်ကန်ယက်ကန်ဖြင့် ရှိနေရာမှ ထို သစ်ပင်ကြီးကို တွယ်ဖက်လျက် ရေစီးအတိုင်း လိုက်ပါသွားကြ၏။

ရေစီးငြိမ်၍ ရေတိမ်သောနေရာတွင် ကမ်းသို့ကပ်ကာ တက်ခဲ့ကြ၏။ ကျွန်ုပ်တို့မှာ အမြုတေရှိရာတောင်နှင့် အတော်ဝေး သော နေရာသို့ ရောက်ရှိကြပြီဖြစ်၏။ ထိုတောင်မှာ မြေများပြိုကျ ကာ သစ်ပင်များလဲကျ၍ ဖရိုဖရဲဖြစ်နေသည်ကို လှမ်းတွေ့ရ၏။

ထိုစဉ် ၄င်းတောင်ဘက်မှ ဖြေးညှင်းစွာ လှမ်းလျှောက် လာသော သဏ္ဌာန်တစ်ခုကို တွေ့ရလေ၏။

"ဟင် . . . ဂိုဏ်းချုပ်ကြီးပါလား"

သိဒ္ဓိက အံ့သြတကြီး ရေရွတ်လိုက်၏။ ဂိုဏ်းချုပ်ကြီးမှာ ခေါင်းငိုက်စိုက်ချလျက်ဖြင့် မြင်းလည်းမပါ၊ နောက်လိုက်ငယ်သား များမှာလည်း လေးငါးယောက်လောက်သာ ပါတော့၏။ ကျန်အဖွဲ့ သားများမှာ တောင်ပြိုစဉ် သေကုန်ကြဟန်တူ၏။

ဝံပုလွေများမှာလည်း သေသည့်အကောင်သေ၊ ပြေးသည့် အကောင်ပြေးဖြင့် ကျန်ရှိတော့ပုံမရပေ။ သိဒ္ဓိက သန်လျက်ကို လိုက်ရှာနေရာမှ . . .

"တောက် . . . ရေထဲမှာ ကျန်ခဲ့ပြီဗျာ"

ကျွန်ုပ်တို့မှာလည်း ခြေကုန်လက်ပန်းကျနေပြီဖြစ်ရာ ဂိုဏ်း ချုပ်ကြီးကို ထွက်တိုက်ဖို့ အင်အားမဲ့သလို ဖြစ်နေတော့၏။ ထိုအခိုက်





မိတ်ဆွေကြီးထင်အောင်ကျော်က . . .

"မြကြာဖြူအတွက် ပေးဆပ်ရမှာပေါ့ဗျာ"

ဟုပြောလိုက်ပြီး စလွယ်သိုင်းထားသော လေးငယ်နှင့် မြား တိုလေးကိုယူလျက် တရွေ့ရွေ့သွားနေသော ဂိုဏ်းချုပ်ကြီးကို ချိန် လိုက်၏။

လေးညို့မှာ ပျော့လွန်းလှ၍ မျက်စိတစ်ဆုံး ဝေးကွာနေပြီ ဖြစ်သော ဂိုဏ်းချုပ်ကြီးကို ထိမှန်ဖို့ဝေးစွ ရှေ့ဆယ်ပေကျော်လောက် ပင် ရောက်ပါ့မလားဟု ကျွန်ုပ်တွေးမိစဉ်မှာပဲ လေးညို့ကို လွှတ် လိုက်လေသည်။ မြားတိုလေးက ၄က်တစ်ကောင် လေဟုန်စီးပျံဝဲ သွားသည့်နှယ် ဖြေးညှင်းစွာ လေးညို့မှထွက်သွားပြီး ဂိုဏ်းချုပ်ကြီး ၏ ဦးခေါင်းတည့်တည့်သို့ ပြေးဝင်သွားနေ၏။

ဂိုဏ်းချုပ်ကြီးမှာ ဆဋ္ဌမအာရုံကောင်းသူဖြစ်ရာ မြားမှာ သူနှင့် ငါးပေခန့်အကွာသို့ ရောက်ရှိနေစဉ် နောက်သို့ဆတ်ခနဲ လှည့် ကြည့်လိုက်၏။

ထူးဆန်းသည်မှာ ဖြေးညှင်းစွာ သွားနေသည့် မြားမှာ ဆတ်ခနဲ ရှေ့သို့တိုးဝင်သွားပြီး ဂိုဏ်းချုပ်ကြီး၏ မျက်ခုံးနှစ်ခုကြား သို့ နစ်ဝင်သွားလေ၏။

ဂိုဏ်းချုပ်ကြီးမှာ မြေပေါ်သို့ လဲကျသွားပြီး ၄င်း၏နောက် လိုက် ဂိုဏ်းသားငါးယောက်တို့လည်း ပြေးလွှားသွားကြတော့၏။

* * * *



www.burmeseclassi.com

www.burmeseclassi.com

## နိဂုံး

BURMESE CLASSIC .com

လွန်စွာကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သော ဝံနက်ဂိုဏ်းချုပ်ကြီး သေဆုံးသွားခြင်းသည် ဂန္ဓာရီလောကၥ ဝံပုလွေဂိုဏ်းဟူ၍ အထင်ကရတည်ရှိခဲ့သည့် ဂိုဏ်းတစ်ဂိုဏ်း အဆုံးသတ်သွားခြင်းပင် ဖြစ်၏။ ထိုမှ နောက်နှစ်ကာလများစွာ ကြာမြင့်သည်တွင် ထိုဂိုဏ်းအကြောင်း မည်သူမျှ သိကြတော့မည် မဟုတ်ပေ။

ဂိုဏ်းနှင့်ပတ်သက်သည့် ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်ပြီး လက်ဆင့်ကမ်းနိုင်သည့် မျိုးဆက်ဟူ၍ နှစ်ဦးသာလျှင် ကျန်ရှိပေတော့မည်။ ထိုသူတို့က သိဒ္ဓိနှင့် စံပယ်မြိုင်တို့ဖြစ်၏။

သို့သော် သူတို့လည်း ဂိုဏ်းတိမ်မြုပ်သွားသလို သူတို့ဘဝကိုလည်း ထိုဂိုဏ်းနှင့်အတူ ချန်ထားရန် ဆုံးဖြတ်လိုက်ကြ၏။ အကြောင်းကတော့ . . . ။

အပြန်ခရီးတွင် ကျွန်ုပ်တို့သည် ထင်ထားသည်ထက်ပင် ရက်ကာလများစွာ ကြာမြင့်ခဲ့၏။ ထိုသို့ဖြစ်ရသည်မှာလည်း လွန်စွာစိတ်ပင်ပန်း၊ ကိုယ်ပင်ပန်း ကြုံတွေ့ခဲ့ရသဖြင့် အတိုးချပြီး နားနား





နေနေ ခရီးဆက်ခဲ့သောကြောင့် ဖြစ်သည်။ ထပ်မံကြုံတွေ့ရမည့် အန္တရာယ်များလည်း မရှိတော့ပြီမို့ ၎င်းအပြန်ခရီးမှာ ကျွန်ုပ်ဘဝတွင် အမြဲအောက်မေ့သတိရဖွယ်ခရီးဟူ၍ မှတ်ယူမိတော့၏။

မိတ်ဆွေကြီးထင်အောင်ကျော်သည် အမြုတေသေတ္တာမှ ကျောက်သုံးမျိုးကို စစ်ဆေးကြည့်ရာ ကျောက်ဖြူမှာ စိန်ကြီးတစ်လုံးဖြစ်နေပြီး၊ အနီမှာ ပတ္တမြား၊ အစိမ်းမှာ ကျောက်စိမ်းဖြစ်၏။ မိတ်ဆွေကြီးထင်အောင်ကျော်သည် ကူမင်းသို့ရောက်သောအခါ ၎င်းရတနာများထဲမှ ကျောက်စိမ်းလုံးကို ကြိုက်ဈေးဖြင့် ရောင်းချလိုက်၏။

၎င်းငွေများကို သိဒ္ဓိနှင့် စံပယ်မြိုင်တို့အား ဟစ်ဝက်ခွဲပေးလိုက်သည့်အပြင် ပတ္တမြားကြီးကိုပါ ပေးလိုက်လေ၏။ ၎င်းကူမင်းမြို့မှာပင် ကျွန်ုပ်တို့လည်း လမ်းခွဲရမည့် အခြေအနေဖြစ်သွား၏။ ကျွန်ုပ်တို့မှာ မြန်မာပြည်သို့ရောက်ရှိရန် ခရီးမိုင်များစွာ ဖြတ်သန်းရဦးမည်ဖြစ်၏။ စံပယ်မြိုင်၏ ကျန်းမာရေးအခြေအနေက ရက်ကာလအတန်ကြာ အနားယူပြီး စနစ်တကျ ဆေးဝါးကုသရမည့် အခြေအနေဖြစ်၍ ထိုသို့ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

စံပယ်မြိုင်သည် သူမချစ်သူသိဒ္ဓိ၏ ပြုစုစောင့်ရှောက်မှုဖြင့် ကူမင်းမြို့တွင် ဆေးဝါးကုသရန် ကျန်ရစ်ခဲ့ကြ၏။ ထို့နောက် ကျွန်ုပ်တို့လည်း ခရီးဆက်ခဲ့ကြရာမှ နောက်ဆုံး ကျွန်ုပ်တို့တာဝန်ကျရာ အင်ဖာသစ်တောသို့ ပြန်လည်ရောက်ရှိခဲ့ကြ၏။

ကျွန်ုပ်သည် သိဒ္ဓိတို့ကို နှုတ်ဆက်စဉ်က ပြောခဲ့သည့် စကားများကို မမေ့နိုင်အောင် အမှတ်ရမိ၏။

"ခုဆို ဝံနက်ဂိုဏ်းလည်း မရှိတော့ဘူး၊ လောကပါလအမြုတေလည်း တောင်ပြိုတဲ့အထဲ ပါသွားပြီဆိုတော့ ဝံဖြူဂိုဏ်း



www.burmeseclassi.com

www.burmeseclassi.com



ရယ်လို့ ဆက်ရှိဦးမလား"

ဟုမေးလိုက်ရာ သိဒ္ဓိက . . .

"ဝံဖြူဂိုဏ်းလည်း မရှိတော့ပါဘူး၊ ဂိုဏ်းစောင့်ရတနာထိန်းဖို့ အပျိုတော်လည်း မလိုအပ်တော့ပါဘူး၊ အားလုံးခြုံပြီး သုံးသပ်ရရင် ဒါဟာဖြစ်ချိန်တန်လို့ ဖြစ်သွားတဲ့သဘောပါပဲ"

ဟုပြောပြီး သူ့ပုခုံးပေါ် မှေးမှီလျက်ရှိသည့် စံပယ်မြိုင်ကို အဓိပ္ပါယ်ပါပါကြည့်လိုက်ရာ ထိုအဖြစ်ကို ရိပ်မိလိုက်သည့် မိတ်ဆွေကြီးထင်အောင်ကျော်က ဟက်ကနဲ တစ်ချက်ရယ်လိုက်ပြီး . . .

"အဲဒီလိုဖြစ်ဖို့ ခင်ဗျားတို့ကိုယ်တိုင် အဆုံးသတ်လိုက်ကြတာ မဟုတ်လား၊ ကောင်းပါတယ်လေ . . . ခင်ဗျားက ဂိုဏ်းစောင့်အပျိုတော်ကို တစ်ဘဝလုံး သိမ်းပိုက်လိုက်ပြီဆိုတော့ ဝံပုလွေဂိုဏ်းဆိုတာလည်း နိဂုံးတိတံသွားပြီပေါ့"

ဟုပြောလိုက်ရာ ထိုအခါမှ ကျွန်ုပ်လည်း သဘောပေါက်နားလည်သွားပြီး သိဒ္ဓိတို့စုံတွဲကိုကြည့်ရင်း သဘောကျစွာ ရယ်လိုက်ရာ စံပယ်မြိုင်မှာ ရှက်ပြီး သိဒ္ဓိ၏ရင်ခွင်ထဲ ခေါင်းငုံ့ကာ မြုံးလေတော့၏။ ကျွန်ုပ်လည်း ထိုမျှကြည်နူးဖွယ်မြင်ကွင်းကိုကြည့်ရင်း ပီတိဝေဖြာလျက်ရှိရာ ကျွန်ုပ်ရေးသားသည့် မရဏာရန်စွယ်နှင့် လောကပါလအမြုတေ မှတ်တမ်းကြီးကိုလည်း ဤနေရာတွင် အဆုံးသတ်လိုက်ရပေတော့၏။

စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .

ကိတ္တိမ


(တိက္ကမဇ္ဈကလောင်ခွဲ)

ကြယ်ပွင့်စာပေ

BURMESE CLASSIC .com

www.burmeseclassi.com

www.burmeseclassi.com




www.burmeseclassi.com